
myanmar online teashop
www.mmteashop.com

စာပေလောက စာအုပ်

# သခင်နု
# ရက်စက်ပါပေ့ကွယ်



http://nyisay.com

# သခင်နု
# ရက်စက်ပါပေ့ကွယ်

**Scan - Nyisay**
**PDF - ရေဘဝဲ**

စာပေလောက စာအုပ်တိုက်
အမှတ် ၁၄/၃၈ ၃၃ လမ်း ရန်ကုန်မြို့
[ ဖုန်း - ၀၁ ၃၈၈၁၆၉ ]
e:mail - Info@sarpaylawka.com

http://nyisay.com

မျက်နှာဖုံး
မိုးဇင်
---
ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)
---
ထုတ်ဝေခြင်း
ပထမအကြိမ် - ၁၉၄၁
ဒုတိယအကြိမ် - ၁၉၆၈
တတိယအကြိမ် - ၁၉၈၃
စတုတ္ထအကြိမ်
နိုဝင်ဘာ၊ ၂၀၁၂

ဦးမျိုးညွန့် (၀၄၅၃၄)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၈၉၅.၈၃
သခင်နု
ရက်စက်ပါပေ့ကွယ်။ သခင်နု ရန်ကုန်။
စာပေလောက၊ ၂၀၁၂။
၂၃၈ - စာ၊ ၁၂.၇ x ၁၈.၄၂ စင်တီ။
(၁) ရက်စက်ပါပေ့ကွယ်

## ဒုတိယ ပုံနှိပ်ခြင်းအတွက်

### နိဒါန်း

အမှန်စင်စစ် ရက်စက်ပါပေ့ကွယ်သည် တင်းပြည့် ကျပ်ပြည့် ဝတ္ထုမဟုတ်သေးပေ။ တင်းပြည့်ကျပ်ပြည့်ဖြစ်ရန် ဝတ္ထုတစ်ပုဒ်၌ အောက်ပါ အင်္ဂါလေးရပ်နှင့် ပြည့်စုံရပေမည်။

၁။ နဂိုဖော်ခြင်း

၂။ ဇာတ်ကြောင်းဖော်ခြင်း

၃။ ပတ်ဝန်းကျင်ဖော်ခြင်း နှင့်

၄။ ဇာတ်လမ်းဖော်ခြင်း။

(အင်္ဂါလေးရပ်နှင့် ပတ်သက်၍ ယခု ရေးသားထားသော စကားလုံးများမှာ စာဖြစ်ရုံသာ ရေးသားဖော်ပြလိုက်ခြင်း ဖြစ်သည်။ ၎င်းတို့အကြောင်းကို အောက်တွင် အရှည်ချဲ့၍ဖော်ပြမည်ဖြစ်ရာ သင့်တော်သော စကားလုံးများကို ရှာဖွေပေးရန် အဘိဓာန်ဆရာများကို တောင်းပန်လိုက်ပါသည်။)

**နဂိုဖော်ခြင်း**

ဝတ္ထုတစ်ခုထဲတွင် ပါကြသော ဇာတ်လိုက်များမှာ စာဖတ်သူ၏ စိတ်ဓာတ်ထဲတွင် ထင်ထင်ရှားရှား ပကတိ လူသားကဲ့သို့ ပေါ်လွင်၍နေရ

http://nyisay.com



မည်။ ရက်စက်ကြမ်းကြုတ်သည့် အခန်းကို ကရသော ဇာတ်လိုက်ဖြစ်လျှင် ထိုဇာတ်လိုက်၏ ရက်စက်ကြမ်းကြုတ်သော အသွင်အပြင်နှင့်တကွ အမူအရာတို့သည် စာဖတ်သူ၏ စိတ်ဓာတ်တွင် တံဆိပ်ခတ်ထားဘိသကဲ့သို့ ထင်ရှား၍ ကျန်ရစ်ရပေမည်။

ဥပမာ။ ဦးပုညရေးသော ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ကြည့်ပါ။ ဝတ္ထုမှာ အလွန်တိုတောင်းသော ဝတ္ထုကလေးဖြစ်လင့်ကစား နဂိုဖော်ပြသည့်ပညာတွင် သူမတူအောင် ကောင်းနေသောကြောင့် ဝတ္ထုဖတ်ပြီး၍ စာအုပ်ကို ပိတ်လိုက်သော်လည်း မြားဒဏ်ချက်ဖြင့် သေလုမြောပါးဖြစ်နေရှာသော ဆဒ္ဒန်ဆင်မင်းကြီး၏ စွယ်တော်ကို ဖြတ်ခွင့်ရသဖြင့် လွှကြီးကိုကိုင်ပြီး အူမြူးနေသော လုဗ္ဗက မုဆိုးသည် လည်းကောင်း၊ ပါရမီရှင်ဖြစ်သဖြင့် ကိုယ့်အသက်၏ ရန်သူ လုဗ္ဗကကိုပင် အသက်မှ ချမ်းသာပေးပြီး ကိုယ့်အစွယ်ကို ကိုယ်ကိုယ်တိုင်ဖြတ်၍ လှူနေသော ဆဒ္ဒန်ဆင်မင်းကြီးသည် လည်းကောင်း၊ ဘဝကူးသည့်တိုင်အောင် လင်ပေါ်၌ ရန်ငြိုးမပြေနိုင်သေးသော စူဠသုဘဒ္ဒါသည်လည်းကောင်း၊ ရုပ်ရှင်ကားပေါ်တွင် ထင်ရှားစွာ ပေါ်ပေါက်နေသော ဇာတ်လိုက်များကဲ့သို့ စာဖတ်သူ၏ စိတ်ဓာတ်ထဲတွင် ပေါ်လွင်၍ကျန်ရစ်ကြလေသည်။

ဝတ္ထုကောင်းတစ်ပုဒ်၏ အင်္ဂါလေးရပ်အနက် အင်္ဂါတစ်ရပ်မှာ ထိုဝတ္ထုထဲရှိ ဇာတ်လိုက်များကို လုဗ္ဗကမုဆိုး၊ ဆဒ္ဒန်ဆင်မင်း၊ စူဠသုဘဒ္ဒါတို့ကဲ့သို့ ပေါ်လွင်ထင်ရှားအောင် နဂိုဖော်ပေးခြင်းပင် ဖြစ်လေသည်။

**ဇာတ်ကြောင်းဖော်ခြင်း**

အချို့ဝတ္ထုများသည် ဇာတ်လမ်းကလေး ကောင်းပါသော်လည်း ဇာတ်ကြောင်း အဖော်ညံ့၍ ဝတ္ထုပျက်သည်။ အချို့ဝတ္ထုများမှာမူ

http://nyisay.com



ဇာတ်လမ်းက သိပ်မကောင်းလှသော်လည်း ဇာတ်ကြောင်း အဖော်ကောင်း သဖြင့် ဝတ္ထုကောင်းတစ်ခု ဖြစ်လာတတ်လေသည်။

ဥပမာ။ ရပ်ကွက်တစ်ခုကို မီးလောင်ရာ၌ စာရေးဆရာ ဆယ်ယောက်ကို လွှတ်၍ မီးလောင်ပုံကို အရေးခိုင်းပါ။ တစ်ယောက်တစ်မျိုးဖြစ်လိမ့်မည်။ ဇာတ်ကြောင်းအဖော်ကောင်းသလောက် မီးလောင်ပုံသည် ပို၍ စိတ်ဝင်စားဖွယ် ဖြစ်လာပါပေလိမ့်မည်။ အချို့မှာ မီးလောင်ပုံက စိတ်ဝင်စားဖွယ် ကောင်းပါလျက် ဇာတ်ကြောင်းအဖော် မကောင်းသဖြင့် မီးလောင်ပုံမှာ စိတ်ဝင်စားဖွယ် မရှိတော့ဘဲ ခပ်ညံ့ညံ့ဖြစ်သွားရလေသည်။

ဇာတ်ကြောင်းအဖော်ကောင်းရမည်ဆိုရာ၌ စာလုံးခံ့ခံ့ကြီး၊ စာကြောင်းခံ့ခံ့ကြီးကိုသာ သုံးရမည်ဟု မဆိုလို၊ မသုံးရဘူးဟုလည်း မဆိုလို။ ကိုယ်နှစ်သက်ရာ၊ ရေးနိုင်ရာ၊ စာလုံးကြောင်းများကို အသုံးပြုနိုင်သည်။

**ပတ်ဝန်းကျင်ဖော်ခြင်း**

ပတ်ဝန်းကျင်ကို နှစ်မျိုးခွဲထားကြစို့။ အိမ်တွင်းပတ်ဝန်းကျင်၊ အိမ်ပြင်ပတ်ဝန်းကျင်။

ဝတ္ထုဇာတ်လမ်းဖြစ်ပျက်နိုင်သော ပတ်ဝန်းကျင်မှာ ဤနှစ်မျိုးထက်ပို၍ အခြားမရှိနိုင်ပေ။

အိမ်တွင်းဇာတ်လမ်းဖော်သည် ဆိုကြပါစို့။ အိမ်၏ ပတ်ဝန်းကျင်ကို မျက်စိထဲတွင် ပေါ်လာစေရမည်။

လူတစ်ဦး၏ အိမ်သော်လည်းကောင်း၊ တဲသော်လည်းကောင်း၊ အခန်းသော်လည်းကောင်း တစ်ခုခုထဲသို့ အလည်ရောက်လျှင် ထိုသူ၏ အိမ်၊ တဲ၊ အခန်း၏ ပတ်ဝန်းကျင်ကို ကြည့်ခြင်းဖြင့် ထိုသူ၏စိတ်ဓာတ်ကို အကဲခတ်

နိုင်ကြသလို ဝတ္ထုထဲတွင် ဖော်ပြထားသော ပတ်ဝန်းကျင်ကို ကြည့်ပြီး ထိုပတ်ဝန်းကျင်အတွင်းတွင်နေသော သူ၏ စိတ်နေစိတ်ထားတို့ကို အကဲခတ်နိုင်သည်အထိ ပတ်ဝန်းကျင်ကို အဖော်ကောင်းရမည်။

ဆင်းရဲသည် ချမ်းသာသည်မှာ ပဓာနမဟုတ်၊ သပ်သပ်ရပ်ရပ်နေတတ်သောသူသည် ဆင်းရဲလည်း သပ်သပ်ရပ်ရပ်၊ ချမ်းသာလည်း သပ်သပ်ရပ်ရပ်၊ ဝါကြွားလိုသောသူမှာ ဆင်းရဲလည်း ခပ်ကြွားကြွား၊ ချမ်းသာလည်း ခပ်ကြွားကြွား၊ ဆင်းရဲလျှင်လည်း ဆင်းရဲသလောက် ခပ်ကြွားကြွား နေထိုင်တတ်သဖြင့် သူ၏ ပတ်ဝန်းကျင်မှာ ကြွားဝါထားသည့် အစအနကလေးများ ပေါ်ထွက်နေကြသည်ကို ကောင်းစွာတွေ့နိုင်သည်။

အိမ်၏အပြင်ဘက်တွင် ရှိသမျှသော တော တောင် ရေ မြေ အစရှိသည်တို့ကို အိမ်ပြင်ပတ်ဝန်းကျင်ဟု ခေါ်သည်။ ထိုပတ်ဝန်းကျင်တွေကို ကိုယ်ကိုယ်တိုင် ပြေး၍ ကြည့်ရသလို၊ မြင်လာအောင် ဖော်ပြပေးနိုင်ရမည်။ ထိုပတ်ဝန်းကျင်များသည် ရာသီဥတုအလိုက် ပြောင်းလဲနေကြသဖြင့် ဝတ္ထုဇာတ်ကြောင်း ဖြစ်ပျက်နေသည့်အချိန်အခါတွင် ဆီဆိုင်သော ပတ်ဝန်းကျင်ကို စာဖတ်သူတို့သည် ကိုယ်တိုင်မြင်၍လာနိုင်အောင် ဖော်ပေးရမည်။

ဥပမာ။ တန်ခူးလထဲတွင် ဇာတ်လိုက်လုပ်သူသည် ထားဝယ်မြို့အနီးရှိ မောင်းမကန် ပင်လယ်ကမ်းရိုးတန်းမှာ နံနက် ၈ နာရီ အချိန်တွင် တစ်ယောက်တည်း လမ်းလျှောက်နေသည်ကို ရေးရမည်။ ဤသို့ရေးရာတွင် ပင်လယ်ကမ်းရိုးတန်း၊ ပင်လယ်နှင့် အနီးအနားရှိ အိမ်ကလေးများကိုသာ ဖော်ပြရုံနှင့် အရသာထူးလှမည် မဟုတ်။ တန်ခူးလ နံနက်ခင်းအချိန်တွင် ထိုနေရာမျိုး၌ မည်ကဲ့သို့ နေရောင်မျိုးရှိမည်။ တိမ်တိုက်အရောင်များက ဘယ်လိုနေသည်။ လေက ဘယ်လိုတိုက်နေသည်။ ငှက်ကလေး

http://nyisay.com



များက ဘယ်လိုပျံနေသည်။ ထိုတိမ်၊ ထိုလေ၊ ထိုနေရောင်၊ ထိုရှုမျှော်ခင်း၊ ထိုလှိုင်းသံ၊ ထိုငှက်တို့ဖြင့် ဖန်တီးထားသော ထိုပတ်ဝန်းကျင်သည် ထိုဇာတ်လိုက်၏ စိတ်ဓာတ်ကို ထိုအချိန် ထိုအခါ၌ ဘယ်လိုပြုပြင်ပေးနေသည် အစရှိသဖြင့် ပတ်ဝန်းကျင်ကို ဖော်ပေးရမည်။

ဇာတ်လိုက်သည် မောင်းမကန်ပင်လယ်ကမ်းရိုးတန်းပေါ်တွင် တစ်ယောက်တည်း လမ်းလျှောက်ရင်း သူ့ရည်းစားကို စိတ်ကူးနေသည် အစရှိသဖြင့် ပတ်ဝန်းကျင်မပါဘဲ ဖော်ပြရေးသားလျှင်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ကြက်သားရေလုံပြုတ်သည် ဟင်းဖြစ်သော်လည်း မဆလာ အမွှေးအကြိုင်တို့ဖြင့် ဆီပြန်ချက်ထားသော ကြက်သားဟင်းလောက် အရသာမရှိသကဲ့သို့ ပတ်ဝန်းကျင်မပါဘဲ ဇာတ်ကြောင်း ဖော်ပြထားခြင်းသည် ပတ်ဝန်းကျင်ကိုပါ ဖော်ပြသလောက် အရသာမရှိပေ။

**ဇာတ်လမ်းဖော်ခြင်း**

ဤအချက်ကို အထူးရေးလိုသည်၊ ဗမာပြည်တွင် ဗမာဝတ္ထုပေါင်း မြောက်များစွာ ထွက်ခဲ့ပြီးပြီ၊ သို့ရာတွင် ထိုဝတ္ထုများ များပြားသလောက် ဇာတ်လမ်းမှာ တစ်မျိုးတည်းသာရှိသည်ကို တွေ့ရသည်။ ထိုတစ်မျိုးတည်းသော ဇာတ်လမ်းမှာ အခြားမဟုတ်၊ အချစ်ဇာတ်လမ်းပင် ဖြစ်လေသည်။

အချစ်ကို ရေလဲအမျိုးမျိုးနှင့် လှည့်၍ သုံးကြသည်။ ရွယ်တူခြင်း ချစ်သောဇာတ်လမ်း၊ သူဌေးနှင့် ဆင်းရဲသား ချစ်သောဇာတ်လမ်း၊ တူမနှင့် ဦးလေး ချစ်သောဇာတ်လမ်း၊ တူအရွယ်နှင့် အဒေါ်အရွယ် ချစ်သော ဇာတ်လမ်း၊ ဆရာမနှင့် ကျောင်းသား ချစ်သောဇာတ်လမ်း အစရှိသဖြင့် အချစ်ဇာတ်လမ်းကို အမျိုးမျိုး လှည့်ရေးထားသော ဝတ္ထုများသာလျှင် များကြလေသည်။

http://nyisay.com



လောကတွင် စိတ်အမျိုးများသလောက် ဇာတ်လမ်းလည်း များနိုင်သည်။ လူ့စိတ်သည် ချစ်တတ်သည်၊ မုန်းတတ်သည်၊ သနားတတ်သည်၊ သစ္စာရှိတတ်သည်၊ သစ္စာမဲ့တတ်သည်၊ သည်းခံတတ်သည်၊ မနာလိုတတ်သည်၊ ဒေါသကြီးတတ်သည်၊ လောဘကြီးတတ်သည်၊ မောဟကြီးတတ်သည်၊ ရက်စက်တတ်သည်၊ အမျိုးကို ချစ်တတ်သည်၊ အမျိုးကို မုန်းတတ်သည်၊ စွန့်စားတတ်သည်၊ သူရဲဘောနည်းတတ်သည် အစရှိသဖြင့် စိတ်၏သတ္တိများကို ရေးရလျှင် ပြီးနိုင်တော့မည် မဟုတ်ပေ။

ထိုသတ္တိတစ်ခုတစ်ခုသည် ဇာတ်လမ်းတစ်ခုတစ်ခု ဖြစ်နိုင်သည်။ သက်သေသာဓကအဖြစ်နှင့် တခြားနိုင်ငံက ဝတ္ထုတွေကို ထုတ်ပြနေစရာမလို။ တေ-ဇ-သု-နေ-မ-ဘူ-စန်-နာ-ဝိ-ဝေ တည်းဟူသော ဝတ္ထုကြီးဆယ်ပုဒ်ကို ကြည့်ခြင်းဖြင့် အချစ်မှသာလျှင် ဇာတ်လမ်းဖြစ်နိုင်သည် ဆိုသော ယူဆချက်သည် အလွန်ကျဉ်းမြောင်းသော ယူဆချက်ဖြစ်ကြောင်းကို တွေ့ရှိနိုင်ပေမည်။

ရက်စက်ပါပေ့ကွယ်၏ ဇာတ်လမ်းမှာ အချစ် မဟုတ်ကြောင်းကို စာဖတ်သူတိုင်း တွေ့ရှိနိုင်ပေလိမ့်မည်။ များမကြာမီ ယခု စာရေးသူသည် ကာမရာဂကို နားမလည်မှုကြောင့် ပျက်စီးရခြင်းကို ဇာတ်လမ်းလုပ်၍ ဝတ္ထုတစ်ပုဒ် ရေးပြလိုက်ဦးမည်။

ယခုပြောဆိုခဲ့ပြီးသော အင်္ဂါလေးရပ်၏ မှတ်ကျောက်ပေါ်တွင် 'ရက်စက်ပါပေ့ကွယ်' ကို မှတ်တိုက်ကြည့်လိုက်လျှင် ၎င်းသည် တင်းပြည့်ကျပ်ပြည့် ဝတ္ထုမဟုတ်ကြောင်းမှာ ပေါ်လွင်လျက်ရှိပေမည်။ သို့ပင်ဖြစ်လင့်ကစား အချို့ မိတ်ဆွေအနည်းငယ်မှလွဲ၍ များပြားသော မိတ်ဆွေများမှာ မူကား ဤဝတ္ထုအတွက် စာဖြင့်လည်းကောင်း၊ ကိုယ်တိုင် နှုတ်ဖြင့်လည်းကောင်း၊ ချီးကျူးထောပနာပြုကြခြင်းကို ယခုစာရေးသူသည် ဝမ်းသာ၍

http://nyisay.com



မဆုံးနိုင်အောင်ပင် ဖြစ်ပါသည်။ ထိုသူတို့၏ ချီးကျူးခြင်းကြောင့် ဝတ္ထုရေးဆရာ၏ နယ်ထဲသို့ ဒူးတတုန်တုန် ရင်တခုန်ခုန်နှင့် ဝင်ခဲ့ရသော ယခုစာရေးသူ၏ ကြောက်စိတ်များသည် ကွယ်ပျောက်ခဲ့လေပြီ။ ကွယ်ပျောက်ခဲ့ရုံသာမကသေး၊ ယခု စာရေးသူသည် ဗမာဝတ္ထုရေးဆရာ ဖြစ်ရမည်ဟူသော ယုံကြည်ချက်တို့သည် ပိုမို၍ ပြင်းထန်လာပေသည်။

**၁၃၀၅ ခု၊ ဝါခေါင်လဆုတ် ၁၃ ရက်။** **သခင်နု**

http://nyisay.com

## နိဒါန်း

ယခု စာရေးသူသည် ဆယ့်ရှစ်နှစ်သားလောက်အထိ ရည်ရွယ်ချက် ကြီးကြီး မားမား ဆို၍ ဘာမျှမရှိခဲ့ပေ။ ငယ်ရွယ်သူတို့ သဘာဝအတိုင်း တန်ခိုး အာဏာတို့ကို မက်မောသည့်အလျောက် မိမိ၏ရပ်ရွာတွင် တွေ့မြင်နေ ရသော မြို့အုပ်ဝန်ထောက် အစရှိသည့် အရာရှိကြီးငယ်တို့ကို အားကျ၍ သူတို့ကဲ့သို့ ဖြစ်ချင်သော စိတ်ဓာတ်များ တစ်ခါတစ်ရံ ပေါ်ပေါက်သည်။ တစ်ခါတစ်ရံတွင် အစိုးရ အရာရှိလုပ်ရသည်မှာ အောက်ကျနောက်ကျ ဖြစ်လှသည်ဟု ထင်ပြီးလျှင် ရှေ့နေလုပ်ချင်သော စိတ်ဓာတ်များလည်း ပေါ်ပေါက်တတ်ကြသည်။

ငင်းစိတ်ဓာတ်များသည် အူထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသော စိတ်ဓာတ်များသာ မဟုတ်ပေ။ ပတ်ဝန်းကျင်၌ မြင်တွေ့ ရသော အရာဝတ္ထုတို့၏ တန်ခိုးကြောင့် ဖြစ်ပေါ်လာရသော စိတ်ဓာတ် များကြောင့် ဖြစ်လေသည်။

အူထဲ အသည်းထဲ ရိုးတွင်းခြင်ဆီထဲကပါမကျန် လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသော စိတ်ဓာတ်ကြီးသည်ကား ယခု စာရေးသူ၏ ရင်တွင်း၌ အသက်ဆယ့်ရှစ်နှစ်လောက်က မွေးဖွားခဲ့လေသည်။ ထိုစိတ်ဓာတ်ကြီးမှာ တစ်နေ့တခြား ကြီးမားသန်စွမ်းလျက်ရှိ၏။ သို့ရာတွင် အိမ်ဘေးတွင် မီး လောင်လျက်ရှိရာ မိမိ၏ ပြင်းပြစွာ ဆာလောင်မွတ်သိပ်ခြင်းကို ချုပ်တည်း၍ ထားပြီး လောင်နေသောမီးကို ဝိုင်းကူကာ သတ်ရသောသူကဲ့သို့ မီးနှင့်

အလားတူစွာ တစ်နိုင်ငံလုံးသို့ ကူးစက်လောင်ကျွမ်းလျက်ရှိသော ဗြိတိသျှ အစိုးရ၏ ဘေးရန်တို့ကို တတ်စွမ်းသရွေ့ နှိမ်နင်းဖြိုခွင်းလျက်ရှိသဖြင့် အထက်တွင် ဖော်ပြခဲ့သော စိတ်ဓာတ်ကြီးကို ခေတ္တနှိမ်နင်းထားခဲ့ရပေ၏။

ထိုစိတ်ဓာတ်ကြီးမှာကား အခြားမဟုတ်။ စာရေးဆရာဖြစ်ချင်သော စိတ်ဓာတ်ကြီးပင် ဖြစ်လေသည်။

ကောင်းသည် မကောင်းသည်ကို အပထား။ ယခု စာရေးသူ၏ စိတ်ထဲတွင် ဗမာလူမျိုးများ၏ ကောင်းစားရေးအတွက် ယခု စာရေးသူကိုယ်တိုင် ရေးစရာတွေ တစ်ပုံကြီးရှိသေးသည်ဟု ယုံကြည်၏။ အလွန်ပြင်းပြစွာ ယုံကြည်လျက်ရှိ၏။ အရိပ်ပြရုံဝတွင် လက်မှတ်တိုး၍ ဝယ်နေသော သူများကဲ့သို့ ရေးချင်သော အချက်များသည် ယခု စာရေးသူ၏ စိတ်ထဲတွင် တစ်ခုနှင့် တစ်ခု အတင်းတိုးဝှေ့လျက်ရှိကြ၏။ အချိန်မရသဖြင့်သာ ၎င်းတို့ကို စာအုပ်အဖြစ် ရေးထုတ်ခြင်း မပြုခဲ့ရပေ။

ကောင်း မကောင်း ဆိုသော စကားကို ပြောရသဖြင့် မကြာမီက ဖြစ်ပျက်သော အဖြစ်အပျက်ကလေးတစ်ခုကို သတိရမိသည်။ ယခု စာရေးသူသည် အရေးအသား၌သာ များစွာ အာရုံစူးနေသည်ကို ရဲဘော်များ သိသဖြင့် နိုင်ငံရေးနယ်နိမိတ်ထဲမှ ထွက်သွားမည်ကို စိုးရိမ်ကြသောကြောင့် သူတို့အချင်းချင်း ညှိနှိုင်းပြီးလျှင် ယခု စာရေးသူ၏ရှေ့တွင် သူ၏ရေးသားသော အရေးအသားမှာ များစွာ ညံ့ဖျင်းကြောင်း၊ စာမတင်ထိုက်ကြောင်း အစရှိသည့် စိတ်ပျက်စေမည့် စကားများကို ပြောရန် ညှိထားကြလေသည်။ ထိုသူတို့ကား စိတ်ကူးလွဲလေပြီ။ စာရေးချင်သောသူတစ်ဦး၏ အတွင်းစိတ်ဓာတ်ကို ကောင်းစွာသိရှိနိုင်ရန် ကိုယ်တိုင်ဖြစ်ဖူးမှ သိနိုင်ပေလိမ့်မည်။ ရေးချင် သားချင်သည့် စိတ်ဓာတ်မှာ အူထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ထွက်လာသော စိတ်ဓာတ်ဖြစ်သဖြင့် တစ်လောကလုံးက ဝိုင်းပြီး ကဲ့ရဲ့သည့်တိုင်အောင် ပျောက်ပျက်သွားမည် မဟုတ်ပေ။ ရေအရှိန်ပြင်း

http://nyisay.com



လာလျှင် တားဆီး၍မရဘဲ အပေါက်ဖွင့်ပေးလိုက်သလို ရေးချင်သည့် စိတ်ဓာတ်များ ပြင်းပြလာလျှင် ရေးချလိုက်ရမှုပင် ကျေနပ်ပေတော့၏။

ယခုနှစ် (၁၃၀၅ ခု) နယုန်လပြည့်နေ့တွင် ယခု စာရေးသူမှာ အသက် ၃၆ နှစ် ပြည့်လေပြီ။ အသက် ၈၀ အထိ နေရမည်ဆိုသည့် တိုင်အောင် တစ်နှစ် တစ်အုပ်ကျ ရေးနိုင်ပါလျှင် စာအုပ် ၄၀ ကျော်သာ ရေးနိုင်တော့မည်။ လောဘကြီးသည်ဟု စွပ်စွဲလျှင်လည်း ခံရပေတော့မည်။ ရေးလိုသည့် စာအုပ်များမှာ တစ်ရာထက်မနည်းပေ။ တစ်နှစ် တစ်အုပ်ကျ ဆိုသည်မှာလည်း များလွန်းသည်။ အမှန်စင်စစ် စာအုပ်ကောင်းတစ်အုပ် ဆိုလျှင် ထိုထက်မက အချိန်ယူပြီး ရေးတန် ရေးရပေဦးမည်။

အင်းစိန်ထောင်ထဲတွင်ရှိစဉ်က တစ်နေ့သ၌ ယခု စာရေးသူသည် အချိန်လည်း အား အားရှိသည်နှင့် ဟိုတွေးသည်တွေး တွေးတောရင်း တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှ မကြုံဘူးအောင် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းခြင်း ဖြစ်ရဖူးလေသည်။

ဝမ်းနည်းခြင်း၏ ဇာတ်ကြောင်းကို ပြန်၍ ပြောရမည်ဆိုသော် ဤသို့တည်း။

ငယ်စဉ်က ယခုစာရေးသူမှာ အတော် ဆိုးတေခဲ့ဖူးသည်။ တာတေ စနေသားဟုဆိုလျှင် သူနေသောမြို့၌ တစ်မြို့လုံးအသိ ဖြစ်ခဲ့သည်။ ကိုးနှစ်သားလောက်က လူကြီးများနှင့် ရောနှောပြီး အရက်သောက်တတ်၏။ ဆယ့်နှစ်နှစ်သားလောက်တွင် အရက်ကို လွန်ကျူးစွာ သောက်တတ်လေပြီ။ ထိုအရွယ်လေးတွင် အရက်မူးပြီး ရွာရိုးလျှောက်၍ ရမ်းနေသည်နှင့် အိမ်သို့ ထမ်းထမ်းပြီး ပို့ရသည်မှာလည်း မကြာခဏပင်။ ဤသို့ဖြစ်ရသဖြင့် ဖခင်ဖြစ်သူမှာ အလွန်ရှက်ပြီး ဆုံးမ မရသောသားအား မြို့နှင့် မနီးမဝေး တွင်ရှိသော စပါးကျီရှိရာသို့ ပို့ထားပြီး ကြိုက်သလို အရက်ချက်သောက် ရသည်ကိုပင် ခွင့်ပြုထားရ၏။

http://nyisay.com



ငယ်ငယ်က ဆိုးခဲ့တေခဲ့ ရမ်းခဲ့သလောက် ဆယ့်ရှစ်နှစ်အရွယ်တွင် ယခုစာရေးသူ၌ ထူးခြားစွာ ပြောင်းလဲသွားသည်ကို ကောင်းစွာ မှတ်မိခဲ့လေသည်။ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အရွယ်က ယခု စာရေးသူကို တွေ့ရှိကြဖူးသော သူများသည် နှစ်နှစ်လောက် ခွဲနေပြီး ဆယ့်ရှစ်နှစ်တွင် တစ်ခါပြန်တွေ့ကြပါမူကား ကောင်းစွာ မှတ်မိချင်မှ မှတ်မိပေတော့မည်။

ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ကျော်ကျော်လောက်အထိ ယခု စာရေးသူသည် စကားပြောလျှင် ခပ်ရွတ်ရွတ် ပြောသည်။ မျက်နှာထား အမူအရာတို့ကလည်း ပြောင်ချော်ချော် နောက်တောက်တောက် ပြောင်လွန်းနောက်လွန်းသဖြင့် ငယ်ငယ်က အဒေါ်ဖြစ်သူတစ်ဦး၏ မကြာခဏ ရိုက်နှက်ခြင်းကို ခံခဲ့ရဖူးသည်။

ဆယ့်ရှစ်နှစ်တွင် အတွင်းဓာတ်ခံတစ်ခုလုံး ပြောင်းလဲသွားသည်ဟု ထင်ရသည်။ အဘယ်ကြောင့်ဆိုသော် မပြောင်ချင် မနောက်ချင်ရုံမျှမက လူတွေတိုင်းနှင့် စကားများများ မပြောချင်သည့်စိတ်ဓာတ်များ ဖြစ်ပေါ်လာလေသည်။

လှပသော အရာဝတ္ထုတစ်ခုသည် လူတို့၏နှလုံးကို အမြဲတမ်း ရွှင်ပြုံးစေနိုင်သည်။ (A thing of beauty is a joy forever) ဟူသော စကားအတိုင်း လှပသော အရာဝတ္ထုဟူသရွေ့သည် ထိုအချိန်ကစပြီး စာရေးသူ ဟဒယနှလုံးကို အမြဲတမ်း ရွှင်ပြုံးစေခဲ့၏။ အေးမြကြည်လင်သော လရောင်၊ စိမ်းလန်းသာယာသော ရှုမျှော်ခင်း၊ ချောမော ပြေပြစ်လှပသော မိန်းကလေးများ၊ သာယာသော သီချင်းသံ၊ တီးသံ၊ မှုတ်သံများကို မြင်ရ ကြားရသည့် အခါတိုင်း ယခုစာရေးသူ၏ နှလုံးအိမ်ထဲတွင် လှိုင်းဂယက်များသည် အစဉ်အမြဲထ၍ လာကြသည်။ ဘိန်းစားသည် ဘိန်းမူးလာလျှင် မည်သူနှင့်မျှ မတွေ့လိုဘဲ လူပြတ်ရာ တစ်ချောင်ချောင်တွင် ဘိန်း၏ အရသာကို ထိုင်၍ မှိန်းနေချင်သလို ယခု စာရေးသူသည် လှိုင်းဂယက်များထလာသည့်အခါ

http://nyisay.com



မည်သူတစ်ဦးတစ်ယောက်နှင့်မျှ စကားမပြောလိုတဲ ဤလှိုင်းဂယက်များ၏ အရသာကို ထိုင်၍ မှိန်းနေချင်လေသည်။ ကိုယ်တိုင်အိမ်ထောင်ကျဖူးသူများမှ အိမ်ထောင်ကျခြင်း၏အရသာကို သိသလို ဤအရသာကို ကိုယ်တိုင်ခံစားဖူးသူများမှသာ ၎င်းအကြောင်းကို ကောင်းစွာသိပေသည်။

ဤအရသာကို ခံစားနေစဉ်တွင် မည်သူတစ်ဦးတစ်ယောက်၏ နှောင့်ယှက်ခြင်းကိုမျှ အလိုမရှိ၊ အနှောင့်အယှက်ခံရလျှင် ဘိန်းလန့်သွားသော ဘိန်းစားကဲ့သို့ နေမထိ ထိုင်မသာ ဖြစ်လျက်ရှိလေသည်။

ထိုအခါက ယခု စာရေးသူတွင် မိန်းမတစ်ယောက်၏ ဓာတ်ပုံတစ်ခု ရှိသည်။ ထိုမိန်းမမှာ ဗမာအရာရှိကြီးတစ်ဦး၏ သမီးဖြစ်၍ မင်္ဂလာဆောင်ခါနီးတွင် အင်္ဂလိပ်ဂျာနယ် တိုက်တစ်တိုက်သို့ ထုတ်ပေးလိုက်ရာ ထိုဂျာနယ်ထဲမှ ယခု စာရေးသူက ဖြတ်ထားသော ဓာတ်ပုံ ဖြစ်သည်။ ဤဓာတ်ပုံသည် ယခု စာရေးသူ၏ စိတ်ဓာတ်ကို မည်မျှ ဆွဲငင်နိုင်သနည်း ဆိုသော် စိတ်ညစ်နေလျှင် ဤဓာတ်ပုံကို ကြည့်လိုက်ပါက ချက်ချင်းရွှင်ပျလာ၏။ ဒေါသဖြစ်နေလျှင် ဤဓာတ်ပုံ၏ တန်ခိုးကြောင့် ဒေါသငြိမ်း၏။ ဤဓာတ်ပုံကို ကြည့်နေရလျှင် စိတ်ညံ့ စိတ်ယုတ်များ ပပျောက်သွား၏။ လူအများအတွက် တစ်ခုခု စွန့်စားချင်သလိုလို မတရားမှုများကို တစ်ယောက်တည်းထပြီး ဖိနှိမ်လိုက်ချင်သလိုလို စိတ်ကောင်းစိတ်မြတ်များ ကြွတက်လာ၏။

ဤမိန်းမဓာတ်ပုံအကြောင်းကိုရေးနေစဉ် ထိုအချိန်က အဖြစ်အပျက်တစ်ခုကို ပြေး၍ သတိရမိ၏။ ဤအဖြစ်အပျက်ကား အောက်ပါအတိုင်းတည်း။

ယခု စာရေးသူသည် ထိုအခါက ပရိသတ်ထဲတွင် စကားပြောရမှာ အလွန်ကြောက်သည်။ အခြားသူများ ထ၍ပြောသည်ကို အားကျသဖြင့် ထ၍ ပြောရန် လေးငါးခါလောက် ကြိုးစားကြည့်သေး၏။ သို့ရာတွင် စကား

http://nyisay.com



ထပြောမည်ဟု သွားသောအခါတိုင်း အသက်ရှူများပင် မှားပြီး ဇောချွေးတွေ ပြန်လာသဖြင့် အစည်းအဝေးများ တရားပွဲများမှ ထထပြီး ပြေးရသည်မှာလည်း အမောပင်။ စကားထ၍ မပြောဖြစ်လျှင် ထမင်းတစ်နပ် အငတ်ခံမည်၊ နှစ်နပ် အငတ်ခံမည် ဟူသော သန္နိဋ္ဌာန်တို့ဖြင့် သွားသော်လည်း ထမင်းသာ အငတ်ခံရသည် စကားမပြောဖြစ်ခဲ့ပေ။

သို့ရာတွင် တစ်ညသ၌ မိတ်ဆွေဖြစ်သူ ကိုဘဂျမ်း (ယခု အာရှလူငယ်များ၏ ဥက္ကဋ္ဌ) က ခေါ်ဆောင်သွားသဖြင့် ကျောင်းသူများ၏ စကားပြိုင်ပွဲတစ်ခုသို့ ရောက်သွားသည်။ ခန်းမကြီးထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ယခု စာရေးသူ၏ စိတ်ဓာတ်များသည် တက်ကြွလျက်ရှိ၏။ မတက်ကြွဘဲ ဘယ်နေနိုင်ပါအံ့နည်း။ ခန်းမကြီးထက်ဝက်လောက်တွင် ကျောင်းသူများနှင့် ပြည့်ကျပ်လျက်ရှိသောကြောင့်တည်း။

ခါတိုင်း ကြောက်ဒူးတွေတုန်ပြီး ထွက်ပြေးခဲ့ရသော ဘသားကြီးမှာ သူ့အလှည့်ရောက်ဖို့သာ စိတ်စောလျက်ရှိလေသည်။ ခေါင်းဆောင်၍ ပြောရသော ကောလိပ်ကျောင်းသူများ ပြီး၍ စကားပြိုင်ပွဲ၏ နာယကလုပ်သူက ပရိသတ်ထဲမှလည်း ဝင်ပြီး ပြောဆိုနိုင်သည်ဟု ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ယခု စာရေးသူသည် ခုန်၍ထပြီး ပြောလေသည်။ ထိုပွဲမှစပြီး ပွဲတိုးသွားသဖြင့် နောက်အကြိမ်များ၌ ပြောရန် မခက်ခဲတော့ပေ။ လှပသော အရာဝတ္ထုများသည် ယခု စာရေးသူ၏ စိတ်ဓာတ်ကို ဤမျှပင် ဆွဲယူနိုင်လေသည်။

ဤလှပသော အရာဝတ္ထုများနှင့် သာယာသော အသံများကို မြင်ကြားရသည့်အခါ ဆိတ်ငြိမ်ရာ အရပ်တစ်ခုခုတွင် တစ်ကိုယ်တည်း အရသာခံပြီး စိတ်ကူးပေါက်သမျှကလေးတွေကို ထိုင်၍ ရေးခြစ်နေလိုပေသည်။ ထိုအခါက ယခု စာရေးသူသည် ဗမာစာထက် အင်္ဂလိပ်စာဘက်ကို စိတ်သန်လျက်ရှိသည်။

http://nyisay.com



ထိုအချိန်က ရှိတ်စပီးယားပြဇာတ်များကို ဖတ်ပြီး သူရေးလေ့ရှိသော (Blank verse) ခေါ် ကာရံမပါသော ကဗျာရေးနည်းကို အထူးနှစ်သက်၏။

ထိုအခါက ယခုစာရေးသူ စွဲလမ်းနေသော ကောလိပ်ကျောင်းသူ မကလေး တစ်ဦးရှိရာ ရင်တွင်း၌ လှိုင်းဂယက်ထလာတိုင်း အထက်ပါ ကဗျာရေးနည်းဖြင့် ပြဇာတ်တိုကလေးများကို ရေးသားပြီး ထိုသူငယ်မ ကလေးထံသို့ ယခု စာရေးသူသည် ပို့လေ့ရှိသည်ကို ကိုဘဂျမ်း အသိပင် ဖြစ်လေသည်။

ဖတ်ရသူ တစ်ဖက်သားအား ဤပြဇာတ်တိုကလေးများသည် မည်မျှ လောက် ထိခိုက်သည်ဟု မပြောတတ်သော်လည်း ရေးသူမှာ ဝမ်းထဲ ရှိသမျှ အလုံးများကို ထုတ်လိုက်ရသဖြင့် ထုတ်ရသည့်အခါတိုင်း များစွာ ကျေနပ်သွားလေသည်။

ဆွန်းနက် (Sonnet) ခေါ် အင်္ဂလိပ်ကဗျာများကိုလည်း ယခု စာရေး သူသည် အရေးအသား ဝါသနာပါလေသည်။ ကောလိပ်ကျောင်းတွင် ယခု စာရေးသူ ပါဝင်သည့် ဘောလုံးအသင်းမှာ လူညီသဖြင့် ကန်တိုင်း နိုင်၏။ ထိုအသင်းတွင် ယခု ရဲဝိုလ်ဖြစ်နေသူ ကိုဘရှင်က ကပ္ပိတန်လုပ်၍ လွတ်တော် ဝန်ထောက် ကိုသောင်းစိန် အစရှိသော ကျောင်းသားများ ပါသည်။

ထိုဘောသင်းနှင့် ကန်၍ရှုံးသွားသော ဘောသင်းများမှာ မသက်သာ လှ။ ရှုံးသည်နှင့် တစ်ပြိုင်နက် ထမင်းစားခန်းရှိ နို့တစ်စာကပ်သည့်နေရာ တွင် ထိုဘောသင်းကို လှောင်ပြောင် ရေးသားထားသည့် အင်္ဂလိပ် ကဗျာ တစ်ပုဒ် ရောက်နှင့်နေသောကြောင့်တည်း။ တစ်ခါက စောဗူဝံ ဆိုသူ၏ အသင်းမှာ အရေးနိမ့်သွားရာ ခါတိုင်းကဲ့သို့ လှောင်ပြောင် ရေးသားထား သော ကဗျာတစ်ပုဒ်သည် ပေါ်ပေါက်လာလေသည်။ ထိုကဗျာသည် စောဗူဝံကို ထိလွန်း၍ မခံနိုင်လွန်းသောကြောင့် ဆွေ့ဆွေ့ခုန်လျက်ရှိလေ သည်။ နောက်တစ်ကြိမ်တွင် အလှောင်ခံရသော ကိုအုန်းမောင် ဆိုသူ

http://nyisay.com



ဘောအသင်းတစ်သင်း၏ ကပ္ပိတန်မှာ ထိုကဗျာများကို ရေးသူသည် ကပ္ပိတန်ဘရှင်ဟုပင် ထင်သောကြောင့် စကားများပြီး ရန်ဖြစ်တော့မည် ဖြစ်သဖြင့် အတော်ဖျဉ်ထားလိုက်ရသည်။ ထိုကဗျာများ၏ ဆရာမှာကား အခြားသူမဟုတ်၊ ယခု စာရေးသူပင် ဖြစ်လေသည်။

တစ်ညသ၌ ယခုစာရေးသူသည် လရောင်၏ အရသာကို ခံစားရင်း မှေးခနဲ အိပ်ပျော်သွားသည်။ နောက်တစ်ကြိမ် ပြန်၍ နိုးသောအခါ လမွန်းတည့်လျက်ရှိလေပြီ။ လရောင်သည် ထူးကဲစွာ အေးမြကြည်လင်လျက် ရှိ၏။ ထိုအချိန်တွင် မအိပ်နိုင်သေးသော ကုလားတစ်စုမှာ ပခုံးလွယ် စန္ဒရားကို တစ်ယောက်က တီးပြီး တစ်ယောက်က ကုလားဗုံကလေးကို တီးကာ သူတို့ဘာဝ ပျော်ပါးနေသည့် အသံသည် တိတ်ဆိတ်လျက်ရှိသော ညအချိန်တွင် ထူးခြားစွာ ပေါ်ထွက်လျက်ရှိလေသည်။

ယခု စာရေးသူသည် ဤလရောင်နှင့် ဤအသံကို မြင်ရ ကြားရပြီး နောက် ကိုယ့်စိတ်ကိုကိုယ် ထိန်းသိမ်း၍ မရတော့ပေ။ စားပွဲပေါ်မှ စာရွက်နှင့် ကလောင်တံကို ယူပြီး (မရန်းပင်အောက်မှာ) (Under the Marian tree) ဟူသော ဆွန်းနက်တစ်ပုဒ်ကို ကောက်၍ ရေးလေသည်။ နောက်တစ်နေ့တွင် ထိုကဗျာကို အင်္ဂလိပ်ကထိကတစ်ဦးအား ပြသ ကြည့်ရာ များစွာ ချီးကျူးလေသည်။

ထိုသို့ပြသရာမှ တစ်ဦးနှင့် တစ်ဦး ရင်းနှီးပြီးလျှင် ထိုဆရာသည် ယခု စာရေးသူမှာ မည်သည့်ဘက်တွင် စိတ်သန်နေသည်ကို ကောင်းစွာ အကဲခတ်မိသဖြင့် ဘားနပ်ရှော ရေးသားသော ကင်းဒီးဒါ (Candida) နှင့် ဂျူးလီးရပ်ဆီးဇား (Julius Caesar) ခေါ်သည့် ပြဇာတ်နှစ်အုပ်ကို ဖတ်ရန် အကြံပေးလေသည်။

ထိုစာအုပ်နှစ်အုပ်သည် ယခု စာရေးသူအား များစွာ မျက်စိဖွင့်ပေးလေသည်။ ရှေးအခါက ရေးလိုသည့် အရာများမှာ ဝမ်းထဲတွင် ပုံလျက်

http://nyisay.com



ရှိသော်လည်း ဘယ်လိုရေးရမှန်း မသိသဖြင့် သမီးရည်းစားစာပေးရာ၌ အသုံးပြုသော ပြဇာတ်အတိုကလေးများ၊ အင်္ဂလိပ် လင်္ကာလေးများလောက်နှင့်သာ တင်းတိမ်ခဲ့ရသည်။ သို့ရာတွင် အဆိုပါ စာအုပ်နှစ်အုပ်ကို ဖတ်ပြီးသည့်နောက် ရေးရန် နည်းတစ်နည်းကို ရှာတွေ့ပြီဖြစ်သဖြင့် များစွာဝမ်းသာမိလေသည်။ ဤစာအုပ်နှစ်အုပ်ကို ဖတ်ပြီးသည့်နောက် တခြားစာအုပ်များကိုပင် ဆက်ဖတ်ရန် အချိန်မအားတော့ဘဲ ယခု စာရေးသူသည် တရေးထဲ ရေးလျက် ရှိလေသည်။

ကျောင်းမှာလည်း အခြားအလုပ်ကို မလုပ်နိုင်။ အားသည့်အချိန်တွင် ပြဇာတ်ကိုသာ ထိုင်၍ ရေးလျက်ရှိ၏။ စာမေးပွဲကျင်းပရန် ဆယ့်လေးငါးရက် လိုသည့်အချိန်၌ပင် လှိုင်းဂယက်များထလာ၍ ကျောင်းစာကို မကျက်နိုင်ဘဲ ပြဇာတ်တစ်ခုကို ထိုင်၍ ရေးလျက်ရှိရာ အလွန်ရင်းနှီးသော သူငယ်ချင်းတစ်ဦးက ရေးနေသည့်စက္ကူကို အတင်းဆွဲပစ်ရဖူးသည်။ ကျောင်းပိတ်၍ အိမ်သို့ ပြန်လျှင်လည်း အိမ်တွင်မနေဘဲ အိမ်အနီးရှိ ဘုရားကြီးထဲတွင် ဆိတ်ငြိမ်ရာအရပ်၌ တစ်ယောက်တည်းသွားပြီး တရေးထဲ ရေးလျက်ရှိလေသည်။ ဘုရားထဲသို့ နေ့လယ်နေ့ခင်းသာသွား၍ ရေးရသည်ကို အားမရ၊ လှိုင်းဂယက်များသည် သန်းခေါင်ကျော် လင်းအားကြီး အစရှိသည်ဖြင့် အချိန်မရွေး ထလျက်ရှိသောကြောင့် မြို့စွန်ရှိ လူပြတ်ရာ အရပ်တစ်ခုတွင် အိမ်ကလေးတစ်လုံး ဆောက်စေပြီး တစ်ယောက်တည်း ပြောင်းရွှေ့နေထိုင်ရလေသည်။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ လာရောက်လည်ပတ်လေ့ရှိသော မိခင်ကြီးမှာ သားဖြစ်သူအား တရေးထဲ ရေးနေသည်ကို အစဉ်လိုလိုပင် မြင်တွေ့ရသဖြင့် 'လူကလေး အညောင်းတွေမိကုန်မယ်' ဟု စိုးရိမ်ကြီးစွာ သတိပေးခဲ့ရဖူးသည်။

ထိုအခါက ယခု စာရေးသူသည် ပြဇာတ်ရူး ရူးနေသည်။ ပြဇာတ်တွေရေး အကဲဖြတ်ရန် ဘိလပ်သို့ပို့၊ ပြဇာတ်တွေရေး ဝေလမင်းသားပြိုင်ပွဲ

ကိုသွင်း၊ တစ်နေ့တစ်နေ့ ကျောင်းက စာကို မဖတ်နိုင်။ ပြဇာတ်ရေးရင်းနှင့်ပင် အချိန်ကုန်ရ၏။

ထိုပြဇာတ်များကို ဖတ်ရသည့်သူများကလည်း ဝမ်းထဲက ကျိတ်ပြီး ပြုံးကောင်း ပြုံးပေလိမ့်မည်။ ထိုသူတို့ မည်ကဲ့သို့ပင် လှောင်ပြောင်စေကာမူ ရေးရသူမှာကား ရှူးမတတ်ဖြစ်အောင် ပြောင်းဆန်နေသော လှိုင်းဂယက်များကို ရေးချလိုက်ရသဖြင့် အကျေနပ်ကြီး ကျေနပ်လျက်ရှိပေ၏။

ထိုအခါကပင်စပြီး ယခု စာရေးသူသည် ဗမာပြည်၏ ဘားနပ်ရှော ဖြစ်ရန် စိတ်ဓာတ်များ ရင့်သန်လျက်ရှိလေသည်။ ထိုအခါက ယုံကြည်ချက် တစ်ခုကား အခြားမဟုတ်။ ယခု စာရေးသူမှာ အကြံဉာဏ်တို့ကား လုံလောက်စွာ ရှိသည်။ ၎င်းတို့ကို ရေးသားရန် အင်္ဂလိပ်စာအခြေခံသာ လိုတော့သည် ဟူသော ယုံကြည်ချက်ပင် ဖြစ်လေသည်။

အင်္ဂလိပ်စာအခြေခံမှာလည်း ရနိုင်ရန် မခက်ခဲ။ ကိုးဆက်ကွန်ရက် ဆိုသူ ဝတ္ထုရေးဆရာကြီးသည် ပိုလန်ပြည်သားဖြစ်၍ အင်္ဂလိပ်စာကို အသက်နှစ်ဆယ်ကျမှ စ၍ သင်ဖူးသည်။ သို့သော်ငြားလည်း သူ၏အရေးအသားများမှာ အင်္ဂလိပ်အစစ်များပင်လျှင် လက်ဖျားခါယူရသော အခြေသို့ ရောက်ခဲ့၏။ အသက် နှစ်ဆယ်မှ အင်္ဂလိပ်စာကို စ၍ သင်ခဲ့ရသော ကိုးဆက်ကွန်ရက်ပင် ဤအခြေအနေသို့ ရောက်နိုင်ပါလျှင် အသက် နှစ်ဆယ့်ရှစ်နှစ်၌ အင်္ဂလိပ်လို ပြဇာတ်နှင့် ကဗျာအချို့ကို ရေးသားနိုင်သော ယခု စာရေးသူမှာကား အဘယ်မရောက်ရှိအံ့နည်း ဟူသော ယုံကြည်ချက်သည် ဟိုအခါက တစ်နေ့တခြား ပြင်းထန်လျက်ရှိလေသည်။

သို့ရာတွင် အရေးအသားကို တားမနိုင် ဆီးမရအောင် ဖြစ်နေသဖြင့် အင်္ဂလိပ်စာကို ရည်ရွယ်ချက်အတိုင်း အခြေခံရအောင် မကြိုးစားခဲ့နိုင်။ ရရှိသမျှ အချိန်ကလေးကို ရေးရသည်နှင့် ကုန်လွန်ခဲ့စေ၏။ သို့နှင့်ပင် ဘီအေ အောင်ပြီး ကျောင်းမှထွက်ခဲ့၏။

http://nyisay.com



ထိုအချိန်တွင် ကမ္ဘာ့အခြေအနေမှာ အတော် ပြုပြင်ပြောင်းလဲလာလေပြီ။ ဗမာပြည်တွင်လည်း သခင်ဗစိန်၊ သခင်ဗသောင်း၊ သခင်လေးမောင် အစရှိသော လူငယ်ခေါင်းဆောင်များသည် လူကြီးခေါင်းဆောင်များ၏ ခေါင်းဆောင်မှုကို သည်းမခံနိုင်သောကြောင့် အပြင်းအထန် ပုန်ကန်လျက်ရှိကြလေ၏။

ယခု စာရေးသူမှာ ၁၉၂၀ ခုနှစ် ပထမ ကျောင်းသားအရေးတော်ပုံမှ အစပြု၍ ရရှိခဲ့ပြီး မြို့မ တိုင်းရင်းသား အထက်တန်းကျောင်းမှ ရင့်သန်အောင် ပြုပြင်ပေးလိုက်သော မျိုးချစ်စိတ်ဓာတ်တို့သည် အတော်အတန် ရင့်သန်လျက်ရှိပြီး ဖြစ်သည်က တစ်ဖုံ။ အဆိုပါ လူငယ်ခေါင်းဆောင်များမှာလည်း တစ်နွယ်ငင် တစ်စင်ပါသူများ ဖြစ်ကြသည်ကတစ်ကြောင်းတို့ကြောင့် နိုင်ငံရေး နယ်နိမိတ်ထဲသို့ တစ်စတစ်စ ပါလာရလေသည်။

ယခု စာရေးသူ ရည်ရွယ်ထားသောလမ်းမှာ ဈေးပင်ဖြစ်သော်လည်း လမ်းတွင် မီးလောင်နေသည်နှင့် ကြုံကြိုက်သောကြောင့် ဈေးသွားမည့် ခရီးကို အသာရပ်ထားပြီး မီးဝင်၍ ငြိမ်းရသလို ဗမာ ဘားနပ်ရှောဖြစ်ချင်သည့် အာသာဆန္ဒကို ခေတ္တ ခေါက်ထားပြီး နိုင်ငံရေးကို တတ်နိုင်သည့်ဘက်က ဝင်ရောက် ဆောင်ရွက်ရတော့သည်။

မီးသတ်လျက်ရှိစဉ် ဈေးသို့သွားရမည့်ခရီးစဉ်ကို မမေ့သလို ယခု စာရေးသူလည်း သူ့ရည်ရွယ်ချက်ကြီးကိုကား ဘယ်အခါမျှ မမေ့ပေ။

နိုင်ငံရေးလုပ်နေစဉ်ပင် နဂိုစိတ်ဓာတ်များကို လုံးဝ မစွန့်နိုင်သည်မှာ ထင်ရှားသည်။ ယခု စာရေးသူသည် ဗဟို တို့ဗမာအစည်းအရုံး၏ အလုပ်အမှုဆောင်ဖြစ်စဉ်က ဌာနချုပ်တွင် လူတွေ့နည်းလေသည်။ နယ်မှ လာကြသော အစည်းအရုံးဝင် သခင် သခင်မတို့သည် ယခု စာရေးသူကို သခင်သန်းထွန်း သခင် အောင်ဆန်း (ယခု မေဂျာဂျင်နရယ်) တို့လောက် အတွေ့မများခဲ့ကြချေ။

ထိုသူနှစ်ဦးမှာ ယခု စာရေးသူ၏ အယုံကြည်ရဆုံးသော ရဲဘော်နှစ်ဦး ဖြစ်သည့်အတိုင်း အစည်းအရုံးကိစ္စအဝဝကို သူတို့လက်ထဲတွင် ဝကွက်၍အပ်ထားပြီး ယခု စာရေးသူမှာ ရသမျှသော အချိန်တိုင်းတွင် သူ့အိမ်အခန်းတွင်းကလေး၌ တံခါးပိတ်ပြီး တွေးရင်း ရေးရင်းဖြင့် အချိန်ကုန်လွန်ခဲ့လေသည်။

ဤအကြောင်းကို ပြောသဖြင့် ရယ်စရာကလေးတစ်ခုကို ပြေးပြီး သတိရမိသေးသည်။ တစ်ညသ၌ သခင်သန်းထွန်းနှင့် သခင်အောင်ဆန်း (ယခုမေဂျာဂျင်နရယ်)တို့သည် ယခု စာရေးသူ၏ အိမ်ခန်းကလေးသို့ ပေါက်လာကြသည်။ ယခု စာရေးသူသည် တွေး၍ကောင်းနေစဉ် ထိုသူနှစ်ဦးမှာကား ယခုစစ်ကြီးကို အကြောင်းပြုပြီး ဗမာ့လွတ်လပ်ရေးရရန် နေ့မအားညမအား တိုင်ပင်ဆွေးနွေးလျက်ရှိကြသည်။ အိမ်သို့ပေါက်လာသည်မှာ သူတို့၏ အကြံအစည်များကို ပြောပြရန်ပင် ဖြစ်လေသည်။ ယခု စာရေးသူမှာ သူ့ဟာနှင့်သူ အတွေးကောင်းနေသဖြင့် ထိုသူနှစ်ဦး ပြောသွားသော စကားများကို ကောင်းစွာ နားမလည်။ သို့ရာတွင် သူတို့၏ အကြံပေးချက်အတိုင်း ကျောင်းသားခေါင်းဆောင်တချို့ကို ခေါ်၍ ထိုအခါ ဆင်းရဲသား ဝံသာနု အဖွဲ့ခေါင်းဆောင် ဒေါက်တာဘမော်ထံသို့ ဗမာ့ထွက်ရပ်ဂိုဏ်းအတွက် စေ့စပ်ရန် လွှတ်လိုက်လေသည်။ ဒေါက်တာဘမော်နှင့် ချိန်းပြီး တွေ့ကြသောအခါ ယခု စာရေးသူကပင် ခေါင်းဆောင်ပြီး ပြောလေသည်။ တလွဲကြားထားသဖြင့် သခင်သန်းထွန်း၊ သခင်အောင်ဆန်း (ယခု မေဂျာ ဂျင်နရယ်) တို့၏ ရည်ရွယ်ချက်နှင့် ယခု စာရေးသူပြောသော အချက်တို့မှာ တလွဲစီဖြစ်နေ၏။ ထိုအခါ ထိုသူနှစ်ဦးက ကြားဖြတ်ပြီး ပြောရသည်။ ပြန်လာကြသောအခါ 'သခင်နုရယ်၊ ခင်ဗျား ဘာတွေလျှောက်ပြောနေသလဲ'ဟု ထိုသူနှစ်ဦးက ရှင်းပြသောအခါမှ ယခု စာရေးသူမှာ အူတက်အောင် ရယ်ရသေး၏။

http://nyisay.com



နိုင်ငံရေးသည် တလှုပ်လှုပ် တရှုရှု အနားမပေးဘဲ လုပ်ရသည့် အရေးဖြစ်၏။ ထိုသို့ လုပ်နိုင်မှလည်း နိုင်ငံရေးသမားပီသ၏။ သို့ရာတွင် အတွေးသမား၏ မျက်စိနှင့်ကြည့်ရလျှင် လုပ်ကြ ပြောကြ ဆိုကြ ငြင်းခုံကြ ရန်ဖြစ်ကြ ပြန်ပေါင်းလုပ်လိုက်ကြ ကွဲလိုက်ကြနှင့် တလှုပ်လှုပ်တရှုရှု လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော နိုင်ငံရေးသမားများကို မြင်ရသော အခါ သူတို့အစား စိတ်မောကိုယ်မော ဖြစ်မိ၏။ မိမိကိုယ်တိုင်က ထိုအလုပ် မျိုးကို မနှစ်မြို့သော်လည်း ဤသို့ ဇွဲကောင်းသူများအား လှိုက်လှိုက်လှဲလှဲ အူထဲ အသည်းထဲကပါ ချီးကျူးမိပေ၏။

အတွေးသမားဆိုသည်မှာ တစ်ယောက်တည်းနေရလေ ကြိုက်လေ။ မရှောင်မလွှဲသာ၍ ပရိသတ်နှင့် တွေ့ရသော်လည်း ကိစ္စ ပြီးလျှင်ပြီးချင်း လူတွေ့မခံချင်။ သို့ရာတွင် နိုင်ငံရေးသမားမှာမူကား ပရိသတ်နှင့်ကင်း၍ မနေနိုင်။

ဖေဘီယန်ဂိုဏ်းဝင်အဖြစ်နှင့် ရွေးကောက်ပွဲတွင် လျှောက်ပြီး တရား ဟောစဉ်က ပရိသတ်နှင့် တွေ့ရဖန်များပြီး ငြီးငွေ့လာသဖြင့် ယခု စာရေးသူ သည် တရားဟောထွက်ရင်း မင်းလှမြို့အနီးရှိ ကျောက်တံခါးတောင်၌ ပဥ္စင်းတက်ဖူးသည်။ အရေးကြီးနေစဉ် ဤသို့လုပ်မိသဖြင့် အဖွဲ့ဝင်အပေါင်း မှာ ဆွေ့ဆွေ့ခုန်ဖြစ်နေကြ၏။ သခင်ဖြစ်စဉ်ကလည်း ပရိသတ်များနှင့် တွေ့ရဖန်များလျှင် ငြီးငွေ့ပြီး မြသပိတ်တောင် အစရှိသော ဆိတ်ငြိမ်ရာ နေရာများသို့ တစ်လခွဲ နှစ်လ ဆိုသလို ဇွတ်အတင်း ထွက် ထွက် သွားဖူး သဖြင့် အရေးကောင်း ဒိန်းဒေါင်း ဖျက်သည်ဟု ရဲဘော်များ၏ ညည်းညူ သံကို မကြာခဏ ကြားရခဲ့ဖူး၏။

သို့နှင့်ပင် ယခုစာရေးသူသည် ထောင် နှစ်နှစ်ကျသွားခဲ့လေသည်။ တစ်နေ့သ၌ ထောင်ထဲတွင် အချိန်ကလည်း အားသဖြင့် တစ်ယောက် တည်း ဟိုဟိုဒီဒီ တွေးတောရင်း ဆယ့်ရှစ်နှစ်သားက သန္နိဋ္ဌာန်ချခဲ့ပြီး၊

http://nyisay.com



သုံးဆယ့်လေးနှစ်သားအထိ အထမြောက်အောင် မဆောင်ရွက်နိုင်ခဲ့သေးသော ရည်ရွယ်ချက်ကြီးအတွက် ကုန်ခဲ့သော ဆယ့်ခြောက်နှစ်ကို များစွာနှမြောပြီး လှိုက်လှိုက်လှဲ့လှဲ့ ဝမ်းနည်းခြင်းဖြစ်လေသည်။ 'ငါသည် ရည်ရွယ်ချက်ကို မအောင်မြင်သေးသော်လည်း တိုင်းပြည်ကြီးမှာ လောင်နေသည့် မီးကိုမူကား တတ်နိုင်သရွေ့ ငြိမ်းသတ်ခဲ့သားပဲ' ဟူသော အတွေးဖြင့်သာ အဆိုပါ လှိုက်လှိုက်လှဲ့လှဲ့ ဝမ်းနည်းခြင်းကို ဖြေဖျောက်နိုင်ခဲ့၏။

တိုင်းပြည်ကောင်းစားအောင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများမှာ တိုင်းပြည်ကျယ်သလောက် များပြားနိုင်၏။ တိုင်းပြည်ကောင်းစားချင်သော စေတနာရှိသူတိုင်း နိုင်ငံရေးကို ဝင်၍ ဆောင်ရွက်ရမည်ဟု မဆိုလို။ စစ်သားကလည်း ထွက်၍ တိုက်ရမည်။ စစ်သားကောင်းတွေ ဖြစ်နိုင်အောင် ရေးပေးနိုင်သည့်သူများကလည်း အရေးအသားဖြင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ပေးရမည်။ ဆရာဝန်များကလည်း စစ်သားများ နာဖျားမကျန်းဖြစ်လျှင် ကုသပေးရမည်။ ကုန်သည်များကလည်း စစ်သားများသည် တိုင်းပြည်၏ လွတ်လပ်ရေးကို ကာကွယ်နိုင်အောင် စီးပွားရေးဖြင့် ကူညီထောက်ပံ့ကြရမည်။ တိုင်းသူပြည်သားအားလုံး စစ်သားတွေချည်းလုပ်၍လည်း မဖြစ်၊ စာရေးဆရာတွေချည်းလုပ်၍လည်း မဖြစ်၊ ဆရာဝန်တွေချည်းလုပ်၍လည်းမဖြစ်၊ ကုန်သည်တွေချည်းလုပ်၍လည်း မဖြစ်။

ကိုယ်စွမ်းရာဘက်မှ ကိုယ်ဝင်၍ တိုင်းပြည်အကျိုးကို သယ်ပိုးရွက်ဆောင်ကြရမည်။

ထိုသို့ စိတ်ကူးပေါက်ပြီး ထောင်မှလွတ်လျှင် မူလရည်ရွယ်ချက်ကြီးအတိုင်း အထမြောက်အောင် ဆောင်ရွက်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်မိလေသည်။ သို့ရာတွင် ထောင်မှထွက်လာသောအခါ ပင်ပန်းကြီးစွာဖြင့် အသက်စွန့်လုပ်နေရသော ရဲဘော်များကို မြင်ရပြန်သဖြင့် အဆိုပါသန္နိဋ္ဌာန်ကြီးသည့် အရည်ပျော်သွားခဲ့ပြန်လေသည်။ ထို့ကြောင့် ကိုယ့်စိတ်ကို

http://nyisay.com



ကိုယ်လှည့်ဖြားပြီး 'လွတ်လပ်ရေးလဲ မဝေးတော့ဘူး၊ လွတ်လပ်ရေးရတဲ့ နေ့မှာပဲ ဒီရည်ရွယ်ချက်ကို ထမြောက်အောင် ပြန်ပြီး ကြိုးစားရတော့မယ်' ဟူ၍ သန္နိဋ္ဌာန်အသစ်ချရပြန်လေသည်။

ဗမာနိုင်ငံအစိုးရအဖွဲ့ကို ဖွဲ့စဉ်က ရာထူးကို အတန်တန် ငြင်းပယ်ခဲ့ရသည်မှာလည်း အခြားကြောင့် မဟုတ်။ လွတ်လပ်ရေးရသည့်နေ့တွင် မိမိ၏ အဓိကရည်ရွယ်ချက်ဖြစ်သော စာရေးဆရာအလုပ်ကြီးကို လွတ်လွတ်ကျွတ်ကျွတ် မလုပ်နိုင်ဘဲ ရာထူးတည်းဟူသော သံယောဇဉ် နှောင်ကြိုးကြီးဖြင့် ဖွဲ့စည်းရစ်ပတ်လျက်ရှိမည်ကို စိုးသောကြောင့် အတန်တန် ငြင်းပယ်ရခြင်း ဖြစ်လေသည်။

ယခု စာရေးသူ၏ ငြင်းပယ်ချက်ကို လက်မခံသေးခင်က ယခု စာရေးသူမှာ အိပ်၍လည်း မပျော်၊ စား၍လည်း မဝင်၊ မိမိ၏ တစ်သက်တွင် အကြီးဆုံးသော ရည်ရွယ်ချက်ကြီးကို ရှေးတုန်းကကဲ့သို့ပင် ခေါက်ထားလိုက်ရပြီး ဤလိုနှင့်ပင် တဖြည်းဖြည်း စွန့်ပယ်ရတော့မည်ဟု အလွန်ကြီးမားသော သောကဖြစ်မိ၏။ ရာထူးပြုတ်ကျသဖြင့် ၎င်းရာထူးကို ပြန်၍ လိုချင်သူတစ်ဦး၏ သောကသည် ထိုအခါက ရာထူးပေးမည်ဆို၍ ယခု စာရေးသူ ခံစားရသော သောကလောက် ကြီးလိမ့်မည်မထင်။ ဇနီးဖြစ်သူမှာ ယောက်ျားဖြစ်သူ မအိပ်နိုင် မစားနိုင် ဖြစ်နေသဖြင့် ထိုအခါကတစ်ညလျှင် နှစ်ကြိမ်လောက် အိပ်ပျော်ရဲ့လား ဟု ထ ထပြီး မေးခဲ့ရဖူးသည်။ မင်း မဖြစ်ချင်၍ တေမိမင်းသည် စကားမပြောဘဲနေခဲ့သည့်အကြောင်းကို ရှေးအခါက စာထဲ၌သာ ဖတ်လိုက်ရဖူးသည်။ ကိုယ်တွေ့ကျမှပင် သဘောပေါက်တော့၏။

ယခုမူကား ဗမာတစ်မျိုးသားလုံး မျှော်လင့်တောင့်တလျက်ရှိသော လွတ်လပ်ရေးကြီးကို ရပေတော့မည်။ လပိုင်းလောက်သာ လိုတော့သည်။ ဗမာတစ်မျိုးလုံးလည်း အမျိုးမျိုးအဖုံဖုံ ဝမ်းသာလျက်ရှိကြပေလိမ့်မည်။

http://nyisay.com



ယခု စာရေးသူ၏ ဝမ်းသာခြင်းကား အခြားသူများကဲ့သို့ ဝမ်းသာခြင်းမျိုး ဟုတ်ချင်မှ ဟုတ်မည်။ အဘယ့်ကြောင့်ဆိုသော် ယခုစာရေးသူ၏ဝမ်းသာခြင်းမှာ စာရေးဆရာဖြစ်ရန် လွတ်လပ်ခွင့်ရတော့မည်ဟူ၍ တွေးတောပြီး ဝမ်းသာလျက်ရှိသော ဝမ်းသာခြင်းပင် ဖြစ်လေသည်။

ယခုစာရေးသူသည် ရှေးအခါက ဝတ္ထုများကို မရေးခဲ့ဘူးချေ။ ပြဇာတ်များကိုသာ ရေးဖူးသည်။ သို့အတွက် အင်းစိန်ထောင်ထဲတွင်ရှိစဉ် အစမ်းသဘောဖြင့် ဤ (ရက်စက်ပါပေ့ကွယ်) ဝတ္ထုကို စတင်ရေးလိုက်ခြင်း ဖြစ်ပေသည်။ ဤဝတ္ထုပြီးသွားသည့်နောက် ပွဲတိုးသွားပြီဖြစ်သဖြင့် (ဦးသိန်းဒန်) ဆိုသော ဝတ္ထုတစ်ပုဒ်ကို ထပ်၍ ရေးပြန်သည်။ အင်းစိန်ထောင်မှ မန္တလေးထောင်သို့ ပြောင်းသွားသောအခါ မန္တလေးထောင်တွင်နေရစဉ် လွတ်လာသည့်နေ့အထိ ပြဇာတ် ၇ ခုကို ရေးသားပြီးခဲ့သည်။

နိဂုံးမချုပ်မီ စာဖတ်သူတို့ ဗမာများအဖို့ စကားအနည်းငယ် ရေးသားလိုပါ၏။ ဗြိတိသျှ အစိုးရရှိစဉ်က သွေးခွဲသည့် စနစ်ကြီးကြောင့် တိုင်းပြည်တွင် ဓနရှင် ဆင်းရဲသား အစိုးရအရာရှိ အစရှိသည်ဖြင့် အမျိုးမျိုး ကွဲလျက်ရှိကြသည်။ ဗြိတိသျှအစိုးရတို့၏ ပယောဂကြောင့် ဓနရှင်ရော ဆင်းရဲသားရော အစိုးရအရာရှိရော အားလုံးတို့သည် ဗမာများဖြစ်ကြသည်ကို မေ့လျက်ရှိကြသည်။ ဤသို့ အားလုံးသော ဗမာတို့သည် သွေးချင်းသားချင်း ဖြစ်ကြသည်ကို မေ့လျက်ရှိကြသောကြောင့် မတရားမှုများ နိုင့်ထက်စီးနင်းမှုများ စိတ်မချမ်းမြေ့ဘွယ်ရာများ အမှုများတို့သည် တိုင်းပြည်နှင့် တစ်လုံးအပြည့်ရှိကြလေသည်။

ယခုဝတ္ထုကိုဖတ်ပြီးနောက် ဤသို့ စိတ်မချမ်းမြေ့ဘွယ်ရာဖြစ်သော သွေးကွဲမှုများကို အားလုံး ရပ်စဲစွန့်ပယ်ကြပြီးလျှင် တိုက်ကြီးရှင်နှင့် တဲပုတ်သမား၊ ပုလိပ်နှင့် အရပ်သူ အရပ်သား၊ တရားသူကြီးနှင့် ဆင်းရဲသား အစရှိသော ဗမာလူမျိုးအားလုံးတို့သည် နိပွန်ပြည်မှာကဲ့သို့ တစ်ဦးနှင့်

http://nyisay.com



တစ်ဦး ရေပက်၍ မဝင်နိုင်သည်အထိ စည်းလုံးမိကြမည်ဆိုလျှင် ဤဝတ္ထု ရေးရကျိုးနပ်ပေပြီ။ ဤသို့ စည်းလုံးမိပါမှလည်း ယခု အာရှစစ်ပွဲကြီးတွင် အာရှ လွတ်လပ်ရေးအတွက် ခေါင်းဆောင်ပြီး တိုက်လျက်ရှိသော နိပ္ပွန် တို့အား ဗမာပြည်က ထိရောက်စွာ အကူအညီကို ပေးနိုင်ပေလိမ့်မည်။

ဤနိဒါန်းကို နိဂုံးမချုပ်မီ မရေးလျှင် မဖြစ်သော အကြောင်းတစ်ခု ရှိသေးသည်။ ဤကား အောက်ပါအတိုင်းပင်တည်း။

သီပေါရှင်ဘုရင် ပါသွားသည့်နေ့မှအစပြု၍ အင်္ဂလိပ်များ ဗမာ ပြည်မှ ထွက်ပြေးရသည့်နေ့အထိ ဗမာ့လွတ်လပ်ရေး လုပ်ငန်းကြီးအတွက် ပုဂ္ဂိုလ်အမျိုးမျိုး အဖွဲ့အမျိုးမျိုးသည် အမျိုးမျိုး စွန့်စားသွားခဲ့ကြ၏။ ထိုအဖွဲ့ များထဲတွင် သခင်အဖွဲ့လည်း အဖွဲ့တစ်ခုအဖြစ်နှင့် ပါခဲ့၏။ ထိုအဖွဲ့ထဲတွင် ခေါင်းဆောင်များကဲ့သို့ လူသိနတ်ကြား ဖြစ်ရသည်ကို ထားဘိဦး။ သတင်း စာထဲ၌ပင် မပါရဘဲ အသက်သေဆုံးသည်အထိ အမျိုးမျိုး စွန့်စားသွားရ ရှာသော ဝတ္ထုထဲကရန်ရှင်းကဲ့သို့ နောက်လိုက်သခင်များသည် အမြောက် အမြား ရှိလေသည်။ ဤသခင်များ၏ စွန့်စားချက်ကြောင့်သာ မဟုတ်ခဲ့လျှင် သခင်အရေးတော်ပုံကြီးမှာ ဘယ်နည်းနှင့်မျှ မဖြစ်မြောက်နိုင်ပေ။ ဤသို့ အမျိုးမျိုးအဖုံဖုံ စွန့်စားခဲ့သော်လည်း ပေါ်လွင်ခြင်းမရှိဘဲ တိမ်မြုပ်နေသော သခင်များအတွက် ဗမာတစ်မျိုးသားလုံးက အမှတ်တရဖြစ်နေကြစေရန် မော်ကွန်းထိုးသည့်အနေနှင့် ဤဝတ္ထုကို ရေးသားလိုက်ရပေသတည်း။

**၁၃၀၅၊ နယုန်လပြည့်နေ့။** **သခင်နု**

http://nyisay.com

# အခန်း ၁

ညနေ သုံးနာရီအချိန်၌ပင်လျှင် တပေါင်းနေသည် အလွန်ပူလျက်ရှိသေး၏။ နေပူလွန်းသောကြောင့် မပျင်းဘဲ မနေနိုင်ကြရှာသော ရှမ်းစုရွာသားတို့သည် အပျင်းထူကာ တုံးလုံးလှဲနေသူလှဲ၊ မှိန်းသူ မှိန်း၊ အိပ်သူ အိပ်လျက်ရှိကြသဖြင့် ရှမ်းစုရွာကလေးမှာ တိတ်ဆိတ်လျက်ပင် ရှိသေး၏။ ငွေခင်သည်လည်း အပျင်းထူရာမှ စိတ်ကို တင်း၍ထားပြီးလျှင် မကြာမီ မြို့မှ ပြန်လာတော့မည့် လင်တော်မောင် ရန်ရှင်းအား အမောပြေကျွေးရန် အတွက် ခေါင်းဖြီး၊ ရေချိုး၊ သနပ်ခါးလူး၊ အဝတ်အစားလဲခြင်း အစရှိသည် ဖြင့် ဂိုက်ကို သလျက်ရှိလေ၏။

ရှမ်းစုရွာသည် မြောင်းမြ ဒိစတြိတ်၊ ဝါးခယ်မမြို့အပိုင်၊ ဝါးခယ်မ မြို့မှ တောင်ဘက်သို့ ၁၃ မိုင်လောက်ဝေးသော အရပ်တွင် တည်ရှိလေသည်။ ရှမ်းစုရွာသူရွာသားများတို့သည် ဘိုးစဉ်ဘောင်ဆက်မှစ၍ ဓားမဦးချ လယ်ပိုင်ယာပိုင်ရှင်ကလေးများ ဖြစ်ကြ၍ ချောင်ချောင်ချိချိ လူတမ်းစေ့ နေထိုင်စားသောက်နိုင်ခဲ့ကြသော်လည်း ယခုအခါတွင် လုပ်ရင်းကိုင်ရင်း ရင်းတို့၏ ဓားမဦးချ ခုတ်ထွင်ယူခဲ့ရရှာသော လယ်ယာကလေးများသည် ကြက်ပျောက် ငှက်ပျောက် ပျောက်ပျက်ကုန်ကြ၏။ ရှေးအခါက မိသားတစ်စု ဝိုင်းပြီး လုပ်၍ ရသမျှ စပါးတို့မှာ ထိုမိသားတစ်စုသာ အကုန်ရကြ

http://nyisay.com



၏။ ယခုမှာမူကား မိမိတို့ ဘိုးဘွားများ ဓားမဦးချ ထွန်ခဲ့ရသော လယ်မြေများပေါ်တွင် မိမိတို့ မိသားတစ်စုကိုယ်တိုင် ကျွဲများ နွားများနှင့် ရွှံ့ဗွက်ဒူးဆစ်ထိအောင် နေပူမရှောင် မိုးရွာမရှောင် ရုန်း၍ လုပ်ခဲ့ရပါသော်ငြားလည်း မိမိတို့ လုပ်ရသမျှသော စပါးတို့ကို မြင်ရုံသာ မြင်လိုက်ရသည်။ အချိန်တန်လျှင် ဗိုက်ပူပူ အသားမည်းမည်း ကိုရွှေချစ်တီးတို့နှင့် စိန်တဝင်းဝင်း မြတဝင်းဝင်းဖြစ်နေသော ဗမာ မြေပိုင်ရှင်ကြီးများက ထိုစပါးများကို လာရောက်၍ သိမ်းယူသွားကြလေသည်။

မနရှင်စနစ်ကြီး၏ ပဋိစ္စသမုပ္ပါဒ် လည်ပုံကို မကျွမ်းကျင်ရှာသော ရွာသူရွာသားများကမူကား 'ရတနာရှိရာ ရတနာစုတာပါပဲကွာ' 'တို့ကိုယ်ကကံမကောင်းပါဘူး' 'ဒီနှစ် လက်ပေါ် ရာဟုစီးနေတာကိုး' အစရှိသော စကားများဖြင့် သူတို့၏ ဒုက္ခကို သနားစဖွယ် ဖြေဖျောက်လျက်ရှိကြလေ၏။ ထိုအထဲတွင် အပြစ်မရှိ အပြစ်ရှာ၍ ကြိမ်းတတ်သော 'ဂုဏ်သရေရှိလူကြီးလူကောင်း' များလည်း ပေါ်ပေါက်လာသေး၏။ ထိုလူကြီးလူကောင်းများကမူကား 'ဗမာတွေ ဆင်းရဲမှာပေါ့ တယ်ပျင်းတာကိုး' ဟူ၍ လည်းကောင်း၊ 'အသုံးအစွဲကလဲ ကြီးတယ်ကွ' ဟူ၍ လည်းကောင်း လျှာအရိုးမရှိတိုင်း လေလုံးထွားထွားကြီးထား၍ ပြောကြသေး၏။

လမ်းတွင် ရေဆန်မိလာသဖြင့် မြို့သို့တက်သွားကြသော ရန်ရှင်းတို့လှေစုသည် ရှမ်းစုရွာသို့ ညနေ ၅ နာရီလောက်မှ ရောက်လာကြ၏။ ရန်ရှင်းတို့လှေစုသည် မြို့သို့ ကုန်ဝယ်ရန်သွားကြသည် ဖြစ်ရကား ကုန်မှာလိုက်ကြသော ရွာသူရွာသားတို့သည် သူတို့လှေတစ်စု မြို့မှ ပြန်အလာကို လှေဆိပ်မှနေ၍ လည်တဆန့်ဆန့်နှင့် မျှော်လျက်ရှိကြသဖြင့် သမွန်ဆိုက်ခါနီးတွင် သူတစ်ခွန်း ငါတစ်ခွန်း မေးကြ အော်ကြ ဟစ်ကြနှင့် ဆူညံနေတော့၏။ ငွေခင်လည်း သူ၏ လင်တော်မောင် ရန်ရှင်းအား ဦးသာအေး ဒေါ်ဖော့

http://nyisay.com



တို့၏ ရှင်ပြု ပဒ္ဒင်းခံသို့ သွားလျှင်ဝတ်ရန် ကြက်သွေးရောင် ပိုးတွန့်လုံချည် တစ်ထည်နှင့် ပုံတော် ပိန်းတန်းဖိနပ်တစ်ရန်ကို မှာလိုက်သဖြင့် ထိုပစ္စည်းများ ပါ မပါကိုသာ အာရုံပြုလျက်ရှိလေ၏။ ငွေခင်သည် ဆံပင်ကို ကပိုကရို ထုံး၍ သနပ်ခါးရေကျဲကလေးကို လူးထားရာ ဝင်တော့မည့်နေရောင်တွင် များစွာ ပန်းရလျက်ရှိလေသည်။ ရန်ရှင်းလည်း သူ့ဇနီးသည်ကို သတိလစ်ပြီး စိုက်ကြည့်နေရာ ငွေခင်က လှမ်း၍ 'ကိုရန်ရှင်း ကျွန်မ မှာတာတွေ အကုန် ပါရဲ့လား' ဟု မေးတော့မှ သတိရကာ ပါလာသည့်အကြောင်းကို ပြန်၍ ပြောရလေသည်။

လှေဆိပ်တံတားတွင် သမ္ဗန်ကပ်၍ ကြိုးချည်နေစဉ် မြို့ဘက်မှ ရွာဘက်ဆီသို့ အပြင်း မောင်းလာနေသော 'ဂွန်ဆင်' ခေါ် နှစ်ယောက်စီး မော်တော်ဘုတ်ကလေးတစ်စင်း၏ စက်သံကို ကြားရလေသည်။ သမ္ဗန်ထဲမှ လူများသည် မိမိတို့၏ ပစ္စည်းများကို အသီးသီးဆွဲကိုင်၍ သမ္ဗန်ပေါ်မှ တံတားပေါ်သို့ ဆင်းလျက်ရှိကြစဉ် အဆိုပါ မော်တော်ဘုတ်လည်း ထိုဆိပ်သို့ဝင်၍ ဆိုက်လေ၏။

မော်တော်ဘုတ်ထဲတွင် ဘောင်းဘီတိုနှင့် ဘလေဇာဝတ်ထားကြသော ဗမာနှစ်ယောက် ပါလာကြသည်။ တစ်ယောက်မှာ အသက် ၂၅ နှစ်လောက် ရှိ၍ တခြားတစ်ယောက်မှာ ၃၅ နှစ်ခန့် ရှိပြီဟူ၍ ခန့်မှန်းရသည်။ ၎င်းတို့နှင့်အတူတူ နှစ်လုံးပြူး သေနတ်နှစ်လက် နှင့် အရက်သေတ္တာ တစ်လုံးလည်း ပါလာကြသေး၏။

၂၅ နှစ်ရွယ် မောင်စိန်ဦးသည် အမိအဘများ အနိစ္စရောက်ပြီးနောက် လယ်ဧက တစ်ထောင်ကျော်လောက် အမွေရလိုက်ရာ ဝါးခယ်မမြို့တွင် သူဌေးကလေး ဟူသော အမည်ကိုခံယူ၍ သူ့ပစ္စည်း၏ တန်ခိုးဖြင့် လောကကြီး၏ ပျက်စီးရာ ပျက်စီးကြောင်း မှန်သမျှကို တတ်နိုင်သရွေ့

http://nyisay.com



ကြိုးစားကာ ဆောင်ရွက်လျက်ရှိသူ ဖြစ်သည်။ သမဏေန သမနော၊ ဂေါနေန ဂေါနော ဟူသောစကားအတိုင်း မောင်စိန်ဦးသည် မိမိ၏ စိတ်တူသဘောတူလူကိုသာ ရှာကြံ၍ ပေါင်းမည်ဖြစ်ရာ ၎င်းနှင့် အတူတူပါလာသော ၃၅ နှစ်ရွယ်ရှိ ဒုတိယတန်း အမိန့်တော်ရရှေ့နေ ကိုဘဝင်းသည်လည်း သည်ပုတ်ထဲက သည်ပဲပင် ဖြစ်တော့၏။ ကိုဘဝင်းသည် ထောင်ထောင်မောင်းမောင်း ဖြစ်ပြီး အသားအရေမှာ ဖြူ၍ နီစပ်စပ်နေလေသည်။ သူ၏ မျက်နှာတစ်ခုလုံးတွင် မြင့်မား၍ အဖျားတွင် ပွရောင်းရောင်းရှိသော နှာခေါင်းသည် အထင်ရှားဆုံး ဖြစ်လေသည်။

သူတို့လာမည့်အကြောင်းကို ကြိုတင်၍ အကြောင်းကြားထားသည် ဖြစ်ရကား မော်တော်ဘုတ်သံကို ကြားရကတည်းက ရှမ်းစုရွာသူကြီးသည် တပည့်နှစ်ဦးနှင့် လှေဆိပ်တွင် ဆင်း၍ စောင့်နေလေသည်။ မောင်စိန်ဦးတွင် လယ်ဧက ၃၀၀ လောက် ရှမ်းစုရွာဘက်တွင်ရှိရာ ရုံးပိတ်ရက်များတွင် သူဌေးကလေးနှင့် အမိန့်တော်ရရှေ့နေတို့သည် မရှိ နွမ်းပါးသော တောသူကလေးများကိုလည်း ခြေတော်တင်ရင်း၊ အပျင်းပြေ အမဲလည်လိုက်ရင်း၊ အရက်သောက်၍ စိတ်ရှိတိုင်းလည်း ပျော်ရင်း ဆိုသလို ရှမ်းစုရွာနားသို့ မကြာခဏ လာကြလေသည်။ မော်တော်ဘုတ်ဆိုက်၍ တံတားပေါ်သို့ တက်မိကတည်းက အမိန့်တော်ရ၏ မျက်စိသည် ဝင်လုမည့်နေရောင်တွင် ပန်းရနေသော ငွေခင်၏ ရုပ်ရည်ပေါ်တွင် ခံတွင်းတွေ့လျက်ရှိသဖြင့် အောင့်၍ မထားနိုင်တော့ဘဲ 'ဟေ့ မောင်စိန်ဦး (ငွေခင်ဘက်သို့ မျက်စပစ်ပြ၍) ဒီဟာ ကလေးဟာ ဘယ်သူလဲကွ၊ ငါ တစ်ခါမှ မမြင်ဘူးသေးပါလား' ဟု အင်္ဂလိပ်လို လှမ်းမေးလိုက်၏။

'အို၊ ဒီရွာကပါပဲ' ဟု ပြန်ဖြေ၍ စကားဖြတ်လိုက်ပြီးလျှင် သူကြီးနှင့် အတူတူ သူကြီး၏ အိမ်ဘက်ဆီသို့ ထွက်သွားကြ၏။ ကိုဘဝင်းလည်း

http://nyisay.com



ငယ်စဉ်ကပင် ဣန္ဒြေစောင့်ထိန်းရသည် ဟူသော စကား၏ အဓိပ္ပာယ်ကို နားလည်ခဲ့သူတစ်ဦး မဟုတ်ရကား တော်တော် အလှမ်းဝေးသည်အထိ ငွေခင်ကို သုံး လေးကြိမ်လောက် ဣန္ဒြေမဲ့စွာ လှည့်ကြည့်ကာဖြင့် လိုက်ပါသွားလေသည်။

ငွေခင်အပေါ်တွင် ဘဝင်း စွဲသွားသည်မှာ အံ့သြစရာ မဟုတ်ပေ။ ငွေခင်သည် ဗမာ့အခေါ်အားဖြင့် လုံးကြီးပေါက်လှကြီး ဖြစ်လေသည်။ လုံးကြီးပေါက်လှတို့မည်သည်မှာ မြင်ရသူ တစ်ဖက်သား၏ စိတ်တို့ကို ယိုဖိတ်စေသည့်အထဲတွင် ငွေခင်မှာ သာမန်လုံးကြီးပေါက်လှတို့ထက် ထူးသော မက်လုံး နှစ်လုံး ရှိသေး၏။ ၎င်းတို့မှာ အခြားမဟုတ်၊ သူ၏ မျက်လုံးနှင့် ရင်သားတို့ပင် ဖြစ်ကြလေသည်။ မျက်လုံးဆိုရာ၌ အစားစား ရှိလေသည်။ အချို့ မျက်လုံးမှာ ကြည်လင်၍နေသဖြင့် ချစ်စရာကောင်း၏။ အချို့ကား ရီ (ရယ်) ၍နေသောကြောင့် ချစ်စရာကောင်း၏။ အချို့မှာ မူကား အကစားကောင်းသောကြောင့် ချစ်စရာကောင်း၏။ ငွေခင်၏ မျက်လုံးများမှာကား ထိုမျက်လုံးများကဲ့သို့ မဟုတ်၊ မျက်လုံးများအတွင်းမှ ထွက်လာသော ညို့ဓာတ်များကြောင့် ချစ်ရာကောင်းသည် ဟူ၍လည်း တိတိကျကျ မဆိုသာ။ သူ့မျက်လုံးများဖြင့် အညို့ခံရသူတို့မှာ ထိုကဲ့သို့ အညို့ခံရသည့်အတောအတွင်း သူ့ကို ချစ်ရတော့မလိုလို၊ အော်ဟစ်၍ ဝမ်းသာပစ်လိုက်ရတော့မလိုလို၊ ကြောက်ရတော့မလိုလိုနှင့် ဘာ ဟူ၍ ဝေခွဲမရအောင်ပင် ဖြစ်သွားတတ်၏။ ပိုးဖလံကောင်သည် အပူခံ၍ မီးရောင်ကို တိုးနေရမှသာ ကျေနပ်သကဲ့သို့ ငွေခင် မျက်လုံး၏အညို့ကို တစ်ကြိမ်ခံရသောသူသည် ထပ်တလဲလဲပင် အညို့ခံ၍နေချင်၏။

ထိုမျှမကသေး၊ ကြွက်ထောင်ချောက်ဝတွင် တပ်ဆင်ထားသော အစာသည် ကြွက်ဝမ်းဖြူ၊ မြေကြွက်၊ ကြွက်စုတ်မကျန် အနီးသို့ ချဉ်းကပ်

လာသမျှ ကြွက်တို့အား 'လာလှည့်ကုန်၊ စားလှည့်ကုန်' ဟူသော အမူအရာဖြင့် ထိုကြွက်တို့ကို သွားရည်ယိုအောင် ဖန်ဆင်းလျက်ရှိသကဲ့သို့ ငွေခင်၏ တင်းပြည့်ကျပ်ပြည့် ထွားကျိုင်းလျက်ရှိသော ရင်သားတို့မှာလည်း လူပျို ပေါက်၊ လူပျိုသိုး၊ တစ်ခုလပ်၊ မုဆိုးဖို၊ ဘုရားဒကာ၊ ကျောင်းဒကာမှစ၍ မြင်မြင်သမျှတို့ကို ဖိန်းရှိန်းသွားအောင် ဖန်တီးလျက်ရှိလေ၏။

ရန်ရှင်းလက်မှ ကိုင်လာသော အထုပ်များကို ကူ၍သယ်ပြီး ငွေခင်သည် ရန်ရှင်းနှင့်အတူတူ အိမ်ဘက်ဆီသို့ လျှောက်လာကြလေ၏။

'ကိုရန်ရှင်းတို့နှယ် ဒီနေ့ပြန်လာတာ သိပ်နောက်ကျတာပဲ'

'နောက်ကျဆို လမ်းမှာ ရေဆန်မိလာတယ်ကွ'

'ကျွန်မက ဘာများ ဖြစ်နေကြသလဲလို့'

'ဒီလမ်းနဲ့ ဒီလမ်းပဲကွယ်၊ ဘာဖြစ်စရာရှိသေးသလဲ'

'သိနိုင်ဘူးလေ၊ ကာလကြီးက ရှုပ်သား၊ ဒါပဲဆရာ စိတ်မချဘူး၊ နောက် မြို့ကိုသွားရင် ကိုယ်လဲ လိုက်ခဲ့ရလိမ့်မယ်'

'ဟား ဟား ဟား ဟား၊ လက်စသပ်တော့ သူမြို့ကို လိုက်ချင်တာကိုး၊ ခေါ်လို့မဖြစ်ဘူး ဆရာ၊ တို့က မဟာဝါနဲ့တွေ့ရင် ဆူနေလိမ့်မယ်'

'တော် ဒါပဲနော်၊ ဟောဒါတွေ အကုန်လုံး လွှင့်ပစ်လိုက်လိမ့်မယ်' ဟု ပြောပြီး လွှင့်ပစ်မလို့ လုပ်လိုက်ရာ ရန်ရှင်းက ဆွဲထားရလေသည်။

နောက်မှ လိုက်လာသော ဒေါ်တုတ်သည် မြင်သဖြင့် 'ဟေ့ ဟေ့ လမ်းမကြီးမှာကွာ၊ ကိုယ့်အိမ်ကျတော့မှ ကျီစယ်ရုံမကလို့ ကိုယ့်လေ့ ကိုယ်ထိုး ပဲခူးရောက်ရောက်ကွ' ဟု လှမ်းပြောလိုက်ရာ ဒေါ်တုတ်နှင့် အတူပါလာသူ ကိုရေချမ်းက 'ကျုပ်တို့မင်းသားက အသစ် ပြန်ကရလို့ အချစ်နာလန်ထနေတာပါဗျ' ဟု ထပ်၍ လှောင်လိုက်ပြန်လေ၏။

□□

http://nyisay.com

# အခန်း ၂

ဘဝင်းသည် မိမိရှေ့တွင် ချထားသော အရက်ဖန်ခွက်ထဲမှ နောက်ဆုံးကျန်သော အရက်ကို မော့ချပြီးနောက်

'ဒါပဲ သူကြီး၊ ကျုပ်တော့ သူမလေးကို ရမှပဲ ဖြစ်လိမ့်မယ်၊ သူကလေးကို ကျုပ် စွဲပြီ' ဟု အရက်အတော်မူးလျက် သူကြီးကို လှမ်း၍ ပြောလိုက်၏။

ဦး။ ။ အရက်ရေချိန် အတော်ကလေးကိုက်နေသဖြင့် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ရင်း စီးကရက်ကို ဖွာနေရာမှ ဘဝင်းဘက်သို့လှည့်၍ 'ဆရာကြီး၊ ဒု-သ-န-သော မကြောက်ဘူးလား'

ဝင်း။ ။'ဘာလဲကွ၊ ဒု-သ-န-သော ဆိုတာ၊ ဒု က နွားနို့ သ က သကြား၊ န က နံနက်၊ သော က သောက်၊ နံနက်တိုင်း နွားနို့ထဲ သကြားထည့်သောက်လို့ ဆိုတာလား'

ဦး။ ။'အဟုတ်ပြောနေတာ၊ သူ့အနားမှာ ရပ်နေတာ သူ့ယောက်ျား ဗျ၊ တံတားပေါ်မှာ ခင်ဗျား အင်္ဂလိပ်လို လှမ်းမေးလိုက်ပါရောလား၊ အဲဒီတော့ ကျွန်တော် စကားဖြတ်လိုက်တယ်လေ၊ ဒါ တခြားကြောင့်မဟုတ်ဘူး၊

http://nyisay.com



သူ့ယောက်ျား ရန်ရှင်းဆိုတဲ့ အကောင်က အင်္ဂလိပ်လို နည်းနည်းပါးပါး တတ်တယ်၊ ဒါကြောင့် ဖြတ်လိုက်တာ၊ သူတို့ညားတာလဲ တယ်မကြာ သေးဘူး ထင်တယ်၊ ဟုတ်လား သူကြီး'

သူကြီး။ ။'ဟုတ်တယ်၊ သုံးလလောက် ရှိသေးတယ်၊ ကောင်ကလေး က ဒီရွာက၊ သူ့မိဘတွေ ဆုံးသွားတော့ လယ်ဧက ၁၀၀ လောက် ရလိုက် တယ်၊ ခုတော့ ကုန်ပါပြီ၊ ကောင်မကလေးက ဟင်္သာတက၊ သူ့ အဖေက တောအုပ်၊ အမေက ရှမ်း၊ အဖေရော အမေရော မရှိဘူး၊ သူ့အဖေဘက်က အဒေါ်နဲ့ နေရတယ်၊ ကောင်ကလေးကလဲ စီးပွားပျက်ပြီး ဟင်္သာတမှာ သူ့ဦးကြီးတစ်ဦးဆီမှာ သွားနေတုန်း ဟိုမှာပဲ ညားလာကြတာ'

ဝင်း။ ။'ဩော်၊ မြို့သူကိုး၊ ဒါကြောင့်မို့ ဒါဟာ တောက မဟုတ် နိုင်ပါဘူးလို့၊ ကျွန်တော် ထင်နေတာ သိပ်မှန်နေတာပဲ'

ဘဝင်းသည် မိမိ ဖန်ခွက်ထဲသို့ အရက်ငှဲ့ထည့်ပြီးနောက် သူကြီး ဖန်ခွက်ထဲသို့လည်း ငှဲ့ထည့်ပေးလိုက်၏။ ၎င်းနောက် သူကြီး၏ ကုလား ထိုင်အနီးသို့ မိမိကုလားထိုင်ကို ဆွဲ၍ထိုင်လေ၏။

ဝင်း။ ။'ဟေ့ မောင်စိန်ဦး၊ သူကြီးက ကိုယ့်ဆရာကွ'

ဦး။ ။'အင်း၊ လိုအပ်သောဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်အောင် သူကြီးကို နာနာကပ်ဗျာ၊ သူကြီးဆိုတာ တောမှာတော့ ရှင်ဘုရင်တစ်ပါးပဲ'

ဝင်း။ ။သူကြီးဘက်သို့လှည့်၍ 'ကဲ ဆရာ၊ သောက်ပါဦးဗျာ' အရက်ဖန်ခွက်ကိုယူ၍ သူကြီးသို့ပေးလိုက်ရာ သူကြီးလည်း ဖန်ခွက်ကို မော့ချပြီးနောက် ဆေးလိပ်ကိုဖွာ၍ နေလေ၏။

ဝင်း။ ။'အိုင်ဆေး သူကြီး၊ ဒီမှာ ဆရာ၊ ဒီကောင်မလေး တောနဲ့ မတန်ပါဘူးဗျာ၊ မြို့ကို ခေါ်သွားနိုင်အောင် မလုပ်ပေးနိုင်ဘူးလား၊ ကျုပ် ဒီကောင်မကလေးကို သိပ်ပြီး စောင်မကြည့်ရှုချင်တာပဲ'

http://nyisay.com



ဦး။ ။'ဘယ့်နှယ်ပြောပါလိမ့် ကိုဘဝင်း၊ သူကြီးဆိုတာ တောမှာ ဘုရင်တစ်ပါးပဲလို့ ကျုပ်ပြောထားပြီ မဟုတ်လား၊ သူ မတတ်နိုင်တာ ဘာရှိမလဲ'

ဝင်း။ ။'ဟုတ်ကဲ့လား သူကြီး၊ ဘယ့်နှယ်လဲ၊ ဒီအတိုင်းပဲ မဟုတ်လား'

ဦး။ ။'အို ကိုဘဝင်းကလဲဗျာ ခက်နေပါပြီ၊ ကျုပ်ပြောရင် ယုံပါဗျ၊ ဒီအတိုင်းပဲ ဟုတ်တယ် မဟုတ်လား သူကြီး'

သူကြီး။ ။'ဟုတ်ပါတယ်လေ၊ ဒီလောက်ဟာကလေးမှ မရရင် တကတဲ သူကြီးလုပ်နေဖို့ အခက်သားပဲ'

ဝင်း။ ။လက်တစ်ဖက်မြှောက်၍ 'အဲဒါမှ တို့သူကြီးကွ'

၎င်းနောက် သူကြီး၏ဖန်ခွက်နှင့် သူ့ဖန်ခွက်ထဲသို့ အရက်ငှဲ့ထည့်ပြီး သူကြီးဘက်သို့လှမ်းကာ 'ကဲ သူကြီး ဖန်ခွက်ချင်း ထိလိုက်စမ်းပါဦး၊ စိန်လိုက်စမ်းဗျာ' ဟု ပြော၍ အနောက်နိုင်ငံထုံးစံအတိုင်း ဖန်ခွက်ချင်း ထိပြီးနောက် အရက်သောက်ချလိုက်ကြသည်။

ဘဝင်းတို့လူစုသည် ဤသို့ တောင်စဉ်ရေမရ စကားတွေပြော၊ အရက်တွေသောက်၊ မတရားအကြံအစည်တွေ ကြံစည်ခြင်းဖြင့် ထိုညအဖို့ များစွာ အူမြူးလျက်ရှိကြလေသည်။ ဘဝင်းသည် လင်ရှိမယား ငွေခင်အား လိုချင်သည့်အကြောင်းကို ယခုလို အော်ကျယ်ဟစ်ကျယ် ဖွင့်တိုင်ပင်နေဝံ့သည်မှာ အရက်တန်ခိုးကြောင့်သာ မဟုတ်၊ တောအရပ်တွင်မူကား ထိုစကားမျိုးကို ပြောရန်အတွက် အရက်မူးဖို့မလို၊ ဘဝင်းသာ မဟုတ်၊ များစွာသော မြို့သား 'ဂုဏ်သရေရှိ လူကြီးလူကောင်း' များသည်လည်း ဤနည်းနှင်နှင်သာ ဖြစ်ကြတော့၏။ သူတို့သည် မြို့တွင် မလုပ်ဝံ့သည့်အရာတွေ၊ မပြောဝံ့သည့်အရာတွေ၊ တောအရပ်များသို့ ရောက်သောအခါ အကုန်လုံး

http://nyisay.com



လုပ်ဝံ့၏။ ပြောဝံ့၏။ ထိုအရာများကို လုပ်ဝံ့ ပြောဝံ့ရန်အတွက် အထူး ရဲဆေးတင်နေရန်မလို။ အဘယ်ကြောင့်ဆိုသော် ထိုမြို့သားများ၏ ယူဆချက်ထဲတွင် တောသူတောသားတို့သည် အရိုင်းအစိုင်းများသာ ဖြစ်ကြသည်။

ထိုကြောင့် ထိုအရိုင်းအစိုင်းတို့တွင် မြို့သူမြို့သား လူယဉ်များ ပြောသမျှတို့ကို ကောင်းသည် ဆိုးသည်ဟု ဝေဖန်နိုင်ရန် အစဉ်းစားဉာဏ်မရှိချေ။

အစဉ်းစားဉာဏ် ရှိသည့်တိုင်အောင် တောသူတောသားတို့သည် မြို့သူ မြို့သားများ တန်းတူ ပေါင်းသင်းဆက်ဆံနေသည့် လူတန်းစား၏ အပြင်ဘက်သို့ ရောက်နေသဖြင့် ၎င်းတို့၏ ချီးမွမ်းချက် ကဲ့ရဲ့ချက်တို့ကို အထူး အရေးတကြီးလုပ်ကာ ဂရုစိုက်နေရန်မလိုဟုလည်း မြို့သား လူယဉ်ကျေးများက အမှတ်ထားကြသေး၏။ ထို့ကြောင့်ပင် မဟုတ်ပါလော။ မြို့တွင် ဘောင်းဘီမဝတ်ရဲသောသူတို့သည် တောရွာများသို့ရောက်လျှင် ဘောင်းဘီဝတ်ရုံသာမက 'ဗိုလ်' ဟန်လွှဲ၍ ဖိနပ်နှင့်ပင် လျှောက်လိုက်ကြသေး၏။ မြို့မှာ အရက်သောက်လျှင် အိမ်ထဲ၌သာ ကြိတ်၍သောက်ဝံ့သူများကလည်း တောရွာများသို့ရောက်သောအခါ အရက် ယိမ်းထိုး၍ ပါးစပ်ကလည်း 'ဂေါ့ ဒမ်ဗလယ်ဒီ' အစရှိသော အင်္ဂလိပ်စကား တရွှတ်ရွှတ်ပြောပြီး ရွာရိုးလျှောက်ကာ ရမ်းကားဝံ့လေသည်။ ဘဝင်းသည် ငွေခင်နှင့်တွေစက ဟောဟောရမ်းရမ်း အကြည့်ကြမ်းသည်မှာလည်း ထိုစိတ်ဓာတ်များကြောင့်ပင် မဟုတ်ပါလော။ ဤအချက်များသည် တောရွာများသို့ရောက်သောအခါ မြို့သားများ ရမ်းကားလေ့ရှိသော အချက်များ၏ အချို့သော သက်သေသာဓကများပင် ဖြစ်လေသည်။

တစ်ခု မေးစရာရှိသေး၏။ ဘဝင်းသည် လင်ရှိမယား ငွေခင်ကို ရအောင် လုပ်ပေးရန် သူကြီးအား မရမက နားပူနားဆာလုပ်နေသည်မှာ

http://nyisay.com



တကယ်လိုချင်လို့ပဲလား၊ သို့မဟုတ် အရက်မူးနေသဖြင့် တောင်စဉ်ရေမရ စကားများကို အပျင်းပြေသဘောမျိုးဖြင့်သာ ပြောနေခြင်းပဲလား။ ဤအရာ၌ သံသယ အထူးဖြစ်နေရန်မလို။ ကျားသည် သမင် ဒရယ် ဂျီငယ် စိုင်ဆတ် အစရှိသော သတ္တဝါများကို သူ၏ 'အမဲ' ဟူ၍ အောက်မေ့ထားသလို မြို့သားများကလည်း တောသူကလေးများကို သူတို့ ခြေတော်တင်ချင်တိုင်း တင်ရန်အတွက် ဖန်ဆင်းထားသော ပစ္စည်းများသာ ဖြစ်သည်ဟု အမှတ်ပြု ထားကြလေသည်။ သို့ကြောင့်ပင် မဟုတ်လော။ မြို့သားတစ်ဦးသည် တောသို့ရောက်လျှင် 'ဟေ့ ဘယ့်နှယ်လဲ ဒီနေ့ည ဟိုဟာရမလား' ဟူသော မေးခွန်းသည် သူတို့အတွက် အရေးတကြီး ရှေးဦးစွာ မေးမြန်းစုံစမ်းလေ့ ရှိသော မေးခွန်းပင် ဖြစ်လေတော့သည်။ အချုပ်အားဖြင့်ပြောရလျှင် ကလေးများအဖို့တွင် ကစားစရာအရုပ်သည် သူတို့၏ ပျော်ရွှင်လိုသော ဆန္ဒပြေပျောက်ရန်အတွက် ဖြစ်သကဲ့သို့ မြို့သူမြို့သားများအဖို့တွင်လည်း တောသူတောင်သားတို့သည် သူတို့ ဟန်လုပ်လိုသောဆန္ဒ၊ မထေမဲ့မြင် လုပ်လိုသော ဆန္ဒ၊ ပျော်ရွှင်လိုသော ဆန္ဒများ ပြေပျောက်စေရန်အတွက် ကစားစရာအရုပ်များမျှသာ ဖြစ်ပေတော့သည်။

ထို့ကြောင့် ဘဝင်းသည် လင်ရှိမယား တောသူငွေခင်ကို လိုချင်နေသည့် ဆန္ဒသည် ကရော်ကမည်ဆန္ဒလည်း မဟုတ်၊ အရက်တန်ခိုးကြောင့် ခေတ္တခဏမျှသာ ပေါ်ပေါက်လာသော ဆန္ဒလည်း မဟုတ်၊ တောသူ ခပ်ချောချောကလေးများကိုမြင်တိုင်း မြို့သား၏ ရင်တွင်း၌ ပေါ်လာနေကျ ဖြစ်သော ဆန္ဒပင် ဖြစ်လေသည်။

□□

# အခန်း ၃

ယခုအချိန်အခါသည် စပါးသိမ်းချိန်ဖြစ်လေသည်။ ထို့ကြောင့် ရှမ်းစုရွာကလေးတွင် စပါးတိုက်လျက်ရှိသော လှည်းဝင်ရိုးသံများ၊ ကရို့ချိုးသံများ၊ စပါးသယ်သမားတို့၏ အော်သံဟစ်သံများဖြင့် တစီစီတညံညံ ဖြစ်နေ၏။

တစ်နေ့သ၌ ရှမ်းစုရွာ၏ တောင်ဘက်ထိပ်တွင်ရှိသော ဘုန်းတော်ကြီး ဦးသောဘိတ ကျောင်းဆီသို့ သူတော်၊ ဘိုးတုတ်၊ စိမ်းမောင်၊ သန်းရွှေ အစရှိသော ရွာထဲရှိ ခေါင်းခပ်မာမာ လူရွယ်လူလတ်တစ်စုတို့ လျှောက်သွားနေသည်ကို တွေ့ရလေသည်။ ၎င်းတို့အထဲတွင် ရန်ရှင်းလည်းပါသည်။ များမကြာမီ ဒေါ်တုတ်၊ မအေး၊ မရွှေမ တို့လည်း ပေါ်လာကြလေသည်။ ၎င်းမိန်းမတစ်စုသည် ရွာထဲတွင် အကြောင်းရှိရင် မနေတတ်ဘဲ လက်မြန်ခြေမြန်၊ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း အစရှိသည်တို့ကြောင့် အတော်ကလေး ဩဇာကောင်းသော မိန်းမများဖြစ်လေသည်။ ဟင်းကောင်းတွင် အငန်မပါ မပြီးသကဲ့သို့ ရွာနှင့်ချီပြီး လုပ်ရမည့် အလုပ်တွင် ထိုမိန်းမများ မပါလျှင် မပြီးနိုင်ချေ။

နေ့လယ် ၁၂ နာရီလောက်တွင် ဦးသောဘိတ၏ကျောင်းဘေးရှိ ဇရပ်တွင် ရွာသူရွာသား အစိတ်လောက် ရောက်ရှိကြလေသည်။ ၎င်းတို့ကို ယခုကဲ့သို့ဆင့်ခေါ် သူမှာကား အခြားမဟုတ်။ ဘုန်းတော်ကြီး ဦးသောဘိတ

http://nyisay.com



၏ တပည့်၊ ဦးပဥ္စင်း ဦးတေဇဝန္တ ဖြစ်လေသည်။ ဦးတေဇဝန္တသည် ဝါးခယ်မမြို့ မန္တလေးကျောင်းတွင် သုံးဝါလောက် စာသင်သားအဖြစ် သွားရောက်နေစဉ်က ဝါးခယ်မမြို့ ဒို့ဗမာအစည်းအရုံး၏ သခင်ကလေးများ ထကြွပုံ၊ နိုးကြားပုံ၊ ဆောင်ရွက်ပုံတို့ကို အတော်အားကျခဲ့သဖြင့် သူတို့၏ ခြေလှမ်းကို ဂရုတစိုက် အကဲခတ်ခဲ့ဖူး၏။ တစ်နှစ်လောက်အကဲခတ်မိသောအခါ အနစ်နာအမျိုးမျိုးခံ၍ ဖြောင့်မတ်စွာ ဆောင်ရွက်လျက်ရှိသော သခင်ကလေးများအပေါ်တွင် ကြည်ညိုသည့်စိတ်ဓာတ်များ ယိုဖိတ်၍ လာပြန်ရာ တို့ဗမာအစည်းအရုံးဝင်တစ်ယောက်အဖြစ်သို့ လုံးလုံးလျားလျား မကူးပြောင်းသေးသော်လည်း အစည်းအရုံးသို့ ဝင်ထွက်သွားလာခြင်း၊ သခင်ကလေးများနှင့် ကိုယ်ထိလက်ရောက် ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် သခင်လုပ်ငန်း (ဝါ) တို့ဗမာအစည်းအရုံး လုပ်ငန်းများနှင့်များစွာ အကျွမ်းတဝင် ဖြစ်ခဲ့ဖူးလေသည်။ မြို့တွင် သုံးဝါ နေပြီး၍ ဆရာဘုန်းတော်ကြီးအမိန့်အရ ရှမ်းစုသို့ ပြန်ရခါနီးတွင် ဝါးခယ်မ အစည်းအရုံး၌ အသင်းသားအဖြစ်နှင့် စာရင်းသွင်းခဲ့လေသည်။ ထိုအချိန်မှစ၍ ဦးတေဇဝန္တ ရိုးရိုးမှ သခင် ဦးတေဇဝန္တ အဖြစ်သို့ ပြောင်းလဲခဲ့၏။ ထိုအချိန်မှစ၍ သခင်နာမည်ကို အထူးဂုဏ်ယူကာ နေရာတကာတိုင်း၌ တွင်တွင်ကြီး အသုံးပြုခဲ့လေသည်။ မိမိပိုင်စာအုပ်အဟောင်းများတွင် ရှေးအခါက ဦးတေဇဝန္တ ဟူ၍ ရိုးရိုးသာရေးခဲ့ရာ တို့ဗမာအစည်းအရုံးဝင်ဖြစ်သည့် နေ့မှအစပြု၍ ထိုစာအုပ်များရှိ နာမည်များတွင် သခင် ဟူသောအမည်ကို ထပ်၍သွင်းလိုက်လေသည်။ ထိုမျှမကသေး။ ရှမ်းစုသို့ရောက်ပြီးများမကြာမီ ဝါးခယ်မရှိ ဆရာဘုန်းတော်ကြီးထံသို့ မာကြောင်း သာကြောင်းစာတစ်စောင် ပေးလိုက်ရာ ထိုစာတွင် သခင်တေဇဝန္တ ဟူ၍ နာမည်ထိုးလိုက်သောကြောင့် လောကီကိစ္စမှန်သမျှကို အထူးစက်ဆုပ် ရွံရှာတော်မူ

http://nyisay.com



သော ဆရာတော်ဘုန်းကြီးထံမှ သခင်လုပ်ရမည်လော ဟူ၍ ပြစ်တင်စာ တစ်စောင်ပင် ပြန်ကြားခြင်းခံရဖူးလေသည်။

ဇရပ်ပေါ်တွင် ဘုန်းတော်ကြီး ဦးသောဘိတလည်း ရောက်လျက် ရှိရာ ငါးပါးသီလပေးရန် ဦးတေဇဝန္တက လျှောက်ကြားလေ၏။ ငါးပါးသီလ ပေးပြီးနောက် ဦးတေဇဝန္တကပင် စ၍ 'ကဲ ဘုန်းကြီးဘုရားရဲ့ကိစ္စ ပြီးပါပြီ၊ ကျောင်းပေါ်ကို ကြွပါတော့ဘုရား၊ တပည့်တော်တို့ရဲ့ ကိစ္စကို ဆက်ပြီး လုပ်စရာရှိသေးလို့ပါဘုရား' ဟု ဘုန်းတော်ကြီး ဦးသောဘိတကို လျှောက် ကြားလေ၏။

'အေး၊ ငါ့ကိစ္စပြီးလဲ သွားရတာပေါ့ဗျား' ဟု ဆို၍ ကျောင်းဘက်ဆီ သို့ ထွက်သွားလေ၏။ ဘုန်းတော်ကြီး ဦးသောဘိတသည် ငယ်ဖြူ ဘုန်းကြီး ဖြစ်၍ စာချ သီလပေး၊ တရားဟောမှလွဲ၍ လောကီကိစ္စများထဲတွင် ဝါသနာမပါ။ ဝါသနာပါရန် တိုက်တွန်း၍လည်း မရ။ သူ၏ တပည့်သည် သခင်ဖြစ်နေကြောင်းကို ရွာသူကြီးက လျှောက်ထားမှ သိလေသည်။ သိပြန် သော်လည်း 'အေး၊ သခင်ဟာ ကျွန် မဟုတ်ဘူး ဆိုတဲ့ အဓိပ္ပာယ်ပဲကွ၊ အကောင်းသားပဲ' ဟူ၍သာ ပြန်ပြောလိုက်၏။ 'ဒါတင်မဟုတ်ဘူး ဘုရား၊ သခင်ဆိုတာ အစိုးရနဲ့ အတိုက်အခံလုပ်ရတယ်၊ ဒီလိုလုပ်ရရင် ကိုယ်တော့် တပည့် အလကားသက်သက် ထောင်ကျနေလိမ့်မယ်' ဟူ၍ လျှောက်ပြန်ရာ၊ 'သေတောင် သေကြရသေးတာပဲ၊ ထောင်ကျတာဟာ တယ်လဲ မဆန်းလှပါ ဘူးကွာ' ဟု ဖြေပြန်သောကြောင့် သူကြီးလည်း ထပ်၍ မလျှောက်ဝံ့ တော့ဘဲ တပ်ဆုတ်ခဲ့ရဖူးလေသည်။

ဘုန်းတော်ကြီး ကျောင်းပေါ်သို့ ကြွသွားပြီးနောက် သခင်တေဇဝန္တ သည် ရန်ရှင်းတို့လူစုဘက် လှည့်ပြီး 'ဟေ့၊ တို့ရွာမှာ အရေးတစ်ခုတော့ ပေါ်ပြီ၊ အဲဒါကြောင့် မင်းတို့ကို ခေါ်လိုက်တာပဲ၊ ကြားလား ဒကာမကြီး

တွေ့' ဟု ပြောလိုက်ရာ အားလုံးက 'တင်ပါ့ဘုရား' ဟူ၍ ပြန်ပြီးလျှောက်ကြလေသည်။

'အရေးကတော့ တယ်မဝေးဘူး၊ မဝေးဆို ကျောမှာကပ်နေပြီလေ၊ ကိုင်မယ်ဆိုရင် ကနေ့လား နက်ဖြန်လား ကောက်ပြီး ကိုင်ရမှာပဲ၊ တစ်နေ့က ချစ်တီး အာလကပ္ပဟာ ဘိုးသိန်းတို့ တလင်းထဲက စပါးတွေကို ၁၄၈ လုံးကိုက်ကြီးနဲ့ ခြင်ပြီးယူသွားတယ်လို့ ကြားတာနဲ့ ငါကိုယ်တိုင်လိုက်သွားပြီး စုံစမ်းကြည့်တယ်၊ ဘယ် ကိုဘိုးသိန်းတို့တင် ကမလဲကွ၊ ဦးဘိုးမင်းတို့ ဦးသိန်းတို့၊ ဦးဘိုးဆောင်ကြီးတို့ရဲ့ တလင်းထဲကလဲ ဒီမြေပိုင်ရှင်ဆိုတဲ့ အကောင်တွေဟာ အဆမတန် တင်းတောင်းကြီးတွေနဲ့ အတင်း အေးဓားပြတိုက်ယူသွားကြတာကို ငါ သိခဲ့ရတယ်၊ အသိမ်းခံရတဲ့လူတွေကလဲ နောင်နှစ်ခါ လယ်ပြန်မချမှာစိုးလို့ မဆူရဲဘူး၊ ငါမေးတာတောင် ခပ်ဟဟ မပြောရဲဘူး၊ ခု တို့ရွာထဲမှာဆိုရင် ဦးပန်းမောင်ရဲ့ တလင်းတစ်ခုပဲ ကျန်တော့တယ်၊ အဲဒါလဲ သန်ဘက်ခါကို စပါးခြင်လွှတ်လိုက်မယ်လို့ သူတို့သူဌေး စိန်ဦးဆီက အကြောင်းကြားလိုက်ပြီ၊ ဒီစိန်ဦးဆိုတဲ့ အကောင်လဲ ငယ်ငယ်ကလေးနဲ့ တယ်ပြီး စီးတဲ့အကောင်ကွ၊ မနှစ်ကလဲ စပါယ်ဆိုတဲ့ သူ့တင်းကြီးနဲ့ ခြင်သွားလိုက်တာ၊ တလင်းကို ပြောင်ပြီး ကျန်ရစ်တာပဲ၊ ဒီနှစ်လဲ ဒီတင်းကြီးထက် ဆိုးရင်သာ ဆိုးမယ်၊ လျှော့တော့ လျှော့မယ် မထင်ပါဘူး၊ အဲဒီတော့ ငါ တစ်ခုလုပ်ချင်တယ်၊ ၁၂၈ လုံးကိုက်ထက် တင်းကြီးလာရင် မပေးဘူးကွာ၊ စပါးသိမ်းရအောင်လာတဲ့လူတွေကို သပိတ်တားမယ်'

ဒေါ်တုတ်။ ။'ကိုယ်တော် လုပ်လိုက်မှဖြင့် သိပ်ပြီး ရှေ့လောကြီးတာကြီးပဲ၊ သပိတ်တားမှာက အရင်၊ ကာယကံရှင်ကိုဖြင့် ခေါ်မမေးသေးဘူး၊ ဦးပန်းမောင်ကို ခေါ်ပြီး မေးဦးမှပေါ့၊ သူဟာနဲ့သူ ကျေနပ်နေရင် တပည့်တော်တို့က သပိတ်ဝင်တားနေလို့ အိုးက မပူ စလောင်းကပူ ဖြစ်မနေပေဘူးလား'

http://nyisay.com



ဦးဘိုးဝန်။ ။'ပိုင်နက်ကျူးလွန်မှုတောင် ဖြစ်နေဦးမယ်'

သခင်ဦးတေဇဝန္တ။ ။'ဟာ ဒီအကောင်ကြီး ဒါလောက်မိုက်ရင် ငါကိုယ်တိုင် ရိုက်မယ်ကွာ'

ဒေါ်တုတ်။ ။'နေပါဦး၊ ကိုယ်ကော်ဟာက ဒေါကြီးပဲ၊ ရိုက်သင့်တော့ ကိုယ်တော် မရိုက်ရပါဘူး၊ အသာနေစမ်းပါ၊ ဟေ့ထွန်းစိန်၊ ဦးပန်းမောင်ကို သွားခေါ်စမ်း' ဟု ပြော၍ ဦးပန်းမောင်ကို အခေါ်လွှတ်လိုက်လေ၏။

ဦးဘိုးဝန်။ ။'နေပါဦး ကိုယ်တော်၊ ဒီလို သပိတ်တားလိုက်ရင် ကိုယ်တော် ပါရာဇိကကျမှာပေါ့'

သခင်ဦးတေဇဝန္တ။ ။'ဟင်၊ ဒီရှေ့နား လာစမ်းပါဦး၊ ခင်ဗျားက ဘယ်လောက်များတတ်လို့ ပါရာဇိက ကံတွေ ဘာတွေ ပြောနေရတာတုံး၊ ဒီလောက်တတ်ရင် ဘာဖြစ်လို့ အပင်ပန်းခံပြီး တောမှာလာ လယ်ထွန်နေသလဲ၊ မန္တလေးတက်ပြီး စာချလုပ်နေပါလား'

ဦးဘိုးဝန်။ ။'မဟုတ်ဘူး ကိုယ်တော်'

သခင်ဦးတေဇဝန္တ။ ။'မဟုတ်ဘူး လုပ်မနေနဲ့၊ တော်ဗျာ ကျုပ်ဟာ ကျုပ် သိတယ်'

ဦးဘိုးဝန်။ ။'ဒီကိုယ်တော်နဲ့ စကားပြောရရင် ဒါမျိုးကြီးပဲ၊ သိပ်ကျုပ်တာပဲ၊ သူများအပြောကို လက်မခံဘူး'

သခင်ဦးတေဇဝန္တ။ ။'ဘာဖြစ်လို့ ပါရာဇိကကျရမှာလဲ၊ သူ့ပစ္စည်းကို မပေးဖို့ တိုက်တွန်း၊ ဒါမှမဟုတ်ဘဲ ဓားပြတိုက်ရအောင် လာတာကို မတိုက်ဖြစ်အောင် ဆီးပြီးတားတာပဲ၊ ဒီဓားပြတွေ အကုသိုလ်ကျူးလွန်မှာကို မကျူးလွန်ရအောင် ကယ်ဆယ်လိုက်တဲ့အတွက် ကုသိုလ်တောင် ရသေးတယ်'

http://nyisay.com



ထိုအတွင်း ဦးပန်းမောင် ရောက်၍ လာလေ၏။ သခင်ဦးတေဇဝန္တ သည် ကိစ္စကို အစမှ အဆုံးအထိ ပြန်၍ ပြောပြီးလျှင် ဦးပန်းမောင်၏ သဘောကို စုံစမ်းလေ၏။ ဦးပန်းမောင်လည်း ဘာစကားကိုမျှ ပြန်မပြောဘဲ ခေါင်းကိုသာငုံ့လျက်ရှိလေ၏။ အနီးအနားရှိလူများနှင့် သခင်ဦးတေဇဝန္တ တို့လည်း ဦးပန်းမောင်ထံမှ အဖြေရရန် အမျိုးမျိုး ကြိုးစားကြလေသည်။ အတော်ကလေးကြာမှ 'နောင်နှစ်ခါ လယ်ပြန်မချရင် ဘယ့်နှယ်လုပ်မလဲ' ဟု ဦးပန်းမောင်သည် နှုတ်လေးလေးနှင့် စကားပြန်လေသည်။

သခင်ဦးတေဇဝန္တ။ ။'ဟာ နောင်နှစ်ခါ ဘာပဲဖြစ်ဖြစ် ဒီနှစ် သူတို့ မတရားလုပ်ရင် သပိတ်တားရမယ်၊ ဒါပဲ'

ဒေါ်တုတ်။ ။'ကိုယ်တော့်ဟာ နေပါဦး၊ ပြောဖို့ ဒီတစ်နည်းပဲရှိ သလား၊ သူ့ခမျာမှာလဲ ကလေးတွေ တပြုံကြီးနဲ့ဆိုတော့ ငတ်မှာကို ကြောက် မှာပေါ့၊ အဲဒါကို အကျိုးနဲ့ အကြောင်းနဲ့ ပြောပြမှပေါ့၊ ခုတော့ စကားပြော မယ် မကြံသေးဘူး၊ ရှုးရှုးရှဲရှဲဖြစ်တာက အရင်ပဲ၊ ကိုယ်တော်တို့လို သခင် တွေကြောင့် သခင်တွေ နာမည်ပျက်နေတာပဲ'

ရန်ရှင်း။ ။'ဟုတ်သားပဲ ကိုယ်တော်၊ လုပ်ရမယ့်လူတွေက ကိုယ်တော်တို့လို ခြေသလုံးအိမ်ပိုင် မဟုတ်ဘူး၊ ကလေးတွေ တစ်ပြုံကြီးနဲ့ ဆိုတော့ ဘာမှ အရမ်းမလုပ်ရဲဘူး၊ မဟုတ်ဘူးလား ဦးပန်းမောင်၊ မြေပိုင် ရှင်တွေ မတရားတာကို ဘယ်မှာ ကျေနပ်တယ်လို့ ဟုတ်မလဲ၊ သို့ပေမဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာ က ရှိသေးတယ်၊ ကလေးတွေက ရှိသေးတယ်၊ နာရေး ဖျားရေးက ရှိသေးတယ်'

သခင်တေ။ ။'ဟာ ဒီလိုပဲ ကိုယ့်တစ်ထွာလောက်ဟာကလေးကို ကြည့်ပြီး ပြောနေကြရင်တော့ ဘာမှ လုပ်လို့ရမှာ မဟုတ်ဘူးကွာ'

ရန်ရှင်း။ ။'နေပါဦး ကိုယ်တော်'

ဒေါ်တုတ်။ ။'ဟုတ်သားပဲ ကိုယ်တော်၊ ခဏနေဦးလေ၊ ရန်ရှင်း ပြီးအောင် ပြောပါစေဦး'

ရန်ရှင်း။ ။'အဲဒီတော့ ဒီလိုရှိတယ် ဦးပန်းမောင်၊ ကြောက်တယ်ဆိုတာ ကြောက်ရပါတယ်၊ သို့ပေမဲ့ ကြောက်သင့်မှ ကြောက်ရပါတယ်၊ အခု မြေပိုင်ရှင်တွေဟာ ဘာမှ မလုပ်ဘဲ သူတို့ရဲ့ အိမ်မှာ ဒူးနှန့်နေပြီး အချိန်ကျတော့ ကျွဲနွားတွေနဲ့ ရုန်းပြီး လုပ်ထားရတဲ့ စပါးတွေကို လာကျုံးတယ် ဆိုကတည်းက တရားလွန်လှပြီ၊ အဲဒီအထဲ ရောမ တင်းတောင်းကြီးတွေနဲ့ လာပြီး ကျုံးယူတယ်ဆိုတော့ တရားလွန်တဲ့ ဟိုဘက်ကို နှစ်ဘူတာလောက် လွန်မနေဘူးလား'

ဦးပန်းမောင်။ ။'ဒါကတော့ သူဌေးများကို သနားအောင် ကြည့်ပြောရမှာပဲ'

သခင်တေ။ ။'အင်း အင်း၊ စောင့်နေ အားကြီး သနားလိမ့်မယ်၊ ခင်ဗျားရဲ့ ခြံထဲက နွားသိုးကြီးကို သနားအောင်ပြောရင် နားလည်လိမ့်ဦးမယ်၊ ဒီမြေပိုင်ရှင်တွေကို သနားဖို့ ပြောလို့ရမှာ မဟုတ်ဘူး၊ ရလေလိုလေ အိုတစ္ဆေတွေဗျ၊ သနားတတ်ရင် အစထဲက မြေပိုင်ရှင် မဖြစ်ဘူး'

ဒေါ်တုတ်။ ။'ကဲ ရန်ရှင်းရယ်၊ နည်းနည်း ဆက်ပြီး ပြောလိုက်ပါဦး'

ရန်ရှင်း။ ။'အဲဒီတော့ မြေပိုင်ရှင်တွေဆိုတာလဲ သိပ်ကြောက်ဖို့မရှိပါဘူး၊ စင်စစ်မှာ တကယ့်အားက လယ်သမားတွေရဲ့ လက်ထဲမှာရှိတာပဲ၊ သူတို့တစ်တွေ လယ်တစ်ကွက်ကို မပြောနဲ့ တစ်လံတောင် ထွန်တတ်ကြတာ မဟုတ်ဘူး၊ လယ်သမားတွေကသာ ဒီအားကို နေရာတကျ သုံးတတ်ရင် အမှန်ကတော့ မြေပိုင်ရှင်တွေကသာ လယ်သမားတွေကို ကြောက်ဖို့ပဲ'

ဦးပန်းမောင်။ ။'တို့လယ်သမားတွေက မညီညွတ်တာက ခက်တယ်'

http://nyisay.com



ရန်ရှင်း။ ။'အဲဒါပေါ့၊ ညီညွတ်ဖို့ဆိုတာက ဒီလိုလိုက်တွက်ကပ်နေလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ အားလုံးက အတူတူ ကိုယ့်တာဝန်ကိုယ်ထမ်းကြရင် ပြီးသွားမှာပဲ'

ဦးပန်းမောင်။ ။'ဒါတော့ မဖြစ်နိုင်ပါဘူး ထင်ပါရဲ့ကွာ'

သခင်တေ။ ။'ကဲ ဘယ့်နှယ်လဲ ဒကာမကြီး၊ ခင်ဗျားတို့က ဘာပဲဖြစ်ဖြစ် ကျုပ်တို့ချည်းပဲ အဆိုးဆိုတယ်၊ ကဲ ဒါပဲ တစ်ခွန်းထဲပြောမယ်၊ ခင်ဗျား ကျုပ်တို့ဘက်သားဆိုရင် ကျုပ်တို့ပြောတာလုပ်၊ ကျုပ်တို့ပြောတာမလုပ်ရင် ခင်ဗျားကို ဒီရွာမှာ မနေနိုင်အောင် တစ်ရွာလုံးက သပိတ်မှောက်ရလိမ့်မယ်၊ ခင်ဗျားသေတောင် ခင်ဗျားကို သရဏဂုံတင်ပေးမယ့် ဘုန်းကြီးရှိမှာ မဟုတ်ဘူး၊ နောက်ပြီး ဘာလုပ်မယ်ဆိုတာတော့ ခု မပြောရသေးဘူး၊ ခင်ဗျား ကျုပ်အကြောင်း သိတယ်မဟုတ်လား၊ ခင်ဗျားတို့ ဝဝလင်လင်စားရဖို့အကြောင်းကို တစ်ရွာလုံးက ဝင်ပြီး ဒုက္ခခံတာတောင် ခင်ဗျားက အင်တင်တင်လုပ်နေသေးတယ်၊ တယ်လာတဲ့လူတွေပဲ၊ ကဲ အချိန်မရှိဘူး၊ ဘယ့်နှယ်လဲ'

ဦးပန်းမောင်၏ အနီးရှိ လူများကလည်း ဦးပဥ္စင်းသည် စိတ်ခက်ထန်သူဖြစ်ကြောင်း၊ စိတ်နောက်ကိုယ်ပါ လုပ်တတ်သူဖြစ်ကြောင်း သူ့ကိုစိတ်ဆိုးအောင်လုပ်မိရင် ဒုက္ခတွေ့တတ်ကြောင်းတို့ကို ချဲ့ထွင်ကာ ဦးပန်းမောင်အား အမျိုးမျိုး နားချလျက်ရှိကြလေ၏။

သခင်တေ။ ။'ကဲဗျာ၊ ဘယ့်နှယ်လဲ အချိန်မရှိတော့ဘူး'

ဦးပန်းမောင်။ ။'ကိုယ်တော် နောက်တော့သာ ပစ်မထားပါနဲ့ဘုရာ့'

သခင်တေ။ ။'ကျုပ် ဒီလိုအစားထဲက မဟုတ်ဘူး'

ဦးပန်းမောင်။ ။'မဟုတ်ဘူး၊ တပည့်တော်တို့ သူဌေးကလေးဘယ်ပြီး စိတ်ခက်ထန်တယ်၊ ဟင် ဆိုရင် နောက်ထပ် ပြောလို့မရဘူး၊

http://nyisay.com



တပည့်တော်မှာလဲ ကလေးတွေက တစ်ပြုံကြီးနဲ့ဆိုတော့ ကြောက်လို့ ပြောနေတာပါ ဘုရား'

ဦးဘိုးဝန်။ ။'ဒါ ဟုတ်တယ်လေ၊ အမှန်အတိုင်းကို သူပြောနေတာ ဟုတ်တယ်'

သခင်တေ။ ။'အံမာ၊ ခင်ဗျားရဲ့ သူဌေးမှ မဟုတ်ပါဘူးဗျာ၊ လယ်သမားတွေ ဒီလိုသာ အစိတ်စိတ်ကွဲနေကြရင် ကိုယ့်အကျိုးကို တကယ် တမ်း မသိကြသေးရင် ဘယ်သူဌေးမဆို ဟင်ဆို မရတဲ့ လူစားချည်းပဲ ဖြစ် မှာပဲ၊ လူဆိုတာ ကြောက်စရာအချက်ရှိမှ ကြောက်တာပဲ၊ ဒါတော့ ဓမ္မတာ ပဲလေ၊ ခုလို ခင်ဗျားတို့ တစ်ကွဲစီဖြစ်ပြီး သူတို့ ချန်ထားခဲ့သမျှကလေးနဲ့ မသေဟင်း မသေထမင်း စားပြီး သူတို့ ထားရာမှာနေ နေတဲ့ လူစားမျိုးကို ဒီသူဌေးတွေက ဘာကို သွားကြောက်နေရဦးမှာလဲ ဟင် ပြောစမ်းပါဦး၊ ဘာကို သွားပြီး ကြောက်နေရဦးမှာလဲလို့၊ ကျုပ်ပြောတာ မမှန်ဘူးလား'

ဦးဘိုးဝန်။ ။'သွေးထွက်အောင် မှန်ပေသပေါ့ ဘုရား'

သခင်တေ။ ။'ကဲ ဒါဖြင့် သူတို့ တင်းတောင်းကြီးလာရင် သပိတ် တားမယ်၊ ဟုတ်ပလား၊ အားလုံး သဘောတူပလား'

သံပြိုင်။ ။'အားလုံး သဘောတူပါတယ်'

သခင်တေ။ ။'ဒါဖြင့် သပိတ်သမားတွေအပေါ်မှာ ဗိုလ်လုပ်ဖို့ ခေါင်းဆောင်တစ်ယောက် ကောက်ရလိမ့်မယ်၊ ရန်ရှင်းကို ငါသဘောတူ တယ်'

ဒေါ်တုတ်။ ။'တပည့်တော်မကလဲ သဘောတူပါတယ်'

သံပြိုင်။ ။'အားလုံး သဘောတူပါတယ်'

သခင်တေ။ ။'ကန့်ကွက်တဲ့လူမရှိရင် အတည်ဖြစ်ပြီ၊ ပြီးတော့ သပိတ်တားတဲ့အခါ လိုက်နာဖို့စည်းကမ်း နည်းနည်းပြောပြမယ်၊ သူတို့

http://nyisay.com



စပါးကို မကျီးနိုင်အောင် စပါးပုံကို ဝိုင်းပြီး လှဲအိပ်နေကြရမယ်၊ သူတို့က တက်နင်းချင်နင်း၊ ကျော်သွားချင်သွား၊ ဘာမှလဲ ပြန်မလုပ်ရဘူး၊ ဘာမှလဲ ပြန်မပြောရဘူး'

မအေး။ ။'ဒီလိုဖြင့် မတားချင်ပါဘူး၊ တပည့်တော်မတို့ကတော့ ထတွယ်ရမှ လိုက်မယ်'

မရွှေမ။ ။'တပည့်တော်မလဲ ဒီလိုပဲ'

သခင်တေ။ ။'ခင်ဗျားတို့ကတော့ သူများတကာတွေထက် နည်းနည်း ရှည်လိုက်ရဦးမှ ကျေနပ်ချင်တယ်၊ ဘာမှ ပြန်မလုပ်ရဘူး၊ ကျုပ်တို့က သပိတ်တားရင် မြေပိုင်ရှင်တွေက သူတို့ အရေးကြရင် အားကိုးရတဲ့ ပုလိပ်တပ်၊ စစ်တပ်တွေကို ခေါ်လာမှာ ဒီအကောင်တွေက ကျုပ်တို့ကို နာလန်မထူနိုင်အောင် တွယ်ဖို့အချက် ရှာနေကြတာ၊ အဲဒီအထဲ ခင်ဗျားတို့က စပြီး တွယ်လိုက်ရင် သူတို့က အကြိုက်ပေါ့၊ ခင်ဗျားကို ကျေးဇူးတောင် တင်ဦးမယ်၊ ဒါမှ သူတို့ ထင်သလို နှိပ်စက်ဖို့ အခွင့်အရေးရမှာကိုး'

ဘိုးတုတ်။ ။'မအေး ခင်ဗျားကို စစ်ပုလိပ် ကုလားကြီးက တင်လိမ့်မယ်၊ ကျေးဇူး'

မအေး။ ။'အပူလဲမရှာပါနဲ့၊ အိမ်ကိုလဲ မလာပါနဲ့ မောင်၊ ကျုပ်ဟာကျုပ် နေပါရစေတော့'

သခင်တေ။ ။'ကဲ အခု အစည်းအဝေးပြီးလို့ ရွာထဲပြန်ရင် ဒကာမကြီး မတုတ်က သပိတ်တားမယ့် မိန်းမတွေ ခပ်များများရအောင်စု၊ မိန်းမတွေများမှ ကောင်းတယ်၊ သပိတ်တားနေတုန်း ဗိုလ်ရဲ့စကားကို သေသေချာချာ နားထောင်ရလိမ့်မယ်နော်၊ ဗိုလ်ရဲ့အမိန့်မရဘဲ ဘာမှ မလုပ်ရဘူး၊ ဘာမှ မပြောရဘူး၊ အဲဒါပဲ၊ ကြားလား၊ ကဲ ပြောနေ ကြာရော့မယ်၊ ပြန်ပြီး စီစဉ်ကြပေတော့'

http://nyisay.com



သခင်တေ။ ။(အားလုံး ထပြန်ခါနီးတွင်) ရွာထဲမှာ ခုလို လူစုံမိကြတုန်း၊ တို့ဗမာအစည်းအရုံးတစ်ခု ထောင်ကြအောင်ကွာ၊ နိုင်ငံနဲ့အဝှမ်း ကိုယ့်တိုင်းပြည်ကို ကိုယ့်ပြန်ရဖို့ ကြိုးစားနေတဲ့အခါကြီးမှာ တို့က အိပ်နေလို့ မကောင်းဘူး၊ ခုကိစ္စကြီးပြီးရင် ဝါးခယ်မက သခင်ခေါင်းဆောင်တွေကို ဖိတ်ပြီး အစည်းအရုံးထောင်မယ်ကွာ၊ သဘောတူကြသလား'

သံပြိုင်။ ။'တူပါတယ်'

မအေး။ ။'အဲဒီအကြောင်း တပည့်တော်လဲ ကိုယ်တော့်ကို လျှောက်မလို့ပဲ၊ တိုင်းပြည်နဲ့အဝှမ်း လုပ်နေကြတဲ့အခါ တပည့်တော်တို့က ဘာသာလဝါ လုပ်နေရင် ညံ့ရာကျမှာပေါ့၊ မြို့က သခင်ခေါင်းဆောင်ကြီးတွေကို ခပ်မြန်မြန်ဖိတ်ပေးပါ ကိုယ်တော်'

သခင်တေ။ ။'ကဲ အစည်းအဝေးအသိမ်းမှာ အားလုံးရကြတဲ့ ကမ္ဘာမကြေ ဗမာတွေ ဆိုတဲ့ အပိုဒ်ကို အားလုံးဆိုကြပါ၊ မတ်တတ် ဆိုကြရမယ်၊ ဒါမှ သီချင်းကို အလေးဂရုပြုရာ ရောက်မယ်၊ ကဲ ဆို'

□□

http://nyisay.com

# အခန်း ၄

ဦးပန်းမောင်၏ တလင်းမှ စပါးများကို ခြင်ရမည့်နေ့သို့ ရောက်လေပြီ။ အစည်းအဝေးပြီးကတည်းက သပိတ်တားမည့်သတင်းသည် ရှမ်းစုရွာစား သူကြီးမင်းဘုရား၏ ရွှေနားတော်သို့ ပေါက်ကြားသွားလေသည်။ သူကြီးမင်းသည် ခေတ်၏ ပြောင်းလဲလျက်ရှိသော အခြေအနေကိုလည်း နားမလည်၊ ခေတ်ပြောင်းသည့်အလျောက် စိတ်ဓာတ်များလည်း ပြောင်းလျက်ရှိသည်ကိုလည်း အကဲမခတ်မိ။ မကြာမီက သခင်ဦးတေဇဝန္တ ကိုယ်တော်၏ လှုံ့လဖြင့် စည်းလုံးမိကြသော ရွာသားတို့၏ အင်အားကိုလည်း မချိန်ဆတတ်၊ တိုင်းပြည်ပျက်ပြီးစ ခေတ်ကျဲကြီးတုန်းကလိုပင် မှတ်ယူကာ မိမိ၏ ရာထူးဌာနန္တရ၌ အထင်ကြီးလျက်ရှိသေး၏။ မိမိ၏ ဩဇာတိက္ကမတို့ကို အသုံးပြုလိုတိုင်း အသုံးပြု၍ရလိမ့်ဦးမည်ဟု အထင်မှားလျက်ရှိသေး၏။ သို့ဖြစ်သောကြောင့် သပိတ်တားမည်ဟူသော သတင်းကို ရယ်စရာ ပြက်လုံးတစ်ခု ဟူ၍သာ သဘောထားပြီး အမှုမဲ့အမှတ်မဲ့ နေခဲ့၏။

နံနက် ၇ နာရီလောက်တွင် စပါးသယ်ရန် သူဌေးကလေးလွှတ်လိုက်သော သမ္ဗန်များသည် ရှမ်းစုရွာသို့ ဆိုက်လာကြကုန်၏။ ထိုနေ့ နံနက်စောစော အချိန်ကပင် ဦးသောဘိတ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင်

သပိတ်တားမည့် ရှာသူရှာသားများ စုဝေးရောက်ရှိပြီးကြလေပြီ။ ဒေါ်တုတ်သည် မိမိလက်ထဲတွင် ကိုင်ထားသော ညောင်ရေအိုးထဲမှ သပြေခက်များကို သပိတ်တားမည့် ဘက်တော်သားများအား လိုက်လံဝေငှလျက်ရှိလေသည်။ ဗမာများ အကြောင်းကို နိုင်ငံခြားသားများက ရေးသားကြရာတွင် ဗမာလူမျိုးများသည် အစဉ်ပြုံးလျက်ရှိသော လူမျိုးဖြစ်သည်ဟု ရေးသားကြလေသည်။ ထိုစကားမှာ မှန်သင့်သလောက် မမှန်ပေ။ အမှန်မှာ ဗမာလူမျိုးများသည် အစဉ်ရယ်ရွှင်လျက်ရှိသောလူမျိုးများ ဖြစ်ကြလေသည်။ ဗမာများသည် စားရာမှာလည်း ရယ်ရွှင်လျက် စားကြသည်။ သွားရာမှာလည်း ရယ်ရွှင်လျက်သွားကြသည်။ ကုသိုလ်ကောင်းမှုပြုရာမှာလည်း ရယ်ရွှင်လျက်ပြုကြသည်။ ကုန်ကုန်ပြောလိုက်မည်။ မသာပို့ရာမှာပင် တသောသောနှင့် ရယ်ရွှင်၍ ပို့လိုက်ကြလေသည်။

သပိတ်တားမည့်သူများသည် နောက်တစ်နာရီလောက်ကြာလျှင် သူတို့လုပ်ငန်းကို စ၍ လုပ်ကိုင်ကြရတော့မည်။ ထိုလုပ်ငန်းသည် မည်မျှအရေးကြီးသည်၊ အဆင်မသင့်လျှင် မည်မျှ ဒုက္ခပေးနိုင်သည် စသည်တို့ကို သခင်ဦးတေဇဝန္တနှင့် ရန်ရှင်းတို့မှလွဲ၍ မည်သူမျှ စဉ်းစားမိကြဟန်မတူ။ စဉ်းစားမိသည့်တိုင်အောင်လည်း တွေးတောပူပင်မည်မထင်။ ဗမာ့ဝါသနာအတိုင်း အတိုင်အဖောက်နှင့် တသောသော ရယ်လျက်ရှိကြလေသည်။ များမကြာမီ ဘုန်းတော်ကြီး ဦးသောဘိတ ကြွလာပြီးလျှင် သပိတ်တားသမားတို့အား ငါးပါးသီလပေး၍ ဆုံးမဩဝါဒစကားများကို ပြောပြီးနောက် ရွာထဲသို့ထွက်ရန် နှစ်ယောက်တစ်တွဲစီ လူစီကြလေသည်။ များမကြာမီက ကမန်းကတမ်း ချုပ်လိုက်ရသော သုံးရောင်ခြယ် အလံကြီးကို ရှေ့ဆုံးမှ လွှင့်ထူ၍ သပိတ်တားသမားတို့သည် ရွာထဲသို့ စီတန်း ထွက်သွားကြလေသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း

http://nyisay.com



'ခနရှင်ဝါဒ - ပျက်စီးပါစေ'
'သပိတ် သပိတ် - မှောက် မှောက်'
'မီးတုတ် မီးတုတ် - ရှို့ ရှို့'
'သခင်မျိုးဟေ့ - တို့ဗမာ'
'အရေးတော်ပုံ - အောင်ပါစေ'
'တင်းတောင်းကြီးလို့ ဆင်းရဲတယ်၊ အရေးတော်ပုံ အောင်ပါစေ'
'ငွေတိုးကြီးလို့ ဆင်းရဲတယ်၊ အရေးတော်ပုံ အောင်ပါစေ'

ဟူသော သံချပ်များကို တစ်လမ်းလုံး ထိုးသွားကြရာ ရှမ်းစုရွာကလေး တစ်ခုလုံးမှာ ထိုသံချပ်သံတို့ဖြင့် ဂယက်ရိုက်လျက်ရှိလေသည်။ ယမ်းနှင့် မီးပွားတို့သည် ထိမိကြသောအခါ စူးရှပြင်းထန်စွာ ပေါက်ကွဲကြဘိသကဲ့သို့ အနှစ်နှစ်အလလက ရွာသူရွာသားတို့၏ ရင်တွင်းတွင် မျိုသိပ်လာခဲ့ရသော မကျေနပ်မှုများသည် သပိတ်တားသမားတို့၏ တစ်ခဲနက်ကြွေးကြော်သံကြီးနှင့် ထိတွေ့ကြသောအခါ အုပ်မနိုင်ဆီးမရဘဲ ပရမ်းပတာဖြစ်လာကုန်ကြလေ၏။ သို့ဖြစ်သောကြောင့် သားသည်အမေများကလည်း ကလေးကို ခါးထစ်ခွင်ကာ သပိတ်တပ်နှင့် ဝင်၍ ရောလေ၏။ အမယ်ကြီးများပင် ပဝါရင်စည်းကာ ထွက်လိုက်ကြကုန်၏။ ရွာရှိ ကလေးများလည်း ဝင်၍ လိုက်ချင်ကြသေး၏။ သို့ရာတွင် ဦးပဥ္စင်းထံမှ အခွင့်မရကြသဖြင့် တပ်ထဲတွင် ဝင်၍မရောကြရဘဲ ခပ်လှမ်းလှမ်းမှ မကျေမနပ်သော မျက်နှာများဖြင့် သပိတ်တပ်နောက်သို့ တကောက်ကောက်လိုက်လျက် သံချပ်များကို လူကြီးများလိုပင် လိုက်၍ ဆိုလျက်ရှိကြသည်။ နွားကျောင်းသားဘိုးသာဝလည်း နွားကျောင်းထွက်မည်ဟု ဂုတ်နီနှင့် နက်ကြီးခေါ် နွားသိုး ၂ ကောင်ကို ဆွဲ၍ခေါ်လာရာ လမ်းတွင် သပိတ်တပ်နှင့် တွေ့သဖြင့် နွားကျောင်းမသွားနိုင်တော့ဘဲ နွား ၂ ကောင်ကို ဆွဲလျက် သပိတ်တပ်

http://nyisay.com



နောက်သို့ လိုက်ပါလျက်ရှိလေသည်။ သို့နှင့်ပင် ၃၀၀ လောက်နှင့် စခဲ့သော သပိတ်တပ်ကြီးသည် ရွာရိုးသို့လျှောက်၍ တစ်ကြိမ် ဗိုလ်ဝင်ခံလိုက်ရုံနှင့် ၅၀၀ လောက် ဖြစ်၍လာလေသည်။ တစ်ခဲနက်သော အသံကြီးကိုကြားရကတည်းက ထိတ်လျက်ရှိသော ရွာသူကြီးမင်းသည် ၅၀၀ မျှသော သပိတ်တပ်ကြီးကို မြင်လိုက်ရသောအခါ အထူးတုန်လှုပ်သွားလေ၏။ လူပြတ်သော တောလမ်းတစ်ခု၌ ခရီးသွားယောက်ျားတစ်ဦးသည် ဓားပြတစ်စုနှင့် တွေ့သောအခါ အသက်သေရမလောက် ကြောက်ရွံ့နေဘိသကဲ့သို့ သူကြီးမင်းလည်း များစွာ တုန်လှုပ်လျက်ရှိလေသည်။

သို့ရာတွင် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုသော စကားအရ ဣန္ဒြေမပျက် ဟန်လုပ်ကာ အဖော်တစ်ယောက်ကိုခေါ်၍ သပိတ်သမားများနှင့်တွေ့ရန် အိမ်ပေါ်မှဆင်းသွားလေ၏။ လမ်းတွင် သပိတ်သမားများနှင့်တွေ့ရာ မျောက်ကိုမြင်တိုင်း ခဲနှင့်ပေါက်ချင်သည် ဟူသော စကားကဲ့သို့ သူကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း 'သူကြီး သူကြီး အလိုမရှိ၊ ပြည့်အစေခံ အလိုမရှိ' အစရှိသည်တို့ဖြင့် ဆူညံစွာ ဝိုင်းဝန်းဟစ်အော်ကြရာ ရန်ရှင်းကိုယ်တိုင် အတော်တားလိုက်ရလေသည်။

သူကြီးလည်း သပိတ်တပ်နှင့် ရင်ဆိုင်တွေ့သောအခါ သူကပင်စ၍ အလံနောက်မှ ကပ်လိုက်လာသော သခင်ဦးတေဇဝန္တသို့ လှမ်းပြီး 'ဘာလုပ်ကြမလို့လဲ ကိုယ်တော်တို့' ဟု မေးလိုက်ရာ၊ သခင်ဦးပဥ္စင်းက 'ကျုပ်တို့လမ်းမှာ စကားမပြောအားဘူး၊ စကားပြောချင်ရင် ဦးပန်းမောင်ရဲ့ တလင်းကို လိုက်ခဲ့' ဟု ပြန်ပြောလိုက်လေ၏။ ထို့ကြောင့် သူကြီးလည်း တပ်ဘေးမှအသာကပ်ကာ လိုက်ပါသွားလေ၏။ တလင်းသို့ရောက်သောအခါ အစီအစဉ်အတိုင်း စပါးပုံကို တပ်သားများသည် ဝိုင်း၍ထားကြ၏။

သူကြီး။ ။'ကိုယ်တော်တို့ ဒါ ဘာလုပ်ကြမလို့လဲ'

သခင်တေ။ ။'ကဲ၊ ခင်ဗျားက မသိချင်ယောင်ဆောင်ပြီး မေးနေမှဖြင့် ကျုပ်တို့က ပြောရသေးတာပေါ့၊ သပိတ်တားမလို့ ခပ်ရှင်းရှင်းပဲ'

သူကြီး။ ။'ဘာကို သပိတ်တားမှာလဲ'

သခင်တေ။ ။'စပါးအခြင်လာတဲ့လူတွေကိုပေါ့'

သူကြီး။ ။'သူတို့စပါးကို သူတို့လာခြင်တာ ဘာတားနေစရာရှိသလဲ ကိုယ်တော်၊ ဘုရားမကြိုက်တာလုပ်လို့ ဘယ်ကောင်းမလဲ'

သခင်တေ။ ။'အံမာ၊ ခင်ဗျာ့စားပြတွေ၊ ဘုရားမကြိုက်တာလုပ်နေတာတော့ ဘာမှ မပြောဘူးလား'

သူကြီး။ ။'ဘယ်က စားပြတွေလဲ'

သခင်တေ။ ။'ခင်ဗျာ့ မြေပိုင်ရှင်တွေပေါ့၊ ဘယ်သူရမလဲ'

သူကြီး။ ။'မဟုတ်ပါဘူး၊ သူတို့က ဘာစားပြတိုက်တာလဲ'

သခင်တေ။ ။'ခင်ဗျား တစ်နေ့လောက် ကျောင်းကိုလာခဲ့၊ သူတို့စားပြတိုက်ပုံတွေ ရှင်းပြမယ်'

သူကြီး။ ။'ကဲ ဖယ်ပေးလိုက်ကြပါလေ၊ စပါးခြင်တဲ့လူတွေ ခြင်ပါစေ'

သခင်တေ။ ။'ဘယ်ကလာ ဖယ်ပေးရမှာလဲ'

သူကြီး။ ။ကိုယ်တော်တို့ ဒီလိုဆိုရင် ရပ်ရွာဆူပူမှုနဲ့ တရားစွဲရလိမ့်မယ်'

သခင်တေ။ ။'တရားမဟုတ်ဘူး၊ နှစ်ရားပဲ စွဲ စွဲ'

ရန်ရှင်း။ ။'မဟုတ်ဘူးလေ၊ ဦး ဒီမှာ ကျွန်တော်တို့ ခု သပိတ်တားရတဲ့ကိစ္စက ဒီလို၊ အစိုးရက ဆုံးဖြတ်ထားတဲ့ စံချိန်တင်းတောင်းနဲ့ စပါးခြင်ယူမယ်ဆိုရင် ကျွန်တော်တို့ သပိတ်မတားဘူး၊ ဖယ်ပေးမယ်၊

http://nyisay.com



ဒီလိုမှ မဟုတ်လို့ ခါတိုင်းလို ခြင်ယူနေကျ တင်းကြီးနဲ့ ခြင်ယူမယ်ဆိုရင်တော့ ကျွန်တော်တို့ ဖယ်မပေးနိုင်ဘူး၊ တားမြဲတိုင်း သပိတ်တားရလိမ့်မယ်'

သူကြီး။ ။'သူလယ်ရှင်နဲ့ လုပ်သားနဲ့ ကျေကျေနပ်နပ် လက်ခံထားတဲ့ ကိစ္စကို မင်းတို့က မကျေနပ်လို့ ဝင်ပြီးလုပ်ကြတာ မြင်းက မလှုပ် ခုံကလှုပ်နေတာနဲ့ မတူဘူးလား၊ ဘယ်မလဲ ကိုပန်းမောင်ကို ခေါ် လိုက်စမ်း'

ဦးပန်းမောင်သည် လူကြားထဲမှ ထွက်လာပြီး သူကြီး၏ရှေ့တွင် မျက်နှာငယ်ကလေးနှင့် ရပ်နေလေ၏။

သူကြီး။ ။'ကိုပန်းမောင်၊ ခင်ဗျား ဘယ့်နှယ်လုပ်တာလဲ၊ အစက တုန်းကတော့ ခင်ဗျားတို့ ကျေကျေနပ်နပ်နဲ့ လက်ခံပြီးတော့ ခုမှ ဘာဖြစ်လို့ မတရားလုပ်ချင်ရသလဲ'

ဦးပန်းမောင်သည် ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့၍နေလေ၏။ ထိုအတောအတွင်း သပိတ်တပ်သားများသည် သံချပ်များကို တွင်တွင်ကြီး ဟစ်လျက်ရှိရာ သိမ့်သိမ့်တုန်မျှရှိလေ၏။

သခင်တေ။ ။သူကြီးဘက်သို့လှည့်၍ 'ခင်ဗျား စိန်ဦးရဲ့ ကိုယ်စားလှယ်လား၊ ကိုယ်စားလှယ်ဖြစ်ရင် ကျုပ်တို့ စကားပြောမယ် မဟုတ်ဘူးဆိုရင် ကိုယ်စားလှယ်ဖြစ်ဖြစ်၊ စိန်ဦးဖြစ်ဖြစ် ခေါ်ခဲ့၊ ဒါပဲ'

သူကြီး။ ။'ရပ်ရွာငြိမ်ငြိမ်ဝပ်ဝပ်ရှိဖို့ တပည့်တော်ရဲ့ တာဝန်ရှိတယ်'

သခင်တေ။ ။'ဒါဖြင့် ရပ်ရွာ ဆူဆူပူပူဖြစ်အောင်လုပ်တဲ့လူတွေကို ခင်ဗျား ဖမ်းမလား၊ အဲဒီလိုဆိုရင် မြို့ကကောင်တွေနဲ့ ပေါင်းပြီး မတရားတာတွေကို အကုန်လုပ်နေတဲ့ ခင်ဗျားက အစ ဖမ်းရလိမ့်မယ်'

'အေး၊ ဒါမှ တို့ကိုယ်တော်ကွ၊ သခင်မျိုးဟေ့ တို့ဗမာ၊ သူကြီး သူကြီး အလိုမရှိ' ဟူသော ဟစ်အော်သံများ၊ လက်ခုပ်သံများ လေချွန်သံများဖြင့် ဆူညံသွားလေ၏။ ၎င်းတို့ကို ရန်ရှင်းသည် အတော်ထိန်းထားရလေသည်။

http://nyisay.com



နံနက်ခင်းပင် ဖြစ်သော်ငြားလည်း သူကြီးသည် ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်၊ ကြောက်လည်း ကြောက်လျက် ရှိသောကြောင့် ချွေးပေါက်ကြီးများပင် ထွက်၍လာလေသည်။ အော်ဟစ်သံများ လက်ခုပ်သံများ လေချွန်သံများ ဆူညံနေသည့်အထဲမှာပင် သူကြီးလည်း ၎င်း၏အဖော်နှင့် ထွက်သွားကြလေသည်။ များမကြာမီ သူကြီးသည် မြို့သို့ ထွက်သွားသည် ဟူသော သတင်းသည် သပိတ်တပ်သို့ ရောက်လာလေ၏။

ထမင်းစားချိန်တွင် ရွာထဲမှ ကောက်လာသော ထမင်းထုပ်များကို သပိတ်တားသမားတို့အား ဝေငှ၍ပေး၏။ နေ့လယ်တွင် နေပူခံနိုင်ရန်၊ သပိတ်သမားများအတွက် ယာယီတဲများကိုထိုးပေးရလေသည်။ နေ့လယ် ၁၂ နာရီ အချိန်လောက်တွင် 'ဂွန်ဆင်' မော်တော်ဘုတ်ကလေးဖြင့် သူကြီးနှင့် မြေပိုင်ရှင် စိန်ဦးတို့ ရောက်လာကြသည်။ စိန်ဦးသည် မိဘများထားပစ်ခဲ့သော ပစ္စည်းကြောင့်သာ ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်လေသည်။ သူ့အတွက်မှာမူကား ရမ်းချင် တေချင် မတော်မတရား လုပ်ချင်သော စိတ်ဓာတ်မှတစ်ပါး ကိုယ်ပိုင်ဉာဏ်လည်း မရှိ၊ သတ္တိ ဗျတ္တိလည်း မရှိချေ။ သပိတ်တားသမားထံသို့ တိုက်ရိုက်သွားရမည်ကို ကြောက်သောကြောင့် သူကြီးအိမ်သို့သာ တန်း၍ တက်သွားသည်။ သူကြီးအိမ်မှတစ်ဆင့် ဦးပန်းမောင်ကို အခေါ် လွှတ်လိုက်လေ၏။ သခင်ဦးတေဇဝန္တ၊ ရန်ရှင်းနှင့် ဒေါ်တုတ်တို့ လူစုလည်း ဦးပန်းမောင်ကို အမျိုးမျိုးသင်ပြီး စိတ်ချရပြီဆိုမှ သူကြီးအိမ်သို့ လွှတ်လိုက်လေ၏။ ဦးပန်းမောင်လည်း သူ့ သူဌေးကလေး၏ မျက်နှာကို ကြည့်ရမည်ကိုပင် တထိတ်ထိတ် တလန့်လန့်နှင့် ဖြစ်နေရင်း သူကြီးအိမ်သို့ ရောက်သွားလေသည်။ စိန်ဦးလည်း ဦးပန်းမောင်ကို မြင်လျှင်မြင်ချင်း 'ခင်ဗျား သိပ်တော်တဲ့လူကြီးပဲဗျာ' ဟူ၍ ဆီး၍ ဒေါသနှင့်ကြိမ်းလေ၏။

ဦးပန်းမောင်လည်း အသားများတုန်လျက် 'သူဌေးကြိမ်းလဲ ခံရတော့မှာပဲ' ဟု ပြန်ပြောလေသည်။

http://nyisay.com



ဦး။ ။ဒီလိုပြောရုံနဲ့ ပြီးတမ်းလားဗျ၊ ဦးပန်းမောင်လည်း ဘာမျှ ပြန်မပြောသဖြင့် စိန်ဦးကပင် 'ခင်ဗျားက ဒီလိုညစ်ရင် ကျုပ်ကလဲ ပြန်ညစ်နိုင်တာပဲ၊ ကျုပ်ညစ်တော့ ခင်ဗျားတို့အားလုံး ဝတ်ကုန်ကြလိမ့်မယ်' ဟု ဆက်၍ ပြောလေသည် ။

သူကြီး။ ။'နေပါဦး၊ ကိုပန်းမောင်၊ ဒါဟာ ခင်ဗျားသဘောနဲ့လား၊ သခင်ဦးပဥ္စင်းရဲ့ သဘောနဲ့လား'

ဦးပန်းမောင်။ ။'သူဌေးများ လုပ်လဲ ခံရမှာပါပဲ၊ ကျွန်တော်တို့တော့ ပေးချင်တဲ့ သစ္စာပေးပါ၊ ခုအချိန်အထိ သူဌေးများအပေါ်မှာ ဘယ်လိုမှ မတရား မကြံစည်ဖူးခဲ့ပါဘူး၊ ခုဟာလဲ ကျွန်တော် လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး'

ဦး။ ။'သူကြီး ဒီလူတွေ ဒီလိုဆိုရင် ကျူးလွန်မှုမဖြစ်ဘူးလား'

သူကြီး။ ။'ဟာ၊ ဖြစ်ရုံဘယ်ကပဲ့မလဲ၊ ရပ်ရွာဆူပူမှုတောင် ဖြစ်နေသေးတယ်၊ ရှေ့နေနဲ့ လုပ်တတ်ရင် လုယက်မှုတောင် ဖြစ်ဦးမယ်'

ဦး။ ။'ဟိုအထဲမှာ ဘယ်သူ လူကြီးလဲ'

ပန်း။ ။'ဦးပဥ္စင်းပဲ'

သူကြီး။ ။'လူထဲကကော'

ပန်း။ ။'ရန်ရှင်း'

သူကြီး။ ။'ဟေ့အကောင် တစ်ကောင် ရန်ရှင်းကို သွားခေါ် ချေစမ်း' (မကြာမီ ရန်ရှင်း ရောက်လာလေသည်)

သူကြီး။ ။'ဟေ့ ရန်ရှင်း၊ မင်းတို့ ခုလိုလုပ်နေတာ ကျူးလွန်မှုလဲ ဖြစ်တယ်၊ ရပ်ရွာ ဆူပူမှုလဲ ဖြစ်တယ်၊ လုယက်မှုလဲဖြစ်နေတယ်ဆိုတာ သိသလား'

http://nyisay.com



ရန်ရှင်း။ ။ဘာဖြစ်လို့ လုယက်မှုနဲ့ ကျူးလွန်မှု ဖြစ်ရမှာလဲ ဦးရဲ့၊ ကျွန်တော်တို့ ဘယ်သူ့ပိုင်နက်ထဲ ကျူးလွန်ပြီး ဘယ်သူ့ပစ္စည်းကို လုယက်လို့လဲ'

ဦး။ ။'ငါ့လယ်ထဲကို မင်းတို့ ဝင်ပြီးတော့ ငါ့စပါးတွေကို မပေးဘူးလို့ လုပ်နေတာဟာ လုတာပေါ့ကွ'

အသက်အားဖြင့် ၄ - ၅ နှစ်လောက် ငယ်သော သူငယ်တစ်ဦးက ပစ္စည်းမာန်တက်ပြီးလျှင် 'မင်း ငါ' နှင့် ရိုင်းပျစွာ ပြောသည်ကို ရန်ရှင်းသည် အတော် ဒေါသထွက်သွားလေသည်။ ရန်ရှင်းလည်း အစက ပစ္စည်းရှင် လယ်ရှင် ယာရှင် ဖြစ်ခဲ့ဖူးရာ စိန်ဦး၏ မောက်မာရိုင်းပျခြင်းကို များစွာ မခံမရပ်နိုင်ဖြစ်လျက်ရှိ၏။ ထို့ကြောင့် 'ဒီစပါးဟာ မင်းရဲ့စပါးတွေလို့ မင်းကို ဘယ်အကောင်က ပြောသလဲ' ဟု ဒေါသနှင့်ပင် ပြန်၍ ဖြေလေ၏။

မိမိ၏လယ်လုပ်သမားများ၊ အစေခံများ၊ မြောက်ပင့်စားသောက်နေသူများနှင့်သာ ဆက်ဆံလာခဲ့ရာ စိန်ဦးသည် မိမိကို နင်ပဲငါပဲ ပြန်ပြောသည်ကို နားမှ လေသံ မကြားခဲ့ဘူးချေ။ သို့အတွက် ယခုတစ်ကြိမ် ကြားလိုက်ရသည်မှာ မိမိ၏ နားထဲ၌ သံပူရေနှင့် လောင်းလိုက်သလို ဖြစ်သွားလေ၏။ ထိုအထဲတွင် မိမိပရိသတ်နှင့် ဂုဏ်လုပ်နေသောအခါဖြစ်သဖြင့် မိမိ၏ စော်ကားရိုင်းပျမှုကို အလျဉ်းမမြင်ဘဲ ရန်ရှင်း၏ ရိုင်းပျမှုကိုသာ များစွာ နာကြည်းလျက်ရှိလေသည်၊

စိန်ဦးသည် မိမိ၏ ပရိသတ်ထဲတွင် ရန်ရှင်းတစ်ဦးတည်းရှိသဖြင့် ဘယ်နည်းနှင့်မဆို သူ့ကို ပြန်မလုပ်နိုင်သည်ကိုသိပြီး 'အံမာ၊ ဒီတောသားက တယ် လူပါးဝပါလား' ဟု ပြန်၍ ပြောလိုက်လေ၏။

ရန်ရှင်း။ ။'တောသားလဲ မင်းတို့လို လူပဲကွ၊ လူပါးဝမှာပဲ'

သူကြီး။ ။'ဟေ့ ရန်ရှင်း၊ စကားကောင်းကောင်းပြောလေ၊ မင်းတို့ သပိတ်သမားတွေ သူဌေးလယ်ထဲက ထွက်သွားမလား မသွားဘူးလား၊ အဲဒါကို တစ်ခွန်းထဲပြော'

http://nyisay.com



ရန်ရှင်း။ ။'ဒါက အားလုံး ခင်ဗျားတို့အပေါ် မှာတည်နေတာပဲ၊ အစိုးရ စံချိန် တင်းနဲ့ ခြင်မယ်ဆိုရင် ကျွန်တော်တို့ ဖယ်ပေးမယ်၊ ဒီလို မဟုတ်ဘူး၊ မနှစ်က ခြင်တဲ့ တင်းကြီးနဲ့ပဲ ခြင်မယ်ဆိုရင်တော့ ကျွန်တော်တို့ တားမြဲ တားရလိမ့်မယ်'

သူကြီး။ ။'သူတို့ဟာ သူတို့ ကျေနပ်လို့ ပေးနေမှပဲ မင်းတို့က ဘာ မဆိုင် ညာမဆိုင် ဝင်ရှုပ်နေကြရတာလဲ၊ ဟောဒီမှာ သူ့ကာယကံရှင်က အားလုံး ကျေနပ်ပါတယ်လို့ သူ့သူ့ဒေ့ကို ပြောနေပြီ၊ မင်းတို့ ဘာရှုပ်စရာ ရှိသေး သလဲ'

ရန်ရှင်း။ ။'ခင်ဗျားတို့ သူ့ကို ချောက်လှန့်ထားတာကိုး၊ ကျေနပ် မှာပေါ့၊ လောကမှာ ကိုယ့်ကိုယ်ကို အတော်ခံပြီး တခြားလူစားတာ ကျေနပ် ပါတယ် ဆိုတဲ့လူဟာ အရူးဖြစ်ချင်လဲ ဖြစ်ရမယ်၊ ဒီလိုမှမဟုတ်ပြန်ရင်လဲ ကြောက်နေတဲ့လူရင်လဲ ဖြစ်ရမယ်၊ ဒီနှစ်လမ်းသာရှိတာပဲ'

သူကြီး။ ။'အေး ဒါဖြင့် ကောင်းပါပြီကွာ၊ နောက်တော့သာ ငါ့ကို အဆိုးမဆိုနဲ့' ဟု ပြော၍ စကားဖြတ်လိုက်သဖြင့် ရန်ရှင်းလည်း တလင်း ဆီသို့ ပြန်လာခဲ့လေ၏။

နေ့လယ် နှစ်ချက်တီး အချိန်လောက်တွင် မော်တော်ဘုတ်တစ်စင်း နှင့် နံပါတ်တုတ်ကိုင် ပုလိပ်သား ၁၀ ယောက်၊ ဆပ်အင်စပိတ်တော် တစ်ယောက်၊ ဌာနအုပ်တစ်ယောက်၊ မြို့ပိုင်နှင့် အမိန့်တော်ရရွှေနေ ဦးဘဝင်းတို့ ရောက်လာကြလေသည်။ ၎င်းတို့လာမှ အတော်ကလေး ရဲစိတ်တက်လာသဖြင့် စိန်ဦးသည် ၎င်းတို့နှင့်ရောပြီး သပိတ်တားသမား ရှိရာ တလင်းသို့ လိုက်သွားလေသည်။

ပုလိပ်တွေလာပြီ ဟူသော သတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားလေ ၏။ သပိတ်သမားတို့သည် စိတ်မာန် တက်ကြွနေကြသော်လည်း ပုထုဇဉ်

http://nyisay.com



သားများ ဖြစ်ကြသည့်အတိုင်း ပုလိပ် ဟူသော စကားကို ကြားရသည့်အခါ အနည်းငယ် ထိတ်လန့်တုန်လှုပ်ကာ ဖရိုဖရဲဖြစ်သွားကြသေး၏။ သခင် ဦးတေဇဝန္တ ထ၍ စိတ်ဓာတ်မြှင့်သောစကားကို ပြောကြားလိုက်မှ ငြိမ်သက် သွားလေသည်။ ၎င်းနောက် ရန်ရှင်းက တိုင်ပေးသဖြင့် သံချပ်များကို ထုံးစံအတိုင်း ဟစ်ဆိုလိုက်သောအခါမှ ကျနေသော စိတ်ဓာတ်တို့သည် ပြန်၍ တက်လာကြလေသည်။

မြို့အုပ်သည် သခင်ဦးတေဇဝန္တထံသို့ လာ၍ 'ကိုယ်တော် ဒီလို ရပ်ရွာမှာ ဆူပူအောင်လုပ်နေရင် ဖမ်းရလိမ့်မယ်'

သခင်တေ။ ။'ဘယ့်နှယ်ဟာတွေလဲ ဗျာ၊ ခင်ဗျားတို့ အရာရှိတွေနဲ့ တွေ့လိုက်မှဖြင့် ဖမ်းဖို့စကားက စပြီး ပြောတာပဲ၊ တကတဲ ဖမ်းဖို့ပဲ အရာရှိလုပ်နေရသလို ဖြစ်နေပြီ'

မြို့အုပ်။ ။'ကိုယ်တော်တို့က ရပ်ရွာငြိမ်သက်အောင် လုပ်ရမယ့် ဟာ ခုလို ဆူပူအောင် မသိနားမလည်တဲ့ ရွာသူရွာသားတွေကို မြှောက်ပင့် ပေးနေရင် တပည့်တော်တို့မှာ ဝတ္တရားအတိုင်း ဖမ်းရမှာပဲ'

သခင်တေ။ ။'ဒါတော့ ခင်ဗျားရဲ့ သဘောအတိုင်းပဲ၊ ဖမ်းချင်လဲ ဖမ်း၊ ကျုပ်တို့ကို ရပ်ရွာဆူပူအောင်လုပ်မှုနဲ့ ဖမ်းရင် ဟောဒီ သူကြီးရယ်၊ ဟောဟိုက မောင်စိန်ဦးရယ်၊ ဟောဟို အမိန့်တော်ရရွှေနေရယ်၊ ဒီလူတွေ ကိုပါ ဖမ်းရလိမ့်မယ်'

မြို့အုပ်။ ။'သူတို့ကို ဘာမှုနဲ့ ဖမ်းရမှာလဲ'

သခင်တေ။ ။'ကျုပ်တို့ကို မဆူဘဲ မနေနိုင်အောင် လုပ်ပေးတဲ့ အမှုနဲ့ပေါ့'

မြို့အုပ်။ ။'ကိုယ်တော်တို့ကို သူတို့က မြှောက်ပေးတယ်လို့ ဆိုချင် သလား'

http://nyisay.com



သခင်တေ။ ။'တိုက်ရိုက်မြှောက်ပေးတာတော့ မဟုတ်ဘူး၊ သို့ပေမဲ့ ခုလို ဖြစ်ရတာဟာ အရင်းကို စစ်လိုက်ရင် သူတို့ကြောင့်ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဟောဟို သူဌေးကလေးဆိုတဲ့လူနဲ့ အမိန့်တော်ရမင်းဆိုတဲ့လူဟာ ဒီရွာလာပြီး အရက်တွေသောက်၊ မရှိန္တမ်းပါးတဲ့ မိန်းကလေးတွေကို ဖျက်၊ သူကြီးဆိုတဲ့ လူကလဲ သမာဓိတရားတွေပျက်ပြီး ဒီလူတွေ မတရားလုပ်နေတာတွေကို မတားဆီးတဲ့အပြင် သူကပါ ဝိုင်းပြီး ကူလိုက်သေးတယ်၊ သူတို့ အစော်ကားကိုခံရတာ စိတ်နာလို့ ရပ်ရွာထဲက ဆူဆူပူပူလုပ်ရင် ခင်ဗျားတို့က ဆူဆူပူပူလုပ်တဲ့ လူကိုသာ ဖမ်းတာပဲ'

မြို့အုပ်။ ။'ကိုယ်တော် ဒါတွေက ရှည်ပါတယ်'

သခင်တေ။ ။'နေဦးလေ၊ ခင်ဗျား အရည်လည်သွားအောင် ကျုပ် နည်းနည်းရှင်းပြမယ်၊ ဒါတင်မကသေးဘူး၊ ခုလောလောဆယ်ကိစ္စမှာလဲ ဘယ်သူလွန်တယ် ဆိုတာ ဒကာပဲ စဉ်းစားကြည့်လေ၊ ပြည်ပိုင်အစိုးရ ကိုယ်တိုင်က စပါးတင်းဟာ အလုံး ၁၃၁ လုံး ကိုက်ရမယ်လို့ ဆုံးဖြတ်ထားတယ်၊ တောမှာ မြေပိုင်ရှင်တွေက ခြင်ယူတော့ ၁၄၈ လုံး တင်းကြီးနဲ့ ခြင်ယူလိုက်ကြတယ်၊ ဒီမှာလဲ ဒီလိုပဲဖြစ်နေတယ်၊ အဲဒီလို မတရားညှဉ်းဆဲခံနေရတဲ့ လူတွေ မခံနိုင်လို့ ထဆူတဲ့အခါ ဖိနှိပ်ဖို့ပဲလားလို့ ဒီမေးခွန်းကိုသာ မေးလိုက်ချင်တော့တာပဲ'

မြို့အုပ်သည် စိန်ဦးဘက်သို့ လှည့်၍ ဦးပဥ္စင်းပြောတာ မှန်သည့် အကြောင်းကို အင်္ဂလိပ်လို ပြောလေသည်။ ရှေ့နေဘဝင်းသည် ရှေ့နေ ပီပီ စောဒကတက်ရမှ ကျေနပ်မည့်သူ ဖြစ်သည့်အတိုင်း 'ပေးတဲ့လူက ကျေနပ်လို့ ပေးနေရင် ကိုယ်တော်တို့က ဘယ်မှာ ဝင်စွက်ပိုင်ခွင့်ရှိသလဲ'ဟု ဝင်၍ ကန့်ကွက်လေသည်။

http://nyisay.com



သခင်တေ။ ။'ပေးတဲ့လူက ကျေနပ်တယ်ဆိုတဲ့ စကားကို မသုံးပါနဲ့ဗျာ၊ ဘယ်သူမှ မကျေနပ်ဘူး၊ မတတ်နိုင်လို့သာ အသာကြည့်နေရတာလို့ ခင်ဗျားတို့ တစ်ခါတည်း မှတ်ထားလိုက်ပါ'

ဝင်း။ ။'မကျေနပ်ဘူးလို့ ကိုယ်တော် ဘယ့်နှယ်လုပ် သိသလဲ'

သခင်တေ။ ။'အံမာလေးဗျာ၊ ဒါက အထူးအဆန်း မဟုတ်ပါဘူးဗျာ၊ လယ်သမားတွေကို မြေပိုင်ရှင်တွေက ခင်ဗျားတို့ စပါး ဒီလောက် ဒီလောက်ပေးမှ ချမယ်လို့ ပြောရော၊ လယ်သမားတွေကလဲ မယားတွေ သားတွေ သမီးတွေ တစ်ပြုံကြီးနဲ့ ဆိုတော့ ခင်ဗျားတို့ မြေပိုင်ရှင်တွေက တောင်းတဲ့ စပါးထဲက တစ်စိတောင် ဈေးမဆစ်ရဲဘူး၊ ဈေးဆစ်လိုက်ပြန် လျှာရှည်တယ်ဆိုပြီး လယ်မချဘဲနေရင် ငတ်မှာစိုးရသေးတာကိုး၊ အဲဒီတော့ မြေပိုင်ရှင်တွေ ပြောသမျှနဲ့ လုပ်နေရရော၊ ဒီအတိုင်းပဲ မဟုတ်ဘူးလားလို့'

မြို့အုပ်။ ။'ကဲလေ၊ ကိုယ်တော်က ဒီကိစ္စဟာ သိပ်အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူး၊ အေးအေးဆေးဆေးနဲ့ ပြီးနိုင်တဲ့ကိစ္စပါပဲ၊ ကဲ၊ သူကြီးအိမ်ကို ကိုယ်တော်ရယ် ကိုယ်တော့်လူတစ်ယောက် နှစ်ယောက်နဲ့ တစ်ဆိတ်ကြွပါဦး၊ ဟိုကျမှ အေးအေးဆေးဆေး ဆွေးနွေးကြသေးတာပေါ့'ဟု နိုင်ပုံမပေါ်သည့်အခါတွင် အချို့နှင့် သတ်တတ်သည့် အစိုးရတို့၏ ပရိယာယ်နှင့် ဦးတေဇဝန္တကို လျှောက်လေသည်။ သူကြီးအိမ်သို့ ဦးတေဇဝန္တနှင့် ရန်ရှင်းတို့ နှစ်ဦး လိုက်၍ သွားကြသည်။ မြို့အုပ်လုပ်သူ ကိုယ်တိုင်က ဤကိစ္စတွင် သပိတ်တားသမားများ မှန်သည်ဖြစ်၍ အတင်းအကျပ်လုပ်ရန် သူလည်း မတတ်နိုင်၊ လုပ်ပြန်ကလည်း သိပ် ဆူဆူပူပူဖြစ်လာလျှင် အားလုံး ဒုက္ခရောက်မည့်အကြောင်းကို သူ့ဆက်သားများအား အင်္ဂလိပ်လို နှင်းလင်းပြောပြသည့်အခါ သူဌေးကလေး အမည်ခံသူ စိန်ဦးသည် မိမိသဘောကျ တန်ခိုးတွေ အာဏာတွေ ပြလိုက်မည်ဟု ခဲလေသမျှ သဲရေကျ

http://nyisay.com



ဖြစ်သွားရသဖြင့် မျက်နှာ မကြည်မသာ ဖြစ်၍နေလေ၏။ ၎င်းပြင်လည်း မိမိ မတရားလုပ်ပုံကို လူလယ်ကောင်တွင် အထုပ်ဖြေ၍ ပြလိုက်သလို ဖြစ်သွားသောကြောင့်လည်း များစွာ ရှက်လျက်ရှိလေသည်။ ဤကဲ့သို့ ဖြစ်ရသည်မှာ သပိတ်သမားများကြောင့် ဖြစ်ရသည်ဟု သပိတ်သမားများ အပေါ်တွင် များစွာ အခဲမကြေ ဖြစ်နေလေသည်။ အထူးသဖြင့် သပိတ် ခေါင်းဆောင်နှစ်ဦးဖြစ်သူ သခင်တေဇဝန္တနှင့် ရန်ရှင်းအပေါ်တွင် များစွာ နာကြည်းလျက်ရှိလေသည်။

သပိတ်တားသမားများသည် ထိုနေ့အဖို့တွင် မိမိတို့လုပ်ငန်းကြီး အောင်မြင်သဖြင့် များစွာ ရွှင်လန်းဝမ်းမြောက်လျက်ရှိလေသည်။ ထိုည အဖို့ ရွာထဲတွင် နေရာတကာတိုင်းမှာလိုလိုပင် နေ့လယ်က ဖြစ်ပျက်ခဲ့သမျှ တို့ကို စားမြုံ့ပြန်လျက်ရှိကြလေသည်။ သပိတ်တားသမားထဲမှ ခပ်ဆတ် ဆတ် လူငယ်တစ်စုသည် ဦးပန်းမောင်၏ တဲသို့သွား၍ နေ့လယ်က သူကြီး အိမ်တွင် 'အူကြောင်ကြောင်' လုပ်မိသည့်အတွက် ပြစ်တင်ကြိမ်းမောင်း ကြလေသည်။ အချို့ လက်လွတ်စပယ်လုပ်လိုသူကလည်း ဦးပန်းမောင်၏ တဲကို ဖြိုဖျက်ပါမည်ဟူ၍ တကဲကဲလုပ်နေသဖြင့် ရန်ရှင်းတို့လူစုသည် အတော် ထိန်းသိမ်းလျက်ရှိရလေသည်။ ဦးပန်းမောင်သည်ကား စော်ကား သမျှကို ဘာမျှ ပြန်မပြောဘဲ ယခုနှစ်အတွက် ဝမ်းစာပိုရသဖြင့် သပိတ် သမားများအား ဝမ်းထဲကျိတ်ပြီး ကျေးဇူးတင်လျက်ရှိလေ၏။

သပိတ်သမားတို့လူစု ပျော်ရွှင်ကြသလောက် စိန်ဦး၊ ဘဝင်းနှင့် သူကြီး တို့လူစုသည် စိတ်မချမ်းမြေ့လျက်ရှိကြ၏။ ထို့ကြောင့် ထိုစိတ်မချမ်းမြေ့ ခြင်းကို ဖြေဖျောက်ရန်အတွက် အရက်ကိုသာ တွင်တွင်ကြီးသောက်လျက် ရှိကြလေ၏။

❑❑

# အခန်း ၅

သပိတ်တားပြီး၍ ၅ ရက် မြောက်သော ညတစ်ည ၉ နာရီလောက်တွင် ရှမ်းစုရွာ၏ နောက်ဘေးရှိ တစ်ခေါ် လောက်ဝေးသော ဦးရှမ်းဖြူ၏တဲတွင် လူသုံးယောက် ဓားလက်နက်များကိုင်၍ အေးစားပြဝင်ပြီးတိုက်သွားပါသည်ဟု သူကြီးထံသို့ အတိုင်ရောက်လာလေသည်။ တိုင်ချက်အရဆိုလျှင် ရုပ်ဖျက်ထားသော လူငယ် သုံးယောက်သည် ဓားလက်နက်များကို ကိုင်စွဲလျက် တဲအတွင်းသို့ အတင်းဝင်လာပြီးလျှင် အိပ်နေသော ဦးရှမ်းဖြူကို အတင်းတုပ်နှောင်ကာ ငွေအတင်းတောင်းကြောင်း၊ ငွေမရသောအခါ ဦးရှမ်းဖြူနှင့် သူ့မိန်းမ ဒေါ်သန့်တို့ကို ကန်ကြောက်ပြီးလျှင် အိမ်ထဲသို့ဝင်၍ မွှေနှောက်ရှာဖွေကြောင်း၊ ဤသို့ မွှေနှောက်ပြီးနောက် ဘာမျှ မတွေ့သည့်အဆုံးတွင် ဦးရှမ်းဖြူ၏ သားကလေး အုံးဖေ၏ ငွေခြေချင်းကို ဖြုတ်ယူသွားကြောင်း၊ ၎င်းနောက် ဦးရှမ်းဖြူကို ဓားစာခံအဖြစ် ခေါ်ယူသွားပြီး တဲမှ ကိုက်သုံးရာလောက်ဝေးသော နေရာတွင် ဦးရှမ်းဖြူကို ထားခဲ့ပြီး ထိုဓားပြသုံးယောက်သည် မှောင်ထဲတွင် ပျောက်သွားကြကြောင်း အစရှိသည်တို့ပင် ဖြစ်လေသည်။ ၎င်းတို့ထဲတွင် ထူးခြားသော အချက်တစ်ချက်မှာကား အခြားမဟုတ်။ အေးစားပြ သုံးယောက်ထဲတွင် တစ်ယောက်၏အသံမှာ ရန်ရှင်း၏ အသံနှင့် တူသည်ဟူသော စွပ်စွဲချက်ပင် ဖြစ်လေသည်။

http://nyisay.com



ထို့ကြောင့် ရန်ရှင်းကို စစ်ဆေးရန် သူကြီးသည် လူတစ်ယောက်ကို အခေါ် လွှတ်လိုက်လေ၏။ ထိုအချိန်အခါတွင် ရန်ရှင်းသည် သူ့အိမ်မှာ မရှိ။ ဘုန်းတော်ကြီး ဦးသောဘိတကျောင်းသို့ အိမ်နီးချင်း ဆေးဆရာ ဆရာလှ နှင့် အတူသွား၍ ဘုန်းတော်ကြီးကျောင်းတွင် ဘုန်းတော်ကြီးဦးသောဘိတ၊ သခင်ဦးတေဇဝန္တတို့နှင့် ဝိုင်းဖွဲ့ကာ အာလာပ သလ္လာပ စကားများကို ပြောလျက်ရှိကြလေသည်။ သူကြီး၏အိမ်မှ အရေးတကြီး အခေါ် လွှတ်သည် ဟုဆိုသောကြောင့် ငွေခင်သည် ဘုန်းတော်ကြီးကျောင်းသို့ လိုက်လာပြီး အကြောင်းကြားလေသည်။ ရန်ရှင်းနှင့် ဆရာလှတို့လည်း ဘုန်းတော်ကြီး များကို ဝတ်ချခဲ့ပြီး သူကြီးအိမ်ဘက်ဆီသို့ ထွက်လာခဲ့ကြသည်။

သူကြီး၏အိမ်သို့ ရန်ရှင်းနှင့် ဆရာလှတို့ ရောက်သည့်အချိန်တွင် ဓားပြအတိုက်ခံရသော ဦးရှမ်းဖြူနှင့် ဒေါ်သန့်တို့လူစုသည် မပြန်သေး။ ၎င်းတို့နှင့်အတူ ရွာထဲမှ လူကြီး သုံး လေး ဦးကို သက်သေအဖြစ်ခေါ်၍ ထားသည်ကိုလည်း တွေ့ရသည်။ ရန်ရှင်းနှင့် ဆရာလှတို့ ထိုင်မိသည်နှင့် တစ်ပြိုင်နက် သူကြီးသည် ရန်ရှင်းအား တိုင်ချက်ကို ဖတ်ပြလေ၏။ ရန်ရှင်းလည်း တိုင်ချက်ကို ကြားနာရပြီးနောက် များစွာ အံ့အားသင့်လျက် ရှိလေသည်။ ဓားပြတိုက်သည်ဆိုသော အချိန်အခါတွင် သူနှင့် ဆရာလှ တို့သည် ဘုန်းတော်ကြီးကျောင်းတွင် ရှိနေကြောင်းကို ရန်ရှင်းသည် ရှင်းလင်း ပြောဆိုလေသည်။ သို့ရာတွင် ဦးရှမ်းဖြူနှင့် ဒေါ်သန့်တို့က ဓားပြ သုံးယောက်အနက် တစ်ယောက်၏အသံသည် ရန်ရှင်းအသံနှင့် တစ်ထေရာ တည်း တူကြောင်းကို အတိအလင်း ပြောနေသည့်အပြင် ရန်ရှင်းတို့ အိမ် တွင် သက်သေများနှင့် သူကြီးကိုယ်တိုင် သွားရှာရာ၌လည်း ငွေခင်၏ ထဘီဖာထဲက ဓားပြတိုက်ရာ၌ ပါသွားသော ကလေး ငွေခြေချင်းတစ်ရန်ကို သွား၍ တွေ့ပြန်သဖြင့် ရန်ရှင်း၏ ရှင်းလင်းခြင်းမှာ အခွင့်မသာတော့ဘဲ

http://nyisay.com



များမကြာမီ ရန်ရှင်းသည် မိမိကိုယ်တိုင် လက်ထိပ်ခတ်ပြီးသား ဖြစ်နေကြောင်းကို တွေ့ရှိရလေသည်။

ရန်ရှင်းအား စားပြမှုအတွက် သူကြီး၏အိမ်တွင် အဖမ်းခံနေရသည့် သတင်းသည် တစ်ရွာလုံးပြန့်သွားလေ၏။ မကြာမီ ရန်ရှင်း၏မိန်းမ ငွေခင်သည် သူကြီးအိမ်သို့ ရောက်လာလေ၏။ မိမိ၏ ယောကျ်ားကို လက်ထိပ်ကြီးနှင့် မြင်လိုက်ရသောအခါ ရင်ဝတွင် ဆို့သွားသဖြင့် မျက်ရည်မဆည်နိုင်တော့ဘဲ ရှိလေ၏။ ရန်ရှင်းသည် သူ့မိန်းမ၏ ဒုက္ခကို မြင်သောအခါ 'အို ကိစ္စမရှိပါဘူးကွာ၊ အရေးမကြီးပါဘူး' အစရှိသော စကားများဖြင့်သာ အားပေးစကား ပြောကြားနေရသော်လည်း သူ့ရင်တွင်းမှာမူကား မချိလှတော့ပေ။ ငွေခင်နှင့် ရှေ့ဆက် နောက်ဆက်ဆိုသလို သခင်ဦးတေဇဝန္တလည်း ရောက်လာလေ၏။ သခင်ဦးတေဇဝန္တလည်း ထုံးစံအတိုင်းပင် ရှုးရှုးရှားရှားနှင့် ဖြစ်ပြီး သူကြီးကို ခပ်တွင်တွင်ကြီး ဆူပူကြိမ်းမောင်းလျက် ရှိလေသည်။ နောက်ဆုံး၌ 'အင်း ခင်ဗျားတို့ မိုးကောင်းတုန်းဆိုတော့ လုပ်ထားပေါ့၊ ဟေ့ ရန်ရှင်း တတ်နိုင်သလောက်သာ ကြိုးစားပြီး သည်းခံလိုက်ပါကွာ၊ တို့နေ့လဲ ရောက်ဦးမှာပေါ့' ဟု ပြောပြီး ရှုးရှုးရှားရှားနှင့်ပင် ဆင်း၍သွားလေ၏။

ထိုနေ့ညတွင် ရန်ရှင်းသည် အိပ်၍ မပျော်ချေ။ ယခုအမှုတွင် သူကြီး၏ပယောဂ ပါသည့်အကြောင်းမှာ မှန်ထဲတွင်ကြည့်သလို ခပ်ရှင်းရှင်း ကွင်းကွင်းကွက်ကွက် ပေါ်လျက်ရှိ၏။ ထို့ကြောင့် ဤကဲ့သို့ မတရား နှိပ်စက်ခြင်းခံရသည့် အဖြစ်ကို တွေးမိတိုင်း ရန်ရှင်းသည် ဒေါသဖြစ်လျက်ရှိလေသည်။ သို့ရာတွင် လှောင်အိမ်ထဲတွင် လှောင်ထားသော ခြင်္သေ့ကဲ့သို့ ဒေါသထွက်ရုံသာ ထွက်နိုင်သည်၊ ကိုယ်ထိလက်ရောက် ဘာမျှ မလုပ်နိုင်ချေ။ ရင်တွင်း၌ ပွထလာသော ဒေါသများကို သက်မချ၍သာ ဖြေလျက်

http://nyisay.com



ရှိရပေတော့သည်။ ဒေါသဖြစ်ရုံသာမကသေး။ အခြားပူစရာပင်စရာ အရေးများကလည်း ရန်ရှင်းကို အတော် ဒုက္ခပေးလျက်ရှိ၏။ ထိုအရေးမှာ အခြားမဟုတ်၊ ငွေခင်၏ အရေးများပင် ဖြစ်လေသည်။ အဝမ္ပစနစ် ထွန်းကားနေသော အဝမ္ပခေတ်ကြီးတွင် အပြစ်အနည်းငယ်မျှမရှိသော သူများကိုလည်း အပြစ်အကြီးဆုံး ကျူးလွန်သောသူများအဖြစ်သို့ ပြောင်းလဲပေးနိုင်၍ အပြစ်အကြီးဆုံး ကျူးလွန်ထားသောသူများကိုလည်း အပြစ်အနည်းငယ်မျှမရှိသောသူ၏အဖြစ်သို့ ပြောင်းလဲပေးနိုင်ကြောင်းကို ရန်ရှင်းသည် ကောင်းစွာ သိလေသည်။ ထို့ကြောင့် ယခုအမှုတွင် ရှင်းရှင်းလွတ်ရန် အခွင့်အလမ်းများသလောက် ထောင်ကျရန် အခွင့်အလမ်းလည်း များသည်ဟူ၍ တွေးမိသည်ဖြစ်ရကား သူထောင်ကျသွားခဲ့ပါမူ သူ၏တစ်မျက်နှာကို တစ်ရွာထင်ပြီး လိုက်လာခဲ့ရရှာသော တစ်ကောင်ကြွက် ငွေခင်မှာ မည်ကဲ့သို့ နေထိုင်စားသောက်ရပါမည်နည်းဟူ၍ ရန်ရှင်းသည် အတွေးကြီး တွေးပြီး အဆွေးကြီး ဆွေးလျက် ရှိလေ၏။ ထိုမျှမကသေး။ သူတို့ အိမ်ထောင်ကျခဲ့သည်မှာ မကြာလှသေးချေ။ သုံး လေး လလောက်သာ ရှိသေး၏။ သို့ဖြစ်ရာ ဖောင်းအိ ပျော့ပျောင်းလျက်ရှိသော ကြင်စဦး ငွေခင်အပေါ်တွင် ရန်ရှင်း ချစ်ရသည်မှာ အဘယ်နည်းဖြင့် အာသာပြေနိုင်ပါဦးအံ့နည်း။ အဘယ်မှာလျှင် တင်းတိမ်နိုင်ပါဦးအံ့နည်း။

ထိုည၌ ငွေခင်သည်လည်း အိပ်၍ မပျော်ချေ။ ရှေ့အကြောင်းနောက်အကြောင်းများကို တွေးတောရင်း မိမိ အိပ်ရာထဲတွင် ဘယ်ပြောင်းညာပြန် လူးလိမ့်ရင်း တစ်ခါ၊ တတွေတွေ စီးဆင်းလျက်ရှိသော မျက်ရည်များကို သုတ်ရင်းဖြင့် တစ်ဖုံ၊ ညအချိန်ကို ကုန်လွန်ခဲ့ချေ၏။

□□

# အခန်း ၆

နောက်တစ်နေ့နံနက်သို့ ရောက်လာလေပြီ။ သူကြီးလည်း မိမိ၏ နှစ်လုံးပြူး သေနတ်ကို ထမ်းရန် တစ်ယောက်၊ ရန်ရှင်းကို စောင့်ရန် တစ်ယောက်နှင့် သူ၏ အခြားပစ္စည်းများကို သယ်ရန် တစ်ယောက်၊ အားလုံး တပည့်ပေါင်း သုံးယောက်နှင့် ရန်ရှင်းကိုပါ ခေါ်ပြီး ကျူမငေးမှလာသော သင်္ဘောကို စီး၍ ဝါးခယ်မသို့ လိုက်ခဲ့လေ၏။ သင်္ဘောပေါ်တွင် ရန်ရှင်း၏မိန်းမ ငွေခင်၊ ဒေါ်တုတ်၊ သခင်ဦးတေဇဝန္တနှင့် ဘိုးတုတ်တို့လည်း ပါလာကြလေသည်။ ငွေခင်သည် လင်တော်မောင် အပူကြောင့် မဖြီးမလိမ်းနိုင်ရှာဘဲ ပွပွံပန်းလျက်ရှိလေ၏။ ထိုအခါက သူ့ကို မြင်ရသည်မှာ သနားစရာပင်ဖြစ်တော့ သည်။ သို့ရာတွင် အကြံပိုင်သော သူကြီးမှာမူကား 'ငါလုပ်လိုက်ရင် ဒီလိုကြီးပဲကွ၊ သိပြီလား' ဟူသော လေဖြင့် ငွေခင်နှင့်တကွ ၎င်းတို့လူစု စိတ်နွမ်းကိုယ်နွမ်း ဖြစ်လေလေ သူကလည်း 'ဂိုက်' ထုတ်၍ ကောင်းလေလေ ဖြစ်နေလေ၏။

သခင်ဦးတေဇဝန္တနှင့် သူကြီးတို့လည်း တစ်ဦးကို တစ်ဦး စကား မပြောကြ။ သို့ရာတွင် သခင်ဦးတေဇဝန္တကမူကား 'ဒီအကောင် မိုးကောင်း ဘုန်း လုပ်ပေစေကွ၊ သခင်အားရ ကျွန်ပါးဝ ဆိုတဲ့ အကောင်တွေတော့ ဘစ်နေ့ သိမှာပေါ့၊ အလကားကွာ လူကြီးလုပ်ရမယ့်လူက သမာဓိမရှိတဲ့

http://nyisay.com



ခွေးကျင့်ခွေးကြံ ကြံနေရင် ဘယ်လာ သောက်သုံးကျတော့မလဲ၊ တို့နိုင်လဲ မညှာဘူးဟေ့' အစရှိသော စကားများဖြင့် သူကြီးကို ရည်ရွယ်ပြီး သူကြီး အနီးတွင်သာ ကပ်၍ အော်ကျယ်ဟစ်ကျယ် ဒေါသနှင့် ပြောလျက်ရှိ လေသည်။ သူကြီးမှာကား ဘာမျှ ပြန်မပြောဘဲ ဒီသခင်ဘုန်းကြီးအား အလိမ္မာနှင့် မည်ကဲ့သို့ ညှဉ်းရမည်ကို ကျိတ်၍စဉ်းစားရင်း ငြိမ်လျက်ရှိ လေသည်။

ဝါးခယ်မမြို့သို့ရောက်သောအခါ ထိုလူသိုက် နှစ်သိုက်လည်း မိမိတို့ ဆိုင်ရာ ဌာနအသီးသီးသို့ သွားကြလေသည်။ သူကြီးတို့လူသိုက်သည် ရှေးဦးစွာ ရန်ရှင်းကို ဂါတ်သို့ ခေါ်သွားလေသည်။ ရန်ရှင်းကို ဂါတ်တွင် အပ်ပြီးသည့်နောက်မှ သူဌေး စိန်ဦး၏အိမ်သို့ အခစားဝင်ရန် သွားလေ သည်။ ထိုအိမ်တွင် ရှေ့နေဘဝင်းလည်း ရောက်လျက်ရှိသဖြင့် အကြံပိုင် သော သုံးဦးသားတို့သည် မိမိ၏ လုပ်ငန်းအစီအစဉ်ကို မြိန်ရေရှက်ရေနှင့် ပြောလျက်ရှိကြ၏။ ရှေ့နေဘဝင်းလည်း အကျိုးတော်ဆောင် သူကြီးမင်း အားအလွန်ကျေးဇူးတင်သောအမူအရာဖြင့် သူကြီး၏ကျောကို သပ်လျက် ရှိရာ မိမိသခင် ကျောသပ်ပေးနေသည်ကို မှိန်း၍ ခံနေသောကြောင်လိမ္မာ ကဲ့သို့ သူကြီးလည်း အမိန့်တော်ရမင်း၏ ကျောသပ်ပေးခြင်းကို ငြိမ်လျက် ပီတိဖြစ်လျက်ရှိလေသည်။

သခင် ဦးတေဇဝန္တမှာမူကား သူအလွန် အားထားလျက်ရှိသော တို့ဗမာအစည်းအရုံးသို့ ခေါ်ဆောင်သွားလေသည်။ အစည်းအရုံးတွင် အတွင်းရေးမှူး သခင်ကျော်ဟန်နှင့် အခန့်သင့် တွေ့လေသည်။ အခေါ် လွှတ်လိုက်သဖြင့် ဥက္ကဋ္ဌ သခင်အုံးရွှေလည်း မကြာမီ ရောက်လာရာ သခင် ဦးတေဇဝန္တသည် အဖြစ်အပျက်တို့ကို အမြစ်မှစ၍ လှန်လေ၏။ အသက် တစ်ရာ မရှိသေးသော်လည်း ထိုကဲ့သို့ မတရားမှုမျိုးများ တစ်ရာကျော်မက

http://nyisay.com



တွေ့ခဲ့ဖူးသော ဝါးခယ်မ သခင်များအဖို့တွင် သခင်ကိုယ်တော်၏ ဇာတ်ထုပ်မှာ များစွာ မထူးဆန်းလှတော့ပေ။ သို့ရာတွင် ထိုအဖြစ်အပျက်ကို ကြားနာပြီးနောက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး လုပ်သူတို့သည် ထိုအမှုအတွက် မည်ကဲ့သို့ လုပ်ရမည်ကို မသိဘဲ ချီတုံချတုံဖြစ်၍ နေလေ၏။

အကြောင်းမူကား ဤသို့တည်း။ ဝါးခယ်မအစည်းအရုံး တည်ထောင်ပြီးမှ မတရားအညှဉ်းဆဲခံရသော ဒုက္ခိတတို့သည် အစည်းအရုံးကို အားကိုးတစ်ခုပြုကာ သူတို့၏ နစ်နာချက်များကို တိုင်တန်းကြ၏။ အစည်းအရုံးဝင်များကလည်း ငွေရေးကြေးရေးမှစ၍ အနစ်နာခံကာ ကိုယ်ဖိရင်ဖိဆောင်ရွက်ခဲ့ကြလေသည်။ သို့ရာတွင် သူကြီးမင်းကယ်ပါမှ ထောင်ကျဆိုသော စကားကဲ့သို့ သခင်တွေ ကူညီဆောင်ရွက်ခါမှ ဒဏ်ငွေလောက်နှင့် ပြီးရမည့်ကိစ္စသည် ထောင်ကျ၍ ထောင်နှင့် ပြီးရမည့်ကိစ္စတွင် စက်တိုင်ကက်ရမည်ကဲ့သို့ ဖြစ်နေလေသည်။

မနှစ်က ပုလိပ်အရာရှိတစ်ဦးသည် တရားခံတစ်ဦးကို ခေါ်၍ အမှုစစ်ဆေးရင်း ဘေးနှင့် ကျောကို လက်သီးနှင့် ကြိမ်ဖန်များစွာ ထိုးမိရာ လက်လွန်သွားပြီး တရားခံ သေသွားသည် ဟူသော အမှုတစ်ခုသည် ရုတ်တရက် ပေါ်ပေါက်လာလေသည်။ ထိုအမှုပေါ်လာသည်နှင့် တစ်ပြိုင်နက် ဝါးခယ်မတစ်နယ်လုံး တုန်လှုပ်သွားလေသည်။ သခင်များလည်း ပုလိပ်တို့၏ ရမ်းကားပုံကို မခံမရပ်နိုင်သဖြင့် ထိုအမှုကိုကောက်၍ ကိုင်ကြရာ သူတို့ကိုင်ခါမှ ပုလိပ်အရာရှိသည် ကွင်းရှင်းလွတ်သွားရုံမျှမက ရာထူးဌာနန္တရများပင် အတိုးခံလိုက်ရသေးသည်။

များမကြာမီကလည်း ဝါးခယ်မအပိုင် တောရွာတစ်ရွာတွင် အရက်မူးနေသော ပုလိပ်အရာရှိတစ်ဦးနှင့် တပည့်နှစ်ယောက်သည် မင်္ဂလာဆောင်ဘွင် ရွာဓလေ့အတိုင်း ခဲဖိုးလာတောင်းသူများအား အိမ်ထဲကို ငွေယူလှည့်

http://nyisay.com



ဟု မလိမ့်တပတ်နှင့်ခေါ်ပြီး အိမ်ထဲရောက်ကာမှ သေနတ်နှင့် အရမ်းပစ်ရာ လူသုံးယောက် ပွဲချင်းပြီး သေလေသည်။ အခြားလူများသည် ပြေးနိုင်သောကြောင့် သေကွင်းမှ သီသီကလေး လွတ်သွားကြသည်။ တစ်ခါသေဖူး၍ ပျဉ်ဖိုးနားလည်ပြီးသော သခင်များသည် ထိုအမှုတွင် ဘာမျှ ဝင်ပြီး မဆောင်ရွက်ကြဘဲ ငြိမ်ငြိမ်နေကြသည်။ သို့ရာတွင် အသေခံရသော လူသုံးယောက်သည် သခင်များဖြစ်ကြ၍ ထိုနေ့က ပုလိပ်အရာရှိ တည်းနေသောအိမ်ကို ထိုသခင်များက ဝိုင်းပြီး ပုလိပ်အရာရှိ၏ အသက်ကို ကြံစည်ပါသည်ဟု ခဲဖိုးတောင်းသည့် မန်ကျည်းစေ့လောက်ကိစ္စကို မြင်းမိုရ်တောင်လောက် ကြီးကျယ်သည့် သူပုန်မှုဖြစ်အောင် အမှုကိုဆင်လိုက်ရာ ပစ်သတ်မိသော ပုလိပ်အရာရှိသည် ဘာမျှမဖြစ်ဘဲ မသေ၍ ကျန်သော ရွာသားများပင် နောက်ထပ်ထောင်ကျရဦးမလို ဖြစ်သွားသေး၏။

သို့ဖြစ်သောကြောင့် ယခုအမှုတွင် သခင်များဝင်၍ ကိုင်လိုက်ခါမှ တော်ရုံနှင့်ပြီးရမည့်ကိစ္စတွင် သိပ်ဆိုးသွားမည်ကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ကျိတ်၍ စိုးရိမ်လျက်ရှိကြခြင်းဖြစ်သည်။ သို့ရာတွင် ထိုအကြောင်းများကိုပြောပြပြီး မကူညီဘဲ နေလိုက်ပြန်လျှင်လည်း မကူညီချင်သောကြောင့် ဆင်ခြေပေးနေသည်ဟု ထင်မှာကို စိုးရိမ်မိပြန်၏။ ၎င်းပြင်လည်း သခင်ဦးတေဇဝန္တသည် သခင်စိတ် အလွန်ထက်သန်၍ အစည်းအရုံးပေါ်တွင် အလွန်အားကိုးသည်ကိုလည်း ကောင်းစွာသိရှိပြီးဖြစ်သဖြင့် ဝါးခယ်မ သခင်ခေါင်းဆောင်တို့သည် အကျပ်ရိုက်လျက်ရှိကြလေသည်။ သို့နှင့်ပင် တစ်စတစ်စ ဝင်၍ဆောင်ရွက်ကြရာ နောက်ဆုံးတွင် အမှုကို လုံးလုံးလျားလျား ဝင်၍ ကိုင်ရသောအခြေသို့ ရောက်လေ၏။ သူတို့ဝင်၍ ဆောင်ရွက်လိုက်သဖြင့် ရှေးဦးစွာ ထူးခြားသောအချက်မှာကား ရန်ရှင်းအတွက် အာမခံ မရခြင်း ဖြစ်လေသည်။

http://nyisay.com



တစ်ဖက်မှ သခင်များက ဤသို့ဝင်၍ ဆောင်ရွက်နေသည့်အတွက် ရှေ့နေဘဝင်းသည် အထူးဝမ်းသာသည်။ အဘယ့်ကြောင့်ဆိုသော် သခင်များ ဤသို့ ကူညီမှ ငွေခင်၏ယောက်ျား ရန်ရှင်းကို မိမိသဘောရှိ နှိပ်စက်နိုင်မည် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ရှေ့နေဘဝင်းသည် ပုလိပ်အရာရှိများ၊ နယ်အရာရှိများ ရန်ရှင်းအမှုကို စစ်ဆေးနေသော တရားသူကြီးများထံသို့ သွားရောက်ပြီးလျှင် ရန်ရှင်းဘက်မှ သခင်များက မည်ကဲ့သို့ ဆောင်ရွက်နေကြောင်း၊ ဤအမှုတွင် သခင်တွေ အရေးသာသွားလျှင် နယ်ဆူမှာ စိုးရိမ်ရကြောင်း၊ သို့အတွက် ရန်ရှင်းကို ဦးကျိုးသွားအောင် ချိုးပေးရမည်ဖြစ်ကြောင်း အစရှိသည်တို့ကို ချဲ့ထွင်၍ ပြောကြားလျက်ရှိလေသည်။ သို့ဖြစ်ရာ တစ်ဖက်က သခင်များက ကြိုးစားလေလေ၊ ရန်ရှင်းမှာ ပို၍အဖိခံရလေဖြစ်၏။ သို့နှင့်ပင် ရန်ရှင်းကို အမိန့်ချမည့်နေ့သို့ ရောက်လာလေ၏။

တရားလိုဘက်မှ ဆင်ထားသော အစီအစဉ်အတိုင်းဆိုလျှင် အမှုမှာ အောက်ပါအတိုင်းဖြစ်၏။ အမှုမဖြစ်မီ နှစ်ရက်လောက်က ရန်ရှင်းသည် သူ့အိမ်နောက်ဖေးတွင် ဓားသွေးနေသည်ကို တရားလိုသက်သေ နံပါတ် ၅ က တွေ့လေသည်။ ဓားပြတိုက်သည့်ညက ခုနစ်နာရီ အချိန်လောက်မှာ ရန်ရှင်းအိမ်တွင် တရားလိုသက်သေ နံပါတ် ၃ သည် ရန်ရှင်းနှင့် ထိုင်၍ စကားပြောစဉ် တစ်ဘက်က ခေါင်းပေါင်း၍ လုံချည်ခြုံထားသော လူနှစ်ယောက် အိမ်ထဲသို့ ဝင်လာရာ အဆိုပါ သက်သေနံပါတ် ၃ ကို မြင်သည့်အခါတွင် အပြင်ဘက်သို့ ပြန်ထွက်သွားလေသည်။ တရားလိုသက်သေ နံပါတ် ၄ က မူကား ဓားပြတိုက်သည့်ည ၉ နာရီ အချိန်လောက်တွင် လူသုံးယောက်သည် ဓားပြအတိုက်ခံရသည့် တဲဘက်မှ ဘုန်းကြီးကျောင်းဘက်ဆီသို့ လယ်ကွင်းများကိုဖြတ်ကာ ခပ်သုတ်သုတ် သွားနေသည်ကို

http://nyisay.com



တွေ့ရလေသည်။ တရားလိုသက်သေ နံပါတ် ၆ ကမူကား ထိုနေ့ည ၉ နာရီခွဲလောက်တွင် သူကြီးအခေါ်ခိုင်းသောကြောင့် သွားခေါ်ရာ ရန်ရှင်းကို သူ့အိမ်မှာ မတွေ့ကြောင်းကို ထွက်ဆိုလေသည်။ ကျန်သက်သေများသည် ရန်ရှင်း၏အိမ်ကို သွားရောက်ရှာဖွေစဉ်က သက်သေအဖြစ်နှင့် ပါသွားကြသူများဖြစ်ကြ၍ သူတို့မြင်သည့်အတိုင်း ထွက်ဆိုသွားကြလေသည်။

တရားခံဘက်မှမူကား ရန်ရှင်းသည် ထိုညက ခပ်စောစောအချိန်မှစ၍ သူကြီး၏လူ လာခေါ်သည့်အချိန်အထိ ဘုန်းကြီးကျောင်းတွင်ရှိကြောင်းကို ဘုန်းတော်ကြီး ဦးသောဘိတနှင့် ဦးတေဇဝန္တ တို့ကိုယ်တိုင် သက်သေထွက်ဆိုကြလေသည်။ ဆရာလှကလည်း ထိုနည်းအတိုင်းပင် ထွက်သည်။ ယခု စားပြမှုဖြစ်ပေါ်ရခြင်းမှာလည်း သူကြီး၊ စိန်ဦး၊ ဘဝင်း တို့နှင့် မတည့်သဖြင့် သက်သက် လီဆယ်လုပ်ကြံ၍ ဆင်ထားသောအမှုဖြစ်ကြောင်းကို အရင်းမှ ဇာတ်လှန်၍ တရားခံပြသက်သေများက ထွက်ဆိုကြလေသည်။ ပစ္စည်းကို အိမ်ထဲတွင်တွေ့သည်ဆိုသည်မှာလည်း အိမ်ရှင်များ မရှိခိုက် တိတ်တဆိတ် ဝင်၍ထားခြင်းမျှသာ ဖြစ်သည့်အပြင် တရားလိုပြသက်သေများမှာလည်း သူကြီး၏သြဇာနှင့်မကင်းကြသူများဖြစ်ကြောင်းကိုလည်း ထုတ်ဖော်၍ သက်သေပြကြသည်။

သို့ရာတွင် ဘဝင်း၏မျက်နှာလက်ဆောင်နှင့် စိန်ဦး၏ ငွေလက်ဆောင် ဝင်ပြီးဖြစ်နေသော တရားသူကြီး ခေါ် တရားပိုင်မင်း ခေါ် စီရင်ချက်ချရမည့် ပုဂ္ဂိုလ်သည် တရားခံပြသက်သေများကို ရန်ရှင်းနှင့် တစ်ဂိုဏ်းတည်းသားခြင်းဖြစ်သောကြောင့် ယုံကြည်စရာမရှိဟု အားလုံး ပယ်ချပြီး လျှင် ခိုးရာပါပစ္စည်းအား အိမ်ထဲတွင်တွေ့သည့်အဖြစ်ကို အကြီးအကျယ် ချဲ့ကာ အကြောင်းပြု၍ ထောင်ဒဏ်တစ်နှစ်ခွဲနှင့် ကြိမ်ဒဏ် ၂၀ စီရင်ချက် ချလိုက်လေ၏။

http://nyisay.com



ထိုနေ့က ဦးတေဇဝန္တတို့ လူစုသာ ရုံးသို့ လာရောက်နားထောင်နေကြသည်။ စိန်ဦးတို့ဘက်မှ လာရောက်နားထောင်သည်ကို မတွေ့ရ၊ နားထောင်ရန်လည်း မလိုတော့ချေ။ ဘယ်နှစ်နှစ်ထောင်ချမည်၊ ကြိမ်ဒဏ်ဘယ်နှစ်ချက်ရိုက်မည်ကို အမှုစစ်စကပင် သိပြီးသားဖြစ်လေသည်။ ထိုနေ့အဖို့တွင် နံနက်ခင်းကတည်းက တထိတ်ထိတ်နှင့်ဖြစ်နေသော ငွေခင်သည် တရားသူကြီး ခေါ်သူ၏ စီရင်ချက်ချသံကို ကြားလိုက်ရသောအခါ တရားသူကြီးကို စက္ကန့် ၃၀ လောက် ကြက်သေသေ၍ စိုက်ကြည့်နေပြီးမှ 'ရက်စက်ပါပေ့ရှင်'ဟု ပါးစပ်ဖျားမှ အလိုလိုယောင်၍ထွက်သွားပြီး မျက်ရည်တို့သည် တတွေတွေ စီးဆင်းလာလေ၏။ သခင်ဦးတေဇဝန္တလည်း မိမိ၏ တပည့်များဖြစ်အင်ကို မကြည့်ရက်နိုင်သဖြင့် ရုံးခန်းအပြင်ဘက်သို့ ထွက်သွားပြီး ဘာလုပ်ရမှန်းမသိဘဲ မိမိရှေ့စူးစူးကိုသာ ငိုင်၍ ကြည့်နေလေ၏။

ငွေခင်သည် အတော် အ သေး၏။ 'ရက်စက်ပါပေ့ရှင်' ဟူ၍ ယောင်ထွက်သွားသော စကားအရ တရားသူကြီးခေါ်သူထံမှ ညာတာထောက်ထားခြင်းကို မျှော်လင့်နေပုံရလေသည်။ အမှုဖြစ်စကတည်းက ဘဝင်း၏ ကလိန်ခြုံဉာဏ်၊ စိန်ဦး ငွေနှင့် တရားသူကြီး ခေါ်သူ၏ လောဘတို့ ပေါင်းလိုက်လျှင် ရလဒ်ကား တစ်နှစ်နှင့် ခြောက်လ ကြိမ်ဒဏ် ၂၀ ဖြစ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း ကြိုတင်၍သိထားနှင့်လျှင် ထိုမျှပူဆွေးရမည် မဟုတ်၊ ထိုမျှမကသေး၊ သခင်ဦးတေဇဝန္တ ကျောင်းတွင် သပိတ်တားသမားတို့၏ ဥက္ကဋ္ဌရာထူးကို ယူလိုက်ကတည်းက ဒီလမ်းလိုက်ခဲ့ရင် ဒီဆုထူးကို ရရတော့မည် ဟူ၍လည်းကောင်း၊ အများချမ်းသာစေလျှင် အနည်းဆုံး တစ်ယောက်မှာ နစ်နာမြဲသာဓမ္မတာဖြစ်သည့်အကြောင်းကိုလည်းကောင်း ကြိုတင်တွက်တတ်ပါမူကား သာ၍ပင် စိတ်အေးရပေလိမ့်ဦးမည်။

http://nyisay.com



အတော်ကလေးကြာသောအခါ သခင်ဦးတေဇဝန္တသည် တစ်စုံတစ်ခုကို သတိရသည့်အမူအရာနှင့် ငွေခင်ရှိရာသို့ ပြန်လာပြီး 'အယူခံမယ်' ဟု ခပ်တိုတိုပင် ပြောလေ၏။ ခပ်ရှည်ရှည်ပြောရန်မှာလည်း သခင်ဦးတေဇဝန္တအတွက် ထိုအချိန်အခါတွင် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ တရားသူကြီး၊ စိန်ဦး၊ ဘဝင်းနှင့် သူကြီးတည်း ဟူသော မသူတော်လေးဦးတို့အား နုပ်နုပ်ပါအောင် စင်းပစ်ချင်သော စိတ်ဓာတ်တို့သည် သခင်ကိုယ်တော်၏ ရင်တွင်း၌ လှိုင်းတံပိုးထလျက်ရှိလေသည်။

❑❑

# အခန်း ၇

စီရင်ချက်ချပြီးပြီဖြစ်သဖြင့် ရန်ရှင်းကို ဝါးခယ်မဂါတ်တွင် မထားနိုင်တော့ဘဲ ပုသိမ်ထောင်သို့ပို့ရတော့မည် ဖြစ်၏။ မြောင်းမြဒိစတြိတ်တွင် အမှုဖြစ်သော်လည်း မြောင်းမြထောင်သည် လက်ကောက်ထောင်ဖြစ်သဖြင့် အဝတ်ဖြူထောင်ဖြစ်သော ပုသိမ်ထောင်သို့ ရန်ရှင်းကို ပို့ရခြင်း ဖြစ်လေသည်။ လက်ကောက် ဆိုသည်မှာ တစ်ကြိမ်ထက်ပိုပြီး ထောင်ကျဖူးသူများဖြစ်၍ အဝတ်ဖြူဆိုသည်မှာ တစ်ကြိမ်တည်းကျဖူးသေးသူများ ဖြစ်လေသည်။

သို့ရာတွင် အကျဉ်းသမားများကို ဝါးခယ်မမှ ပုသိမ်သို့ တိုက်ရိုက်ပို့သည်မရှိ၊ ဝါးခယ်မမှ မြောင်းမြသို့ ရှေးဦးစွာ ပို့၍ မြောင်းမြထောင်မှ ကြာသပတေးနေ့တိုင်း ပုသိမ်ထောင်သို့ ပို့လေ့ရှိသည်။ ရန်ရှင်းသည် ထောင်အကြောင်းနှင့် ပတ်သက်၍ 'ထောင်သည် ဆိုးသည်၊ ပိုက်ဆံမပါလျှင် ထောင်ထဲရောက်လျှင် အရိုက်ခံရသည်' အစရှိသော ထောင်၏ အပရိကံအကြောင်းကလေးများ လောက်ကိုသာ ကြားဖူးသည်။ ထို့ကြောင့် သူမရောက်ဖူးသေးသော နေရာသို့ သွားရတော့မည် ဖြစ်သဖြင့် စိတ်ထဲတွင် လေးလျက် ရှိလေသည်။ ထိုအထဲတွင် ဘယ်လိုနေရမည်၊ ဘယ်လိုထိုင်ရမည်၊ ဘယ်လိုစားရမည်၊ ဘယ်လိုလူစားတွေနှင့် တွေ့ရမည် အစရှိသည်

http://nyisay.com



တို့ကို အပြန်ပြန်အလှန်လှန် တွေးတောရင်း အချိန်ကုန်လျက်ရှိလေသည်။ သို့နှင့်ပင် ဂါတ်ပေါ်ရှိ အချုပ်ခန်းတွင်းသို့ ပြန်ရောက်လာကြလေသည်။

အကျဉ်းသမားတစ်ဦး။ ။'ဟေ့လူ ပိုက်ဆံလေး ဘာလေး ယူထားပြီးပလား၊ ပိုက်ဆံမပါရင် ထောင်ထဲကျ ဆီးရိုက်မှာပဲ'

ရန်ရှင်း။ ။'မယူရသေးဘူး၊ ဘယ်လောက်လောက် ယူသွားရမှာလဲ'

ဒုတိယအကျဉ်းသမား။ ။'လေး ငါး ကျပ်လောက်ဆို လောက်တာပါပဲ'

ရန်ရှင်း။ ။'ဟုတ်ကဲ့၊ မနက်ဖြန်မှပဲ တောင်းထားလိုက်မယ်'

ဒုတိယအကျဉ်းသမား။ ။'တောင်းတာတော့ ဟုတ်ပါပြီ၊ ခင်ဗျား ပိုက်ဆံကို လည်ချောင်းချတတ်ရဲ့လား'

ရန်ရှင်း။ ။'မချတတ်ဘူးဗျ'

တတိယအကျဉ်းသမား။ ။'ဒါဖြင့် မတ်စေ့တွေဖျက်ပြီး ငှက်ပျောသီးနဲ့ မျိုချ'

ရန်ရှင်း။ ။'နောက်ဘယ့်နှယ် ပြန်ထုတ်မလဲ'

တတိယအကျဉ်းသမား။ ။'ထောင်ထဲရောက်တော့ စခါးသောက်ချလိုက်ရင် နောက်ဖေးထဲမှာ အကုန်ပါလာတာပဲ'

ရန်ရှင်း။ ။နှာခေါင်းမဲ့၍ 'သည့်ပြင်နည်းတော့ မရှိဘူးလား'

ပထမအကျဉ်းသမား။ ။'သည့်ပြင်ဆို အလုံသွင်းပေါ့'

တတိယအကျဉ်းသမား။ ။'အလုံသွင်းတယ်ဆိုတာ ရှင်းပြလိုက်ဦး၊ ကိုယ့်လူက လူစိမ်း၊ ဘာမှ နားလည်တာ မဟုတ်ဘူး'

ပထမအကျဉ်းသမား။ ။'အလုံသွင်းတယ်ဆိုတာ ဒီလိုကိုယ့်လူရဲ့၊ မတ်စေ့ဖျက်ပြီးတော့ ဒေါင်လိုက်ထပ်၊ ထပ်ပြီးရင် ကြိုးနဲ့နာနာစည်း၊ အဲဒီဟာက ခင်ဗျားရဲ့ ဖင်ခေါင်းထဲသွင်းပေါ့'

http://nyisay.com



ရန်ရှင်း။ ။‘ဒါလဲ မဖြစ်သေးပါဘူးဗျာ’

ပထမအကျဉ်းသမား။ ။‘တခြားနည်းနဲ့တော့ ခင်ဗျားယူသွားလို့ ဖြစ်မှာ မဟုတ်ဘူး၊ ယူသွားရင်လဲ ထောင်ဝက အားလုံး တလာစီပြီး ယူလိုက်မှာပဲ’

ရန်ရှင်း။ ။‘တလာစီတယ်ဆိုတာ ဘာလုပ်တာလဲ’

ဒုတိယအကျဉ်းသမား။ ။‘ဟိုဒင်းပေါ့ဗျာ၊ တလာစီတယ်ဆိုတာ ကုလားလိုခေါ်တာ၊ ဗမာလိုဆိုရင် ရှိတယ်လို့ ဆိုတာပေါ့၊ ထောင်ထဲမှာ တော့ တလာစီတယ်လို့ အားလုံးက ခေါ်နေကြတာပဲ’

ရန်ရှင်း။ ။‘ဒီငွေပါမှပဲလား၊ ငွေမယူနိုင်တဲ့လူကျတော့ ဘယ့်နှယ် လုပ်မလဲ၊ မပါရင် ရိုက်တာပဲလား’

ပထမအကျဉ်းသမား။ ။‘ခုတော့ ထောင်တွေက နည်းနည်း ယဉ်ကျေးကုန်ပါပြီ၊ အရှင်း မတတ်နိုင်တဲ့လူကျတော့လဲ သူတို့က သိပါ တယ်၊ သိပ်မရိုက်ပါဘူး၊ အထဲကလူတွေဟာ ခင်ဗျားနှယ်၊ လူကဲခတ် သိပ်ကောင်းတယ်၊ ပိုက်ဆံပါလာရင် ငြင်းလို့ မရဘူး၊ သူတို့ ချက်ချင်း သိတာပဲ၊ အဲဒါ ဆိုင်တဲ့ပိုင်တဲ့လူကို နည်းနည်းပါးပါး ကြည့်ပြီး မပေးရင် ဒုက္ခပေးတာပဲ’

ဒုတိယအကျဉ်းသမား။ ။‘ရိုက်မှာကြောက်လို့ချည်းပဲ ဘယ်ဟုတ် မလဲဗျာ၊ ဒီလို ရန်တွေလဲ ရှောင်ဖို့ ကိုယ်လဲ အနေချောင်ဖို့ပေါ့ဗျာ’

ပထမအကျဉ်းသမား။ ။‘ကိုယ့်လူက အထဲမရောက်ဘူးသေးလို့ ကိုး၊ အထဲမှာ ငွေမျက်နှာဟာ အပြင်မှာထက် ကြီးသေးတယ်၊ အထဲ ရောက်ရင် ခင်ဗျားသိပါလိမ့်မယ်’

ရန်ရှင်း။ ။‘ဒါဖြင့် ဒီလိုလုပ်ဗျာ၊ မနက်ကျရင် ငွေ ၁၀ ကျပ် တောင်းပြီး ခင်ဗျားကို ပေးထားမယ်၊ ခင်ဗျား အထဲကို ရောက်အောင်

http://nyisay.com



ကြည့်ပြီးယူခဲ့ဗျာ၊ အထဲကျရင် ကျွန်တော့်အတွက် ခင်ဗျားက ကြည့်ပြီး စီမံပေးဗျာ၊ ခင်ဗျားလဲ ဒီအထဲကပဲသုံး'

တတိယအကျဉ်းသမား။ ။'ဟုတ်သားပဲ လုပ်ပေးလိုက်ပါကွ၊ ဗမာ အချင်းချင်းပဲ'

ပထမအကျဉ်းသား။ ။'ခင်ဗျားနှယ်၊ အကျဉ်းသားတွေကလဲ ဘယ် လောက်များ ထွင်သလဲဆိုရင် လည်ချောင်းထဲမှာ ပိုက်ဆံထည့်ယူရင် အထဲ ကလူတွေသိမှာစိုးလို့ ခြေဖဝါးကို အရေခွံတစ်ထပ်လှန်ပြီး အဲဒီကြားထဲမှာ ထည့်ယူကြသေးတယ်၊ ဘာရယ်လို့ မဟုတ်ဘူး၊ ကိုယ်သက်သာအောင် အနေချောင်အောင် ကြည့်လုပ်ရတော့တာပဲ'

ရန်ရှင်းနှင့်အတူတူ စကားလက်ဆုံကျနေသော အကျဉ်းသား သုံး ယောက်သည် ဓားပြမှုနှင့် ထောင် ၅ နှစ်စီ ကျလာသူများဖြစ်ကြသည်။ ယခင်အခါကလည်း ဓားပြမှုနှင့် ထောင်ကျဖူးသူများဖြစ်ကြသောကြောင့် လက်ကောက်များဖြစ်၍ ထောင်အကြောင်းကို ကောင်းစွာသိသူများ ဖြစ် ကြလေသည်။

နံနက်လင်းသောအခါ တရားခံများကို မြောင်းမြ၊ ဝါးခယ်မ နေ့ချင်း ပြန် သင်္ဘောကလေးဖြင့် မြောင်းမြသို့ ပို့လေသည်။ သင်္ဘောပေါ်တွင် သခင် ဦးတေဇဝန္တနှင့် ငွေခင်တို့လူစုလည်း ပါလာကြလေသည်။ သင်္ဘော ထွက်သောအခါ ရန်ရှင်းသည် ငွေခင့်ကို အနီးသို့ခေါ်ပြီး မြောင်းမြသို့ မရောက်ခင် ငွေအကြွေ ၁၀ ကျပ်လောက်ရှာထားရန် ပြောလေသည်။ ငွေခင်သည် ဒေါ်တုတ်ကို ငွေအကြွေအမ်းရန် လွှတ်လိုက်ပြီး ရန်ရှင်းအနီး သို့ ပြန်လာသည်။

ရန်ရှင်း။ ။'အစစအရာရာ သတိဝီရိယနဲ့နေကွယ်'

ငွေခင်။ ။'စိတ်ချသာသွားပါ ကိုရန်ရှင်းရယ်'

http://nyisay.com



ရန်ရှင်း။ ။'လူတွေက သိပ်မကောင်းတော့ဘူး၊ ဒီတော့ ကိုယ်က ဘယ်လိုကောင်းအောင်နေပေမယ့် ဘေးက အဖျက်အဆီးနဲ့ တွေ့တော့ မခံနိုင်ဘူး၊ နောက်ပြီးတော့လဲ လူဆိုတာ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး၊ အရှက်နဲ့ လူလုပ်တာ၊ နာမည်မှာ မှဲ့တစ်ပေါက်စွန်းသွားတယ်ဆိုရင် သေပစ်လိုက်ဖို့သာ ကောင်းတော့တာပဲ'

ငွေခင်သည် ဘာမျှ ပြန်မပြောဘဲ ထိုစကားများကို ခေါင်းငုံ့၍ နားစိုက်ထောင်လျက်ရှိလေသည်။

ရန်ရှင်း။ ။'ဒီအတောအတွင်း စားဖို့သောက်ဖို့အတွက်ကတော့ တစ်နေ့က ကိုယ်တော်ပြောတဲ့အတိုင်းပဲ၊ ဦးပဥ္စင်းကြည့်ပြီး အားလုံးစီစဉ်ပေးလိမ့်မယ်'

ငွေခင်။ ။'ဟုတ်ကဲ့'

ရန်ရှင်း။ ။'ရတနာသုံးပါးလဲ ကောင်းကောင်းဆည်းကပ်ကွယ်'

ငွေခင်။ ။'ဟုတ်ကဲ့ ကျွန်မ မမေ့ပါဘူး'

ငွေခင်သည် ရှေ့ရေးနောက်ရေးများကို တွေးပြီး ဆွေးလျက်ရှိလေသည်။ သူ၏ စိတ်များသည် လွင့်ချင်တိုင်းလွင့်လျက်ရှိသဖြင့် ရန်ရှင်း မေးသော မေးခွန်းများကို အတော် ကြိုးစားပြီး ဖြေရရှာလေသည်။ ရန်ရှင်းလည်း ရှုမဝနိုင်သော သူ့ဇနီးသည်၏ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို အပြန်အလှန်ကြည့်ပြီး အတော်သဘောကျလျက်ရှိသဖြင့် မိမိ၏ ဒုက္ခများကိုပင် ခေတ္တမျှ မေ့လျက်ရှိပေ၏။

ရန်ရှင်း။ ။'ဒီအမှုသာမဖြစ်ရင် ဦးပဥ္စင်းက တို့နှစ်ယောက်ကို တန်ခူးလထဲမှာ ရွှေစက်တော်ကိုပို့မလို့၊ ဟိုနေ့ညက ကျောင်းကို ခေါ်ပြီး ငါ့ကို အဲဒီအကြောင်းပြောနေတာ'

ငွေခင်။ ။'ဟုတ်ကဲ့'

http://nyisay.com



ရန်ရှင်း။ ။'မင်း ရွှေစက်တော်ကို ရောက်ဖူးသလား'

ငွေခင်သည် ရန်ရှင်းကို ခေါင်းမော့ကြည့်ပြီးလျှင် ဘာစကားမျှ မပြောနိုင်ဘဲ ခေါင်းခါပြပြီး ခေါင်းငုံ့သွားလေ၏။ မိမိ၏ ရှုမငြီးမှာ စိတ်ဒုက္ခ ရောက်နေသဖြင့် စကားပြောရန် ဆန္ဒမရှိကြောင်းကို သိသဖြင့် ရန်ရှင်း လည်း ငွေခင်ကဲ့သို့ သင်္ဘောကြမ်းကို စိုက်ကြည့်ကာ စကားမပြောဘဲနေ လေ၏။ များမကြာမီ ငိုရလွန်း၍ မို့နေသော မျက်ခွံများ၏ အကြိုအကြားမှ မျက်ရည်များသည် ဝိုင်း၍လာလေ၏။ ဝိုင်းရာမှတစ်ဖန် မျက်ရည်များ သည် ဥ၍လာပြီးလျှင် ကြမ်းပေါ်သို့ တပေါက်ပေါက်နှင့် ကျနေလေ၏။ ရန်ရှင်းသည် ထိုမျက်ရည်များကို မြင်ရသောအခါ များစွာ မချိဘဲဖြစ်နေ၏။ ငွေခင်လည်း မျက်ရည်များထပ်၍ မထွက်အောင် အတော်ပင် ကြိုးစား၍ ဆယ်လျက်ရှိလေသည်။ ရန်ရှင်းလည်း ဘာမျှ မကြံတတ်ဘဲ သက်မကိုသာ တွင်တွင်ကြီးချနေလေ၏။ သို့နှင့်ပင် အချိန်များ တစ်စတစ်စကုန်လာရာ သင်္ဘောလည်း မြောင်းမြဆိပ်ကမ်းသို့ ကပ်မိလေ၏။ ဒေါ်တုတ်သည် ငွေ အကြွေ ၁၀ ကျပ်ကို ရန်ရှင်းသို့ လှမ်းပေးလိုက်ရာ ကျွမ်းကျင်ပြီးသော လက်ကောက်အကျဉ်းသမားသည် ရန်ရှင်းလက်ထဲမှ ငွေတစ်ကျပ်ကိုယူ၍ သူတို့ကိုလိုက်ပို့သော စစ်ပုလိပ် ဂျမဒါ၏လက်ထဲသို့ ထည့်လိုက်ရာ ဂျမဒါ လည်း ကျေနပ်သောအမူအရာဖြင့် ပြုံး၍ နေလေ၏။

ရန်ရှင်း။ ။'ကဲကွယ်၊ ငိုမနေပါနဲ့၊ ဒီလိုပေါ့၊ လူဖြစ်လာရင် ဒုက္ခ ဆိုတာ တစ်မျိုးမျိုးတော့ တွေ့ကြရတာပဲ၊ စိတ်ကိုဖြေမှပေါ့'

သခင်တေ။ ။'ဒီနေ့ပဲ ရှေ့နေတစ်ယောက်နဲ့ ငါ သွားတွေ့ပြီး အယူခံဖို့ အားလုံးစီစဉ်မယ်၊ မြောင်းမြက အစည်းအရုံးကိုလဲ ငါ သွား အကြောင်းကြားမယ်'

ရန်ရှင်း။ ။'တင်ပါ့'

ဘက်သို့ လှည့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဘာယာကို လက်အုပ်ချီလျက်ရှိလေသည်။ ဘာယာသည် ဤကဲ့သို့ လက်အုပ်ချီခြင်းမျိုးကို တွေ့ခဲ့ဖူးပေါင်း များလှလေပြီ။ ၎င်းတို့သည် ထောင်ထဲတွင် ဆေးတစ်လိပ်လောက်မှ တန်ဖိုးမရှိသဖြင့် ဘာယာသည် လက်အုပ်ချီရုံနှင့် မကျေနပ်နိုင်ပေ။ သို့ရာတွင် ပထမကုလားကို ဒေါသအကုန်ထွက်၍ ရိုက်လိုက်သည်က တစ်ကြောင်း၊ ဒုတိယနှင့် တတိယ ကုလားများမှာလည်း အမြင်ကိုယ်တိုင်ကပင် အလွန်စုတ်ပြတ်နေသဖြင့် ဘယ်နည်းနှင့်မျှ ပိုက်ဆံမထွက်နိုင်ဘူးဟူ၍ ယုံကြည်သည်ကတစ်ကြောင်းတို့ကြောင့် ၎င်းတို့ကို ပထမကုလားကဲ့သို့ ပြင်းပြင်းထန်ထန် မရိုက်တော့ချေ။ နောင်ကြဉ်ရုံသဘောမျိုးဖြင့် တစ်ယောက်ကို နံပါတ်တုတ်နှင့် သုံးချက်စီလောက်ထိုး၊ ခြေနှင့် သုံးလေးချက်စီလောက်သာ ကန်လိုက်လေတော့သည်။

အကျဉ်းသမားတွေက ၁၀ ယောက် ဘာယာက တစ်ယောက်တည်းရှိသည်။ သို့ကြောင့် ခံချလျှင် မနိုင်ပေဘူးလားဟု မေးစရာရှိလေသည်။ ဘာယာသည် ထောင်ထဲတွင် သာမညမဟုတ်ပေ။ နံပါတ်တုတ်တစ်ချောင်းနှင့် ဦးထုပ်တစ်လုံးကို ထောင်ပိုင်သခင်ကြီးဘုရားက အပိုင်စားပေးသနားခြင်းခံရသောသူတစ်ဦး ဖြစ်လေသည်။ နံပါတ်တုတ်မှာ ထောင်ဥပဒေ ကျူးလွန်သူများကို ထောင်အရာရှိများဘက်မှနေ၍ ဆုံးမနှိပ်ကွပ်ရာ၌ အသုံးပြုပေးရန်ထားသည်ဖြစ်သော်လည်း ထိုကိစ္စအတွက် တစ်ကြိမ်သုံးလျှင် မတရားကိစ္စအတွက်က ဆယ်ကြိမ်လောက် သုံးလျက်ရှိလေသည်။ ထိုစကား မှန်သည့်အကြောင်းကို ယခုပင် သူကိုယ်တိုင် သက်သေခံလျက် ရှိလေပြီ။ ဦးထုပ်ကလည်း မခေလှပေ။ ထိုဦးထုပ်ရသူသည် ထောင်ထဲတွင် သွားချင်သည့်နေရာကို သွားနိုင်သည်။ အလုပ် ပင်ပင်ပန်းပန်း မလုပ်ရ၊ အလုပ်လုပ်သော အကျဉ်းသားများအပေါ်တွင် အခန့်သား ကြည့်ရှုထိန်းသိမ်းရလေသည်။

http://nyisay.com



ရန်ရှင်းသည် မတ်တတ် ထရမည် မှတ်၍ ထလိုက်ရာ သူ့အနီးရှိ အဖော် အကျဉ်းသမားက ဆွဲပြီး အထိုင်ခိုင်းလိုက်မှ ထိုင်သွားလေသည်။

အကျဉ်းသမားကို လိုက်ပို့သောပုလိပ်လည်း ထောင်မှူးကို ရိုသေစွာ ဆလံပေးပြီး အကျဉ်းသမားတို့၏ ထောင်ဝရမ်းများကို ထောင်မှူးသို့ လှမ်းပေးလိုက်လေသည်။

ပုထုဇဉ်တို့၏စိတ်သည် ဝမ်းသာစရာကိုတွေ့လျှင် ဝမ်းသာ၍ ဝမ်းနည်းစရာကိုတွေ့လျှင်ဝမ်းနည်း၏။ သို့ရာတွင် ရန်ရှင်းတို့ကို လက်ခံမည့် ထောင်မှူးသည် ပုထုဇဉ်တို့၏ အပြင်ဘက်က ပုဂ္ဂိုလ်တစ်ဦးဖြစ်ဟန် လက္ခဏာရှိလေသည်။ အဘယ်ကြောင့်ဆိုသော် မိမိရှေ့တွင် သားတကွဲ မယားတကွဲ၊ ဆွေတကွဲ မျိုးတကွဲ ဖြစ်ပြီး ထောင်ကျလာသော ဒုက္ခိတလေးတစ်ဦး၏ သနားစရာကောင်းသည့် အဖြစ်အပျက်တို့သည် ထိုထောင်မှူး၏စိတ်ကို တစ်ဆံချည်မျှ လှုပ်ရှားအောင် မလုပ်နိုင်သောကြောင့် ဖြစ်လေသည်။

ထိုထောင်မှူး၏ အယူအဆအတိုင်းဆိုလျှင် အကျဉ်းသမားများသည် ဥပဒေကျူးလွန်သောသူများ ဖြစ်ကြသည်။ ထိုသူများကို သနားစရာမရှိ၊ လူ့လောကကြီး၏ ရန်ဆူးခလုတ်များဖြစ်သဖြင့် သူတို့ကို သုတ်သင်ရှင်းလင်းခြင်းသည် ကုသိုလ်ရသောအလုပ်ဟူ၍လည်းကောင်း၊ ဂုဏ်ရှိသော အလုပ်ဟူ၍လည်းကောင်း သူ့သခင် ဓနရှင်အစိုးရက ယုံကြည်စေချင်သည့် အတိုင်း တစ်သဝေမတိမ်း ယုံကြည်လျက်ရှိလေသည်။

ထို 'လူဆိုး သူခိုးဓားပြ'များသည် အဘယ်ကြောင့် ဥပဒေကို ကျူးလွန်ကြရသည် အစရှိသည့် အကြောင်းရင်းများကိုကား ထိုထောင်မှူးသည် တွေးမိဟန်မတူချေ။

'လူဆိုး သူခိုးဓားပြ'များ ဖြစ်ရသည်မှာ ငှက်ပျောသီး အခွံနွာစားရသလောက် လွယ်ကူလှသည် မဟုတ်ပေ။ 'ဆိုးပြီး ခိုးပြီး တိုက်ပြီး'မှ တွေ့ရ

http://nyisay.com



သည့် ဘေးဒုက္ခများကို ထားလိုက်ဦးတော့၊ 'ဆိုးတုန်း ခိုးတုန်း တိုက်တုန်း' တွင် တွေ့ကြရသော ဒုက္ခများပင် သေးလှသည် မဟုတ်ပေ။ ဥပမာ-သူခိုး တစ်ယောက်အကြောင်းကို စဉ်းစားကြဦးစို့။ မခိုးမီကပင် ပစ္စည်းရှိ မရှိ စနည်းနာရန် လှုံ့လထုတ်ရ၏။ ရှိသည်ဟု သိပြန်ပါကလည်း ပစ္စည်းကို ဘယ်နေရာမှာ ထားသနည်းဟု စနည်းနာရပြန်၏။ သွားခိုးရပြန်သောအခါ ၌လည်း မလွယ်ကူချေ။ အိမ်သားတွေ အိပ်မောကျမှ ခိုး၍ဖြစ်သဖြင့် အလွန် အိပ်၍ကောင်းသည့်အချိန်တွင် ခိုးရမည့်သူသည် မအိပ်နိုင်ရှာပေ။ လူမမြင် အောင် လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားကို ဖြတ်၍သွားရသဖြင့် မြွေဘေး၊ ကင်းဘေး၊ ဆူးငြောင့်ခလုတ် စသည်တို့နှင့်လည်း တွေ့တတ်ချေ သေး၏။ တစ်ယောက်ယောက်က မှောင်ရိပ်မှ ချောင်းပြီး လှံနှင့် ထိုး၊ ဓားနှင့် ခုတ်ပြန်လျှင်လည်း မရှုမလှ ခံရတတ်သေး၏။ ထိုအတောအတွင်း ဘာများ ဖြစ်မလဲဟု တထိတ်ထိတ်တလန့်လန့် ဖြစ်နေရသည့် စိတ်ဆင်းရဲခြင်းမှာ လည်း မည်မျှလောက်ကြီးမည်ကို တွေး၍သာကြည့်နိုင်၏။ ထိုနည်းတူစွာပင် ဓားပြများလည်း အသက်ဆံဖျားထား၍ သွားလာ တိုက်ခိုက်ကြရလေသည်။

ဒီလောက် ဒုက္ခများလျှင် ဘာ့ကြောင့်ခိုးရသနည်း။ ဘာ့ကြောင့် တိုက်ရသနည်း။ ဘယ်သူက အခိုးခိုင်း၊ အတိုက်ခိုင်းသနည်း အစရှိသည့် မေးခွန်းများကို မေးမြန်းနိုင်လေသည်။

ခိုးရ တိုက်ရသည်မှာ ဝါသနာပါလှလွန်း၍ မဟုတ်ပေ။ ဗေဒင် နက္ခတ် ယုံကြည်ကြသူများကမူကား သူခိုး ဓားပြ ဇာတာပါလာ၍ သူခိုး ဓားပြ ဖြစ်ကြရသည်ဟု ဆိုကောင်း ဆိုကြပေလိမ့်မည်။ ဤစကားကို မငြင်းလိုသော်လည်း ယခု လောကကြီးတွင် သူခိုး ဓားပြဖြစ်နေသော လူတိုင်း၊ သူခိုး ဓားပြ ဇာတာ ပါလာသည် ဆိုသော စွပ်စွဲချက်ကိုကား မည်သည့် နည်းနှင့်မျှ လက်မခံနိုင်ချေ။

http://nyisay.com



များစွာသော သူခိုး ဓားပြတို့သည် မခိုးချင် မတိုက်ချင်ကြပေ။ ချောင်ချိသက်သာစွာ စားသောက်ရသော ထမင်းလုတ်ကို တွေ့နေလျှင် မည်သူသည် ဓားကြား၊ လံကြား၊ သေနတ်ကြားမှ ထမင်းလုတ်ကို နှိုက်၍ စားချင်လိမ့်မည်နည်း။ ထိုထမင်းကို နှိုက်၍ စားမိပြန်သော်လည်း အပင်းသွင်းရသလို ဖြစ်ပြီး ကိုရွှေပုလိပ်တည်း ဟူသော ပယောဂဆရာတို့၏ ဆေးနံပါတ်တုတ်၊ ငရုတ်သီးမျက်စဉ်း၊ ဖနောင့်ကြမ်းတို့နှင့် တိုက်သောအခါ အကုန်ပြန်အန်ရရှာလေသည်။ အန်ရုံနှင့် မပြီးသေး။ သားတကွဲ မယားတကွဲ ဖြစ်ပြီး ထောင်သွင်းအကျဉ်းချထားခြင်း ခံရလေသေးသည်။ ထိုကဲ့သို့ ထမင်းလုတ်မျိုးကို မည်သူသည် စားချင်ပါလိမ့်မည်နည်း။ စားစရာလည်း မရှိ၊ အငတ်လည်း မနေနိုင်။ မိမိကိုယ်တိုင်က အငတ်ခံနိုင်ပြန်သော်လည်း မိမိ၏ ရင်သွေးကလေးများ ငတ်နေကြသည်ကို ဘယ်နည်းနှင့်မျှ မကြည့်နိုင်သော သူများသာလျှင် 'နောင်ခါလာ နောင်ခါစျေးပဲကွာ' ဟု ဖွတ်မှိတ်ကာ ခိုးရ တိုက်ရသည် မဟုတ်ပါလော။

ဒီလိုဆိုလျှင် သူများတကာလို ဘာဖြစ်လို့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်မစားသလဲ ဟု စောဒကတက်စရာရှိသေး၏။ အလုပ်လုပ်လိုပါသည်။ ဘယ်မှာလဲအလုပ်ဟု ပြန်မေးလျှင် စောဒကတက်သူသည် မည်ကဲ့သို့ ဖြေမည်နည်း။ တိုင်းပြည်တွင် ရှိသမျှအလုပ်ကြီးအကိုင်ကြီးတွေသည် ဓနရှင်တစ်စု၏ လက်တွင်းသို့ သက်ဆင်းကုန်ကြပြီ မဟုတ်ပါလော။

ကျန်ရှိသည့် အလုပ်အကိုင်ကလေးများကလည်း လူလတ်တန်းစားတို့၏ လက်ထဲတွင် ရှိလေရာ များစွာသော လူထုကြီးသည် ငတ်ငတ်ပြတ်ပြတ် မဖြစ်လျှင် ဘယ်သူသည် ငတ်ငတ်ပြတ်ပြတ် ဖြစ်ပါတော့အံ့နည်း။

ချမ်းချမ်းသာသာ ဝဝလင်လင် စားသောက်နေထိုင်လျက်ရှိသော လူချမ်းသာ၊ ဘုရားဒကာ၊ ကျောင်းဒကာများသည်ပင်လျှင် မိမိတို့၏

http://nyisay.com



လုပ်သားကိုင်သားများထံမှ ညဏ်နီညဏ်နက် အမျိုးမျိုး၊ ဥပဒေအမျိုးမျိုး တို့နှင့် အေးအေးပြတိုက်ယူနေကြပါသေးလျှင် ဝတ်ပြတ်နေသော ပစ္စည်းမဲ့ လူမွဲများသည် အဘယ်မှာလျှင် မခိုး မတိုက်ဘဲ နေနိုင်ပါတော့အံ့နည်း။

ထိုကြောင့် လူထုကြီး၏ ထမင်းအိုးသည် လူနည်းစု၏ လက်တွင်းသို့ သက်ဆင်းစေအောင် ဖန်တီးထားသော ဓနရှင် စီးပွားရေးစနစ်ကြီးကို ဖြို ဖျက်၍ ၎င်းနေရာတွင် လူတိုင်း၏ လက်တွင်းသို့ သူတို့၏ ထမင်းအိုးများ ပြန်ရောက်သည့် စီးပွားရေးစနစ်ကို မထူထောင်နိုင်သရွေ့ ကာလပတ်လုံး ခိုးမှု တိုက်မှုတို့သည် ဤလူ့လောကကြီးတွင် အမြစ်တွယ်နေမည်မှာ ဓမ္မတာပင် ဖြစ်တော့၏။

သို့ရာတွင် ဤအချက်ကို ကိုရွှေထောင်မှူးသည် အံနည်းငယ်မျှ မစဉ်းစားမိချေ။

'ဟေ့၊ ဒီကောင်တွေ၊ ဘယ်ကကောင်တွေလဲ' ဟု ထောင်မှူးသည် အကျဉ်းသမားတို့၏ ထောင်ဝရမ်းများကို ကြည့်ရှုရင်း မေးလိုက်လေသည်။ ရန်ရှင်းသည် လူချင်းအတူတူ နင်ပဲငဆ ရိုင်းပျစွာပြောခြင်းကို အလွန်စက်ဆုပ် ခဲ့လေသည်။ သပိတ်တားသည့်နေ့က သူဌေးကလေးစိန်ဦးက ရိုင်းပျစွာ 'မင်း ငါ' ပြောသဖြင့် အတော်စိတ်ဆိုးခဲ့ဖူးလေပြီ။ ယခု ထောင်ထဲတွင်လည်း မိမိနှင့်ရွယ်တူလောက်ရှိသော ထောင်မှူးလို လူစားက 'ဒီကောင်တွေ' ဟု ခေါ်လိုက်သောအခါ အတော်အခံရခက်လေသည်။ သူနှင့်ရွယ်တူ ဖြစ်သော ကြောင့် သူ့ကို 'ဒီကောင်'ဟု ခေါ်ချင်လျှင် ခေါ်စေဦးတော့ သူနှင့် အတူတူ ပါလာသော အကျဉ်းသမားများမှာ ထောင်မှူးထက် သိသိသာသာကြီး အသက်ကြီးသောသူများ ဖြစ်ကြလေသည်။ ထောင်ပုံစံကို မသိရှိသေးသော ရန်ရှင်းသည် ထောင်းခနဲ ဒေါသထွက်မိ၏။ ၎င်းနောက်မှ 'ထောင်ဆိုတာ ဒီလိုပဲ ထင်ပါရဲ့'ဟု ထောင်၏ ပထမသင်ခန်းစာကို ငြိမ်သက်စွာ မှတ်လျက်ရှိလေ၏။

http://nyisay.com



'ကျွန်တော်တို့ ဝါးခယ်မနယ်ကပါ သခင်' ဟု ပထမအကျဉ်းသား သည် ထောင်မှူး၏ မေးခွန်းကို ပြန်ဖြေလေ၏။ ထောင်ထဲတွင် ထောင်မှူး ကို 'သခင်' ဟု ခေါ်ရသည့်အကြောင်းကို ဒုတိယသင်ခန်းစာအဖြစ်ဖြင့် ရန်ရှင်း မှတ်ထားလိုက်ပြန်လေ၏။

ငွေ ၁၀ ကျပ်၏ မျက်နှာနှင့် လက်ကောက် လေးဦးတို့၏ အကူအညီ ဖြင့် ရန်ရှင်းသည် ပထမ ထောင်စာမေးပွဲကို အထစ်အငေါ့ မရှိဘဲ ချောချောမောမော အောင်မြင်သွားလေသည်။

မြောင်းမြထောင်သို့ ရန်ရှင်းရောက်သောနေ့သည် သောကြာနေ့ ဖြစ်လေရာ ပုသိမ်ထောင်သို့ ပို့ရန်အတွက် မြောင်းမြထောင်တွင် ခုနစ်ရက် လောက် စောင့်ရဦးမည် ဖြစ်၏။ အဖော် လက်ကောက် လေးဦးလည်း ရန်ရှင်း၏ အဖြစ်အပျက်ကို ရန်ရှင်းကိုယ်တိုင်ထံမှမက တစ်ဆင့်စကား တစ်ဆင့်လည်း ကြားပြီးဖြစ်သဖြင့် နိုင်ငံရေးနှင့် ပတ်သက်ပြီး မတရား အညှဉ်းဆဲခံရသော အမှုမှန်း ကောင်းစွာ သိရှိရကား အထူးဂရုစိုက်ကြလေ ၏။ သူတို့ကလည်း ပုသိမ်ထောင်သည် နာမည်အလွန်ကြီးသောကြောင့် ရန်ရှင်းသည် ထိုထောင်သို့ရောက်လျှင် အညှဉ်းဆဲခံရမည်ကို တွေး၍ပူပန် လျက်ရှိကြ၏။ ထိုကြောင့် ထိုမိတ်ဆွေတို့၏ တိုက်တွန်းချက်အရ ရန်ရှင်း သည် လည်ချောင်းထဲတွင် ငွေသွင်းကျင့်ရရှာလေ၏။

လူတို့သည် အလိုရှိလာလျှင် ထိုအလိုပြည့်ဝမှုအတွက် တစ်ခုခုကို ကြံကြရလေသည်။ 'လိုလျှင်ကြံဆ နည်းလမ်းရ' ဟူသော စကားအတိုင်း ထိုအလိုပြည့်ဝမှုအတွက် နည်းလမ်းတစ်ခုခုသည် ပေါ်ပေါက်လာရပေ သည်။ အရေးကြီးသောငွေကို ထောင်ထဲသို့ ဝှက်၍သွင်းရန်အတွက် ရန်ရှင်း သည် ခဲလုံးကလေးတစ်လုံးကို လက်ချောက်သစ်လောက်ရှိသော ကြိုးကလေး မှာချည်၍ ကြိုးစကို လက်က ကိုင်ထားပြီးလျှင် ခဲလုံးကို လည်ချောင်းထဲသို့

http://nyisay.com



ပစ်သွင်းလိုက်ရသည်။ ၎င်းနောက် တစ်ဖက်သို့ စောင်း၍ လှဲနေရလေသည်။ ထိုသို့ လှဲနေသည့်အတွင်း အသက်ပြင်းပြင်း မရှူရပေ။ အသက်ပြင်းပြင်းရှူလိုက်သည်နှင့် တစ်ပြိုင်နက် ခဲလုံးသည် အပေါ်သို့ ပြန်တက်လာလေသည်။

ခဲလုံးသည် လည်ချောင်းထဲသို့ ရောက်သွားသောအခါ လည်ချောင်းထဲမှ ယားကျိကျိနေသဖြင့် ရန်ရှင်းသည် အတော် အနေရခက်နေလေ၏။ တစ်ခါနှစ်ခါပင် ခဲလုံးကို ထွေးထုတ်လိုက်ပါတော့မည်ဟု ကြံစည်မိသေး၏။ ဘေးကကြည့်နေသော အဖော်များက အတော် အားပေးနေရလေသည်။ ၁၅ မိနစ်လောက်ကြာသောအခါ အနည်းငယ် အယားသက်သာသွားပြီ ဖြစ်သော်လည်း ခဲလုံး စသွင်းကတည်းက တများများနှင့် ကျနေသော သွားရည်တို့သည် အတိတ်မရပ်ကြသေးပေ။ တစ်နာရီလောက်ကြာသောအခါ လည်ချောင်းထဲမှ ဖောက်ခနဲ မည်သောအသံကို ရန်ရှင်းကြားရလေသည်။ ထိုအသံသည်ကား အခြားမဟုတ်၊ ပိုက်ဆံသွင်းရန်အတွက် လည်ချောင်းအတွင်းရှိ ပိုက်ဆံအိတ်၏ အပေါက်ဝ ပေါက်သွားသော အထိမ်းအမှတ်တစ်ခုပင် ဖြစ်လေသည်။

□□

# အခန်း ၈

ပုသိမ်ထောင်သို့ပို့သော ရန်ရှင်းတို့လူစုထဲတွင် ဘုန်းကြီးတစ်ပါး၊ ကုလား သုံးယောက် နှင့် ဗမာ ခြောက်ယောက် ပါလေသည်။ ဘုန်းကြီးမှာ အခြား ဘုန်းကြီးတစ်ပါး၏ ကျောင်းပေါ်သို့ ဓားကိုင်၍ တက်မိသဖြင့် ပိုင်နက်ကျူး လွန်မှုဖြင့် ထောင် ခြောက်လ ကျလာလေသည်။ အခြားအကျဉ်းသမား များထဲတွင် ခိုးမှု၊ တိုက်မှု၊ ရိုက်မှု အစရှိသဖြင့် မှန်သည့်အမှုရော၊ မမှန် သည့်အမှုပါ ရောပြွမ်းနေလေ၏။

ဤအခေါက်တွင် ငွေခင်တို့လူစု လိုက်မလာချေ။ ပုသိမ်တွင် အသိ မိတ်ဆွေမရှိသည့်အတွက် တည်းခိုရန် ခက်ခဲမည်ဖြစ်သောကြောင့် ရန်ရှင်း ကပင် အတင်း ပြန်လွှတ်လိုက်သဖြင့် ရွာသို့ ပြန်သွားရရှာလေသည်။

ပုသိမ်ဆိပ်ကမ်းသို့ သင်္ဘောကပ်သည်နှင့် တစ်ပြိုင်နက် အသိ မိတ်ဆွေကို လာရောက်ကြိုဆိုနေသူများ၊ ကူလီများနှင့် သင်္ဘောကုလား တို့၏ အော်သံ ဟစ်သံတို့ဖြင့် သင်္ဘောဆိပ်တစ်ခုလုံး ဆူညံနေတော့၏။ ၎င်းဆူညံနေသည့်အထဲမှ အကျဉ်းသား ၁၀ ယောက်၏ သံခြေကျင်းများ၊ တချွင်ချွင်မည်နေသော အသံတို့သည် ပေါ်ထွက်၍လာလေသည်။ ၎င်း တို့ကို အသင့်စောင့်နေသော အချုပ်ကား (ဝါ) အကျဉ်းသမားတင် မော်တော်ကားကြီးနှင့် ထောင်သို့ သယ်ယူသွားလေ၏။

http://nyisay.com



ဘူးထဲတွင် လူသစ်များကို ပုလိပ်လက်ထဲမှ လက်ခံသော ထောင်မှူးသည် အကျဉ်းသမား၏ ထောင်ဝရမ်းကို တစ်ခုစီ ကြည့်ပြီး စစ်ဆေးလျက်ရှိလေသည်။

ထောင်မှူး။ ။'ဇမောင်'

အကျဉ်းသမား ဇမောင်သည် ထောင့်ပုံစံအတိုင်း ဆောင့်ကြောင့်ထိုင်နေရာမှ မတ်တတ်ရပ်ပြရလေသည်။

ထောင်မှူး။ ။'အဖေနာမည် ဘယ်သူလဲ'

ဇမောင်။ ။'ကိုပန်းမြိုင်'

ထောင်မှူး။ ။'အမေနာမည် ဘယ်သူလဲ'

ဇမောင်။ ။'မမြစ်. . . '

ထောင်မှူး။ ။'အသက်ဘယ်လောက်ရှိသလဲ'

ဇမောင်။ ။'၃၂ နှစ်'

ထောင်မှူး။ ။'မိန်းမရှိသလား'

ဇမောင်။ ။'ရှိပါတယ်'

ထောင်မှူး။ ။'မိန်းမနာမည် ဘယ်သူလဲ'

ဇမောင်။ ။'မစိန်. . . . '

ထောင်မှူး။ ။'ဘယ်မှာနေသလဲ'

ဇမောင်။ ။'တောင်ငူ'

ထောင်မှူး။ ။'နောက်ကအပြစ်ရှိဖူးသလား'

ဇမောင်။ ။'မရှိဖူးပါဘူး'

ထောင်မှူး။ ။'အယူခံဦးမလား'

ဇမောင်။ ။'ဟုတ်ကဲ့'

http://nyisay.com



ဤနည်းအတိုင်း အကျဉ်းသားအားလုံးကို သူတို့၏ ထောင်ဝရမ်းကို ကြည့်၍ စစ်ဆေးပြီးနောက် ထိုထောင်မှူး၏ ဘာယာသည် လူသစ်များကို ထောင်ထဲသို့ ခေါ်သွင်းသွားလေသည်။ ရန်ရှင်းလည်း ရင်ထဲတွင် တထိတ် ထိတ်ဖြစ်လျက် လိုက်ပါသွားလေရာ ထောင်၏ လူရှင်းသောတစ်နေရာသို့ ရောက်သွားလေသည်။ ထိုအခါ ဘာယာဆိုသူကပင် 'ဟော့ ပိုက်ဆံပါတဲ့ အကောင်တွေ ဒီဘက်လာစမ်း' ဟု ပိုက်ဆံပါသည့်လူနှင့် မပါသည့်လူစုကို ခွဲလိုက်လေ၏။ ဘုန်းကြီးကိုမူကား 'ကိုယ်တော် ဟိုမှာပဲထိုင်နေ' ဟု တစ်နေရာကို လက်ထဲက နံပါတ်တုတ်နှင့် ထိုးပြလေသည်။ အကျဉ်းသား အချို့တို့သည် ပိုက်ဆံမပေးဘဲ 'အချောင်' နေ၍ရလျှင် နေမည်ဟု အကောက်ကြံလျက်ရှိရာ ထိုဘာယာ၏ မျက်နှာပေါက်နှင့် တမားမားဖြစ် နေသော သူ၏ နံပါတ်တုတ်ကြီးကို မြင်ပြီးကတည်းက ထိုအကောက်ကြံ လိုသော စိတ်တို့သည် လွင့်ပြေးကြကုန်၏။ ထို့ကြောင့် ကုလားသုံးယောက် မှတစ်ပါး ရန်ရှင်းမှ အစပြု၍ အကျဉ်းသား ခြောက်ယောက်စလုံးသည် ပိုက်ဆံပါသောလူများဘက်သို့ ရွှေ့၍သွားလိုက်ကြလေသည်။ ဘာယာ လည်း မိမိနှင့် အနီးဆုံးရှိသည့် ကုလားဘက်သို့ လှမ်း၍ 'ဟော့ကောင်တွေ မင်းတို့ အပြင်ဘက်က ယူမလာဘူးဆိုရင် တို့ဒီအထဲမှာ ဘာနဲ့စားမလဲ၊ ဟင် မသိဘူးလား၊ ခွေးမသား စူဝက်' ဟု ဆိုပြီး နားအုံဆီသို့ လက်ဝါးနှင့် လှမ်းရိုက်ရာ ဒဏ်ရာကလည်း ခပ်ပြင်းပြင်း၊ ကုလားကလည်း အမူခပ်များ များ ဖြစ်နေသဖြင့် တစ်ချက်တည်းနှင့်ပင် ပုံလျက်ကျသွားလေ၏။ ဘယ် လောက် ရိုက်လျှင် ဘယ်လိုဖြစ်နိုင်သည်ဟူ၍ သူ့လက်၏ အကြောင်းကို ကောင်းစွာ သိပြီးသားဖြစ်သော ဘာယာသည် ဤမျှလောက်ရိုက်ရုံနှင့် ပုံလျက်မကျနိုင်ဟု ကောင်းစွာ သိပြီး ဖြစ်သောကြောင့် အပေါ်မှစီး၍ ဖနောင့်နှင့် လေးငါးချက် ပေါက်ပြန်လေ၏။ ကျန်သော ကုလားနှစ်ယောက်

http://nyisay.com



ဘက်သို့ လှည့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဘာယာကို လက်အုပ်ချီလျက်ရှိလေသည်။ ဘာယာသည် ဤကဲ့သို့ လက်အုပ်ချီခြင်းမျိုးကို တွေ့ခဲ့ဖူးပေါင်း များလှလေပြီ။ ၎င်းတို့သည် ထောင်ထဲတွင် ဆေးတစ်လိပ်လောက်မှ တန်ဖိုးမရှိသဖြင့် ဘာယာသည် လက်အုပ်ချီရုံနှင့် မကျေနပ်နိုင်ပေ။ သို့ရာတွင် ပထမကုလားကို ဒေါသအကုန်ထွက်၍ ရိုက်လိုက်သည်က တစ်ကြောင်း၊ ဒုတိယနှင့် တတိယ ကုလားများမှာလည်း အမြင်ကိုယ်တိုင်ကပင် အလွန်စုတ်ပြတ်နေသဖြင့် ဘယ်နည်းနှင့်မျှ ပိုက်ဆံမထွက်နိုင်ဘူးဟူ၍ ယုံကြည်သည်ကတစ်ကြောင်းတို့ကြောင့် ၎င်းတို့ကို ပထမကုလားကဲ့သို့ ပြင်းပြင်းထန်ထန် မရိုက်တော့ချေ။ နောင်ကြဉ်ရုံသဘောမျိုးဖြင့် တစ်ယောက်ကို နံပါတ်တုတ်နှင့် သုံးချက်စီလောက်ထိုး၊ ခြေနှင့် သုံးလေးချက်စီလောက်သာ ကန်လိုက်လေတော့သည်။

အကျဉ်းသမားတွေက ၁၀ ယောက် ဘာယာက တစ်ယောက်တည်းရှိသည်။ သို့ကြောင့် ခံချလျှင် မနိုင်ပေဘူးလားဟု မေးစရာရှိလေသည်။ ဘာယာသည် ထောင်ထဲတွင် သာမညမဟုတ်ပေ။ နံပါတ်တုတ်တစ်ချောင်းနှင့် ဦးထုပ်တစ်လုံးကို ထောင်ပိုင်သခင်ကြီးဘုရားက အပိုင်စားပေးသနားခြင်းခံရသောသူတစ်ဦး ဖြစ်လေသည်။ နံပါတ်တုတ်မှာ ထောင်ဥပဒေ ကျူးလွန်သူများကို ထောင်အရာရှိများဘက်မှနေ၍ ဆုံးမနှိပ်ကွပ်ရာ၌ အသုံးပြုပေးရန်ထားသည်ဖြစ်သော်လည်း ထိုကိစ္စအတွက် တစ်ကြိမ်သုံးလျှင် မတရားကိစ္စအတွက်က ဆယ်ကြိမ်လောက် သုံးလျက်ရှိလေသည်။ ထိုစကား မှန်သည့်အကြောင်းကို ယခုပင် သူကိုယ်တိုင် သက်သေခံလျက် ရှိလေပြီ။ ဦးထုပ်ကလည်း မခေလှပေ။ ထိုဦးထုပ်ရသူသည် ထောင်ထဲတွင် သွားချင်သည့်နေရာကို သွားနိုင်သည်။ အလုပ် ပင်ပင်ပန်းပန်း မလုပ်ရ၊ အလုပ်လုပ်သောအကျဉ်းသားများအပေါ်တွင် အခန့်သား ကြည့်ရှုထိန်းသိမ်းရလေသည်။

http://nyisay.com



ထိုမျှမကသေး၊ သာမန်အကျဉ်းသား၊ သို့မဟုတ် ထောင်အခေါ် နှင့် ခေါ် လျှင် ခေါင်းတုံးများသည် ထောင်ထဲတွင် ထောင်ဥပဒေကို တစ်စုံတစ်ရာ မကျူးလွန်လျှင် တစ်လတွင် လျှော့ရက် လေးရက် ရနိုင်သည်ဖြစ်ရာ ဦးထုပ် သမား ထောင်သားမှာမူကား အနည်းဆုံး တစ်ရက်ပို၍ ငါးရက် ရလေ သည်။ ထိုသို့ ဥပဒေအရ ရရှိသော တန်ခိုးများအပြင် ဉာဏ်ရှိတိုင်း အလွဲသုံးစား ပြုနိုင်သော အခြားတန်ခိုးများလည်း ရှိပေသေး၏။ ထိုမျှ တန်ခိုးခြင်းကွာခြား နေသော ဦးထုပ်သမား ဘာယာကို လူသစ်ခေါင်းတုံးများက ခံချဖို့ရာ ထောင် ထဲတွင် သာမညနှင့် မဖြစ်နိုင်ပေ။ တော်တော်သတ္တိကောင်းသော ခေါင်းတုံး များက မတရားလုပ်သည်ကို မခံနိုင်သဖြင့် ခံချတတ်သေး၏။ သို့ရာတွင် ထောင်ဥပဒေ၏ လူခွဲစနစ်ကြီးအရ အင်အား အလွန်တောင့်တင်းလျက်ရှိ သော ဦးထုပ်ဂိုဏ်းသမားတို့နှင့် ၎င်းတို့၏ နောက်လိုက်ခေါင်းတုံးများ၏ ဝိုင်း၍ချခြင်းကို ခံရသဖြင့် ထိုသတ္တိကောင်းသူမှာ မရှုမလှခံရတတ်ချေသည်။

ဘာယာသည် ကုလားအကျဉ်းသားတွေကို နှိပ်စက်နေစဉ် လည် ချောင်းထဲ၌ ပိုက်ဆံထည့်လာသော သူများသည် တစ်မတ်စီ ငါးမူးစီ အန် ထုတ်ပြီးလျှင် အဆင်သင့်ပေးရန် သူတို့၏ လက်တွင် ကိုင်ထားကြလေ သည်။ ဝမ်းထဲတွင် မျိုလာသူတို့ကလည်း နောက်ဖေးသွားပြီးမှ ပေးမည့် အကြောင်းကို ပြောရန် အသင့်ပြင်လျက်ရှိကြသည်။ ရန်ရှင်းတွင် အမှန် စင်စစ် ငွေ ရှစ်ကျပ် ပါလာသည်။ သို့ရာတွင် မြောင်းမြထောင်၎ သူ့အဖော် လက်ကောက်များက အလုံးစုံ သွန်သင်၍ လွှတ်လိုက်သောကြောင့် ဘယ် နေရာတွင် ဘာလုပ်ရန် သိပြီးဖြစ်လေသည်။ သို့အတွက် ငါးမူးစေ့တစ်စေ့ ကိုသာ အန်ထုတ်ပြီး ကိုင်ထားလိုက်လေ၏။

လူသစ် ဘာယာလည်း သူ့'အမဲ'များထံမှ ရသမျှ ပိုက်ဆံများကို ယူ၍ လည်ချောင်းချလိုက်ပြီးလျှင် သူတို့ကို ထောင်ဆေးရုံသို့ ခေါ်ယူသွား

http://nyisay.com



ပြီး ဆေးရုံဘက်ဆိုင်ရာ ဘာယာ၏လက်သို့ အပ်လိုက်လေသည်။ ရန်ရှင်းလည်း အလိုက်သိစွာ ထိုဘာယာ၏လက်ထဲသို့ ပိုက်ဆံ ငါးမူး ထည့်လိုက်၏။ ထိုညအဖို့ ရန်ရှင်းတို့လူစုသည် ကိုယ့် 'ဂန်ဖလား' ကိုယ်ယူ၍ ဆေးရုံဘက်တွင် အိပ်ကြရလေသည်။ ဂန်ဖလားသည် နောက်ဖေးသွားရန် အင်တုံကို ခေါ်သည်။ အိပ်ရန်အတွက် လူ ၉ ယောက်မှ အမွေးစုတ်ဖွားနှင့် စောင်ကြမ်း သုံးထည် ရလေသည်။ ရန်ရှင်းမှာမူကား ပိုက်ဆံ ငါးမူး၏ မျက်နှာကြောင့် ဗိုလ်လသာ ဆေးလိပ်တစ်ပိုင်း၊ အောက်ခင်းရန် ဂုန်အိတ်စုတ်တစ်ထည်၊ ခေါင်းအုံးအိပ်ရန်နှင့် ခြုံရန် စောင်နှစ်ထည် ရရှိလေသည်။ သို့ရာတွင် မိမိနေခဲ့ရသောအနေနှင့် ဆီနှင့် ရေလောက် ကွာခြားလျက်ရှိရကား မိမိအဖြစ်အပျက်ကို ပြန်တွေးပြီး ဟစ်၍ ငိုလိုက်ချင်သလိုလိုဖြစ်လာ၏။ ထိုညတွင် ကြမ်းပိုးကကိုက် ခြင်က ကိုက်သဖြင့် ကောင်းစွာအိပ်မရဘဲ ဟိုတွေး သည်တွေးနှင့် မိုးလင်းလာလေသည်။

နံနက် ရှစ်နာရီလောက်တွင် မိမိတို့ယိုထားသော နောက်ဖေးဂန်ဖလားများကိုယူ၍ ဓာတ်မှန်ဘက်ဆိုင်ရာသို့ သွားပြကြရလေသည်။ ရန်ရှင်းလည်း ပါပြီးသားဖြစ်နေသဖြင့် နောက်ထပ် ငါးမူးစေ့တစ်စေ့ ထုတ်ပြီး ဓာတ်မှန်ကြည့်သည့် ဘာယာ၏လက်ထဲသို့ ထည့်လိုက်ရာ စစ်ဆေးခြင်းမရှိဘဲ အောင်စာရင်းသွင်းလိုက်လေသည်။ သူငယ် ဗမာ အဖော်များအနက်လေးယောက်မှာ ဤသို့ဂင် ပေးနိုင်ကြသဖြင့် ချမ်းသာရာ ရကြလေသည်။ ကုလားသုံးယောက်နှင့် ကျန်သော ဗမာနှစ်ယောက်မှာမူကား တစ်ပြားမှမပေးနိုင်သဖြင့် သူတို့၏မစင်ထဲတွင် ပိုးပါသည်ဟု သူတို့ကို အောင်စာရင်းမသွင်းသေးဘဲ ဆိုင်းထားလေသည်။

ပိုးပါသောသူများမှာ စခါးသောက်ရလေသည်။ ထိုကြောင့် ပိုက်ဆံပါမလာသော ကုလားသုံးယောက်နှင့် ဗမာနှစ်ယောက်ကို စခါးနှစ်ခွက်

http://nyisay.com



စာစီ တိုက်လိုက်ရာ တစ်မနက်လုံး ဝမ်းဒလဟော သွားလျက်ရှိလေသည်။ ထိုအထဲတွင် နံနက်စာကို မကျွေးဘဲထားရာ ခပ်မြော့မြော့ရှိတော့သဖြင့် ခွေ၍ နေကြရလေသည်။ သူတို့၏ နောက်ဖေးကို ဓာတ်မှန်နှင့် ထပ်၍ ကြည့်ပြီး ပိုးပါသေးသည်ဟု စီရင်ချက်ချပြန်လေသည်။ ဆရာဝန်များက လည်း ဘာကိုမျှ ထပ်၍ မကြည့်ဘဲ သူတို့၏ တပည့်များလုပ်ရာကိုသာ ခေါင်းညိတ်လျက်ရှိကြ၏။ ပိုက်ဆံ တစ်မတ်ငါးမူးကို မရသည်နှင့် တစ်ဖက် သားမှာ သေရမလောက် ခံလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ပိုးပါသည် ဟု ဆိုသော လူသစ်များကို နောက်တစ်နေ့နံနက်တွင် 'တိုက်မောင်း'ခေါ် ပိုးဆေးကို ခပ်ပြင်းပြင်းတိုက်လိုက်ရာ ပူလွန်း၍ အကျဉ်းသားများမှာ တစ်နေ့လုံး လူးနေရလေသည်။ ထိုနေ့အဖို့မှာလည်း ပိုးဆေးသောက်ထား သဖြင့် ထမင်းမစားရချေ။ ထိုနောက် လူသစ်များအား တီ-အေ-ဘီ ခေါ် ထိုးဆေးကို လက်မောင်းပေါ်တွင် ထိုးပေးလေသည်။

ဤထိုးဆေးသည် ထောင်နှင့် အလွန်သင့်သောဆေးဖြစ်သည်။ ဤမျှ လူပေါင်းစုံနေသော အရပ်တွင် တိုက်ဖွိုက်၊ ဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါ စသော ကူးစက်တတ်သည့်ရောဂါများကို များစွာကြောက်ရလေသည်။ ထို ရောဂါများကို ကာကွယ်ပေးရန်အတွက် ၎င်းထိုးဆေးသည် အကောင်းဆုံး ဆေးတစ်ခု ဖြစ်လေသည်။ သို့ရာတွင် ၎င်းဆေးကိုထိုးပြီးနောက်တစ်နေ့ တွင် လက်မောင်းရောင်၍ ဖျားသလိုလိုဖြစ်သောကြောင့် အကျဉ်းသမား များတို့သည် ၎င်းဆေးကို အပြစ်ဒဏ်တစ်ခုအနေနှင့် ကြောက်လန့်ကြလေ သည်။ ထိုကြောင့် ပိုက်ဆံငါးမူး၏ မျက်နှာဖြင့် ဆေးထိုးရခါနီးတွင် ဆေးရုံ ဘာယာသည် ရန်ရှင်းကို ဖျောက်၍ ထားလိုက်သည်။

ဤထောင်စာမေးပွဲများကို ပိုက်ဆံမျက်နှာ၏ တန်ခိုးဖြင့် ကောင်းစွာ အောင်မြင်ခဲ့ပြီးနောက် ထောင်ပိုင်ကလေးအား လူသစ်များကို ပြရမည့်

http://nyisay.com



နေ့သို့ ရောက်လေသည်။ အချိန်သည်ကား ညနေ လေးနာရီခန့်ရှိလေပြီ။ ထောင်ပိုင်ကလေးလာချိန် နီးသဖြင့် လူသစ်ရုံးခန်းတစ်ခုလုံးသည် တိတ်လျက်ရှိလေသည်။ အကျဉ်းသမားများသည် မိမိတို့အမှုအတွက် စီရင်ချက်ချခါနီးတွင် ဤအချိန်အခါလောက် ထိတ်လန့် တုန်လှုပ်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထောင်ထဲသို့ ရောက်၍ များမကြာမီ သူတို့ကြားရသော ထောင်ပိုင်ကလေး၏ သတင်းကြောင့်ပင် ဖြစ်လေသည်။

များမကြာမီ ‘ဒေါက် ဒေါက်’ ဟူ၍ တံခါးခေါက်သံ နှစ်ချက်ကြားရ၏။ ထိုတံခါးခေါက်သံသည်ကား ထောင်ပိုင်ကလေးလာပြီဟူသော အချက်ပေးသံဖြစ်လေသည်။ ထောင်ပိုင်ကြီးလာလျှင် သုံးချက်၊ ထောင်ပိုင်ကလေးလာလျှင် နှစ်ချက်၊ ထောင်မှူးကြီးလာလျှင် တစ်ချက် အစရှိသဖြင့် အချက်ပေးရန် ထောင်သားအချင်းချင်း အချိတ်အဆက်လုပ်ထားကြလေသည်။ အကျဉ်းသမားများသည် မည်မျှ တိတ်ဆိတ်၍သွားသနည်းဟုဆိုသော် တစ်စုံတစ်ယောက်က သက်မချလိုက်လျှင် ၎င်းသက်မချသံကို ခပ်လှမ်းလှမ်းမှပင် ကြားနိုင်လောက်ပေသည်။ မည်သူမျှ နားရွက်မခတ်ဝံ့ချေ။

လူသစ်ရုံး၏နံရံတံခါးသည် ပွင့်ပြီးနောက် ထောင်ပိုင်ကလေးသည် ဝင်၍လာလေပြီ။ သူ၏နောက်က နံပါတ်တုတ်ကို ထမ်းလာသော ဦးထုပ်သမား နှစ်ယောက်သည် ကပ်၍ လိုက်လာကြလေသည်။ ထိုသူများမှာ သူ့သက်တော်စောင့်များဖြစ်ကြသည်။ ထောင်ပိုင်ကလေးကို ကြည့်ရသည်မှာ ခပ်ပြုံးပြုံးပင်ရှိသဖြင့် သတင်းကြားရသလောက် မဟုတ်တန်ပေဘူးဟု ထင်စရာရှိ၏။ အပြင်ပြုံးသလောက် အတွင်းကလည်း ပြုံးလျှင်ကား ကောင်းပေစွ။

ထောင်ပိုင်ကလေးသည် လူသစ်များ၏ရှေ့တွင်ရှိသော ကုလားထိုင်တွင် ထိုင်မိလေပြီ။ ကျားနှင့် ပက်ပင်းပါတွေ့သော ယုန်သူငယ်ကဲ့သို့

http://nyisay.com



အကျဉ်းသမားအားလုံးသည် ထောင်ပိုင်ကလေးကိုသာ ကြက်သေ သေ၍ စိုက်ကြည့်နေကြလေသည်။ များမကြာ လူသစ်ထောင်မှူး၏ ဘာယာသည် အကျဉ်းသားများ၏ ထောင်ဝရမ်းများကိုဖတ်၍ ထုံးစံအတိုင်း စိစစ်လျက် ရှိလေသည်။ ပထမအကျဉ်းသား သုံးယောက်သည် ချောချောမောမောနှင့် ပင် 'အောင်'သွားကြလေသည်။ ၎င်းတို့နောက် စတုတ္ထမြောက် အကျဉ်းသား အလှည့်သို့ ရောက်သောအခါ အဖေနာမည် အစရှိသည်တို့ကို ဖြေကြားပြီး 'ဘာမှုလဲ' ဟူသော မေးခွန်းသို့အရောက်တွင် ၃၈၀ ဟု အမှုကို ရိုးရိုး မပြောဘဲ ပုဒ်မကိုသာပြောရာ ထောင်ပိုင်ကလေးသည် ထိုအကျဉ်းသမား ကို ပြုံးပြုံးကလေးကြည့်၍ '၃၈၀ ဟာ မင်းနှမကို မင်း. . . ခဲ့တဲ့ ပုဒ်မလား' ဟု မေးလိုက်လေသည်။

ချက်ဆိုလျှင် နားခွက်က မီးတောက်သော တပည့်ကြီးဘာယာ ချစ်တီးသည် ထောင်ပုံစံပြရန် ထိုအကျဉ်းသမားဆီသို့သွားလိုက်ရာ အကျဉ်းသမားလည်း ဖြုန်းခနဲ သတိရ၍ လက်အုပ်ချီလျက် 'ကျွန်တော် မှားသွားလို့ပါ သခင်ကြီး၊ ချမ်းသာပေးတော်မူပါ' ဟု အလျှောက်ကောင်း သောကြောင့် ထောင်ပိုင်ကလေးကသူ့လူကို ပြန်၍ ခေါ်ထားလိုက်သဖြင့် ထိုအကျဉ်းသားသည် ဒူးကြားမှ သီသီကလေး လွတ်သွားခဲ့လေသည်။

ထိုအကျဉ်းသားအပြီး တတိယမြောက်သောအခါ ဘုန်းကြီးအလှည့် သို့ ရောက်လေသည်။ ထုံးစံအတိုင်း မေးခွန်းများကို အစဉ်လိုက်မေးပြီး နောက် 'ဘာမှုလဲ' ဟူသော မေးခွန်းသို့ ရောက်ပြန်လေသည်။ ဘုန်းကြီး လည်း မိမိ၏အမှုမှာ မတရားသဖြင့်ခံခဲ့ရသောအမှု ဖြစ်သည့်အကြောင်း ကို ဖွင့်ဟပြောဆိုလိုသဖြင့် စကားပလ္လင်ခံသောအနေဖြင့် 'ဒကာကြီးရာ' ဟု စလိုက်လေသည်။ ထောင်ပိုင်ကလေးလည်း သူ၏ လက်မရွံ့အာဏာ သားကို ကြည့်ပြီး 'ချစ်တီးရေ၊ ငါ့ကို ဒကာကြီးတဲ့ကွာ'ဟု ခပ်ပြုံးပြုံးပြော

http://nyisay.com



လိုက်လေ၏။ အလိုက်သိသော ချစ်တီးလည်း ကျားကဲ့သို့ လျင်မြန်ခြင်းဖြင့် ဘုန်းကြီးထံသို့ ခုန်ထွက်သွားလေသည်။ အရိုးခံ ဘုန်းကြီးလည်း ဘာမှားမှန်း မသိ၍ ထောင်ပိုင်ကလေးကို မျက်လုံးပြူးပြီး ကြည့်နေမိလေ၏။ အခြား အကျဉ်းသမားများလည်း ပို၍ တဒိတ်ဒိတ်ဖြစ်လျက် ဘုန်းကြီးဆီသို့လာ နေသော ချစ်တီးကိုသာ စိုက်၍ကြည့်နေကြလေ၏။

ချစ်တီးသည် လက်မရွံ့အာဏာသားပင် ဖြစ်လင့်ကစား သက်န်း၏ အရောင်ကို မြင်လိုက်သောအခါ အနည်းငယ်ရှုန့်၍သွားလေသည်။ ထို့ ကြောင့် သခင့်အာဏာကို မဖယ်ရှားဝံ့၍ လုပ်ရကိုင်ရသော်လည်း အခြား သူများအပေါ် မှာလို စိတ်လိုက်မာန်ပါ မဟုတ်ဘဲ ဘုန်းကြီး၏နားထင်ဆီသို့ ခပ်လျှော့လျှော့ လက်ဝါးနှင့်အုပ်ပြီး ရိုက်လိုက်လေသည်။ အရိုက်အနှက် ကို ကြည့်ရှုလာခဲ့ရသည်မှာ သံမဏိရှည်လှပြီဖြစ်သော ထောင်ပိုင်ကလေး သည် ချစ်တီး လျှော့၍ရိုက်သည်ကို ချက်ချင်းသိလေသည်။ တပည့်ချစ်တီး သည် တခြားအခါများတွင် သခင်၏ သစ္စာတော်ကို စောင့်ထိန်းခဲ့သော် လည်း ယခုမူကား သူတို့၏ဘုန်းကြီးနှင့် တွေ့သဖြင့် သစ္စာဖောက်လေပြီဟု တွေးမိသောကြောင့် ထောင်ပိုင်ကလေးသည် သူ့တပည့်အပေါ်၌ များစွာ ဒေါသထွက်လေသည်။

ထိုကြောင့် ရွှေလှ ခေါ် အခြားသက်တော်စောင့်တစ်ယောက်ဘက် သို့ လှည့်ပြီး၊ 'ရွှေလှရေ၊ ချစ်တီး ထောင်ပုံစံကို မေ့သွားပြီကွ၊ သူ့ကိုပြလိုက် စမ်းပါဦး' ဟု ခပ်ပြုံးပြုံး ပြောလိုက်ရာ ရွှေလှသည် ချစ်တီး၏ ဘယ်ဘက် နားအုံဆီသို့ ဖြတ်၍ ရိုက်လိုက်၏။ ဒဏ်ရာပြင်းလွန်း၍ ချစ်တီးသည် ညာ ဘက်သို့ထိုးဆင်းသွားလေသည်။ သို့ရာတွင် ထောင်ပိုင်ကလေးသည် မကျေနပ် သေး။ 'ထပ်ပြလိုက်ပါဦး' ဟု ဆက်၍ အမိန့်ပေးသဖြင့် ရွှေလှသည် ကုပ်ကို ဆင့်၍ တအားရိုက်လိုက်ရာ ချစ်တီးသည် ဒူးထောက်လျက်သား ကျသွား

http://nyisay.com



လေသည်။ ဤနှစ်ချက်သည် ချစ်တီး၏စိတ်ကို အထူးပြုပြင်ပြောင်းလဲလိုက်သော အချက်ကြီးနှစ်ချက် ဖြစ်လေသည်။ ထိုအချိန်မှစ၍ သနားတတ်ခြင်းသည် ကိုယ့်အကျိုးကိုယုတ်စေမှုပင်ဖြစ်သည်ဟု ချစ်တီးသည် အသည်းစွဲမှတ်လိုက်လေ၏။

ထောင်ပိုင်ကလေး။ ။(လူသစ်ထောင်မှူးဘာယာသို့) 'ဟော့ ပြန်မေးလိုက်စမ်းပါဦး'

ဘုန်းကြီးလည်း အလွန်ကြောက်လွန်းသဖြင့် တုန်လျက်ရှိလေသည်။ ဘာယာက 'ဘာမှုလဲ' ဟု ထပ်မေးလိုက်သောအခါ ပျဉ်းဖိုးနားလည်ပြီဖြစ်သဖြင့် 'ပိုင်နက်ကျူးလွန်မှုပါ' ဟု ခပ်ရိုးရိုးပင် ဖြေဝံ့ပေတော့သည်။ ထိုနေ့တွင် ထိုမျှနှင့် မပြီးသေး။ ကုလားများအလှည့်သို့ရောက်သောအခါ ပထမကုလားသည် ဗမာစကားမတတ်သလို အူကြောင်ကြောင်လုပ်နေ၍ ထောင်ပုံစံကို တစ်ချီပြလိုက်ရသေးသည်။

ထိုသို့ ဘီလူးက ကသည်ကို ကြည့်ပြီးမှထောင်ပိုင်ကလေး 'သိပ်ဆိုးတာပဲ' ဟူ၍ သူတို့ ကြားရသောသတင်း၏ အဓိပ္ပာယ်ကို တိုးလျှိုပေါက်မြင်ရသဖြင့် 'ဒါကြောင့်ကိုး' ဟု အကျဉ်းသမားများသည် သက်မချကြလေသည်။ မြင်စက ပြုံးနေသည်ကို အထင်မှားခဲ့သော အကျဉ်းသမားများသည် ထောင်ပိုင်ကလေး၏ ပြုံးခြင်းကို ယခုမှပင် တွေး၍ ကြောက်စပြုလေတော့သည်။

□□

# အခန်း ၉

ခြောက်ထောင်ပိုင်။ ။'ဒါတော့ မဖြစ်ဘူးထင်တယ်'

ဘိုးသိုး။ ။'ခြောက်ထောင်ပိုင်ကြီးကလဲဗျာ၊ ခဲယဉ်းစရာမဟုတ် ခဲယဉ်းနေတယ်'

ခြောက်ထောင်ပိုင်။ ။'တစ်လလောက် လုပ်ဦးလို့ ပြောနေတာ၊ ပြီးတော့မှ ပြောင်းယူတာပေါ့'

ဘိုးသိုး။ ။'ဟာဗျာ၊ တစ်ခါတည်းပဲရောက်အောင် လုပ်လိုက်ပါ၊ ဟိုကို မသွားချင်လို့ ခြောက်ထောင်ပိုင်ကြီးကို လာပြောနေတာပေါ့ဗျ'

ခြောက်ထောင်ပိုင်။ ။'ဒါတော့ မဖြစ်နိုင်ဘူး'

ဘိုးသိုး။ ။'သူ့မှာတော့ ဒါပဲပါတာပဲ မတတ်နိုင်ဘူး၊ ကျွန်တော်ပဲ စိုက်ပေးရမှာပဲ'ဟု ပြောပြောဆိုဆို အန်ထုတ်လိုက်ရာ လည်ချောင်းထဲက ငါးမူးစေ့နှစ်စေ့ ထွက်၍လာလေ၏။ ၎င်းနောက် မိမိလက်ထဲတွင်ကိုင်ထားသော ငွေနှစ်ကျပ်နှင့် ပေါင်း၍ ငွေသုံးကျပ်ကို ခြောက်ထောင်ပိုင်၏ လက်ထဲသို့ ထည့်လိုက်လေသည်။ ခြောက်ထောင်ပိုင်လည်း ကျေနပ်သွားသဖြင့် ငွေသုံးကျပ်နှင့် ရန်ရှင်း၏ 'နံပါတ်ကြီး'ကို လက်ခံထားလိုက်လေ၏။

ရန်ရှင်းသည် သူတို့နယ်မှ ဓားပြမှုနှင့် ထောင်သုံးနှစ် ကျသွားသော ဘိုးသိုးဆိုသူကို ထောင်ထဲတွင် သွားတွေ့လေသည်။ စကားပြောကြရင်းမှ

http://nyisay.com



နယ်သားအချင်းချင်းမှန်းသိကြသဖြင့် ပိုမိုရင်းနှီးသွားကြလေသည်။ ဘိုးသိုးသည် ထောင်ကျသည်မှာ နှစ်နှစ်ကျော်ပြီဖြစ်သဖြင့် ကြိမ်ရုံတွင် 'မဲဇလီ' ဖြစ်နေလေသည်။

ခြောက်ထောင်ပိုင်သည် ထောင်ထဲတွင် နှယ်နှယ့်လူ မဟုတ်ပေ။ တစ်ထောင်လုံးရှိ 'ဦးထုပ်ရ' 'ဦးထုပ်မဲ့' အကျဉ်းသမားအားလုံး၏ထိပ်သီးဖြစ်လေသည်။ ထောင်ကျလာစ အကျဉ်းသားများသည် ထောင်ဥပဒေအရဆိုလျှင် ဂျုံရုံ ဆန်ရုံတွင် အနည်းဆုံး သုံးလ အလုပ်လုပ်ကြရသည်ဖြစ်သော်လည်း ငွေစတတ်နိုင်၍ ခြောက်ထောင်ပိုင်နှင့် ကြုံလျှင် ငွေနိုင်သလောက် သက်သာချောင်ချိသော အလုပ်ကို ရလေသည်။ အထက်တွင် 'မဲဇလီ' ဘိုးသိုးနှင့် ခြောက်ထောင်ပိုင်တို့ ပြောနေသော စကားသည်လည်း အခြားမဟုတ်။ ရန်ရှင်းကို ဂျုံရုံ.ဆန်ရုံသို့ အလုပ်မချဘဲ ကြိမ်ရုံသို့ အလုပ်ချပေးရန် အချီအချပြောနေကြခြင်း ဖြစ်လေသည်။

ခြောက်ထောင်ပိုင်သည် အကဲခတ်ကောင်းသဖြင့် 'မူ'နိုင်လျှင် နောက်ထပ် ငွေ တစ်ကျပ် နှစ်ကျပ်လောက် ထပ်၍ ထွက်နိုင်သေးသည်ကို သိသောကြောင့် ဘိုးသိုးက ငွေနှစ်ကျပ် ပေးသည်ကို မြန်းခနဲ လက်မခံနိုင်သေးဘဲ အင်တင်တင်လုပ်နေခြင်း ဖြစ်လေသည်။ နေ့လယ် နှစ်ချက်တီးအချိန်တွင် လူသစ်များကို အလုပ်ချရတော့မည်ဖြစ်ရာ ခြောက်ထောင်ပိုင်သည် မိမိ၏တပည့်လည်းဖြစ်၍ ဝေစားမျှစားလည်းဖြစ်သော ထောင်မှူးကြီး၏ ဘာယာပြောားကို ခေါ်ပြီးလျှင် ထိုနေ့အဖို့ လက်ခံထားသော ရန်ရှင်းနှင့် အခြား အကျဉ်းသမားတို့အား ဘယ်သူ့ကို ဘယ်နေရာတွင် အလုပ်ချပေးရန် သေချာစွာ မှာလျက်ရှိလေသည်။

ထောင်မှူးကြီးသည် နေ့လယ် နှစ်ချက်ခွဲလောက်တွင် သူ၏ အလုပ်ခန်းထဲသို့ ဝင်လာလေသည်။ အလုပ်အချခံရမည့် လူသစ်များသည်

http://nyisay.com



ထောင်မှူး၏ စားပွဲခုံရှေ့တွင် ထောင်ပုံစံအတိုင်း ဆောင့်ကြောင့်ထိုင်လျက် စောင့်နေကြရလေသည်။ ပိုက်ဆံပေးသူများ၏ နံပါတ်ကြီးကို နောက်ဆုံးထား၍ ပိုက်ဆံမပေးသူများ၏ နံပါတ်များကို ရှေဦးစွာထိုးပေးလေသည်။ သူ့ဘာဃာထံမှ ဘာမျှ ထောက်ခံချက်မရသော အကျဉ်းသားများအားလုံး၏ 'နံပါတ်ကြီး' ထဲတွင် ဂျုံရုံနှင့် ဆန်ရုံကို ကြိုက်သလိုရေးချပြီး ပေးလိုက်လေ၏။ ငွေပေးထားသောသူများ၏အလှည့်သို့ရောက်သောအခါ ဘာဃာသည် သူ့သခင်အနီးသို့ကပ်၍ တစ်လုံးနှစ်လုံးစီ ပြောလေသည်။ အကင်းပါးပြီးသား ဆရာလည်း ဘာတစ်လုံးမျှ မေးမြန်းခြင်းမပြုဘဲ တပည့် ပြောသမျှကို နံပါတ်ကြီးများထဲတွင် ရေး၍ချလေ၏။

ရန်ရှင်းသည် ကြိမ်ရုံသို့ အလုပ်ချခံရလေပြီ။ မိမိ၏ နံပါတ်ကြီးခေါ် အကျဉ်းသမားတိုင်း တစ်ခုစီရရှိသော သူတို့၏ ရာဇဝင်အတ္ထုပ္ပတ္တိကိုရေးထားသည့် ကတ်ပြားစာအုပ်ကလေးကိုကိုင်ရင်း ပိုက်ဆံ၏ တန်ခိုးကြီးပုံကို တစ်ယောက်တည်း သဘောပေါက်လျက်ရှိလေသည်။ ကြိမ်ရုံသို့ ရောက်သောအခါလည်း သူ၏နယ်သား ဘိုးသိုးသည် ထောင်ခေါ် နှင့်ခေါ်လျှင် 'မဲဇလီ' ဗမာလိုပြန်လျှင် လူကြီး ဖြစ်နေသောကြောင့် ရန်ရှင်းသည် ဘာမျှ မလုပ်ရဘဲ အိပ်လိုက်၊ ထိုင်လိုက်၊ စကားပြောလိုက်နှင့် တစ်နေ့ တစ်နေ့ အချိန်ကုန်ရလေသည်။

များသောအားဖြင့် ထောင်သားများအပေါ် တွင် 'လူကြီးလူကောင်း များသည် များစွာအထင်သေးကြလေသည်။ ထောင်သားမှန်သမျှ 'သူခိုးနှင့် ဓားပြ' များသာ ဖြစ်ကြ၍ ၎င်းတို့မှာ ပေါင်းသင်းဆက်ဆံနိုင်ရန် အရည်အချင်းတစ်ခုမျှမရှိဟု ထိုလူကြီးလူကောင်းများက အယူရှိကြသည်။ သို့မျှမကသေး၊ ထိုထောင်သားများတွင် သစ္စာ သမာဓိ ဆိုသော လူ့အရည်အချင်းတို့သည် ကုန်ခန်းလျက်ရှိပြီဖြစ်သဖြင့် သူတို့နှင့် ဆက်ဆံလျှင်

http://nyisay.com



ဆက်ဆံသူမှာ တစ်နည်းနည်းနှင့် အတွယ်ခံရမည်ဟုလည်း စွဲထားကြလေသည်။ ဤယူဆချက်သည် အလွန်သီးသော ယူဆချက်ပင်ဖြစ်လေသည်။ ထောင်ကျမဟုတ်တိုင်း လူကောင်းဖြစ်သည်ဟု မဆိုသာသကဲ့သို့ ထောင်ကျဖြစ်တိုင်းလည်း လူဆိုးများသာဖြစ်သည်ဟု မဆိုနိုင်ချေ။ ထောင်ထဲတွင် မိတ်ဆွေအချင်းချင်း သစ္စာရှိရာ၌လည်းကောင်း၊ သမာဓိရှိရာ၌လည်းကောင်း၊ ထောင်အပြင်ဘက်က များစွာသော 'ဂုဏ်သရေရှိ လူကြီး လူကောင်း' များပင် အတုယူရမည့် အကျဉ်းသားများ အတော်များလေသည်။

ဥပမာ၊ မဲဇလီ ဘိုးသိုးသည် ဓားပြမှုနှင့် ထောင်ကျလာသူဖြစ်၏။ သို့ရာတွင် ရန်ရှင်းအပေါ်တွင် အလွန် သစ္စာရှိလေသည်။ အလုပ်ချသည့် ကိစ္စတွင် သူသာ ဖြတ်၍စားချင်ခဲ့ပါမူ ရန်ရှင်းသည် ဘာမျှ မတတ်နိုင်။ သူပြောသမျှ ပေးရမည်ဖြစ်၏။ သို့ရာတွင် သူ့မိတ်ဆွေ ရန်ရှင်း အကုန်အကျသက်သာအောင် သူကပင် ဈေးဝင်၍ဆစ်ပေးလိုက်သည် မဟုတ်ပါလော။ ထိုမျှမကသေး။ မဲဇလီ တန်ခိုးနှင့် ကြံ၍ ဖန်၍ ရရှိသမျှသော အစားအသောက်ကလေးများကို တစ်လုံးရ တစ်ခြမ်းစီ၊ တစ်ခွက်ရလျှင် တစ်ဝက်စီ ရန်ရှင်းနှင့် ဝေငှ စားသောက်လေ့ရှိလေသည်။

ထိုမျှမကသေး။ ရန်ရှင်း၏ အတန်းအစားကိုသိသဖြင့် မိမိက မဲဇလီပင်ဖြစ်သော်လည်း အားလပ်သည့်အချိန်များတွင် ရန်ရှင်း၏ အဝတ်အစားများကို လျှော်ဖွပ်၍ပင် ပေးလိုက်သေး၏။ အိပ်ရာနေရာမှာလည်း ရန်ရှင်းအား သန့်သန့်ပြန့်ပြန့် အိပ်ရလေအောင် သူ့ပစ္စည်းများကို သူကိုယ်တိုင် အသုံးမပြုဘဲ ရန်ရှင်းကို ပေးလေသည်။ ရန်ရှင်းလည်း မဲဇလီဘိုးသိုးအား ကျေးဇူးတင်မဆုံးပင် ရှိတော့၏။

□□

# အခန်း ၁၀

ရန်ရှင်း၏အမှုကို မြောင်းမြစက်ရှင်ရုံးတွင် အယူခံရာ တရားခံသက်သေများဖြစ်သော ဘုန်းတော်ကြီး ဦးသောဘိတနှင့် သခင် ဦးတေဇဝန္တတို့သည် သိက္ခာ သမာဓိရှိသော သီလဝန္တပုဂ္ဂိုလ်များ ဖြစ်ကြခြင်းကို သံသယ အနည်းငယ်ပင်ဖြစ်လာလောက်အောင် တရားလိုဘက်က မပြနိုင်သည့်အတွက် ထိုဘုန်းတော်ကြီးများ၏ ထွက်ချက်မှာ ခိုင်လုံသဖြင့် စားပြတိုက်ရာတွင် ရန်ရှင်းမပါ ဟူ၍ စက်ရှင်တရားသူကြီးသည် ယူဆလေသည်။

သို့ရာတွင် ရန်ရှင်းအိမ်အတွင်းတွင် စားပြတိုက်ရာပါပစ္စည်း မိနေသည်မှာ အထင်အရှားဖြစ်နေသောကြောင့် ပစ္စည်းလက်ခံမှုနှင့် အပြစ်ရှိကြောင်းကို တွေ့ရသဖြင့် အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင် ထောင်ဒဏ် ကိုးလ ကျခံစေရန် အမိန့်ချလိုက်လေသည်။ ဤအကြောင်းကို မြောင်းမြ ဒို့ဗမာအစည်းအရုံးမှ အတွင်းရေးမှူးသည် သခင်ဦးတေဇဝန္တထံသို့ စာရေးပြီး အမြန် အကြောင်းကြားလေသည်။ ဦးပဥ္စင်းမှတစ်ဆင့် ငွေခင့်ထံသို့ အကြောင်းကြားရလေသည်။

ကွင်းရှင်းမလွတ်သော်လည်း ထောင်ကျရက် အတော်ကြီးလျော့သွားသဖြင့် ငွေခင်သည် များစွာ စိတ်သက်သာရာရသွားလေသည်။ 'ခု တန်ခူးလဆိုရင် နောင်နှစ်ခါ ပြာသိုလထဲမှာ ကိုရန်ရှင်း လွတ်မှာပဲ' ဟု မိမိ၏

အသက်ဖူး ရန်ရှင်းနှင့် ပြန်တွေ့ရမည့်ရက်ကို ငွေခင်သည် စိတ်ထဲတွင် တွက်လျက်ရှိလေသည်။

ငွေခင်သည် ရန်ရှင်းအပေါ်တွင် လင်ဟူသော တစ်ခုတည်းသော သံယောဇဉ်ဖြင့်သာ စွဲလမ်းနေခြင်းမဟုတ်။ ငွေခင်သည် ဆင်းရဲ၏။ ရန်ရှင်းနှင့် ညားသောအခါကျမှ ဝတ်မှု၊ စားမှု၊ နေမှု၊ ထိုင်မှုတို့မှ အကြောင့်ကျရကင်းသွား၏။ ထို့ကြောင့် လင် ရန်ရှင်းအပေါ်တွင် ကျေးဇူးရှင် ရန်ရှင်းအဖြစ်နှင့်လည်း ထပ်၍ သံယောဇဉ်စွဲပြန်၏။ ထိုမျှမကသေး။ ငွေခင်တွင် မိဘနှစ်ပါးမှာ ငယ်စဉ်ကပင် အနိစ္စရောက်သွားရှာလေရာ ငယ်ငယ်ကလေးကတည်းက မသိး မပွင့်ရဘဲ 'မြုံ'၍နေခဲ့ရသော အမိအဘတို့အပေါ်တွင် ချစ်ရမည့်စိတ်ဓာတ်တို့သည် ရန်ရှင်းနှင့် ညားသောအခါမှ အတိုးနှင့်ပုံ၍ ချစ်ရပေတော့၏။ ထိုကြောင့် ရန်ရှင်းသည် ငွေခင့်အတွက်ဆိုလျှင် ခင်ပွန်းနှင့်တူသောလင်၊ ကျေးဇူးရှင်နှင့် တူသောလင်၊ အမိအဘနှင့်တူသောလင်ဟူ၍ လင်သုံးမျိုးနှင့် တူ၍နေလေ၏။ သို့အတွက် ရန်ရှင်းနှင့်ပတ်သက်လာလျှင် မိန်းမရိုးရိုးတို့သည် လင်ရိုးရိုးတို့အပေါ်တွင် ပူသည့် အပူထက် ငွေခင်သည် သုံးဆတိုး၍ပူသည်ဆိုလျှင် လွဲနိုင်တော့မည် မဟုတ်ပေ။

သို့ရာတွင် ငွေခင်သည် လင်တော်မောင် ရန်ရှင်းအပေါ်တွင် လွမ်းဆွေးနေရန် အချိန်မရတော့ပေ။ အဘယ်ကြောင့်ဆိုသော် ရှမ်းစုရွာကလေးသို့ နှစ်နှစ် တစ်ကြိမ်၊ သုံးနှစ် တစ်ကြိမ် အလည်လာနေကြဖြစ်သော ကျောက်ရောဂါနှင့် ကာလဝမ်းရောဂါတို့သည် ရွာထိပ်ကစ၍ ဝင်လျက်ရှိပြီ ဖြစ်သောကြောင့်တည်း။

ရှမ်းစုရွာကလေးသည် သာလာယံဇရပ်နှင့် များစွာတူလျက်ရှိလေသည်။ တိတ်ဆိတ်ခြောက်ကပ်သည့်နေရာ၌သာ တူသည် မဟုတ်၊ အခြားနေရာများ၌လည်း တူလေသေးသည်။ သာလာယံဇရပ်သည် လူပေါင်းစုံ

http://nyisay.com



တည်းခိုရာအရပ်ဖြစ်သည်။ ထိုလူပေါင်းစုံထဲတွင် လူကောင်းလည်း ပါသည်။ လူဆိုးလည်း ပါသည်။ လူကောင်းများကား ထိုအရပ်၏ အရိပ်အာဝါသကို မှီခိုရသဖြင့် ကျေးဇူးဥပကာရတင်လျက်ရှိပေသည်။ အချို့လူဆိုးများကား 'အရိပ်ခိုခို အခက်ချိုးချိုး' ဟူသော သဘောဖြင့် ဇရပ်ပေါ်တွင် တည်းခိုပြီး ဇရပ်ပေါ်တွင် ကျင်ကြီးကျင်ငယ် စွန့်သွားကြသေး၏။ အချို့ကမူကား ဇရပ်မှအကာအခင်းများကို ချိုးဖဲ့၍ ထင်းဆိုက်ကြသေး၏။ အချို့ကမူကား ဤမျှနှင့် မကျေနပ်ကြသေး၊ သူတို့၏အိမ်ကို ကာ မိုးရန်အတွက် ဇရပ်မှ အကာအမိုးများကိုပင် ဖြုတ်၍ယူသေး၏။

ရှမ်းစုရွာကလေးလည်း ဤကဲ့သို့ မဟုတ်ပါလော။ မြေပိုင်ရှင်များသည် အချိန်တန်လျှင် ရှမ်းစုရွာကလေးသို့လာပြီး တောင်းကြီး တောင်းငယ်၊ ဥပဒေပုဒ်မကြီး ပုဒ်မငယ်၊ စာချုပ်ကြီး စာချုပ်ငယ်များဖြင့် လည်းကောင်း၊ သူကြီး၊ ဆယ်အိမ်ခေါင်း၊ ပုလိပ်၊ မြို့အုပ်၊ ဝန်ထောက် စသည်ဖြင့် ခြောက်လှန့်၍ လည်းကောင်း၊ ရွာသူရွာသားများ တစ်နှစ်လုံးလုံး ချွေးဒီးဒီးကျအောင် လုပ်ထားရသည့် ချွေးနည်းစာကလေးများကို လာရောက်ကျုံးယူသွားလေသည်။ တချို့ကလည်း မက်လုံးများကိုပြ၍လည်းကောင်း၊ လှည့်ပတ်၍ လည်းကောင်း၊ ငွေကြေးအနည်းအကျဉ်း အကုန်ခံ၍လည်းကောင်း ရွာသူ အပျိုစင်ကလေးများအား ခြေတော်တင်၍ သွားကြလေသည်။

အချို့ ပိုဆိုးသောသူများကမူကား ထိုတောသူကလေးများကို မြို့သို့လှည့်ပတ် ဖြားယောင်း၍ ခေါ်သွားပြီး မကောင်းသည့်အလုပ်ကို အလုပ်ခိုင်းတတ်သေး၏။ ထိုလူတို့၏ နှိပ်စက်ညှဉ်းပန်းမှုကြောင့် တောသူကလေးများမှာ လင်ကောင်မပေါ်သော ကလေးများနှင့် တွဲလိုးတွဲလောင်းဖြစ်၍သော်လည်းကောင်း၊ အနာရောဂါများရ၍သော်လည်းကောင်း၊ လူစဉ်မမီလူညွန့်တုံးကာ များစွာ ဒုက္ခရောက်ရရှာလေသည်။

http://nyisay.com



ထိုအထဲတွင် ကာလဝမ်း၊ ပုလိပ်၊ ကျောက် အစရှိသည့် ကိုရွှေဇည့်သည်များကလည်း လာလိုက်ချေသေးသည်။ သူတို့ကလည်း တစ်ဘာသာစီဆိုးကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ လာလိုက်လျှင် ရွာသူရွာသားများအား သုံးပုံ တစ်ပုံလောက် ၎င်းတို့နှင့်အတူ သေရွာသို့ ခေါ်မသွားရဘဲ ကျေနပ်ကြသူများ မဟုတ်ပေ။

မြေပိုင်ရှင်ကြီးများ၏ အေးစားပြတိုက်မှုကို မကျေနပ်နိုင်သူများက ဆူပူကြသောအခါ ဥပဒေအတိုင်းလုပ်တာပါဟု ဆိုင်ရာတို့က အကြောင်းပြလေသည်။ ရွာသူကလေးများအား ဖျက်ဆီးသည့်ကိစ္စတွင် သူတို့ပါနေကြသောကြောင့် ညောင်မြစ်တူးလျှင် ပုတ်သင်ဥတွေ ပေါ်မည်စိုးသဖြင့် ဆိုင်ရာပိုင်ရာ အရာရှိများသည် တော်ရုံတန်ရုံ အမှုများတွင် အနံ့မထွက်ရလေအောင် သူတို့က ဝိုင်းအုံ၍ ဖုံးကြဖိကြလေသည်။ ရောဂါဆိုးနှင့်ပတ်သက်၍လည်း ဆိုင်ရာပိုင်ရာတို့၏ ဆင်ခြေပေးပုံမှာ အနည်းငယ်မျှ ကျေနပ်စရာ မရှိပေ။

ရောဂါတို့မည်သည် ဖြစ်မှကုသည်ထက် မဖြစ်မီက ကြိုတင်၍ တားဆီးခြင်းက သာ၍ ကောင်းလေသည်။ သို့ရာတွင် တောသူတောသားများအား ဘူးသီး ခရမ်းသီးလောက်ပင် အမှတ်မထားဘဲ ကျေးလက်တောရွာများ၏ ကျန်းမာမှုကို ဆိုင်ရာတို့သည် ရက်ရက်စက်စက် လျစ်လျူရှုထားလိုက်ကြလေသည်။ ထိုရောဂါဆိုးများ ဖြစ်ပေါ်လာသောအခါမှ ဝတ်ကျေဝတ်ကုန် လာရောက်၍ အကွယ်အကာဆေးများကို ထိုးပေးကြလေသည်။ သို့ရာတွင် ဒိစတြိတ်တစ်ခုတွင် ရွာသူရွာသားပေါင်း သုံးသိန်းလောက်ရှိသည့်အနက် ကျန်းမာရေးအင်စပိတ်တော် ခေါ် ကျန်းမာရေးအရာရှိမှာ သုံးယောက်လောက်သာ ပျမ်းမျှကြေးရှိသဖြင့် ချက်ချင်း မလာနိုင်သည်က တစ်ဖုံ၊ တစ်ခါတလေ ရောဂါများဖြစ်ပေါ်မှ ဌာနချုပ်သို့ ဆေးများမှာယူရ

http://nyisay.com



သည်က တစ်နည်းတို့ကြောင့် ထိုဧည့်သည်ဆိုးကြီး၏လက်ချက် အများကြီး လွန်နေသောအခါမှသာလျှင် ကျန်းမာရေးအရာရှိသည် ရောဂါဖြစ်သော နေရာသို့ ရောက်ရှိလေသည်။

သူရောက်သောအခါတွင်လည်း သေသူ သေ၊ ပြေးသူ ပြေးကြပြီး ဖြစ်သဖြင့် အကြောင်းသိပ်မထူးလှတော့ပေ။ ဤသို့ဖြစ်ရသည်ကို ရွာသူ များက မည်ကဲ့သို့သဘောထားသည်မသိ၊ ကျန်းမာရေးအရာရှိကမူကား အလုပ်နည်းသဖြင့် များစွာ အကြိုက်နှင့်တွေ့လျက်ရှိလေသည်။

ထို့ထက်ပင် အကြိုက်တွေ့စရာ ရှိသေးသည်။ ၎င်းမှာကား ဤသို့ တည်း။ အစိုးရက ထိုးပေးသော ပုလိပ်အကွယ်အကာဆေး၊ ဝမ်းရောဂါ အကွယ်အကာဆေးများကို ဗမာပြည်သို့ ယူလာပြီး ဗမာများကို ထိုးပေး ခါမှ ဗမာပြည်တွင် ပုလိပ်ရောဂါနှင့် ဝမ်းရောဂါများ ဖြစ်ပေါ်လာကြသည် ဟု ထိုဆေးများကို သေဆေးများသဖွယ် သဘောထားနေကြသူများသည် ဆေးမထိုးရပါမည့်အကြောင်းနှင့် ကျန်းမာရေးအရာရှိနှင့် သူကြီးအား ငွေစု၍ပေးကြလေသည်။

အလုပ်လည်းနည်း ပိုက်ဆံလည်းရသဖြင့် 'သင့်ထိုက်နှင့် သင့်ကံပဲ၊ သတ္တဝါတွေကို ဘုရားတောင် ချွတ်လို့မရတာ၊ တို့ချွတ်နေလဲ အပိုပဲ'ဟု မိမိတို့၏ မတရားမှုကို ရသေ့စိတ်ဖြေနည်းနှင့်ဖြေကာ ကျန်းမာရေးအရာရှိ များသည် ကျေနပ်လျက်ရှိကြလေသည်။ ကျောက်ရောဂါဆေးအတွက် မှာလည်း ဤနည်းပင် ဖြစ်တော့၏။ ကျောက်ဆေးထိုးဆရာသည် ကျေးရွာ များသို့ အနည်းဆုံး တစ်နှစ် တစ်ခေါက်လောက် ရောက်ရသည်။ ဤသို့ ရောက်ရခြင်းမှာ အမှန်စင်စစ် ကျောက်မထိုးရသေးသူတို့အား ကျောက်ထိုး ပေးရန် ဖြစ်သော်လည်း ယခုမူကား ဤကဲ့သို့ မဟုတ်တော့ဘဲ ကျောက် မထိုးလိုသူများထံမှ ပိုက်ဆံလိုက်၍ညှစ်ရန်ပင် ဖြစ်တော့၏။

http://nyisay.com



သို့ဖြစ်လျှင် တောရွာများတွင် ရောဂါထူရခြင်းသည် အစိုးရက လျစ်လျူရှုထား၍ မဟုတ်၊ အစိုးရက ဆေးထိုးပေးပါသော်လည်း ရပ်သူရွာသားများ ကိုယ်တိုင်က အလိုမရှိလျှင် အစိုးရက ဘာမှ မတတ်နိုင်သောကြောင့် ဖြစ်သည်ဟူ၍ ဖြေဆိုကောင်း ဖြေဆိုကြပေလိမ့်မည်။ ထိုးဆေးများ အပေါ်တွင် အယူသီးနေကြသည်မှာ ဗမာတစ်ပြည်ထဲသာ မဟုတ်၊ ထိုးဆေးများ ပေါ်လာစက ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတွင်လည်း ဤကဲ့သို့ပင် ထိုးဆေးများပေါ်တွင် အယူသီးလျက်ရှိကြလေသည်။

သို့ရာတွင် သူတို့၏ အစိုးရများက ကျန်းမာရေးအရာရှိများအား အထူးသဖြင့် ထိုးဆေးများအကြောင်းကို အဓိကထား၍ ရပ်ရွာ၏ ကျန်းမာရေးကို တောရွာများသို့ မကြာခဏ သွား၍ ဟောပြောစေသည်။ ကျန်းမာရေး စာရွက်စာတမ်းများကို ဝေစေသည်။ ထိုမျှမကသေး။ ကျန်းမာရေးပြပွဲများကို မကြာခဏလုပ်၍ ကျန်းမာရေးအတွက် လက်တွေ့နည်းများကို စိတ်ဝင်စားအောင် ပြသကြလေသည်။ ဗမာပြည်ရှိ ကျန်းမာရေးအရာရှိများကလည်း တရားဟောပါသေးသည်။

သို့ရာတွင် သူတို့ဟောပုံမှာ သူကြီးအိမ်မှာ မောင်းတီးခေါ်ခြင်း၊ လာပြန်သောအခါ၌လည်း ရွာသူရွာသားများအပေါ်မှ ကုလားထိုင်နှင့် ထိုင်ပြီး ရာဇဂုဏ်ပြနေခြင်းသာဖြစ်သဖြင့် သူတို့ တရားကို နာယူရမည့် ရွာသူရွာသားများမှာ သူတို့တရားကို နာယူရမည့်အစား သူတို့အပေါ်၌ပင် ရွံရှာသွားတတ်ကြလေသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ရပ်ရွာတွင် အခြားစီစဉ်စရာကိစ္စများကိုလည်း ဝတ်ကျေဝတ်ကုန် သဘောထားကာ ထို ကျန်းမာရေးအရာရှိတို့သည် သူကြီးအိမ်မှာပင် သောက်စားပျော်ပါးပြီး ပြန်သွားကြလေသည်။ ဤသို့သော အရပ်များတွင် အစိုးရထိုးဆေးအပေါ်၌ အယူသီးနေကြသည်

မှာ အံ့ဩစရာရှိပါ၏လော။ ရောဂါထူပြောရခြင်းမှာ အံ့ဩစရာရှိပါသေး၏လော၊ ရောဂါဖြစ်ပေါ်လာသောအခါလည်း ကောက်ရိုးပုံကို မီးရှို့သလို လျှင်မြန်စွာ ရွာလုံးကျွတ်သည်မှာလည်း အံ့ဩစရာရှိပါသေး၏လော။

ငွေခင်သည် ရောဂါများဖြစ်စတွင် မတုန်လှုပ်သေးဘဲ ရွာထဲတွင် နေဝံ့သော်လည်း သူ့အိမ်ခြေရင်းက ဦးသာဗျော၏ သမီးကလေးသည် ကျောက်ရောဂါနှင့် သေဆုံးပြီးလျှင် သုံးအိမ်ခြားမှ ဒေါ်မင်းမြသည် ဝမ်းရောဂါနှင့် သေဆုံးသွားသည့်အခါ အနည်းငယ် လန့်စပြုလာပြီး သူ့အဖော် ဒေါ်တုတ်တို့နှင့်အတူ ဟသ်ာတသို့ ထွက်ပြေးကြလေသည်။ သူတို့ကဲ့သို့ ထွက်ပြေးကြသူများလည်း ရွာထဲတွင် မနည်းကြပေ။ ဇွဲကောင်းကောင်းနှင့် ကျန်ရှိကြသူများမှာလည်း ဆေးကောင်းဝါးကောင်းများကို တကယ်တမ်း အားမကိုးကြဘဲ ရောဂါဖြစ်ရသည်မှာ မကောင်းဆိုးဝါးများကြောင့်သာ ဖြစ်ရသည်ဟု ဥပါဒါန်ထားကြလျက် တောကိုသာ တွင်တွင်ကြီးထုတ်လျက်ရှိကြလေသည်။

ဤကဲ့သို့ ရှမ်းစုတစ်ရွာလုံးတွင် ကပ်ကြီးဆိုက်ပြီးလျှင် ကစဉ့်ကလျားပြေးကြ လွှားကြ သေကြ ကြေကြ ဖြစ်နေသည့်အတွက် အမိန့်တော်ရဘဝင်းသည် အတော်စိတ်ပျက်လျက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့မယားကိုလိုချင်၍ သူ့လင်ကို အလွန်ကြီးစွာသော လုံ့လဖြင့် ထောင်မကျကျအောင် ချပြီးမှ ထိုကပ်ဆိုက်လာ၍ မိမိ၏ အစီအစဉ်တွေမှာ ဖရိုဖရဲဖြစ်သွားသောကြောင့်တည်း။ မိမိ အလွန်တောင့်တနေသောအစာတစ်ခုကို အတော်ကြီးစားရှာဖွေပြီးမှ စားရတော့မည့်ဆဲဆဲတွင် ကျီးထိုးသွားသကဲ့သို့ ဘဝင်းသည် အတော်အခံရခက်လျက်ရှိလေသည်။ သို့ရာတွင် အားလုံးအေးအေးဆေးဆေးရှိမှ ပြန်၍ စဦးမည်ဟု အကြံသစ်များကို စဉ်းစားရင်းအားခဲလျက်ရှိလေသည်။

□□

http://nyisay.com

# အခန်း ၁၁

ရန်ရှင်း ပုသိမ်ထောင်သို့ရောက်သည်မှာ သုံးလလောက် ရှိလေပြီ။ ဤနေ့သည်ကား တနင်္ဂနွေနေ့ဖြစ်သဖြင့် ထောင်သားများသည် အလုပ်မဆင်းရဘဲ အနားယူကြလေသည်။ ထိုနေ့တွင် ဖွပ်စရာ လျှော်စရာရှိသူများကလည်း ဖွပ်လျှော်ကြသည်။ ဆံပင်အရှည်ထားသူများကလည်း ခေါင်းလျှော်ကြလေသည်။ ရှေးအခါက ထောင်ကျလျှင် ခေါင်းတုံးရိတ်ကြရလေသည်။ ယခုမူကား အနည်းငယ် တော်လာပေပြီ။ ရှေးကကဲ့သို့ အားလုံး ခေါင်းတုံးမရိတ်ကြတော့ပေ။ သို့ရာတွင် ဤသို့ ခေါင်းတုံးမရိတ်ချင်၍ ဆံပင်အရှည်သော်လည်းကောင်း၊ အင်္ဂလိပ်ဆံတောက်ကိုသော်လည်းကောင်း ထားလိုသော် ထောင်ပိုင်ကြီးထံ လျှောက်ပြီး သူက ခွင့်ပြုလျှင် ထားနိုင်သည်။

ဆံပင်အရှည်ထားသူများ ခေါင်းလျှော်ရန်အတွက် တစ်ယောက်လျှင် ကင်ပွန်းသီး သုံး လေးတောင့်နှင့် တရော် နှစ်ချောင်းလောက် ရလေသည်။ ကင်ပွန်းသီးနှင့် တရော် ရောင်းသော ဆိုင်များမှာ မရောင်းရ၍ လွင့်ပစ်လိုက်သော တရော်နှင့် ကင်ပွန်းသီးများကို ကောက်၍လာသည်လားမသိ။ အကျဉ်းသမားများအား ထောင်မှ ဝေပေးသော ကင်ပွန်းသီးနှင့် တရော်တို့သည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေအောင် ခြောက်သယောင်း၍နေကြလေ

http://nyisay.com



သည်။ အဝတ်ဖွပ်ရန်အတွက် ဆပ်ပြာအခဲများကို မပေး၊ ထောင်ထဲတွင် လုပ်သည့် ဆပ်ပြာများကို ရေဖျော်ထားသော ဆပ်ပြာရည်များကိုသာ တစ်ယောက်လျှင် အနည်းငယ်စီဝေပေးလေသည်။

ထိုဆပ်ပြာရည်များလည်း သိပ်အားမကိုးလောက်ပေ။ အဘယ့်ကြောင့်ဆိုသော် အကျဉ်းသားတစ်ထောင်လောက်အတွက်မှ အလျား တစ်ပေခွဲ၊ အနံ တစ်ပေလောက်ရှိသော ဆပ်ပြာတောင့်ကြီးတစ်တောင့် ရလေသည်။ သို့ရာတွင် ထိုဆပ်ပြာတစ်တောင့်လုံးကို ထောင်သားများ အတွက် အကုန် ရေဖျော်လျှင် တော်ပါသေး၏။ ဤသို့ကား မဟုတ်ပေ။ ရှေးဦးစွာ ဆပ်ပြာဝေသော ဘာယာသည် ဆပ်ပြာတုံး၏ လေးပုံ တစ်ပုံလောက်ကို 'ငို့ဘ' လုပ်လိုက်သည်။ ထို့နောက် ကုလားပျာတာ အရှင်ကြီးများကို အတုံး အတစ်တွေလုပ်၍ ပသရလေသည်။ မပသမိလျှင် သူတို့ကလည်း တတ်နိုင်သည့်နည်းနှင့် ဖမ်းစားတတ်လေသည်။

ထိုအရှင်ကြီးများနောက် ခြောက်ထောင်ပိုင်၊ သံတော၊ ထောင်ပိုင်ကြီး၊ ဘာယာ၊ ထောင်ပိုင်ကလေးဘာယာ၊ ထောင်မှူးကြီးဘာယာ အစရှိသော အရှင်ကလေးများကို ပသရပြန်သည်။ အလျား တစ်ပေခွဲ၊ အနံ တစ်ပေခန့် ရှိသော ဆပ်ပြာတောင့်မှာ တစ်ဝက်ကျော်ကျော်လောက် ချောကျသွားလေပြီ။ ထိုအထဲတွင် ရသမျှကို အကုန်လိုချင်သော ကပ်စေးနဲ့ ကော်တရာ ထောင်မှူးများကလည်း သူတို့၏ ဘာယာများကို လွှတ်၍ 'အဖုံး' ခိုင်းလိုက်သေးသည်။

ကျန်သမျှသောဆပ်ပြာများကို ရေဖျော်ပြန်ပါသော်လည်း အမြှုပ်ထနေသော ပထမရေကို ဆိုင်ရာပိုင်ရာ အရှင်သခင့်လက်ထောက်များက ပုံးကြီး ပုံးငယ်တို့ဖြင့် ဆွဲ၍ ယူလိုက်ပြန်ရာ ခေါင်းတုံးနင်းပြား အကျဉ်းသမားများကို ဝေငှပေးသော ဆပ်ပြာရည်မှာ ဘုရားစူး ကျမ်းစူး လွတ်ရုံ

http://nyisay.com



ဆပ်ပြာရည်မျှသာ ဖြစ်နေပေတော့၏။ ခေါင်းတုံးနင်းပြားများမှာလည်း ရသမျှနှင့် ရောင့်ရဲတင်းတိမ်လျက်ရှိကြရလေသည်။ အချို့ 'ဗိုလ်ကျ'သော ခေါင်းတုံးများမှာမူကား တိတ်တိတ်ပုန်း ထောင်ဈေးတွင်ပေါ် လျက်ရှိသော ဆပ်ပြာခဲများကို မိမိတို့၏ ဆေးလိပ်နှင့် လဲ၍ယူကြရလေသည်။

ရန်ရှင်းလည်း မိမိ၏အိပ်ခန်းမှနေ၍ ရေလဲပိုင်းမရှိဘဲ ရွှေတွဲလဲ ငွေတွဲလဲနှင့် အဝတ်များကို ဖွပ်လျှော်နေကြသော အကျဉ်းသမားများအား ကြည့်ရင်း သံဝေဂရလျက်ရှိလေသည်။ ရန်ရှင်းသည် ထောင်ထဲသို့ရောက်စက ဤသို့ ရွှေတွဲလဲ ငွေတွဲလဲနှင့် ရေချိုး လမ်းလျှောက် လုပ်နေကြသော အကျဉ်းသမားများကို မြင်သောအခါ ကျင့်သားမရသေး၍ ယိုသူမရှက် မြင်သူရှက်လျက်ရှိလေသည်။ 'ဗမာတွေကို တိရစ္ဆာန်စိတ်တွေ ဝင်ကုန်အောင် လုပ်ပေးနေတာပဲ ထင်ပါရဲ့'ဟု မိမိတစ်ယောက်တည်း တွေးလျက်ရှိလေသည်။ သူ့အတွက်မှာမူကား ဘယ်နည်းနှင့်မျှ လူတွေတောထဲတွင် ကိုယ်တုံးလုံးနှင့် ရေချိုးရန်မဖြစ်သောကြောင့် ပိုက်ဆံ တစ်မူးပေး၍ နံငယ်တစ်ပိုင်းကို ဝတ်ထားပြီး ၎င်းနှင့် ချိုးရလေသည်။

ဤသို့ ဖွပ်ကြ လျှော်ကြနှင့်ပင် အချိန်ကုန်သွားရာ ထောင်နာရီမှ ၁၀ နာရီ တီးသံ ကြားရသဖြင့် အကျဉ်းသမားများသည် မန်ဒါလီဖို၌ ထမင်းကို သွား၍ယူရန် ပြင်ဆင်ကြရလေသည်။ မန်ဒါလီဖို ဆိုသည်မှာ ထောင်ခေါ်ဖြစ်၍ ဗမာလိုပြန်လျှင် မီးဖိုပင်ဖြစ်သည်။ ထမင်းယူသည်ကိုလည်း ထမင်းဆွဲသည်ဟု အကျဉ်းသမားများ သုံးနှုန်းကြလေသည်။

ရန်ရှင်းသည် ထမင်းဆွဲသွားကြရန် နှစ်ယောက်တစ်တွဲ တန်းလျက်ရှိသော လူစုထဲသို့ အဖော်တစ်ယောက်နှင့် ဝင်၍ ရပ်ပြီးနောက် အကျဉ်းသားများသည် မန်ဒါလီဖိုသို့ ထမင်းဆွဲရန် ချီတက်သွားကြလေသည်။ ထိုသူတို့သည် 'မင်းဂျေး' ခေါ် ထောင်အလယ်တွင် ဆောက်ထားသော

http://nyisay.com



ရှုံကလေးကိုဖြတ်၍ သွားရမည်ဖြစ်ရာ ထိုမင်းဂျေးပတ်လည်တွင် နံပါတ်တုတ်ကြီးများကို ကိုင်လျက်စောင့်နေကြသော ထောင်ပုလိပ်ခေါ် အကျဉ်းသား ပုလိပ်များသည် လူတန်းထဲမှ 'ပုံစံ' အတိုင်း ညီညီညာညာ မလှမ်းဘဲ ဘေးဖဲ့ထွက်နေသော အကျဉ်းသား ခေါင်းတုံးများအား မအေ နှမနှင့် ကလော်တုတ်ရင်း သူတို့၏ တန်ခိုးများကို ပြလျက်ရှိကြလေသည်။

မန်ဒါလီဖိုသို့ ရောက်သောအခါ ဆွမ်းကြီးလောင်းရာ၌ ဆွမ်းခံသလို အကျဉ်းသားများသည် သူတို့၏ လက်ထဲတွင် ကိုင်လာသော ဒန်ပန်းကန်ပြားကို အပေါက်တစ်ခုမှ တစ်ယောက်စီ ပေးသွင်းရလေသည်။ မီးဖိုထဲမှ ထိုပန်းကန်ကို ဆွဲယူလိုက်သောအခါ အကျဉ်းသားသည် ရှေ့အပေါက်သို့ သွား၍ ရပ်ရသည်။ ထိုအခါ ထမင်းနှင့်ဟင်း ပုံပြီးသား ပန်းကန်ပြားသည် ဒုတိယအပေါက်မှ ထွက်လာလေသည်။ ထောင်သားများကို ထမင်းကျွေးရာ၌လည်း တစ်ယောက်ကို ထမင်းအလေးချိန်မည်မျှရှိရမည်ဟု သတ်မှတ်ထားသည်ဖြစ်ရာ ထမင်း တစ်ပန်းကန်ပြားကို ထောင်စကားဖြင့် ထမင်း တစ်ပုံစံဟု ခေါ်ကြပြန်လေသည်။ ဤနည်းဖြင့် ထောင်ထဲတွင် ပုံစံဆိုသော စကားမှာ အလွန်ခေတ်စားလျက် ရှိလေသည်။

ထမင်းဝေပေးသည့် ဘာယာအနီးတွင် ထမင်းများကို ချိန်တွယ်ကြည့်ရန် ချိန်ခွင်တစ်ခုရှိလေသည်။ ၎င်းပြင်လည်း ထမင်းဟင်းများကို မျှမျှတတ ဝေပေးရန်အတွက် ထောင်မှူးတစ်ယောက်လည်း အနားမှာ အစောင့်ထားလေသည်။ သို့ရာတွင် ထောင်ရေဝပြီးသော အကျဉ်းသားများသည် ထိုထောင်မှူးနှင့် ချိန်ခွင်ကြီးကို ကြည့်မိတိုင်း ဝမ်းထဲကပြုံးလေသည်။ ပြုံးမည်ဆိုလျှင်လည်း ပြုံးလောက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုထောင်မှူးနှင့် ချိန်ခွင်တို့သည် အရုပ်မျှသာ ဖြစ်သောကြောင့်ဘည်း။

http://nyisay.com



ထမင်းနှင့်ဟင်းဝေသော ဘာယာများသည် မိမိတို့နှင့် မျက်မှန်းတန်းမိသောသူများကို လက်သာသလောက် အခြားအကျဉ်းသားများကို သာမန်ကာလျှံကာ လုပ်ပေးတတ်လေသည်။ ထို့ကြောင့် တချို့မှာ ထမင်းကိုပုံစံ အပြည့်ရသော်လည်း ဟင်းကို အပြည့်မရကြပေ။ ဟင်းနှင့် ထမင်းကိုရကြသော်လည်း ငါးပိကိုမူကား ပါလေဟန်သာ မြင်လိုက်ရလေသည်။ တချို့မှာမူကား ထမင်းဟင်း ငါးပိ သုံးခုစလုံးကိုပင် ပုံစံပြည့်အောင်မရကြပေ။ ပြည့်အောင် မရသော်လည်း ဖွင့်ဟ၍ မဆူပူဝံ့။ အနီးတွင်ဟုတ်တိပတ်တိ ရပ်ကြည့်နေသော သူတို့ဘက်သား ထောင်မှူးကိုလည်းမတိုင်ရဲ။ ဤသို့ ကိုယ့်ဘေး ကိုယ်သိသဖြင့် များစွာသောအကျဉ်းသားတို့သည် မရှိ၍ ရောင့်ရဲတင်းတိမ်ကာ နေလိုက်ကြရလေ၏။

မိမိတို့၏အိပ်တန်းသို့ ပြန်ရောက်ကြသောအခါ အဖော်ရှိသူများကလည်း ကိုယ့်လူစုနှင့်ကိုယ် ဝိုင်း၍ စားကြလေသည်။ ရန်ရှင်းတို့၏ဝိုင်းမှာရန်ရှင်းနှင့် ဘိုးသိုးအပြင် လူသေမှုနှင့် ၁၀ နှစ် ကျလာသော အကျဉ်းသားဘိုးသောင်လည်း ရှိလေသည်။ ဘိုးသောင်သည် ယခင်တစ်ခါကလည်း ဓားခုတ်မှုနှင့် ထောင်တစ်နှစ်ကျဖူးပြီ။ သို့ရာတွင် ပုလိပ်များပေါ့လျော့သောကြောင့် ယခင်က ပြစ်ချက်ကို ရှာမတွေ့သဖြင့် အဝတ်ဖြူအဖြစ်နှင့် ပုသိမ်ထောင်သို့ ကျလာခဲ့ခြင်းဖြစ်သည်။

ထိုအကျဉ်းသားသည် အတော်ထူးဆန်းသော အကျဉ်းသား တစ်ယောက် ဖြစ်လေသည်။ အပြင်မှာတုန်းက ခိုးလည်း အားကြီးခိုးသည်။ ဓားပြလည်း အားကြီးတိုက်သည်။ သို့ရာတွင် ခိုးမှုနှင့်သော်လည်းကောင်း၊ ဓားပြမှုနှင့်သော်လည်းကောင်း ထောင်တစ်ခါမျှ မကျဘူးပေ။

ယခင်တစ်ခါကျလာသော ဓားခုတ်မှုမှာလည်း ဇက်ကိုပိုင်းလိုက်ရာဓားမကောင်းသဖြင့် ဓားနှောင့်မှ ကျွတ်ထွက်သွားသောကြောင့် တရားလို

http://nyisay.com



မသေသဖြင့် ထောင်ကျလာခြင်းဖြစ်ပေသည်။ ပထမအမှုနှင့် လွတ်ပြီး ခြောက်လအကြာတွင် ဓားထိုးမှုဖြစ်ပြန်၏။ ဒုတိယအမှုတွင်လည်း သေသူမှာ လူဆိုးတစ်ယောက်ဖြစ်၍ သူ့ကို ချောင်းသတ်ပေးရန် ဘိုးသောင်သည် ငွေ ၁၀၀ ကျပ်ကို လက်ခံပြီးဖြစ်လေသည်။ ချောင်းသတ်ရန် ချက်ကောင်းကိုစောင့်ရင်း သေသူနှင့် ဘိုးသောင်တို့ ဆုံမိကြရာ သေသူက အလွန်ရမ်းကားလွန်းသဖြင့် လူတောထဲတွင်ဖြစ်ရကား ဒေါသမထိန်းသိမ်းနိုင်ဘဲ ခါးထဲက ဓားမြှောင်နှင့် ချွတ်ထိုးလိုက်ခြင်း ဖြစ်လေသည်။

ဘိုးသောင်သည် အတော်အသည်းကောင်းသူတစ်ဦးဖြစ်၏။ လူချင်းခင်လျှင် ထိုခင်မင်သူ၏ ရန်သူအား အလကားသတ်ပေးသည်။ ဤသို့ချောင်း၍ သတ်ခဲ့သည်မှာလည်း ဆယ်ယောက်ထက်မနည်းပြီ။ ဘိုးသောင်သည် တစ်ဖက်တွင် ဆိုးသလောက် သူ၏ သူငယ်ချင်းများအပေါ်တွင် သစ္စာရှိသည်ဖြစ်ရာ သူနှင့် တစ်ကြိမ်ခင်မင်မိသောသူသည် သူ့ကို မပြစ်နိုင်တော့ချေ။ ဘိုးသောင်သည် ယခင်အမှုနှင့် ထောင်ကျကတည်းက ဘိုးသိုးနှင့် မိတ်ဆွေဖြစ်သွားရာ ယခု ဒုတိယအကြိမ် ထောင်ကျလာပြန်သောအခါ မိတ်ဆွေတို့၏ ဝတ္တရားအတိုင်း ဘိုးသိုးသည် ဘိုးသောင်အား ကြည့်ရှု၍ ထားလေသည်။

ထိုနေ့နံနက်တွင် ဘိုးသိုးသည် အကြံအဖန်လုပ်လာသဖြင့် ပဲပင်ပေါက်ကြော်ချက်တစ်ခွက် ရလာသည်။ ဝေါ်နေသော ထောင်သားများအဖို့တွင် ပဲပင်ပေါက်ကြော်ချက်တစ်ခွက် ရလာသည်ကို ဝက်သားဟင်းတစ်ခွက် ရသလောက် ထင်မှတ်ရလေ၏။ ရန်ရှင်းလည်း ထမင်းလုံးထဲတွင်ပါလာသော ကျောက်ခဲကလေးများကို ဖယ်ရှားရင်း ပဲပင်ပေါက်ဟင်းနှင့် ယနေ့နံနက် ထောင်မှပေးသော ပဲကြားဟင်းတို့ဖြင့် ဝမ်းပြည့်အောင် ကြိုးစား၍ စားလျက်ရှိလေသည်။ ထမင်း လေး ငါးလုတ် စားပြီး၍ မိမိနှင့် လေးငါးလံ

http://nyisay.com



လောက် အကွာ တစ်နေရာသို့ လှမ်း၍ကြည့်လိုက်ရာ ထမင်းပန်းကန်ထဲတွင် နှိုက်ထားသော လက်ကို ပြန်မယူသေးဘဲ ထမင်းပန်းကန်ကိုကြည့်ရင်း မျက်ရည်တွေတွေစီးကျလျက်ရှိသော လူခပ်ရွယ်ရွယ်တစ်ယောက်ကို မြင်ရလေသည်။ ရန်ရှင်းလည်း မိမိ စားတော့မည့် ထမင်းလုတ်ကို မစားသေးဘဲ ပန်းကန်ထဲသို့ ပြန်ချလိုက်ပြီး ထိုအကျဉ်းသားကို စိုက်၍ကြည့်နေလေ၏။

ဘိုးသိုးသည် ရန်ရှင်းကြည့်ရာဘက်သို့ လှည့်၍ကြည့်လိုက်ရာ ငိုနေသော အကျဉ်းသားကိုတွေ့ရပြန်လေသည်။ ထိုအကျဉ်းသားကို မြင်သဖြင့် သူ့မိတ်ဆွေ ရန်ရှင်း စိတ်မကောင်းမှုန်းကို သိ၍ အလိုက်သိတတ်သော ဘိုးသိုးသည် ပဲပင်ပေါက်ဟင်းကို လက်တစ်နှိုက်စာနှိုက်ပြီး ငိုမနေသူအား သွား၍ပေးလေသည်။

ရန်ရှင်း။ ။'တယ်သနားစရာကောင်းတာပဲဗျာ'

ဘိုးသောင်။ ။'ကိုရန်ရှင်းနှယ်၊ သနားမယ်ဆိုရင် ဒီထောင်ထဲမှာ ဗိုလ်ကျနေတဲ့ လေး ငါး ဆယ်ယောက်ကလွဲရင် အကုန် သနားစရာကြီးပဲ ပေါ့'

ဘိုးသိုး။ ။(ဟင်းပေးပြီး၍ ပြန်လာပြီးနောက်) 'ဟုတ်တယ် ကိုရန်ရှင်း၊ ထောင်ထဲမှာ ဘာနဲ့တူသလဲဆိုရင် စာကလေး အမြီးနုတ် ခေါင်းနုတ်နဲ့ ဘာမှ မကြံတတ်တော့တာနဲ့ တူနေပြီ၊ အရင် ဒီမှာ ဘီကလပ်အဖြစ်နဲ့ ကျသွားတဲ့ ဦးသန်းမောင်ဆိုတာ တွက်ပြဖူးတယ်၊ ကျွန်တော်တို့အဖို့ တစ်နေ့ကို တစ်ယောက်ကို ဆယ်ပြားဖိုးလောက် ရတယ်တဲ့၊ သို့ပေမယ့် ကျွေးတော့ တစ်ယောက်ကို တစ်ပြားဖိုးလောက်ပဲ ရှိတော့တယ်၊ ဆီ ဆန် ကြက်သွန် အားလုံးဆိုပါတော့ဗျာ၊ အကျဉ်းသားတွေမှားတဲ့ အဲဒီပစ္စည်းတွေကို သွင်းတဲ့ ကန်ထရိုက်တာတွေဆီက အပေါ် ဆုံးကနေပြီး နုတ်ယူလိုက်ပြီး-ထောင်ထဲ

ကို ရောက်ပြန်တော့လဲ ဈေးတိုက်ထောင်မှူးနဲ့ မန်ဒါလီဖိုထောင်မှူး ပေါင်းပြီး ဆီ၊ ကြက်သွန်၊ ငရုတ်သီး၊ ငါးပိ အဲဒါတွေကို ခိုးလိုက်သေးတယ်၊ အဲဒါနဲ့ ချက်ပြန်ရော၊ ကျက်တော့ ဖိုထဲက ထောင်မှူးရဲ့ တပည့်တွေက ရေပေါ်ဆီဆိုတဲ့ ဟင်းအပေါ်ယံမှာ တက်နေတဲ့ အဆီရေတွေကို ခပ်ယူလိုက်ပြန်ရော၊ အဲဒီအကျန်ကို ကျွန်တော်တို့ကို ကျွေးတာ'

ရန်ရှင်း။ ။'သိပ်ဆိုးတာပဲဗျာ'

ဘိုးသိုး။ ။'သိပ်ဆိုးတယ် ကိုရန်ရှင်း၊ ဒါကြောင့် ထောင်ဆိုတာ မနေအပ်တဲ့အရပ်ထဲမှာ ပါတာပေါ့'

ရန်ရှင်း။ ။'ဟိုလူ့ကို ကျွန်တော် သနားနေတာကတော့ တခြား မဟုတ်ပါဘူး၊ သူ့အမှုက အမှုမမှန်လို့ပါ'

ဘိုးသောင်။ ။'အံမာ၊ ကိုရန်ရှင်းက သူ့ကိုယ်တော့ သူ မသနားဘူး'

ရန်ရှင်း။ ။'သူ့ဟာက ကျွန်တော့်ထက်ဆိုးတယ်၊ သူ့မိန်းမက အင်စပက်တော်တစ်ယောက်နဲ့ ကြာခိုတယ်၊ အဲဒါကို သူက မိတော့ မိန်းမ ကို ရိုက်ရော၊ မိန်းမက တစ်ခါ သူ့လင်ငယ် အင်စပက်တော်ကို ပြန်ပြော ရော၊ အဲဒီတော့ လင်ငယ်က သူ့ကို လုယက်မှုနဲ့ဆင်ပြီး ချလိုက်တာ'

ဘိုးသောင်။ ။'ကိုရန်ရှင်းနှယ်၊ ဘုရားစူးရစေရဲ့၊ ကျွန်တော် အဟုတ်သိလို့ ပြောတာပါ။ ဟောဒီထောင်ထဲမှာ တစ်ဝက်ကျော်ကျော်ဟာ အပြစ်လုံးလုံးမရှိဘူး၊ ပုလိပ်က ဆင်ပြီးချလိုက်တာချည်းပဲ၊ ဒါကြောင့်လဲ ဒီကောင်တွေ ထောင်ကျလာပြီဆိုရင် အကျဉ်းသားတွေက ဝိုင်းပြီး ဖနောင့် နဲ့ ပေါက်၊ မျက်လုံးဖောက် ချီးရေ သေးရေတွေတိုက်နဲ့ အမျိုးမျိုးညှဉ်းတာပဲ'

ရန်ရှင်း။ ။'ဘာဖြစ်လို့များ ဒီလိုလုပ်ချင်တာပါလိမ့်မလဲ'

ဘိုးသောင်။ ။'ဘယ်လူက လုပ်တာလဲ'

ရန်ရှင်း။ ။'ပုလိပ်တွေကလေ'

http://nyisay.com



ဘိုးသောင်။ ။သောက်မြင်ကပ်လဲ လုပ်တာပဲ၊ ငွေရလဲ လုပ်တာပဲ၊ ခင်ဗျားက ပိုက်ဆံရှိတယ်ဆိုပါတော့၊ အရပ်ထဲမှာ ခင်ဗျားဩဇာကို နားမထောင်တဲ့လူကိုဖြစ်ဖြစ် ခင်ဗျား မတရားလုပ်နေတာတွေကို မခံတဲ့လူဖြစ်ဖြစ်၊ အဲဒီလူကို နှိပ်စက်ချင်တယ်ဆိုရင် ပုလိပ်ကို ငွေပေးပြီး ထောင်ချခိုင်းလိုက်တာပဲ၊ အမှုဆင်တဲ့နည်းတွေဟာ သူတို့လက်ဖျားမှာ သီးနေတာပဲ၊ နောက်ပြီးတော့လဲ ရှိသေးတယ်၊ ဓားပြမှုဖြစ်ရော ပုလိပ်တွေဖမ်းလို့လဲ မရဘူးဆိုပါတော့၊ အထက်လူကြီးကလဲ သိပ်ဆူ၊ အဲဒီတော့ နာမည်ပျက်နည်းနည်းရှိတဲ့ အကောင်ကို တစ်ခါတည်းဖမ်းတာပဲ၊ ဖမ်းပြီး ဂါတ်မှာ လက်ထိပ်ခတ်၊ နောက်ပြီးတော့ လက်ထိပ်ကို ထုတ်မှာဆွဲပြီး ဘေးတွေ နံတွေကို လက်သီးနဲ့ထိုး ဒူးနဲ့တိုက်တာပဲ၊ အဲဒီလို ညှဉ်းတာ မခံနိုင်တဲ့လူကလဲ ကိုရွှေပုလိပ်တွေ သင်ပေးတာကို လျှောက်ထွက်ကုန်ရတာပေါ့။ ဒါနဲ့မှ မရသေးဘူးဆိုရင် ငရုတ်သီးရေနဲ့ မျက်စိခပ်တယ်၊ လက်ချောင်းတွေ လှန်ချိုးတယ်၊ လက်ချောင်းတွေထဲမှာ ခဲတန်ညှပ်ပြီး လက်ချောင်းတွေကို ထိပ်ကနေ ညှစ်တယ်၊ ညို့သကျည်းပေါ်မှာ မြင်းလုံးနဲ့လှိမ့်တယ်၊ ဒါတွေနဲ့မှ မရသေးဘူးဆိုရင် မော်တော်ဘုတ်တွေမှာ ချည်ပြီး ရေထဲမှာလျှောက်ဆွဲတယ်၊ ဒို့ထက်ဆိုးတာက ညှပ်ထားတဲ့ ဆံပင်တွေကို ရေဖျော်ပြီးတိုက်တာပဲ၊ အဲဒါကတော့ သိပ်ဆိုးတယ်၊ အဖြေမရှိဘူး၊ ဒါကို သောက်ပြီးတဲ့လူတိုင်း လူစဉ်မမီဘူး၊ အဆုတ်နာဖြစ်ပြီး မြန်မြန်သေတာပဲ'

ရန်ရှင်း။ ။'ဒါတွေလုပ်နေတဲ့နောက် ဘယ်သူခံတော့မှာလဲဗျာ'

ဘိုးသိုး။ ။'အဲဒါပြောတာပေါ့'

ရန်ရှင်း။ ။'ခံမချဘူးလား'

ဘိုးသောင်။ ။'အံမာ၊ ခံချရင် သေသွားမှာပေါ့၊ သူတို့ လက်ခုပ်ထဲကရေ ဖြစ်နေတာ'

http://nyisay.com



ဘိုးသိုး။ ။'လက်ထိပ်ခတ်ပြီးမှ ရိုက်တာဗျ'

ဘိုးသောင်။ ။'ကျွန်တော် ခုအမှုကိုစစ်နေတုန်း အချုပ်ထဲမှာ ဓားပြမှုနဲ့ ဖမ်းထားတဲ့ လူတွေကို တွေ့ရတယ်၊ အဲဒီအထဲမှာ ဓားပြအတိုက်ခံရတဲ့ အိမ်ရှင်ရဲ့ သမက်လဲ ပါလာတယ်၊ အိမ်ရှင်ကလဲ သူ့သမက်ကို မစွဲဘူး၊ စင်စစ်လဲ သမက်က မပါပါဘူး၊ ဒါပေမဲ့ သမက်က ကျယ်ကပ်ကပ်ဆိုတော့ ပုလိပ်က မုန်းတာနဲ့ အတင်းဆွဲသွင်းတာပဲ၊ သူတို့ပြောတာ မရတော့ မျက်ခွက်ကို ဖနောင့်နဲ့ ပေါက်လိုက်တာ ရှေ့သွားနှစ်ချောင်းကျိုးသွားတယ်၊ ယောက္ခမကလဲ ဒီလောက်ကျတော့ မခံနိုင်ဘူး၊ ဓားပြမှုမပေါ်ချင်နေပေစေဆိုပြီး ရှေ့နေနဲ့ အရေးပိုင်ဆီမှာ ထပွက်ရော၊ ဖနောင့်နဲ့ ပေါက်တဲ့ ခွေးမသား ရာဇဝတ်အုပ်လဲ ပြုတ်တာပဲ'

ရန်ရှင်း။ ။'တယ်ဆိုးတာပဲဗျာ'

ဘိုးသောင်။ ။'ကျွန်တော်တိုက်ခဲ့တဲ့ ဓားပြမှုတစ်မှုမှာ တိုက်တဲ့လူတွေ မကျဘဲနဲ့ ဘာမှမဆိုင်တဲ့လူတွေကို ပုလိပ်က ဆင်ပြီး အတင်းချလွှတ်လိုက်တာ ရှိတယ်၊ ဒီထောင်ထဲမှာ ရှိတယ်၊ တစ်နေ့လောက်ကြုံရင် ကျွန်တော်ပြမယ်'

စားသောက်ပြီးကြ၍ တစ်ရေးတစ်မောအိပ်ရန် ရန်ရှင်းနှင့် ဘိုးသိုးတို့သည် မိမိတို့၏ အိပ်ရာ အစုတ်အပဲ့ကလေးများကို ခင်းပြီး တုံးလုံးလှဲနေကြသည်။ ဘိုးသောင်မှာကား မအိပ်နိုင်ဘဲ အိပ်ထောင်အပေါ်နှင့် အောက်ကို တက်ချည်ဆင်းချည်ဖြစ်လျက်ရှိလေသည်။ ဘိုးသိုးသည် ဘိုးသောင်ကြီးကို အနားသို့ခေါ်ပြီး 'ဟေ့ကောင်ကြီး သတိနဲ့လုပ်နော်'ဟု သတိပေးလေ၏။ ဘိုးသောင်လည်း ဘာမျှ မပြောဘဲ ခေါင်းညိတ်ပြီး ထွက်သွားလေသည်။

ရန်ရှင်း။ ။'ဘာလဲ ကိုဘိုးသိုးရဲ့'

ဘိုးသိုး။ ။'ဟာ၊ သူဟာက ဇာတ်ရှုပ်ကြီးပဲ'

ရန်ရှင်း။ ။'ဘယ်လိုဇာတ်ရှုပ်ကြီးလဲ'

ဘိုးသိုး။ ။(ရန်ရှင်း၏ အိပ်ရာအနီးသို့ မိမိ၏ အိပ်ရာကို ဆွဲကပ်ပြီးလျှင် ခပ်တိုးတိုးပြောသည်) 'ဒီလိုဗျ၊ ဟိုတစ်နေ့က ဓားထိုးမှုနဲ့ ကျလာတဲ့ မြဟန်ဆိုတဲ့ ကောင်ကလေးကို သိတယ်မဟုတ်လား'

ရန်ရှင်း။ ။'ထွန်းခင်တို့လူစု ပြုပြီး လိုက်နေကြတဲ့ ကောင်ကလေး မဟုတ်လား'

ဘိုးသိုး။ ။'ဟုတ်တယ်၊ အဲဒီကောင်ကလေးက တော်တော်မာနကြီးတယ်၊ ဒီတော့ ထွန်းခင်တို့လူစု ဘယ်နည်းနဲ့မှ ကြံလို့မရဘူး၊ ဒီလို ဘယ်သူမှ ကြံမရရင်လဲ အဂကောင်းသား၊ သို့ပေမယ့် စံအေးကြီးကျတော့ စွံသွားရော'

ရန်ရှင်း။ ။'ဒီအကောင်ကြီးက တယ်ပြီး အနှုံးကောင်းပါလား'

ဘိုးသိုး။ ။အနှုံးကောင်းဆို ဒီကောင်ကြီးက ငွေလိုက်နိုင်တာကိုး၊ အစတော့ ကောင်ကလေးကို ဘာမျှ မပြောဘူး၊ အစားကောင်းကောင်း ကျွေးထားတာပဲ၊ ပြီးတော့ ဖဲရိုက်ဖို့ဆိုပြန်ရင်လဲ ငါးကျပ် တစ်ဆယ် မသမြောဘူး၊ ထုတ်ပေးလိုက်တာပဲ၊ ကြာတော့ ကောင်ကလေးဟာ တဖြည်းဖြည်း သူ့ကို အားနာလာရော၊ အဲဒီတော့မှ အိုးစားဆွယ်တာပဲ၊ အကောင်ကြီးက စားနေကျ ကြောင်ပါးကြီး ကိုရန်ရှင်းရဲ့'

ရန်ရှင်း။ ။'ဒါနဲ့ ရရောလား'

ဘိုးသိုး။ ။'ခံနိုင်ရိုးလားဗျာ၊ ထောင်ထဲမှာ စကားပုံရှိတယ်၊ 'သူ့ အစာဝင် ဖင်ပြင်' တဲ့၊ တော်တော်ကြောက်စရာကောင်းတဲ့နေရာပဲဗျ၊ အဲဒါနဲ့ တစ်နေ့တုံးက ကောင်ကလေးကို ဆေးရုံဘက်ခေါ်သွားပြီး ဆွယ် ဆွယ်

http://nyisay.com



လုပ် လုပ် လုပ်ပစ်လိုက်တာပဲ၊ သူ့ဗလကြီးက နည်းတာကြီး မဟုတ်တော့ တောင် ကောင်ကလေးလဲ အတော့်ကို ခံရတယ်၊ ကြည့်ပါလား၊ ကွတ ကွတနဲ့၊ ကောင်းကောင်းမှ လမ်းမလျှောက်နိုင်ဘဲ'

ရန်ရှင်း။ ။'ဒါကို ကျွန်တော်တို့ ကိုဘိုးသောင်ကြီးက ဘာလုပ်ပေး ရမှာလဲ'

ဘိုးသိုး။ ။'အဲဒါကတော့ ဒီလိုဗျ၊ ဒီအထဲမှာလဲ အပြင်ဘက်မှာ လိုပဲ၊ အပြင်ဘက်ထက် ဆိုးရင်သာ ဆိုးမှာပါပဲလေ၊ သနားကမားကောင် ကလေးတွေ ထောင်ကျလာရင် အပြင်ဘက်မှာအပျိုတွေကို လူပျိုတွေက မြင်တဲ့အခါလို အငမ်းမရ ဖြစ်နေကြတာပဲ၊ တစ်ခါတလေ အပျိုကလေးတွေ ကို ထိမိခိုက်မိတဲ့အခါ လူပျိုတွေဟာ အတော် 'အီ' သွားကြတယ်မဟုတ် လား၊ ထောင်ထဲမှာလဲ ဒီလိုပဲ၊ သနားကမား ကလေးတွေ ကျလာပြီဆိုမှဖြင့် ဒီကောင်ကလေးတွေနဲ့ နည်းနည်းပါးပါး ထိမိခိုက်မိကြရင် ဒီငနဲတွေလဲ 'အီ'နေကြတာပဲ။

ဒါလောက်ကို အငမ်းမရဖြစ်တဲ့လူ ဖြစ်တယ်၊ အဲဒီတော့ ဒီလိုအိုးစား ကိစ္စနဲ့ ပတ်သက်လာရင် သူတို့မှာ သိပ်အရေးကြီးတာပဲ၊ သူတို့ချိန်နေတဲ့ အိုးစားကို တခြားလူ တစ်ယောက်က ဝင်ပြီးဆွယ်ရင် အဲဒီလူသေရအောင် ပြင်ပေတော့၊ အပြင်ဘက်မှာ ရည်းစားလူလုခံရသလိုပေါ့၊ အိုးစားဖြစ်ပြီး ပြန်ရင်လဲ တခြားလူဘက်ကိုပါသွားရင် အပြင်ဘက်မှာ မယားလင်ငယ်နေ သလို ဖြစ်တာပဲ၊ သူတို့မှာ ဒီဒုက္ခဟာ သိပ်ကြီးတယ်၊ အဲဒီတော့ မြဟန်ကို ထွန်းခင်တို့လူစုက ပိုးတယ်၊ စွံတော့ စံအေးကြီးက စွံသွားတယ်၊ ဟိုအကောင် တွေက ဘယ်ခံနိုင်မလဲ၊ အဲဒီတော့ ခပ်တိုတိုပြောရရင် ဘိုးသောင်ကြီးကို ငှားပြီး စံအေးကို အရိုက်ခိုင်းတာပေါ့'

ရန်ရှင်း။ ။'ဟင်၊ ဇာတ်ရှုပ်ကြီးပါလား'

ဘိုးသိုး။ ။'ဒါကြောင့် ကိုရန်ရှင်းကို ဇာတ်ရှုပ်ကြီးလို့ ကျွန်တော် ပြောတယ် မဟုတ်လား'

ရန်ရှင်း။ ။'ကိုဘိုးသောင်ကြီးကလဲ ရိုက်မတဲ့လား'

ဘိုးသိုး။ ။'ခုသွားတာ ရိုက်ရအောင် သွားတာပဲ'

ရန်ရှင်း။ ။'ကိုဘိုးသောင်ကြီးကလဲဗျာ၊ ဘာလို့ ဒီအရှုပ်ထဲကို ဝင်ချင်သလဲ၊ ပိုက်ဆံဘယ်လောက်ရမှာမို့လဲ'

ဘိုးသိုး။ ။'သူတို့အားလုံးစုတာ ငွေရှစ်ကျပ်ခွဲ ရတယ်'

ရန်ရှင်း။ ။'ဒီရှစ်ကျပ်ခွဲနဲ့လဲ လူတစ်ယောက်ကို ရိုက်တာပဲ'

ဘိုးသိုး။ ။'ဟာ ဒါက မျက်နှာကြီးကို ရိုက်ရလို့ပဲ၊ ခေါင်းတုံးဆိုရင် တစ်မတ် ငါးမူးနဲ့တောင် ရသေးတာပဲ၊ နောက်ပြီးတော့ ထောင်ထဲမှာဆိုရင် ကိုရန်ရှင်းလဲ အသိသားပဲ၊ ရှစ်ကျပ်ခွဲဟာ ရှစ်ဆယ့်ရှစ်ကျပ်လောက်ဖြစ်တာပဲ၊ နောက်ပြီးတော့ ပိုက်ဆံကြောင့်ချည်းပဲလဲ မဟုတ်ဘူး ဘိုးသောင်ဆိုတဲ့ အကောင်ဟာ သူနဲ့ ခင်မင်နေတဲ့လူကသာ လုပ်ပေးပါလို့ ခိုင်းရင် အသက်စွန့် လုပ်တာပဲ၊ ငွေကတော့ သူတို့ဟာ သူတို့ စုပေးတာပဲ။ နောက်ပြီး ဘိုးသောင်က ဒီထောင်ထဲမှာ နာမည်ရှိတယ်၊ စံအေးကြီးကလဲ နာမည်နဲ့ လူတစ်ယောက်ပဲ'

'အကျဉ်းသားထဲက မပြောနဲ့၊ တော်ရုံတန်ရုံ ထောင်မှူးတောင် ဒီကောင်ကြီးကို အရွံ့သား၊ သူကတော့ မသေမှ ထောင်ထဲက လွတ်မယ့်လူဆိုတော့ မထူးဘူးဆိုပြီး ရမ်းချင် ရမ်းမှာကို ကြောက်နေကြတယ်၊ အဲဒီလို နာမည်နဲ့ လူနှစ်ယောက်ဆိုတော့ ဒီပွဲဟာ ဗိုလ်လုပွဲလဲဖြစ်တယ်၊ ဒီကိစ္စမှာ ဘိုးသောင်ကြီးသာ ခေါင်းတိမ်းနေလိုက်ရင် 'ဘိုးသောင်ကြီး မိန်းမဖြစ်သွားပြီလို့' အားလုံးက ဝိုင်းပြီး ကဲ့ရဲ့မှာကိုလဲ ဒီအကောင်ကြီးက ရှက်တယ်၊ စောင့်သာနားထောင်နေ ချမှာတော့အမှန်ပဲ'ဟု ပြောပြီးလျှင် စိတ်မချသည်

http://nyisay.com



နှင့် ရန်ရှင်းကို ထားခဲ့ပြီးလျှင် ဘိုးသောင်ကြီးနောက်သို့ ဘိုးသိုးသည် လိုက်သွားပြန်လေ၏။

ရန်ရှင်းလည်း တစ်ယောက်တည်း ကျန်ရစ်သောအခါ ထောင်ပတ်ဝန်းကျင်၏ ဆန်းကြယ်ပုံ အလုံးစုံကို တွေးတော အောက်မေ့ရင်း တစ်ယောက်တည်း သဘောကျလျက်ရှိလေသည်။

ဘယ့်နှယ်လဲ ဒီလူတွေဟာ ဘာကြောင့် လူစင်စစ်က တိရစ္ဆာန်စိတ်ပေါက်လာရတာလဲ၊ အမှန်စင်စစ်တော့ တိရစ္ဆာန်စိတ်ထက် ပိုဆိုးနေပါဘိ။ တိရစ္ဆာန်တို့ဟာ အထီးအချင်းချင်း 'ကျင့်' တယ်လို့ မကြားဖူးဘူး။ စိတ်တွေကို မချုပ်တည်းနိုင်ရင်လဲ ဒီပြင်လုပ်စရာတွေ ပြည့်လို့။ ဒါကိုမှ ဘယ့်နှယ်ကြောင့် ဒါလောက်တောင် အငမ်းမရဖြစ်ရတာလဲ အစရှိသည်ဖြင့် ရန်ရှင်းသည် ထိုပြဿနာကြီးကို လေးနက်စွာ စဉ်းစားလျက်ရှိလေသည်။

ရန်ရှင်း စဉ်းစားမည်ဆိုလျှင်လည်း စဉ်းစားလောက်ပေသည်။ ထောင်ဟု ဆိုအပ်သော အုတ်နံရံကြီး လေးခုအတွင်း၌ နေထိုင်ကြရသော သူများ၏ အတ္တုပ္ပတ္တိသည် ထူးထူးခြားခြား စဉ်းစားစရာများသာဖြစ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ထိုအုတ်တံတိုင်းကြီးလေးခုအတွင်း ခြေလှမ်း၍ဝင်ပြီးသည်နှင့် တစ်ပြိုင်နက် ဘဝခြားသို့ ရောက်ရသည်နှင့် တူသောကြောင့်တည်း။

အဝတ်အစားမှာလည်း အပြင်ဘက်တုန်းက ဝတ်ရစားရသည်နှင့် အသွင်မတူ၊ အစားအသောက်ကလည်း တစ်မျိုးစီ၊ နေရထိုင်ရပုံများကလည်း အပြင်ဘက်နှင့် များစွာခြားနားလျက်ရှိကြ၏။

ရှေးဦးစွာ အဝတ်အစားဝတ်ပုံကို ကြည့်ကြဦးစို့။ ခေါင်းတုံး ခေါ်သာမန်အကျဉ်းသားသည် ဒူးဆစ်လောက်သာ အနံရှိသော ဖျင်ကြမ်းလုံချည်ကို ဝတ်ရသည်။ အနံတိုလွန်း၍ ထောင်ထဲတွင် ၎င်းလုံချည်တိုကို နံ့ယယ်ဟု

ခေါ်သည်။ အင်္ကျီမှာလည်း ဖျင်ကြမ်း 'ဂျာစီ' ဖြစ်သည်။ ဂျာစီဆိုသည်မှာ အခြားမဟုတ်။ ခေါင်းမှ စွပ်ချရန် လည်ပင်းပေါက် တစ်ပေါက်တည်းရှိသော အင်္ကျီလက်တိုကို ခေါ်သည်။

တစ်သက်တစ်ကျွန်းကျနေသော အကျဉ်းသားများနှင့် လက်ကောက်များမှတစ်ပါး အခြားသော အကျဉ်းသားများအတွက် နံငယ်နှင့် ဂျာစီ၏ အရောင်သည် အဖြူရောင် ဖြစ်သည်။ တစ်သက်တစ်ကျွန်းများအတွက် အဖြူရောင်ပေါ်တွင် အဝါစင်းများရက်ထားသည်။ လက်ကောက်တို့အတွက်မှာမူကား အဖြူရောင်ပေါ်တွင် အပြာစင်းများရက်ထားသည်။

ထိုကြောင့် အဝတ်အစား၏ အရောင်ကို ကြည့်ခြင်းအားဖြင့် တစ်သက်တစ်ကျွန်း လက်ကောက်နှင့် အခြားကျန်ရှိသော အကျဉ်းသားများကို ခွဲခြား၍ သိရှိနိုင်လေသည်။

ထိုအဝတ်အစားများကို အပြင်ဘက်ရှိ လူသုံးယောက်အား ဆင်၍ ကြည့်စမ်းပါ။ သင်္ကြန်တွင်း၌ ရွာရိုးလျှောက်၍ ပိုက်ဆံခံရန်အတွက် အကြောင်အကျားဝတ်ထားသည့် အရုပ်သားများနှင့် ခွဲ၍ရမည် မဟုတ်ပေ။ ထိုထက် ရယ်စရာကောင်းသောသူများလည်း ရှိသေး၏။

ထိုသူများကား ဦးထုပ်သမား အကျဉ်းသားများ ဖြစ်ကြသည်။ ထောင်ထဲတွင် ဦးထုပ်သမားနှစ်မျိုးရှိသည်။ တစ်မျိုးမှာ ရှစ်မှတ် ဦးထုပ်သမားဖြစ်၍ အခြားတစ်မျိုးမှာ ၁၂ မှတ် ဦးထုပ်သမား ဖြစ်လေသည်။

ရှစ်မှတ် ဦးထုပ်ရရန်အတွက် ခေါင်းတုံးတို့သည် ထောင်ပိုင်ထံတွင် လျှောက်ကြရသည်။ သို့ရာတွင် ခေါင်းတုံးတ◌ုး လျှောက်၍မရ၊ လျှောက်လိုသော ခေါင်းတုံးတစ်ယောက်သည် ထောင်ကျရက် 'အမိန့်ပေး'၏ ခြောက်ပုံတစ်ပုံကို အနည်းဆုံးရရှိဖြစ်ရမည်။

http://nyisay.com



(အမိန့်ပေး) ဆိုသည်မှာ အကျဉ်းသားတစ်ယောက်၏ ထောင်အတွင်း၌နေရမည့် ရက်အပိုင်းအခြားကို ခေါ်သည်။ တရားသူကြီးက တရားခံအား ထောင်ဘယ်နှနှစ်၊ ဘယ်နှလ၊ ဘယ်နှရက် ကျစေဟု အမိန့်ပေးသည်ကို အစွဲပြုပြီး ခေါ်ဟန် လက္ခဏာရှိသည်။ ထို့ကြောင့် ထောင်ထဲတွင် အကျဉ်းသားတစ်ဦးနှင့် တစ်ဦး တွေ့ကြ၍ ထောင်ကျလာသည်မှာ ဘယ်လောက်ရှိပြီလဲဟု မေးလိုသောအခါ 'အမိန့်ပေး ဘယ်လောက်ရသလဲ'ဟု မေးကြလေသည်။

ရှစ်မှတ်ဦးထုပ် ရာထူးကိုလျှောက်ရန်အတွက် အနည်းဆုံး အရည်အချင်းသည် မည်မျှရှိရမည်ကိုသိပြီး ၎င်းနှင့် မပြီးသေး။ ထိုရက်အတောအတွင်း ထိုခေါင်းတုံးပေါ်တွင် 'အမှုကြောင်း' များလည်း မရှိစေရ။ (အမှုကြောင်းဆိုသည်မှာ ထောင်ဥပဒေ ကျူးလွန်၍ ရရှိသော အပြစ်ဒဏ်များကို ထောင်ခေါ်ဖြင့် ခေါ်ခြင်းဖြစ်သည်။ အပြစ်ဒဏ်ရလျှင် ထိုအပြစ်ဒဏ်ကို အကျဉ်းသား၏ နံပါတ်ကြီးထဲတွင် ရေးထည့်ထားလေသည်။ ဖုက်ထား၍ မရချေ။) သို့ရာတွင် အမိန့်ပေး ခြောက်ပုံတစ်ပုံရ၍ အပြစ်ကြောင်းမရှိတိုင်းလည်း ဤရာထူးကို လွယ်လွယ်နှင့် ရလိမ့်မည် မထင်နှင့်။ ငွေစကလေးကလည်း အနည်းငယ် ရလိုက်ရသေးသည်။ ဤသို့လုပ်မှ ထောင်မှူးကြီးလုပ်သူက ဝင်၍ ထောက်ခံသည်။ ထောင်မှူးကြီးထောက်ခံလျှင် ထောင်ပိုင်လုပ်သူက ငြင်းရိုးထုံးစံမရှိပေ။

ရှစ်မှတ်ဦးထုပ်ကိုရပြီး 'အမှုကြောင်း'လည်း မရှိ၊ နောက်ထပ်အမိန့်ပေး၏ ခြောက်ပုံ တစ်ပုံရှိလျှင် ၁၂ မှတ် ဦးထုပ်ကိုလျှောက်ရန် ရက်စေ့ပြန်လေသည်။ သို့ရာတွင် တစ်နှစ်သမားသည် အလွန်ဆုံး ရှစ်မှတ်ဦးထုပ်ကိုသာ လျှောက်နိုင်သည်။ အနည်းဆုံး တစ်နှစ်နှင့် ခြောက်လလောက် ထောင်ကျမှသာလျှင် ၁၂ မှတ် ဦးထုပ်ကို လျှောက်နိုင်ကြလေသည်။ ဥပမာ-ဖြေ

http://nyisay.com



သည် ထောင်တစ်နှစ်ကျလာ၏။ အမိန့်ပေး နှစ်လရလျှင် ရှစ်မှတ် ဦးထုပ်ကို လျှောက်နိုင်သည်။ ငနီသည် ထောင်တစ်နှစ်နှင့် ခြောက်လကျလာသည်။ သူ့အတွက် အမိန့်ပေး သုံးလရပြီးမှ ရှစ်မှတ်ဦးထုပ်ကို လျှောက်နိုင်သည်။ ငနီအတွက် ၁၂ ဦးထုပ်ကို ရှစ်မှတ်ဦးထုပ် ရပြီးမှ နောက်ထပ် သုံးလကြာမှ လျှောက်နိုင်သည်။ မည်သည့်ဦးထုပ်ကိုပင် လျှောက်စေကာမူ အရည်အချင်း လုံလောက်ရုံနှင့် မပြီး။ 'ကျော့' ပါမှ ပြီးလေသည်။ ကျော့ပါလျှင် တော်ရုံ တန်ရုံ အမှုအကြောင်းများပင် ပျောက်ပျက်သွားရသည်။

ငွေအကုန်ခံမည်ဆိုလျှင်လည်း ခံထိုက်ပါပေသည်။ အဘယ်ကြောင့် ဆိုသော် ဦးထုပ်ရလာလျှင် အလုပ် မလုပ်ရတော့ပေ။ ခေါင်းတုံးများပေါ် တွင် ကြည့်၍ ဩဇာပေးရသည်။ ဤမျှမကသေး။ ထောင်ထဲတွင် သွားချင် သည့်နေရာကို အဖမ်းအဆီးမရှိဘဲ သွားနိုင်သဖြင့် အကြံအဖန်ကလေး များကိုလည်း လုပ်နိုင်သေးသည်။ ထို့ထက်ထူးသောအချက် ရှိသေးသည်။ ခေါင်းတုံးများသည် တစ်လကို လျှော့ရက် လေးရက်ရလျှင် ဦးထုပ်သမား သည် ခေါင်းတုံးထက် တစ်ရက်ပို၍ရလေသည်။

ရှစ်မှတ်ဦးထုပ်၏ အရောင်သည် အဖြူဖြစ်၍ ၁၂ မှတ် ဦးထုပ်၏ အရောင်သည် အနက်ဖြစ်သည်။ ဦးထုပ်၏ပုံသဏ္ဌာန်ကိုကြည့်ကြဦးစို့။ စက်ဝိုင်းတစ်ခုကို အလျားလိုက် အလယ်တည့်တည့်မှ မျဉ်းသားလိုက်ပါ။ မျဉ်းကြောင်းအပေါ်၌ရှိသော စက်ဝိုင်းခြမ်းနှင့် ပုံသဏ္ဌာန်တူသည့် ဖျင်ကြမ်း နှစ်စကို မျဉ်းကြောင်းဘက်၌ ခေါင်းစွပ်ရန် အပေါက်ချန်ထား၍ စက်ဝိုင်း ခြမ်းအတိုင်း ပေါင်း၍ ချုပ်လိုက်ပါ။ ၎င်းသည် ဦးထုပ်ဖြစ်၏။ ဦးထုပ်အဖြူ နှင့် အနက်မှာ ပုံအတူတူပင်ဖြစ်သည်။ ဦးထုပ်ရလျှင် အကြောင်းရှိ အသုံး ပြုရန် အလျား တစ်တောင့်ထွာ လုံးပတ်တစ်လက်မခွဲလောက်ရှိသော နံပါတ်တုတ် တစ်ချောင်းလည်း ရသေးသည်။ ထိုနံငယ်နှင့် ထိုဂျာစိကိုဝတ်

http://nyisay.com



ထိုဦးထုပ်ကို ဆောင်းပြီးလျှင် ပုံစံအတိုင်း ထိုနံပါတ်တုတ်ကို အရင်းက ကိုင်၍ ထမ်းထားသော ပုံသဏ္ဌာန်တစ်ခုကို စိတ်ထဲတွင် စဉ်းစားကြည့်ပါ။ ၎င်းအခိုးအစားကို ထွင်သောသူ၏ ဉာဏ်စူးရောက်ပုံမှာ တစိမ့်စိမ့်ပေါ်လာပေလိမ့်မည်။

ထို့ထက်ပင် ပွဲကျသူများရှိသေး၏။ ထိုသူတို့ကား သံတေ ခေါ်သူများပင်ဖြစ်သည်။ သံတေသည် အကျဉ်းသားတစ်ယောက်အတွက် ရနိုင်သော အကြီးဆုံးရာထူးဖြစ်သည်။ ၎င်းသည် ကုလားစကားတန်းတေးလ်မှ ပျက်စီးလာသော စကားပျက်ဖြစ်လေသည်။ ရှေးအခါက ထောင်ထဲတွင် ကုလားများကြီးစိုးလျက်ရှိသည်ဖြစ်ရာ ထိုကုလားများထွင်ခဲ့သော စကားများကို ယခုထက်တိုင် သုံးစွဲနေကြရခြင်းဖြစ်လေသည်။

ခရိုင်တစ်ခုတွင် ခရိုင်ဝန်သည် အချုပ်ဖြစ်သကဲ့သို့ သံတေများထဲတွင်လည်း ခြောက်ထောင်ပိုင်သည် အချုပ်ဖြစ်လေသည်။ သူတို့အတွက်မှာမူကား လုံချည်အောက်ကခံ၍ ဝတ်သော ပိတ်ဘောင်းဘီနှင့်တူသည့် ဒူးဆစ်လောက်ရှိသည့် ဖျင်ကြမ်းဘောင်းဘီကို ဝတ်၍ လေးလက်မပတ်လည်လောက်ရှိသော ကြေးခေါင်းအဝိုင်း တပ်ထားသည့် အဝတ် ခါးပတ်ကို ဘောင်းဘီအပေါ်က ပတ်ထားရသည့် ခါးပတ်ရောင်မှာ အပြာဖြစ်၍ ကြေးခေါင်းပေါ်တွင် c.w ဟူသော အင်္ဂလိပ်စာလုံးနှစ်လုံးကို ထွင်းထားလေသည်။ ၎င်းတို့၏ အဓိပ္ပာယ်အရှည်မှာ 'အကျဉ်းသမား ထောင်ပြာတာ' ပင်ဖြစ်သည်။

ဝတ်ရသောအင်္ကျီမှာမူကား တင်ပါးနားသို့ရောက်လုအောင် ဖားနေသော 'ကွပ်'အင်္ကျီ အပြာရောင်ဖြစ်သည်။ သူတို့သည် ဦးထုပ်အစား အပြာရောင် ခေါင်းပေါင်းကို ပေါင်းရသည်။ ကဲ၊ အပြာရောင်ခေါင်းပေါင်းကို ပေါင်းပြီး အပြာရောင် ကွပ်အင်္ကျီခပ်ဖားဖားနှင့် ဘောင်းဘီတိုဝတ်၍

http://nyisay.com



နံပါတ်တုတ် ထမ်းထားသော ဤပုဂ္ဂိုလ်ကိုကြည့်ပါ၊ ဤသတ္တဝါကို အပြင်ဘက်တွင် အဘယ်မည်သော သတ္တဝါနှင့် နှိုင်းယှဉ်၍ ပြရပါမည်နည်း။ ဒီလူတွေသာ အဝတ်အစားအစုံအလင်နှင့် အပြင်ဘက်တွင် စီတန်းလမ်းလျှောက်လိုက်ရလျှင် တဟားဟားနှင့် များစွာ ပွဲကျနေမည်ဖြစ်၏။ ဤကား အကျဉ်းသားများ ဝတ်ရသော အဝတ်အစားတည်း။

အစားအသောက်တွင်ကော ဘယ်လိုထူးခြားသည်ကို ကြည့်ကြဦးစို့။ ထမင်းကား ဆန်လုံးတီးဖြစ်သည်။ ဆန်လုံးတီးသည် အားရှိသော အာဟာရဖြစ်သောကြောင့် ထောင်သားများနှင့် ပို၍ပင် သင့်သေး၏။ သို့ရာတွင် ထိုလုံးတီးထမင်းတွင် ကျောက်ခဲနှင့် စပါးခွံများ မစင်သောကြောင့် ကျခါစလူသစ်များသည် စား၍မရချေ။ ထောင်မှာ အနည်းငယ်အနေကြာမှ ထမင်းကို မဝါးဘဲ မျိုချသော အကျင့်ကိုကျင့်ပြီး အတင်းမျိုချရလေသည်။ ခွေးလေး ငါး ခြောက်ကောင်ကို မွေးထားသောသူသည် သူ၏ ခွေးများအား ဤသို့ ဆန်လုံးတီးများကို ကျွေး၍ ကျွေးမည်မဟုတ်ပေ။ ဟင်းကျပြန်တော့လည်း အဆီထုတ်ထားသော ပဲရေလုံပြုတ်၊ ခရမ်းသီးရေလုံပြုတ်မျှသာ ဖြစ်လေသည်။

ဤကား အကျဉ်းသားများ စားရသော ထမင်းတည်း။

အအိပ် အနေတွင်ကော ဘယ်လိုတုန်း။ အကျဉ်းသမားတစ်ဦးလျှင် အောက်မှာခင်းအိပ်ရန် အလျား ငါးတောင်၊ အနံ ၁ တောင်ခွဲလောက်ရှိသော ဂုန်အိတ်ပိုင်းတစ်ပိုင်း ရသည်။ ခြုံရန်အတွက် အမွေးစုတ်ဖွားနှင့် စောင်ကြမ်းတစ်ထည်ရသည်။ ခေါင်းအုံးကိုကား မရပေ။ ကြမ်းပြင်တွင် အသေရိုက်ထားသော ခေါင်းအုံးသဏ္ဍာန် သစ်သားတုံးပေါ်တွင် အိပ်ရသည်။

အကျဉ်းသားများအိပ်ရသော အိပ်ထောင်သည် နှစ်ထပ်တန်းလျားကြီးဖြစ်သည်။ ထိုတန်းလျားကြီးကို အခန်းကြီးလေးခန်းလောက် ကာထား

http://nyisay.com



၍ တစ်ခန်းလျှင် အကျဉ်းသားပေါင်း ငါးဆယ်လောက် အိပ်ရသည်။ ထောင် ဥပဒေအတိုင်းဆိုလျှင် အားလပ်သည့်နေ့များတွင် ကိုယ့်အိပ်ထောင်မှ တစ်ပါး အခြားနေရာများကို မသွားရချေ။

အကယ်၍ ခေါင်းတုံး အကျဉ်းသားတစ်ယောက်သည် ပျင်းလွန်းသဖြင့် တစ်ယောက်တည်း လျှောက်လည်လျှင် လမ်း၌တွေ့သော ထောင်ဟျာကာ တစ်ယောက်ယောက်က ၎င်းကိုဖမ်း၍ 'ရုံးတင်' နိုင်သည်။ ရုံးတင်သည် ဆိုသည်မှာ ထောင်ပိုင်ထံသို့ပို့သည်ကို ခေါ်သည်။ ဤကား အကျဉ်းသားများ၏ အအိပ်အနေတည်း။

သူတို့ကို ထောင်မှူး ထောင်ပိုင်များကကော ဘယ်လိုသဘောထားကြသနည်း။ သားအရွယ်လောက်ရှိသော ထောင်မှူးကလေးကလည်း သူ့အဖေ အရွယ်မက အဘိုးအရွယ်လောက်ရှိသည်ပင်ဖြစ်စေကာမူ အကျဉ်းသားများအား 'ဟေ့ကောင်ကြီး' 'ခွေးမသားကြီး' 'မင်း' 'ငါ' အစရှိသော နင်ပဲငဆ စကားများကို ရက်ရက်ရောရော အသုံးပြုကြလေသည်။ ဤသို့ ပြောရမည်လေဟု အပြောခံရသူ အကျဉ်းသားသည် ဘာတစ်ခွန်းမျှ ပြန်မပြောဝံ့။ ထောင်ထဲတွင် ထောင်မှူးရင့်မကြီးကို မဆိုထားဘိ၊ ဦးထုပ်သမားတစ်ယောက်ကို ပြန်ပြောမိသည့်အပြစ်ပင် နှယ်နှယ့်အပြစ် မဟုတ်ပေ။

ယခုအခါ ထောင်များသည် ယဉ်ကျေးလျက်ရှိပြီးဖြစ်သောကြောင့် ရှေ့ဦးစွာ ဒူးတိုက်လောက်နှင့် ကိစ္စတုံးလျှင် ကုသိုလ်ကောင်းလှပြီ၊ ဒူးတိုက်ခံရပြီးလျှင် ထောင်ပိုင်ထံသို့ မရောက်မီ 'တိုက်ပိတ်' ခံရဦးမည်။ (တိုက်ပိတ်သည်ဆိုသည်ကား အလျား ၁၀ ပေ၊ အကျယ် ၆ ပေ လောက်ရှိသော အခန်းကလေးထဲတွင် တစ်ယောက်တည်း ပိတ်ခံနေရခြင်းကိုဆိုသည်။

တစ်နေ့လုံး ၂၄ နာရီ ရှိသည့်အနက် တစ်နာရီလောက်သာ အပြင်သို့ ထွက်၍ အညောင်းဖြေ ရေချိုးရလေသည်။ ထောင်ပိုင်ထံသို့ ရောက်သည့်

http://nyisay.com



အခါ ရက်ဖြတ်ခံရမည်။ (ရက်ဖြတ်ခံရမည် ဆိုသည်မှာ သူရထားသော တစ်လလျှင် လေးရက်ကျ လျှော့ရက်များထဲမှ ၁၀ ရက်တန်သည် အရက် ၂၉ တန်သည် ဖြတ်ပစ်ခြင်းကို ခေါ်သည်။) ရက်ဖြတ်ပြီးမှ တစ်လ နှစ်လ တန်သည် တိုက်ပြန်ပိတ်ခြင်းကို ခံချင်လည်း ခံရတတ်သည်။ ဂျုံရုံဆန်ရုံ သို့ အလုပ်ချထားခြင်းကိုလည်း ခံရတတ်သည်။ နှစ်ခုစလုံး အပြစ်ခံရချင် လျှင်လည်း ခံရတတ်သည်။

တစ်လလောက် တစ်နေ့လုံး နေပူကျဲကျဲတွင် ရေဆွဲနေရသော အပြစ်ဒဏ် အစရှိသည်တို့ကိုလည်း တစ်ခုခုကသော် လည်းကောင်း၊ အကုန်လုံးကိုသော်လည်းကောင်း ခံရတတ်သေးသည်။ အပြစ်ဒဏ်ကြီးသည် ငယ်သည်မှာ ကျူးလွန်ခဲ့သော အပြစ်များအပေါ်တွင် မတည်။ ရုံးတင်သော ထောင်မှူးပေါ်တွင် တည်လေသည်။ ထိုထောင်မှူးကပင် ဝအောင် ထိုးကြိတ် ရိုက်နှက် ကန်ကြောက်ပြီး အကျဉ်းသားက သူ့ကို ကျူးလွန်စော်ကားပါ သည်ဟု အကြီးအကျယ်ရေးထားလျှင် ထောင်မှူး အရေးကောင်းသလောက် အကျဉ်းသားခံရသည်။

အပြစ်ပေးရာ၌ ထောင်ပိုင်သည် အရမ်းအပြစ်ပေးသည် မဟုတ်။ သက်သေများကို စစ်ပြီးမှ အပြစ်ပေးလေသည်။ သို့ရာတွင် အကျဉ်းသား နှင့် ထောင်မှူး အချင်းများရာ၌ သက်သေများအားလုံးသည် ထောင်မှူး၏ သက်သေများသာဖြစ်လေသည်။ ထို့ကြောင့် ထောင်အရာရှိဆိုလျှင် အဖမ်း စား အလွန်ကြမ်းသဖြင့် အောက်ဆုံးထစ် ဟျာတာကအစ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အကျဉ်းသား နင်းပြားများသည် တုတ်တုတ်မျှ မလှုပ်ဝံ့ ကြပေ။

ဤသည်ကား အကျဉ်းသားတို့၏ ဘဝပင်တည်း။

http://nyisay.com



ပတ်ဝန်းကျင်သည် ထိုပတ်ဝန်းကျင် အတွင်းရှိ လူအပေါင်း၏ စိတ်ဓာတ်ကို လွှမ်းမိုးနိုင်လေသည်။ ဤစကားမှန်ကန်ကြောင်းကို တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး' ဟူသော ဗမာစကားပုံက များစွာ ထောက်ခံလျက်ရှိသည်။ သို့ဖြစ်လေရာ ဤသို့ဝတ် ဤသို့စား ဤသို့နေသော အကျဉ်းသားများသည် ဤသို့ အကျဉ်းသားများ မဖြစ်ကြလျှင် မည်သို့ အကျဉ်းသားများ ဖြစ်ကြမည်နည်း။

ဤအဝတ်အစားတွေကို ဝတ်ထားပြီး ဘယ်အကျဉ်းသားသည် သူ့ကိုယ်သူ အထင်ကြီးနိုင်ပါတော့အံ့နည်း။ ဤထမင်းဟင်းများကို စားပြီး ဘယ်အကျဉ်းသားသည် သူ့ကိုယ်သူ အထင်ကြီးနိုင်ပါတော့အံ့နည်း။ ဤကဲ့သို့ မထေမဲ့မြင် အလုပ်ခံရပြီး ဘယ်အကျဉ်းသားသည် သူ့ကိုယ်သူ အထင်ကြီးနိုင်ပါတော့အံ့နည်း။

လူတို့သည် လူတစ်ကိုယ်ကို ထင်တစ်လုံးနှင့် နေကြသောသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို အထင်ကြီးသောစိတ်ဓာတ်များ ကုန်ခန်းသွားသည့်နေ့တွင် လူ့အဖို့မှာ မည်သည့် မကောင်းမှုကိုလုပ်ရန်မှ မခက်ခဲတော့ပေ။ ထောင်ထဲတွင် တစ်ယောက်မကျန် အားလုံးသော ထောင်သားများ၏ စိတ်ဓာတ်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပတ်ဝန်းကျင်၏ အမျိုးမျိုး ဖျက်ဆီးခြင်းကိုခံရသောကြောင့် မရှုမလှပျက်စီးလျက် ရှိပြီဖြစ်ရကား ဤသို့ ပျက်စီးမှုသည် အလွန်စက်ဆုပ်ဖွယ်ကောင်းသော ယောက်ျားချင်းချင်း ကျင့်သည့် အလုပ်ဆိုးကြီး၏ ရေသောက်မြစ်ကြီးပင် ဖြစ်တော့၏။

သို့ဖြစ်သောကြောင့် ဤအလုပ်ဆိုးကြီးသည် ထောင်တိုင်းတွင် ထွန်းကားနေသည်မှာ ထောင်အုပ်ချုပ် စီမံသူများလည်း တာဝန်မကင်းပေ။

http://nyisay.com



ဤအရင်းခံအကြောင်းကြီးများကိုကား ရန်ရှင်းသည် ထိုအချိန်တွင် အနည်းငယ်မျှ မစဉ်းစားမိပေ။

အကျဉ်းထောင်သည် အကျဉ်းထောင်မျှသာဖြစ်သည်။ အကျဉ်းသားများကို ညှာလျှင် အားလုံးပျက်စီးကုန်မည်ဟု ထောင်အုပ်ချုပ်သူများက ဆင်ခြေပေးကောင်း ပေးလိမ့်မည်။ ဤဆင်ခြေမျိုးသည် အလွန်မှားသည့် ဆင်ခြေများဖြစ်ကြသည့်အကြောင်းကို အနောက်နိုင်ငံများရှိ ထောင်ပြုပြင်ပြောင်းလဲရေးစနစ်များက ထောက်ခံလျက်ရှိကြလေသည်။

ရာဇဝတ်မှုကျူးလွန်သောသူများကို ရှေးဦးစွာ လေ့လာကြည့်ပါ။ တိုင်းပြည်တစ်ပြည်တွင် တစ်သောင်းလျှင် ကိုးထောင့်ကိုးရာ ကိုးဆယ့်ကိုးယောက်မျှသော အကျဉ်းသားတို့သည် လူဆင်းရဲအတန်းစားထဲကမှ ဖြစ်လေသည်။

လူချင်းအတူတူ လူချမ်းသာထဲမှ အဘယ်ကြောင့် ထောင်အကျနည်းပါသနည်း။ သူတို့က ရာဇဝတ်မှု ကျူးလွန်ချင်သည့် စိတ်ဓာတ်များနည်းပါး၍ပင်လော။ ဤသို့မဟုတ်ပါ။ အမှုဖြစ်လျှင် ငွေလိုက်နိုင်သောကြောင့်လည်း ထောင်အကျနည်းသည်။ ၎င်းအပြင်လည်း အခြားအကြောင်းတစ်ခု ရှိသေးသည်။ လူချမ်းသာများသည် ကိုယ့်စည်းစိမ်နှင့်ကိုယ်ဟန်ကျ၍ နေကြသူများ ဖြစ်သောကြောင့် ရာဇဝတ်မှု ကျူးလွန်စရာဖြစ်ပေါ်လာလျှင် မကျူးလွန်မိ ဆယ်ကြိမ်လောက် စဉ်းစားကြသည်။

ဤသို့ စဉ်းစားနေသည်နှင့်ပင် တော်ရုံတန်ရုံ အပြစ်များကို မကျူးလွန်မိပေ။ လူဆင်းရဲများကား လူ့လောကကြီးနှင့်တကွ ကိုယ့်ကိုယ်ကိုပါ စိတ်နာရမည့်ဘဝသို့ ကျရောက်နေကြသူများ ဖြစ်သောကြောင့် မပြောပလောက်သော ကိစ္စကလေးများ၌ပင် 'ဟာ၊ မထူးတော့ပါဘူးကွာ' ဟူသော သဘောမျိုးဖြင့် မစဉ်းစားဘဲ ရာဇဝတ်မှုများကို ကျူးလွန်တတ်ကြပေ

http://nyisay.com



သည်။ ထိုကဲ့သို့ စိတ်ပျက်လာကြသူများကို ထောင်ထဲမှ ထပ်၍ ဖျက်ဆီးပေးလိုက်ရာ ထိုသူများ လွတ်သွားလျှင် ရာဇဝတ်မှု ကျူးလွန်ရန် ခဲယဉ်းပါဦးတော့မည်လော။

ဤကဲ့သို့ ရာဇဝတ်မှုများ တိုး၍သာနေလျှင် ထောင်ချရသည့် အမိက ရည်ရွယ်ချက်ကြီးလည်း ပြည့်ဝပါဦးတော့မည်လော။

ဤအကြောင်းရင်းကြီးအပြင် ဤအကျင့်ဆိုး၏ အခြားအကြောင်းငယ်များလည်း ရှိပေသေးသည်။ ဤအကြောင်းမှာ အခြား မဟုတ်။ အကျဉ်းသားတစ်ယောက်အား ကာမရာဂစပ်ယှက်ခွင့်မပေးဘဲ နှစ်ရှည်လများ ကြာစွာ ထောင်ချထားခြင်းပင် ဖြစ်လေသည်။ လူတို့တွင် ကာမရာဂ စိတ်သည် အပြင်းဆုံးသော စိတ်တစ်စိတ် ဖြစ်၏။ ဥပမာပြရလျှင် ဤစိတ်သည် တောင်ပေါ်မှ အရှိန်ပြင်းစွာနှင့် စီးဆင်းလာသောရေလုံးနှင့် တူသည်။

ဤရေလုံးသည် ချောမောစွာ စီးဆင်းခွင့်မရဘဲ ရှေ့မှ ကာဆီးနေသော တစ်စုံတစ်ခုနှင့် ထိမိခိုက်မိလျှင် ထိခိုက်မိသမျှကို လွင့်စဉ်ကုန်အောင် တိုက်ခိုက်ပစ်လိုက်တတ်လေသည်။ ရှေ့မှကာဆီးထားသော အရာသည် ရေအရှိန်တန်ခိုးထက် ပို၍ ခိုင်ခံ့ပါလျှင်လည်း ရေလုံးသည် ဘေးဘက်သို့ အားသွန်၍ လျှံထွက်ကုန်ကြသည်။ ထိုနည်းတူစွာပင် ကာမရာဂ စိတ်များသည် ပြင်းထန်လာသည့်အခါတွင် တိုက်ခတ်ပစ်၍ရလောက်လျှင် တိုက်ခတ်ပစ်တတ်သည်။ သို့ကြောင့်ပင် မုဒိမ်းမှုများဖြစ်ကြသည် မဟုတ်ပါလော။

ထောင်ထဲသို့ရောက်နေသဖြင့် ဘယ်နည်းနှင့်မျှ တိုက်ခတ်ပစ်ခွင့် မရလျှင် ရေလုံးသည် ဘေးသို့လျှံထွက်ကုန်သကဲ့သို့ အကျဉ်းသားတို့၏

ကာမရာဂစိတ်သည်လည်း တစ်နည်းနည်းဖြင့် ဖြေဖျောက်မှုကို ရှာကြမည်မှာ ဓမ္မတာပင်ဖြစ်တော့၏။ ဘယ်နည်းနှင့်မျှ မစီးဘဲနှင့် ရပ်ထား၍ရမည် မဟုတ်ချေ။

ဤအချက်ကိုသိသဖြင့် ရုရှားပြည်ရှိ ထောင်များ၌ အကျဉ်းသားများကို တစ်လနှစ်ကြိမ် အိမ်ပြန်ခွင့်ပေးလေသည်။ ဤသို့ဆိုလျှင် ထောင်သည် ထောင် မဟုတ်တော့ဘဲ ပျော်ပွဲစားရုံကြီးနှင့်သာ တူတော့သည်ဟု တစ်ဖက်က ပြောကြလိမ့်မည်။ ထောင်ထဲတွင် ယောကျ်ားအချင်းချင်း တစ်ယောက်နှင့် တစ်ယောက် ကျင့်ကြသည့် အကျင့်ဆိုးကြီးကို ခွင့်ပြုထားသည်ထက် တစ်လနှစ်ကြိမ် တရားသဖြင့် ကာမရာဂစပ်ယှက်မှုကို ခွင့်ပြုထားသည်က သာ၍ ကောင်းပေလိမ့်ဦးမည် မဟုတ်ပါလော။

ဆံတစ်ပင်တင်း ချစ်ခြင်းမယား ဆိုသော စကားကဲ့သို့ အိုးစားမွေးသူတို့သည် သူတို့၏ မယားများအတွက် အလွန်မွန်တတ်ကြလေသည်။ မွန်မည်ဆိုလျှင်လည်း မွန်လောက်ပေသည်။ အပြင်ဘက်တွင် ယောကျ်ားများသည် မိမိတို့၏ မယားများအတွက် ရှာဖွေကျွေးဘိသကဲ့သို့ သူတို့လည်း အိုးစားခေါ် သူတို့၏ မယား များကို အစစအရာရာ ရှာဖွေ၍ ထောက်ပံ့ကြလေသည်။ စားကောင်းသောက်ဖွယ်များကို အကြံအဖန်လုပ်၍ရလျှင် သူတို့ မယားများအတွက် ယူလာပြီး ကျွေးရသည်။ ဆေးလိပ်ကိုလည်း အချိန်နှင့် ရှာပေးရလေသည်။

အကယ်၍ သူတို့မယားများသည် ဘိန်းရှူဘိန်းစားတတ်လျှင်လည်း ထောင်ဈေးတွင် ၁၂ ရာသီပေါ် လျက်ရှိသော ဘိန်းကို အလျဉ်မပြတ်အောင် ဝယ်ပေးရလေသည်။ သူတို့၏ယောကျ်ားများက သွားလာနေစဉ် မယားများက ဘိန်းရှူတတ်ကြသည်။ ဤဇိမ်သည် သူတို့အတွက် အလွန်ကြီးကျယ်သော ဇိမ်ဖြစ်လေသည်။

http://nyisay.com



အုတ်တံတိုင်းကြီး လေးခုသည် လူ့စိတ်ကို ပြုပြင်ရာ၌ မည်ကဲ့သို့ စွမ်းသည်မသိ၊ ယောကျ်ားဖြစ်သူနှင့် သူ့အိုးစားတို့သည် တစ်ဦးကိုတစ်ဦး တကယ့်လင်၊ တကယ့်မယား ဟု သဘောထားကြသည်အထိ သူတို့၏ စိတ်ထားများ ပြောင်းသွားကြလေသည်။ ယောကျ်ားဖြစ်သူက သူ့အိုးစားကို သားမယားပြော ပြော၍ သူ့အိုးစားကလည်း သူ့ယောကျ်ားကို 'မောင်. . မောင်. . . ' နှင့် တမောင်တည်း မောင်လျက်ရှိကြသည်။

ထိုကြောင့်လည်း သူတို့၏ ကြင်ယာတော်များသည် 'မျောက်မွေး' ကြလျှင် မျောက်မွေးသူရော ကြာခိုသူပါ မသက်သာလှပေ။ မယားဖြစ်သူက စင်စစ် မျောက်မ မထားသော်ငြားလည်း လင်ဖြစ်သူက သဝန်ကြောင်လျှင် မယားနှင့် လူစိမ်းတစ်ဦးဦး စကားပြောသည်ကို မြင်သည်နှင့်လည်း ရမ်းတတ်ပေသေး၏။ ဤကိစ္စမျိုးနှင့် ပတ်သက်လာလျှင် တစ်ယောက်နှင့် တစ်ယောက် ခုတ်ထစ်သတ်ဖြတ်ကြသည်အထိ ကြီးကျယ်သွားတတ်သည် ကိုလည်း ထောင်အုပ်ချုပ်သူများသည် ကောင်းစွာ အသိဖြစ်လေသည်။

တချို့ကလည်း သူတို့စွဲလောက်သည့် အပျိုနှင့် တွေ့လျှင် အပြင်ဘက်မှာလို ငွေကုန်ကြေးကျခံကာ အောင်သွယ်များထား၍ နှူးတတ်ကြသေးရာ အောင်သွယ်များက တစ်ပတ်ရိုက်လိုက်သဖြင့်လည်း ခုတ်ကြထစ်ကြပေသေး၏။ အချို့ကလည်း မိမိတို့ ပိုး၍မရဘဲ အခြားလူတစ်ဦးက စွဲ၍သွားလျှင် မစားရသောအမဲ သဲနှင့်ပက်သည့် သဘောမျိုးဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ လူငှား၍သော်လည်းကောင်း၊ အရိုက်အနှက်၊ အထိုးအကြိတ် ခိုင်းတတ်ကြလေသည်။

ထိုကြောင့် ဘိုးသောင်ကြီး ယနေ့ ရိုက်ပေးရမည့် ကိစ္စသည် အထူးအဆန်း မဟုတ်ဘဲ ထောင်ထဲတွင် နေ့စဉ်ဖြစ်ပျက်နေသော အဖြစ်အပျက်တစ်ခုမျှသာ ဖြစ်လေသည်။

http://nyisay.com



ထောင်နာရီစင်မှ နေ့လယ် ၁၂ နာရီ ထိုးလေပြီ၊ ရန်ရှင်းသည် မိမိ၏ တွေးလိုရာများကို ဆက်လက်၍ တွေးတောခြင်းမပြုနိုင်တော့ဘဲ သူ၏ အဖော်များဖြစ်သော ဘိုးသိုးနှင့် ဘိုးသောင်ကြီးအတွက် လည် တဆန့်ဆန့်နှင့် ဖြစ်နေလေ၏။

ထိုနေ့အဖို့တွင် အကျဉ်းသားများသည် ဦးထုပ်သမားနှင့် ခေါင်းတုံး ဟူ၍ ကွဲပြားခြားနားခြင်းမရှိဘဲ အိပ်ထောင်များကို တစ်ထောင်မှ တစ်ထောင် ကူးချင်တိုင်း သန်းချင်တိုင်း ကူးသန်းလျက်ရှိကြလေသည်၊ အိပ်ထောင်တိုင်းတွင် ဖဲဒိုင်ခံလျက် ရှိသူများက ပိုက်ဆံစု၍ပေးထားသော ကြောင့် ထောင်ပျာတာ ကုလားများလည်း အထူးသဘောကောင်းလျက် အကျဉ်းသားများ ကူးသန်းချင်တိုင်း ကူးသန်းသွားလာနေကြသည်ကို ဘာ တစ်ခွန်းမှ မပြောဘဲ ခွင့်ပြုထားကြလေသည်။ ထိုကုလားများထက် အိပ် ထောင်များကို စောင့်ရှောက်ရသော မင်းဂျေးထောင်မှူးက ပို၍ သဘော ကောင်းသေး၏။ ဖဲတစ်ဝိုင်းမှ ငွေတစ်ကျပ်ရပြီးထားသဖြင့် ထောင်ထဲကိုပင် ဝင်၍မလာတော့ပေ။

ပုသိမ်ထောင်တွင် အိပ်ထောင်များ ငါးခုရှိသည့်အနက် အိပ်ထောင် နံပါတ် သုံး သည် လူအစည်ဆုံးဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအိပ်ထောင်တွင် ထောင်၏ မျက်နှာကြီးများ ဖဲရိုက်လျက်ရှိသဖြင့် အခြား အိပ်ထောင်များထက် ကြေးကြီးသောကြောင့်တည်း။ ထောင်နာရီစင်မှ ၁၂ နာရီ မောင်းတီးပြီး၍ ကွမ်းတစ်ယာညက်လောက်ရှိသောအခါ ထိုအိပ်ထောင် ၏ ဝင်းအတွင်းမှ အကျဉ်းသားတစ်အုပ် ပြေးထွက်လာကြပြီး မင်းဂျေး တစ်ဝိုက်တွင် ခရာမှုတ်သံ အော်ဟစ်ပြေးကြလွှားကြသည့်အသံတို့ဖြင့် ဆူညံသွား၏။ 'အင်း၊ ဘာတစ်ခုခုရယ်လို့သာ မပြောတတ်တယ်၊ တစ်ခုခု တော့ ဖြစ်ပြီ'ဟု ရန်ရှင်းသည် သူ့တစ်ကိုယ်တည်း ပြောလျက်ရှိလေသည်။

http://nyisay.com



များမကြာမီ မင်းဂျေး ထောင်မှူးသည် အပြေးအလွှား ရောက်လာသည်၊ သူ့နောက်မှ ထောင်မှူးကြီး ရောက်လာသည်။ ၎င်းတို့နှစ်ဦး ခေါင်းဆောင်၍ ထောင်ပျာတာ ကုလားများ မင်းဂျေး ပုလိပ်ခေါ် အကျဉ်းသားထောင်ပုလိပ်များသည် နံပါတ် ၃ အိပ်ထောင်ထဲသို့ စွတ်ဝင်သွားကြလေသည်။ ကွမ်းနှစ်ယာညက်လောက်ရှိသောအခါ ထောင်မှူးကြီးနှင့် မင်းဂျေးထောင်မှူးတို့သည် စံအေးကြီးကို အလယ်ကထား၍ နံပါတ် ၃ အိပ်ထောင်ထဲမှ ထွက်လာကြလေသည်။

စံအေးကြီးတစ်ကိုယ်လုံးတွင်လည်း သွေးများဖြင့် ခြင်းခြင်းနီလျက်ရှိ၏။ သို့သော် စံအေးသည် အရယ်မပျက်၊ ခြေလှမ်းမပျက်ဘဲ လျှောက်၍လာလျက်ရှိလေသည်။ အလွန်အသည်းကောင်းသော အကောင်ကြီးပေတည်း။ သူတို့၏ နောက်ခပ်လှမ်းလှမ်းတွင် ဘိုးသောင်ကြီးကို ထောင်ပျာတာကုလားနှစ်ယောက်က လက်ကိုကိုင်၍ ခေါ်လာကြသည်။ ဘိုးသောင်ကြီးသည် ဤပွဲတွင် သူ့ဘက်ကလည်း အသိုင်းအဝိုင်းကောင်းလွန်း၍သာ ခံနိုင်ပေတော့သည်။ သာမညနှင့်ဆိုလျှင် စံအေးကြီး၏ အသိုင်းအဝိုင်းအတွင်း အသက်ပင် ပျောက်သွားနိုင်လေသည်။

စံအေးကို ဆေးရုံထဲပို့၍ ဘိုးသောင်ကြီးကို တိုက်ပိတ်ထားရန်အတွက် မိုးကြိုးတိုက် ခေါ် တိုက်တန်းလျားသို့ပို့ရမည်ဖြစ်ရာ သူတို့လူနှစ်စုသည် မင်းဂျေးနားတွင် ခွဲရတော့မည်ဖြစ်သည်။ စံအေးကြီးသည် တိုက်ဘက်သို့ သွားနေသော ဘိုးသောင်ကြီးဘက်သို့ လှည့်ကြည့်ပြီး 'ဘိုးသောင်ကြီးရေ၊ စိတ်ချသာသွား၊ ငါ အမှုမလုပ်ဘူးဟေ့' လှမ်းအော်လိုက်ရာ ဘိုးသောင်ကလည်း 'ကျေးဇူးပဲကွယ် သူငယ်ချင်းရယ်' ဟု ပြန်အော်လိုက်လေသည်။

□□

http://nyisay.com

# အခန်း ၁၂

ဤနေ့သည် တနင်္လာနေ့ ဖြစ်သဖြင့် ထောင်ပိုင်သည် ထောင်ထဲသို့ ဝင်၍ ကြည့်မည် ဖြစ်သောကြောင့် ထောင်သားများသည် တန်းစီရမည့်နေ့ ဖြစ်လေသည်။ ထောင်နာရီစင်မှ ရှစ်နာရီနှင့် နှစ်မောင်း တီးပြီးလေပြီ။ ထောင်ပိုင်လာချိန်နီးပြီဖြစ်သဖြင့် ထောင်တစ်ခုလုံး အတော်ထိတ်၍သွား လေသည်။ တစ်အောင့်မျှ ကြာသောအခါ နံပါတ် ၁ အိပ်ထောင်မှ 'နံပါတ် ကြီးကိုကိုင် မတ်တတ်ထ နံပါတ်ကြီးကို ဖြန့်ပြ' ဟူသော အသံကြီးသည် စူးရှစွာ ပေါ်ထွက်လာ၏။

ရန်ရှင်းတို့နေသော အိပ်ထောင်မှာ နံပါတ် ၂ ဖြစ်၍ ထိုထောင်ရှိ အကျဉ်းသား အားလုံးတို့လည်း ထောင်ပိုင်အလာကို တထိတ်ထိတ် မျှော်လျက်ရှိကြသည်။ ဆယ်မိနစ်ခန့်ကြာသော် ထောင်ပိုင်သည် အိပ်ထောင် နံပါတ် ၂ သို့ ဝင်၍ လာလေသည်။ ထောင်ပိုင်၏ ရှေ့မှ ရှေ့တော်ပြေး အဖြစ်နှင့် ရှစ်မှတ် တစ်ယောက်သည် နံပါတ်တုတ်ကိုထမ်း၍ လျှောက်ရ သည်။ ထောင်ပိုင်၏နောက်မှ ဆေးထောင်ပိုင်၊ ထောင်ပိုင်ကလေး၊ ထောင် မှူးကြီး၊ မင်းဂျေးထောင်မှူးတို့ ကပ်၍ လိုက်လာကြသည်။

သူတို့နောက်မှ ထောင်ပျာတာကုလားတို့၏ အကြီးအကဲဖြစ်သော 'ဂွင်းနီ' ခေါ် ပျာတာကုလားကြီး၊ ထိုကုလားကြီးနောက်မှ ဝါးရင်းတုတ်ရှည်

http://nyisay.com



ကြီးများကို ထမ်း၍ထားသော ပျာတာကုလားများ၊ ထိုပျာတာကုလားများ၏ နောက်မှ ထောင်ပိုင်ကြီး၏ ဘာယာ၊ ထောင်ပိုင်ကလေး၏ ဘာယာ၊ ထောင်မှူးကြီး၏ ဘာယာ၊ မင်းဂျေးထောင်မှူး၏ဘာယာနှင့် အကျဉ်းသား ထောင်ပုလိပ်တို့လည်း သူ့ရာထူးနှင့်လျော်အောင် အဝတ်အစားအပြည့်အစုံ ဆင်ယင်ကြလျက် နံပါတ်တုတ်များကို ထမ်းပြီး လိုက်လာကြလေသည်။

သို့ဖြစ်လေရာ ထောင်ပိုင်ကြီး၏ အဆောင်အယောင်မှာ ငယ်သေးလှသည် မဟုတ်၊ အလျားအားဖြင့် ဆယ်လံလောက်ပင်ရှိမည်ဟု ခန့်မှန်းရပေသည်။ ထောင်အရာရှိများလည်း သူတို့အကြောင်းကို သူတို့ သိကြသည်။ ထို့ကြောင့် စိတ်နာကြည်းနေသော ထောင်သားတစ်ဦးဦးကသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ တန်းစီရသည့်အချိန်ကဲ့သို့ ထောင်အရာရှိများ တစ်စုတစ်ဝေးတည်း ရှိသည့်အချိန်ကောင်းတွင် ပြန်၍ 'တွယ်' ကြမည်ကို များစွာ သတိထားကြရလေသည်။ တန်းစီသည့်နေ့တွင် ဤမျှ ကြီးကျယ်သော တပ်တောင်တာ ဗိုလ်ထုကြီးနှင့် ချီတက်လာရခြင်းမှာလည်း ထိုရန်ကို ကာကွယ်ရန်ပင် ဖြစ်လေသည်။

အိပ်ထောင် ထောင်ပျာတာလည်း ထောင်ပိုင်ဝင်လာမည့်အချိန်နှင့် မှန်း၍ ထုံးစံအတိုင်း 'နံပါတ်ကြီးကို ကိုင်၊ မတ်တတ်ထ နံပါတ်ကြီးကိုဖြန့်' ဟု အော်လိုက်ရာ အိပ်ထောင်ဘေးတွင် ညီညီညာညာ ဒူးစိ၍ ရပ်နေကြရသော အကျဉ်းသားဟို့သည် မိမိတို့၏ ခြေဖျားတွင် ချထားသော နံပါတ်ကြီးကို ကောက်ယူကြပြီး ရင်ဘတ်နှင့်တည့်တည့်နေရာတွင် လက်နှစ်ဖက်နှင့် နံပါတ်ကြီးကို ဖြန့်ပြကာ ငြိမ်၍နေကြရလေသည်။

တန်းစီရခြင်း၏ အဓိက ရည်ရွယ်ချက်သည် အကျဉ်းသား၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးရန်နှင့် ထောင်ပိုင့်ထံတွင် တစ်ခုခု လျှောက်စရာရှိက လျှောက်နိုင်ရန်ပင် ဖြစ်သည်။ လျှောက်သည် ဆိုသော်

http://nyisay.com



လည်း အရမ်းမလျှောက်ကြရ၊ တန်းမစီမီ တစ်နေ့လောက်က ကြိုတင်၍ မိမိတို့ဆိုင်ရာ ထောင်မှူးထံတွင် အကြောင်းကြားရသည်။ ထိုထောင်မှူးက စာရွက်ပုံစံတစ်ခုပေါ်တွင် အကျဉ်းသား လျှောက်ကြားလိုသော အချက်ကို ရေးသား၍ သူ့လက်မှတ်ထိုးပေးလိုက်လေသည်။ တန်းစီသောနေ့တွင် ထိုပုံစံ စာရွက်ကို နံပါတ်ကြီးပေါ်တွင် တင်၍ ထားရသည်။ ထိုစာရွက်ကို ကြည့်ပြီး ထောင်ပိုင်သည် အကျဉ်းသား၏ လျှောက်ကြားချက်ကို ခွင့်ပြုလိုလျှင် ထိုစာရွက်ပေါ်၌ပင် သူ့လက်မှတ် ထိုးသွားသည်။ ခွင့်မပြုလိုသော် ခေါင်းခါပြပြီး ထွက်သွားလေသည်။

အကျဉ်းသားသည် မကျေနပ်၍ လျှောက်ကြားလိုလျှင် နှုတ်ဖြင့် သုံး လေး ခွန်းလောက် လျှောက်ကြားနိုင်သေးသည်။ ဤသို့ လျှောက်ကြား၍မှ ထောင်ပိုင်သည် ခေါင်းခါမြဲ ခါနေလျှင် အလိုက်သိစွာနှင့် ရပ်လိုက်ရမည်။ ဆက်၍လျှာရှည်လျှင် အနည်းဆုံး တိုက်ပိတ်ခံရမည်။ အထက်ပါ ပုံစံစာရွက် မရှိသူများမှာ တန်းစီရာတွင် ကိုယ့်သဘောနှင့် ဘာတစ်ခုမျှ မပြောရ။ ပြောမိသည်ရှိသော် အထက်ပါနည်းအတိုင်း အနည်းဆုံး တိုက်ပိတ်ခံရမည်။ သို့ရာတွင် ထောင်ပိုင်အရှင်ဘုရားကြီးက မေးမြန်းစုံစမ်းလျှင် မေးသလောက်သာ ပြန်၍ ဖြေကြားနိုင်ခွင့်ရှိလေသည်။

အကျဉ်းသား ငနေဒွန်းတွင် ထောင်ပိုင်ကြီးကို လျှောက်ရန် ကိစ္စ တစ်ခု ရှိလေသည်။ ထောင်ပိုင်သည် အကျဉ်းသားများကို လျှောက်၍ ကြည့်ရင်း ငနေဒွန်းအနီးသို့ ရောက်သောအခါ ပြထားသော စာရွက်ပုံစံကို ရပ်၍ ဖတ်လေသည်။ ဖတ်ပြီးသည့်နောက် 'နိုး နိုး' ဟု ခေါင်းခါ၍ပြလေသည်။ နေဒွန်း၏ လျှောက်ကြားချက်မှာ သူ၏ သားမယားများသည် မြင်းခြံ ဒိစတြိတ်တွင် ရှိသောကြောင့် သူ့ကို မြင်းခြံထောင်သို့ပို့ပေးရန်ပင် ဖြစ်လေသည်။

http://nyisay.com



ထောင်ပိုင် ခေါင်းခါနေသည်ကို မြင်သောအခါ နေဒွန်းသည် အရဲစွန့်၍ 'အရှင်ဘုရားကြီးဟာ ကျွန်တော်မျိုးတို့ရဲ့ အမိအဘပါပဲ၊ ကျွန်တော်မျိုးရဲ့ သားမယားများလဲ ဒီမှာဆိုတော့ အင်မတန်ကြီး ဝေးနေပါတယ်' အစရှိသဖြင့် ထောင်ပုံစံ လျှောက်နည်းဖြင့် အစချီ၍ လျှောက်လိုက်လေသည်။ သို့ရာတွင် 'ထောင်မှာ ပိုက်ဆံမားရှိဘူး၊ ဒီမှာပဲ ခေါင်းခေါင်းနေဘာ' ဟု ဗမာလို မပီတပီနှင့် ထောင်ပိုင်သည် ပြန်ပြောပြီး ခေါင်းခါပြလေသည်။ ထောင်ပိုင် ထွက်အသွားတွင် ငနေဒွန်းသည် ထပ်၍ လျှောက်ဦးမည်ဟု ဟန်ပြင်လိုက်ရာ ထောင်မှူးကြီးက လက်ကာပြသဖြင့် ရပ်ထားလိုက်ရသည်။

ထောင်ပိုင်တို့လူစုသည် လူတန်းအဆုံးသို့ ရောက်ခါနီးတွင် အကျဉ်းသားတစ်ယောက်၏ အသံကို ကြားလိုက်ရာ ထိုအသံကြားရာဘက်သို့ အားလုံး လှည့်ကြည့်ကြလေသည်။ ထိုအသံ ထွက်လိုက်သူမှာ ငခွေးပုဖြစ်လေသည်။ သူမှာ ထောင်ပိုင့်ကို လျှောက်စရာတစ်ခုရှိ၏။ သို့ရာတွင် သူ့မှာကား ခွင့်တောင်းပုံစံစာရွက်ကလေး မရှိပေ။ ခွေးပုသည် ထိုပုံစံစာရွက်ကို တောင်းရမှန်း မသိ၍ မဟုတ်၊ သိ၏။ သို့ရာတွင် သူလျှောက်ချင်သောအကြောင်းကို ပြောပြလိုက်လျှင် ထောင်မှူးသည် သူ့ကို ဘယ်နည်းနှင့်မျှ ပုံစံစာရွက် ရေးပေးမည် မဟုတ်ဟု အတတ်သိသောကြောင့် ပုံစံစာရွက်ကို မတောင်းဘဲ ထားလိုက်ခြင်းဖြစ်သည်။

ထောင်ပိုင်သည် ပုံစံစာရွက် မတွေ့သောကြောင့် ထောင်မှူးကြီးဘက်သို့ လှည့်ပြီး 'ဘယ့်နှယ်လဲ၊ ဒီကောင့်မှာ ပုံစံစာရွက် ဘာဖြစ်လို့မရှိသလဲ' ဟု အင်္ဂလိပ်လို မေးလေသည်။ ထောင်မှူးကြီးကလည်း ဆိုင်ရာထောင်မှူးကလေးကို တစ်ဆင့် မေးပြန်သည်။ ထောင်မှူးကလေးသည် နောက်မှ ရှေ့သို့ ကပျာကသီ ထွက်လာပြီး 'ဒီကောင် ကျွန်တော်တို့ကို

http://nyisay.com



ဘာမျှ မပြောဘူး၊ ခုမှသာ သူဟာသူ လျှောက်တာပါ' ဟု ထောင်ပိုင်ကို ရိုသေစွာ ပြန်၍ ပြောလေသည်။ ၎င်းနောက် ထောင်မှူးသည် ငခွေးပု ဘက်သို့လှည့်၍ 'ဟေ့၊ မင်းလျှောက်ချင်ရင် မနေ့က ဘာဖြစ်လို့ ငါ့မပြော သလဲ' ဟု မကျေနပ်သော အမူအရာဖြင့် မေးလေသည်။

ငခွေးပု။ ။(ထောင်ပိုင်သို့) 'ကျွန်တော်မျိုး၊ ထောင်မှူးကို ပြော နေရင် ခွင့်ပေးမှာ မဟုတ်လို့ သခင်ကြီးကို တိုက်ရိုက်လျှောက်ရပါတယ်'

ထောင်ပိုင်။ ။'မောင်မင်း ဘာပြောချင်တယ်'

ငခွေးပု။ ။'ကျွန်တော်မျိုးကို ဂျုံရုံမှာ မဲဇလီက အင်မတန် နှိပ်စက် ပါတယ်၊ ကျွန်တော်မျိုး ကြိတ်နိုင်တာထက် ဂျုံတွေကို ပိုပေးပြီး မကြိတ် နိုင်ရင် နံပါတ်တုတ်နဲ့ ထိုး၊ ဘေးကို ဒူးနဲ့တိုက်ပါတယ်'

ထောင်ပိုင်။ ။(ခေါင်းခါလျက်)'နိုး နိုး. . .၊ ဒီမှာ အားလုံး လူကျိုးနဲ့ ထားတယ်၊ သူဒိုးနဲ့ ခေါင်းခေါင်း အလုပ်လုပ်ဘာ'

ငခွေးပု။ ။'ကျွန်တော်မျိုး ပိုက်ဆံမပေးနိုင်လို့ ညှဉ်းတာပါ၊ ပိုက်ဆံ ပေးတဲ့လူကျတော့ ဘာမှ မလုပ်ရဘူး၊ တစ်နေ့လုံး ထိုင်နေရတာပဲ'

ထောင်ပိုင်။ ။'လူဂျိုးစကားကို နားထောင်ပါ၊ စိတ်ခေါင်းခေါင်း ထားပါ' ဟု ပြောပြီး ထွက်သွားရာ ငခွေးပုသည် ဒေါသထွက်လာပြီးလျှင် 'ဒီလိုဆိုရင်ဖြင့် ကျွန်တော်မျိုးကို စက်တိုင်တစ်ခါတည်းတင်လိုက်ပါ' ဟု အော်၍ ပြောလိုက်မိလေသည်။ ထောင်ပိုင်လည်း ထောင်မှူးကြီးဘက်သို့ လှည့်ပြီးလျှင် 'ဒီအကောင်ကို တိုက်ပိတ်ထားလိုက်' ဟု အင်္ဂလိပ်လို အမိန့် ပေးလိုက်၏။ ထောင်မှူးကြီးမှတစ်ဆင့် တပည့်လက်မရွံ့ အာဏာသား များကို အမိန့်ပေးလိုက်ရာ သူတို့သည် မျှော်လင့်နေသော ဆုလာဘ်ကြီး တစ်ခုကို ရဘိသကဲ့သို့ ငခွေးပုကို လူတန်းထဲမှ ဝမ်းသာအားရနှင့် ဆွဲထုတ် သွားကြလေသည်။

http://nyisay.com



တိုက်သို့သွားရာ လမ်းတစ်လျှောက်တွင်လည်း ထိုလက်မရွံ့ အာဏာသားတို့၏ တန်ခိုးကွဒ္ဒိပါဒ်ကြောင့် ငခွေးပုသည် တိုက်ကို မည်ကဲ့သို့ ရောက်လာသည် မသိလိုက်ရ၊ ခြေထောက် မြေမထိဘဲနှင့် ရောက်လာသည်ကိုသာ တွေ့လိုက်ရတော့၏။ ခွေးပု၏ ကံကြမ္မာကို မြင်ရသမျှသော အကျဉ်းသမားများသည် သူတို့၏ ရင်ထဲတွင် အကတ်အသတ်မျှ ကျန်ရှိနေသေးသော မှန်တာကို ပြောချင်သည့် စိတ်အပိုင်းအစကလေးများကို အပြင်းအထန် တွန်းလှန်ဖြိုဖျက်လျက်ရှိကြကုန်၏။

တန်းစီပြီးသောအခါ မနေ့ကဖြစ်ပွားသော စံအေး ဘိုးသောင် အမှုကို ထောင်ပိုင်သည် ကောက်၍ စစ်လေသည်။ စံအေးသည် လူဆိုးပီသ ပါပေသည်။ သူ့စိတ်ထဲတွင် လူဆိုးတို့မည်သည် သူဦး သူလုပ် ကိုယ်ဦး ကိုယ်လုပ်ရမည် ဖြစ်သည်။ ခံရသောအခါတွင် တခြား တစ်စုံတစ်ယောက်ကို တိုင်ကြားနေလျှင် ယောကျ်ားမပီသဟု အယူရှိလေသည်။ ထို့ကြောင့် ဆေးရုံသို့ ရောက်လျှင်ရောက်ချင်း သူ့တပည့်တစ်ယောက်ကို ဘိုးသောင်ကြီးထံသို့ လွှတ်၍ ထောင်ပိုင်မေးလျှင် မရိုက်ဘူးဟု ကွယ်ရန် အပြောခိုင်းလေသည်။

ထောင်ပိုင်ရှေ့သို့ ရောက်သောအခါလည်း စံအေးသည် သူ့ခေါင်းက ဒဏ်ရာသည် သူ့ဟာသူ တိုင်နှင့် ဆောင့်မိခြင်းဖြစ်သည်ဟု ပြောလေသည်။ ထောင်မှူးကြီးနှင့် ဆိုင်ရာ ထောင်မှူးကိုလည်း ဘိုးသောင်ကြီး၏ အသိုင်းအဝိုင်းများက ပေးတန်ပေး၊ ဆို့တန်ဆို့လိုက်ရာ ကြိုးကျရမည့်အမှုကြီးသည် ဒဏ်ငွေလောက်နှင့် ပြီးသွားရသကဲ့သို့ ဖြစ်ရလေသည်။

အမှုပြီးသွားသော်လည်း ဘိုးသောင်ကြီး၏ လူစုတို့သည် စံအေးကြီး၏ သတ္တိကို သိကြပြီးဖြစ်သောကြောင့် ထောင်မှူးကြီးနှင့် ကပ်ပြီးကြံလိုက်ရာ စံအေးကြီးသည် ဆေးရုံကအဆင်းတွင် တစ်ခါတည်း ရန်ကုန်ထောင်သို့ ပြောင်းသွားရလေသည်။

http://nyisay.com



စံအေးကြီးသည် အပြုံးမပျက်ဘဲ 'ဒါတော့ ဘယ်သူဖြစ်ဖြစ် လက်ဦးရင် နိုင်တာပဲ' ဟု ဒုတိယအကြိမ် သတိလစ်သွားသည်ကိုသာ နောင်တရလျက် ရန်ကုန်ထောင်သို့ လိုက်ပါသွားရလေသည်။

❑❑

http://nyisay.com

## အခန်း ၁၃

မိုးကျလာပြီဖြစ်သဖြင့် ရှမ်းစုရွာကလေးသည် စိမ်းစိမ်းစိုစို ဖြစ်လာပြန်လေသည်။ ရောဂါဖြစ်စဉ်က ထွက်ပြေးတိမ်းရှောင်နေကြသော ရွာသူရွာသားများသည်လည်း တစ်စတစ်စနှင့် အတော်ပြန်ရောက်ကြလေပြီ။ ပြန်ရောက်ကြသူများအထဲတွင် ငွေခင်နှင့် ဒေါ်တုတ်တို့လည်း ပါကြသည်။ ရွာသို့ ပြန်ရောက်ကတည်းက ငွေခင်သည် သူ့အိမ်တွင် မနေဘဲ ဒေါ်တုတ်နှင့် အတူ သွား၍နေသည်။ တစ်နေ့ နံနက်ခင်းအချိန်တွင် ငွေခင်သည် မီးဖိုထဲတွင် ထမင်းချက်နေစဉ် ခုနစ်ရက်မှ တစ်ကြိမ် လာလေ့ရှိသော မြို့မှ စာပို့ကုလားသည် ငွေခင်၏နာမည်နှင့် စာတစ်စောင် လာပေးလေသည်။

စာအိတ်ကို ဖောက်၍ဖတ်ရာ လက်ဝဲဘက်ထောင့်တွင်

**ဦးဘမြစ် (ထောင်မှူး)**
**အိမ်နံပါတ် ၁၉၊ ကမ်းနားလမ်း**
**ပုသိမ်။**

ကျကျနန ပုံနှိပ်ထားသော စာရေးစက္ကူပေါ်တွင် အောက်ပါအတိုင်း စာရေးထားသည်ကို တွေ့ရလေသည်။

http://nyisay.com



ဝါခေါင်လပြည့်ကျော် ၆ ရက်။

**မငွေခင်**

မငွေခင်၏ ယောကျာ်း ကိုရန်ရှင်းသည် ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့က အူအတက်ပေါက်သော ရောဂါကြောင့် ထောင်ဆေးရုံတွင် တင်၍ ဝမ်းကိုခွဲပြီး ကုသရပါသည်။ အားလုံး ချောချောမောမော ပြီးသွားပါသည်။ စိုးရိမ်စရာ မရှိပါ။ သို့ရာတွင် ခွဲထားသည့် အရှိန်ကြောင့် အနည်းငယ် အားနည်းနေပါသေးသည်။

မငွေခင်ကိုသာ တ လျက် ရှိပါသဖြင့် ယခုစာကို ရေးလိုက်ရပါသည်။ လာလျှင် ဒေါ်တုတ်ဆိုသူကို အဖော်ခေါ်ခဲ့ပါဟု ကိုရန်ရှင်းက ပြောပါသည်။

ပုသိမ်သို့ရောက်လျှင် အခြား တည်းခိုစရာမရှိက ကျွန်တော်၏ အိမ်၌ပင် တည်းခိုနိုင်ပါသည်။ အခြားမှာ တည်းခိုရန်ရှိသည့်တိုင်အောင် ထောင်ထဲသို့ ကိုရန်ရှင်းနှင့် ဝင်တွေ့ဖို့ စီစဉ်ပေးရန်အတွက် ပုသိမ်သို့ လိုက်လာလျှင် ကျွန်တော့်ထံသို့ အထက်ပါလိပ်စာအတိုင်း သံကြိုးရိုက်ပြီး အကြောင်းကြားပါ။

**ဘမြစ် (ထောင်မှူး)**
**ပုသိမ်ထောင်။**

ငွေခင်သည် စာကိုဖတ်ပြီးနောက် စိုးရိမ်သောမျက်နှာနှင့် စာကို ဒေါ်တုတ်ထံသို့ လှမ်းပေးလိုက်လေသည်။ ဒေါ်တုတ်သည် စာကို သေချာစွာ ဖတ်ပြီး

'စိုးရိမ်စရာမရှိပါဘူးအေ၊ အားသာနည်းနေတယ်လို့ ရေးထားတာပဲ၊ ဆယ့်လေးငါးရက်ကြာရင် ပျောက်သွားမှာပေါ့' ဟု အားပေးစကား ပြော

http://nyisay.com



ကြားပြီးလျှင် နောက်တစ်နေ့တွင် ပုသိမ်သို့လိုက်ရန်အတွက် ပြင်ဆင်လျက် ရှိကြလေသည်။

ပုသိမ်အမြန်သင်္ဘောသည် ဝါးခယ်မမှ နံနက် ၆ နာရီထွက်သဖြင့် ငွေခင်နှင့် ဒေါ်တုတ်တို့သည် ဝါးခယ်မသို့ ထိုနေ့ကတည်းကပင် သွား၍ နေကြရလေသည်။ ဝါးခယ်မတွင် ဒေါ်တုတ်နှင့် အသိဖြစ်သူ ပဲလှော်ချောင် ထဲနေ ဦးသိုက် ဒေါ်ရှင်တို့အိမ်၌ တစ်ညအိပ်၍ နောက်တစ်နေ့နံနက် ပုသိမ်အမြန်သင်္ဘောကို စီးပြီး လိုက်ခဲ့ကြလေသည်။

တစ်လမ်းလုံးတွင် ငွေခင်သည် သူ့လင်တော်မောင်တစ်ယောက် ဘယ်လိုများနေပါသနည်းဟု တွေးတောရင်း စိတ်မအေးဘဲရှိလေသည်။

နေ့လယ် နာရီပြန် နှစ်ချက်ခွဲလောက်တွင် ပုသိမ်အမြန်သည် ပုသိမ် ဆိပ်ကမ်းသို့ ကပ်သည်။ ဒေါ်တုတ်နှင့် ငွေခင်တို့သည် မိမိတို့ကို လာရောက် ကြိုဆိုမည့်သူများကိုသာ လည်တဆန့်ဆန့်နှင့် လူအုပ်ထဲတွင် ရှာလျက်ရှိ လေသည်။ အတော်ကလေးကြာသော် သားသားနားနား ဝတ်စားထားသော အသက် ၂၅ နှစ်ရွယ် သူငယ်တစ်ယောက်နှင့် သူ့နောက်မှ အသက် ၃၅ နှစ် အရွယ်ရှိ လူတစ်ယောက်သည် ငွေခင်နှင့် ဒေါ်တုတ်တို့ရှိရာသို့ ရှေ့ရှု လျှောက်လာကြသည်ကို တွေ့ရသည်။

သူငယ်။ ။'ဒေါ်တုတ်နှင့် မငွေခင်ဆိုတာ အဒေါ်တို့ပဲ ထင်တယ်'

ဒေါ်တုတ်။ ။'ဟုတ်ပါတယ်၊ သူငယ်က ဘယ်သူပါလိမ့်'

သူငယ်။ ။'ကျွန်တော်က ထောင်မှူး ဦးဘမြစ်ရဲ့တူပါ'

ဒေါ်တုတ်။ ။'သံကြိုးပို့လိုက်တာရတယ် မဟုတ်လား'

သူငယ်။ ။'ဟုတ်ကဲ့ ရပါတယ်၊ ဦးလေးတော့ အလုပ်ဆင်းရမှာနဲ့ကို ဒီမလာနိုင်ဘူး၊ ဒါထက် ဒေါ်ဒေါ်တို့အိမ်မှာပဲ တည်းကြပါ၊ အားလုံးအသင့် လုပ်ထားပါတယ်'

http://nyisay.com



ဒေါ်တုတ်။ ။'ဟုတ်တယ်၊ တည်းရမှာပဲ၊ တခြားမှာလဲ တည်းစရာ မရှိပါဘူး'

သူငယ်။ ။(ပြုံး၍) 'ဟုတ်ကဲ့၊ ဒီလိုပေါ့ခင်ဗျာ၊ ခုမှတွေ့ကြပေတဲ့လဲ ဆွေတွေမျိုးတွေလို ခင်ခင်မင်မင်ပေါ့' ဟု ပြောကြပြီးလျှင် ဒေါ်တုတ်တို့ကို အသင့်စောင့်နေသော မော်တော်ကားပေါ်သို့ တင်၍ စက်တော်ရာဘုရားဘက်သို့ မောင်းနှင်လာလေ၏။ လိပ်ဟိုတယ်အလွန်တွင် လူပြတ်သောနေရာ တစ်နေရာသို့ ရောက်သောအခါ မော်တော်ကားသည် စက်ပျက်၍ သွားသဖြင့် မော်တော်ကားပေါ်မှ လူများကို အောက်သို့ ခေတ္တအဆင်းခိုင်းပြီး ထိုင်ခုံများအောက်မှ စက်ပြင်ရန် တန်ဆာပလာများကိုထုတ်ယူ၍ ပြင်စရာရှိသည်များကို ပြင်လိုက်ရာ မကြာမီ စက်ကောင်းသွားလေ၏။ ဒေါ်တုတ်နှင့် ငွေခင်သည်လည်း မော်တော်ကားပေါ်သို့ တက်မည်အပြုတွင် သားသားနားနားဝတ်ထားသောသူငယ်နှင့် ပါလာသည့် ၃၅ နှစ်ရွယ်ရှိသော လူသည် ဒေါ်တုတ်၏လက်ကို တအားဆောင့်ဆွဲပြီး တွန်းပစ်လိုက်ရာ ဒေါ်တုတ်လည်း လမ်းဘေးသို့ တလိမ့်ခေါက်ကွေး ကျသွားလေသည်။

ငွေခင်လည်း အံ့အားသင့်လျက်ရှိစဉ် သားသားနားနားဝတ်ထားသော လူငယ်သည် အလွန်လျင်မြန်စွာ ငွေခင်ကို မော်တော်ကားပေါ်သို့ တွန်းတင်လိုက်လေ၏။ ငွေခင်သည် အံ့အားသင့်ရာမှ သတိရပြီး အော်မည်အလုပ်တွင် ဒေါ်တုတ်ကို ဆွဲပစ်လိုက်သောသူသည် နောက်တန်းနှင့် ရှေ့တန်းကြားရှိ ခြေချသောနေရာသို့ ငွေခင့်ကို ဆောင့်ဆွဲချပြီးလျှင် အသင့်ယူလာသော စောင်များဖြင့် အပေါ်က ဖုံးလိုက်လေသည်။ အားလုံး ကောင်းစွာ တိုက်ထားသည်ဖြစ်သဖြင့် မော်တော်ကားမောင်းသမားသည် ဒေါ်တုတ်ကို ကားပေါ်တက်ရန် ဟန်ပြင်ကတည်းက စက်နှိုး၍ မောင်းသွင်းထားပြီး

http://nyisay.com



ဖြစ်ရာ ဒေါ်တုတ်သည် ဆွဲပစ်ခံရ၍ လန့်နေရာမှ သတိရပြီး အော်မည် အလုပ်တွင် မော်တော်ကားသည် အတော်အလှမ်းဝေးသွားလေပြီ။

ဒေါ်တုတ်လည်း ကြောက်အားလန့်အားနှင့် 'ကယ်တော်မူကြပါ၊ လာကြပါဦး၊ ငွေခင့်ကို လုသွားပြီ' အစရှိသည်ဖြင့် အသံကုန်ဟစ်၍ နေလေသည်။ သို့ရာတွင် အတော် လူပြတ်နေသဖြင့် ကယ်မည့်သူသည် ရုတ်တရက် ပေါ်မလာချေ။ ဒေါ်တုတ်သည် အနည်းငယ်အော်ပြီးနောက် ဤမျှ လူပြတ်သောနေရာတွင် အော်ဟစ်နေ၍ အကြောင်းထူးမည်မဟုတ်ဟု သတိရစပြုလာသဖြင့် ကယ်မည့်သူ တွေ့လိုတွေ့ငြား ခြေဦးတည့်ရာသို့ စီးဆင်းနေသော မျက်ရည်များနှင့် နှာရည်များကိုသုတ်ရင်း ခပ်သုတ်သုတ် လျှောက်လျက်ရှိလေ၏။

အတော်ကလေးသွားမိရာ ခပ်လှမ်းလှမ်းမှ မိမိဘက်သို့ တူရူ လျှောက်လာနေသော လူတစ်ယောက်နှင့် ၎င်းလူတို့၏နောက် ခပ်လှမ်းလှမ်းမှ လူနှစ်ယောက်၏ ပုံသဏ္ဌာန်ကို တွေ့ရလေသည်။ ဒေါ်တုတ်သည် အားတက်သွားလေ၏။ ထို့ကြောင့် ခြေလှမ်းကို ခပ်ပြင်းပြင်း ပို၍လှမ်းလေ၏။ ခွဲခြား၍ မြင်နိုင်သောနေရာသို့ ရောက်သောအခါ ခပ်လှမ်းလှမ်းမှ သူမြင်ရသော ပထမလူမှာ ဟိန္ဒူ ကုလားအဘိုးကြီးဖြစ်နေသောကြောင့် အားငယ်သွားလေ၏။ သို့ရာတွင် မေးပါများစကားရ ဟူသော နည်းအရ ဒေါ်တုတ်သည် ကုလားအဘိုးကြီးကို ခေတ္တရပ်စေ၍ 'ဒီမှာ အရာကြီး၊ လမ်းမှာ မော်တော်ကား တစ်စီးကို မတွေ့မိဘူးလား၊ ဒီက ညီမလေးကို မော်တော်ကားတင် ပြေးသွားလို့' ဟု မေးလေသည်။

ဟိန္ဒူကုလားကြီးသည် ဒေါ်တုတ်ကို အံ့အားသင့်သောမျက်နှာဖြင့် သေချာစွာကြည့်ပြီးနောက် 'ကုလား နားမလည်ဘူး အမား' ဟု ပြန်ဖြေလေသည်။

http://nyisay.com



မကျေနပ်သေး၍ 'မော်တော်ကားတစ်ခုလေ၊ ဟို.ဘူ. . ဘူ. . လေ' (မော်တော်ကားဟွန်းသံကို ဆိုပြရင်းလက်ကလည်း ဟွန်းနှိပ်သလို လုပ်ပြသည်။) အဲဒါကို မတွေ့ဘူးလား' ဟု ဒေါ်တုတ်သည် ထပ်၍ မေးပြန်လေသည်။ ကုလားအဘိုးကြီးလည်း ဒေါ်တုတ်ကဲ့သို့ပင် 'ဘူ ဘူ ကောင်းဒယ် အမာ' ဟု ခေါင်းညိတ်ကာ ပြောပြီး သူ့လမ်းကို သူဆက်သွားလေ၏။

ဒေါ်တုတ်သည် ဘယ်မှလည်း မသွားတတ်၊ ဘယ်နေရာကို ရောက်နေသည် ဟူ၍လည်း မသိ၊ မိန်းမသားဖြစ်နေ၍ ဘာကိုမှလည်း မကြံဖန်နိုင်။ ရေသဖန်းပင်ပေါ်မှ သားယယ်သည် ပင်လယ်ထဲသို့ကျပြီး ရေနစ်သေဆုံးသွားရာ ကြံရာမရဖြစ်သဖြင့် ပင်လယ်ရေအကုန်လုံးကို မိမိ၏ အမြီးနှင့်ပက်၍ ထုတ်ရန် လုံ့လပြုနေသော ရှဉ့်မကဲ့သို့ ဒေါ်တုတ်သည် သေချင်လျှင်လည်း သေစေတော့၊ သေသည်ကပင် ကောင်းသေးသည်ဟူသော စိတ်ထားဖြင့် တစ်နာရီလျှင် မိုင် ၄၀ ကျော်ပြေးနေသော မော်တော်ကားနောက်သို့ ခြေလျင်လိုက်လျက်ရှိလေသည်။

အတန်ကလေးကြာသော် ကုလားကြီး၏နောက် ခပ်လှမ်းလှမ်းမှ လျှောက်လာနေသော လူနှစ်ယောက်နှင့် ရင်ဆိုင်တွေ့နေလေ၏။ ထိုလူနှစ်ယောက်မှာကား ဗမာများဖြစ်ကြ၍ ဒေါ်တုတ်သည် တစ်အားတက်သွားပြန်လေ၏။ သဲကန္တာရထဲတွင် လမ်းစရှာမတွေ့သော လူတစ်ယောက်သည် အိုအေစစ်ခေါ် စိမ်းစိုရွှင်လန်းသော မြက်ခင်းပြင်ရှိရာအရပ်နှင့်တွေ့သည့်အခါ လှိုက်လှိုက်လှဲလှဲ ဝမ်းသာလာသကဲ့သို့ ဒေါ်တုတ်သည် လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွားလေသည်။ ထိုလူနှစ်ဦးသည် လူဆိုးလော၊ လူကောင်းလော၊ ကယ်ဆယ်မည့်သူများလော၊ ရေနစ်သူကို ဝါးကူ၍နှစ်မည့် သူများလော၊ အစရှိသည်တို့ကို ဘာမျှ မတွေးမိ။ မိမိ၏ ဆန္ဒရှိတိုင်း အားကိုးရန်လောက်ကိုသာ တွေးတောလျက်ရှိလေ၏။

http://nyisay.com



ဒေါ်တုတ်သည် မိမိ၏ သနားစရာကောင်းပုံကို ထောက်ထားစာနာမည့်သူများ တစ်ယောက်မျှ အနီးအနားတွင် မရှိသောကြောင့် 'ကယ်ကြပါလာကြပါ' အစရှိသော ငိုကြွေးသံတို့ကို ခဏကလေးသာအော်ပြီး အောင့်ထားခဲ့ရာမှ ထိုလူနှစ်ယောက်ကို မြင်သောအခါ အောင့်ထားသောစိတ်တို့ကို တားမနိုင် ဆီးမရတော့ဘဲ တအားသွန်၍ အော်ဟစ်ငိုကြွေးလိုက်လေသည်။ ထိုလူနှစ်ယောက်သည် ဆင်းရဲသား လယ်သမားများဖြစ်ကြ၍ ဒေါ်တုတ်၏ ဒုက္ခမျိုးကို အနည်းနှင့်အများ ဆိုသလို နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရသူများ ဖြစ်ကြသဖြင့် ဒေါ်တုတ်ထံမှ အကြောင်းမျိုးစုံကို ကြားရပြီးသောအခါ ရိုးတွင်းခြင်ဆီထဲကပါ နာကြည်းလျက်ရှိကြလေသည်။ ထိုကြောင့် ဒေါ်တုတ်သည် ဤကဲ့သို့သာ ခြေလျင်လျှောက်၍ လိုက်နေပါလျှင် မိုးမဆုံး မြေမဆုံး ရှိတော့မည့်အကြောင်းကို ပြောပြပြီး ထိုလယ်သမားနှစ်ဦးသည် ဒေါ်တုတ်ကို ကိုးသိန်းဌာနာသို့ ခေါ်လာကြလေ၏။

ဂါတ်စာရေးသည် ဒေါ်တုတ်ထံမှ တိုင်ချက်ကို ယူထားလိုက်လေသည်။ လယ်သမားနှစ်ဦးသည် ပုလိပ်၏ အေးစက်စက်နိုင်ပုံကို မကျေနပ်သောကြောင့် ဗိုဗမာအစည်းအရုံးသို့ ဒေါ်တုတ်ကို ခေါ်သွားကြလေသည်။ အစည်းအရုံးသို့ ရောက်သောအခါ ဒေါ်တုတ်သည် သူ့အဖြစ်အပျက်များကို အတွင်းရေးမှူးသို့ ပြန်ပြောပြလေ၏။

အတွင်းရေးမှူးလည်း အရေးကြီးသောကိစ္စဖြစ်သဖြင့် ဥက္ကဋ္ဌထံသို့ ပြေး၍ တိုင်လေသည်။ ဥက္ကဋ္ဌသည် ရာဇဝတ်ဝန်ထံသို့ ကိုယ်တိုင်သွား၍ ဤအမှုသည် အလွန်မတရားလွန်းသဖြင့် အထူးအရေးယူရန် အပြင်းအထန် တိုက်တွန်းပြန်လေ၏။ ရာဇဝတ်ဝန်သည် ကောင်းပါပြီဟု ဝန်ခံ၍ ပုသိမ်မြို့ပေါ်ရှိ ဂါတ်အားလုံးသို့ စကားပြောကြေးနန်း ဆက်လေသည်။ ရာဇဝတ်ဝန်၏ အမိန့်ဖြစ်သောကြောင့် မည်သည့်ဂါတ်ကမျှ အေးစက်စက် မလုပ်ဝံ့

http://nyisay.com



တော့ပေ။ သူတို့နယ်ထဲရှိ မော်တော်ကားမောင်းတတ်သူများ နာမည်ပျက်ရှိသူများ၊ မော်တော်ကားများကို လိုက်လံစစ်ဆေးကြရလေသည်။ မသင်္ကာသူများကို ဖမ်းပြီး တန်းစီပြရသေးသည်။

ဒေါ်တုတ်က မဟုတ်ဘူးဆိုမှ လွတ်ပစ်လိုက်လေသည်။ မော်တော်ကားများကို ပြပြန်တော့လည်း ဒေါ်တုတ်သည် မော်တော်ကားကို ကောင်းစွာမြင်ဖူးသူ မဟုတ်ရကား မျက်စိရိုင်းနေသေးသဖြင့် မည်သည့်မော်တော်ကားကိုမျှ သေချာစွာ မစွပ်စွဲနိုင်ချေ။ 'ဒါနဲ့တူတယ်၊ ဒါပဲ ထင်ပါရဲ့' အစရှိသည့်အဖြေများကိုသာ မော်တော်ကားများကို ပြတိုင်း ဒေါ်တုတ်သည် အဖြေပေးနိုင်သည်။ သို့အတွက် ပုလိပ်များလည်း များစွာ ခရီးမတွင်ဘဲ လက်မှိုင်ချရမလောက် ဖြစ်လျက်ရှိလေ၏။ ငွေခင်ကို မော်တော်ကားတင်ပြေးသွားသော မြက်တိုဘက်သို့လည်း အင်စပိတ်တော်ကိုယ်တိုင် လိုက်လံစုံစမ်းသေးသည်။ သို့ရာတွင် အချည်းနှီးသာတည်း။ ထောင်တွင် စုံစမ်းပြန်သောအခါလည်း ဦးဘမြစ် ဟူသော နာမည်နှင့် ထောင်မှူးသည် ပုသိမ်ထောင်တွင် တစ်ယောက်မျှ မရှိသည်ကို တွေ့ရ၏။ ဦးဘမြစ် လိပ်အဖြစ်နှင့် စာရွက်ပေါ်တွင် ရိုက်ထားသော လမ်းနှင့် အိမ်နံပါတ်ကို သွားရှာရာ တရုတ်ကုန်စုံဆိုင် တစ်ဆိုင်ကို တွေ့ကြရလေသည်။ ကုန်စုံဆိုင်ရှင်သည် ဦးဘမြစ် ဆိုသော ထောင်မှူးကိုလည်း မသိ။ ယခုအမှုနှင့် ပတ်သက်၍လည်း ဘာမျှ နားမလည်သည်ကို တွေ့ကြရလေသည်။ အမှုနှင့် ပတ်သက်၍ သဲလွန်စအနည်းငယ်ရသော ဌာနမှာ စာတိုက်ဖြစ်လေသည်။ ထိုနေ့ ၁၂ နာရီလောက်က ဦးဘမြစ် လိပ်စာနှင့်လာသော ဒေါ်တုတ်၏ သံကြိုးကို ဦးဘမြစ်တူ ဆိုသူက လာ၍ လက်မှတ်ထိုးယူသွားလေသည်။ ထိုသူကို မြင်လျှင် သံကြိုးစာရေးက မှတ်မိသည်ဟု ပြောသည်ကို ပုလိပ်က စုံစမ်းသိရ၏။

http://nyisay.com



ပုလိပ်များသည် ဤသို့ လက်မှိုင်ချရသည့်အတွက် အံ့ဩစရာ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မော်တော်ကား တင်ပြေးသည့် ဇာတ်ထုပ်ကို နောက်မှနေ၍ ညွှန်ကြားပြသလျက်ရှိသော ဒါရိုက်တာသည် မကောင်းမှုတွင် ပါရဂူတစ်ဦးဖြစ်သောကြောင့်တည်း။ ထိုပါရဂူ၏ ဦးနှောက်ထဲတွင် ကားတင်လျှင် ပုလိပ်က ဘယ်လိုလုပ်မည်၊ ထိုကဲ့သို့လုပ်မည်ကို ဘယ်လို လွတ်အောင်ရှောင်မည် အစရှိသည်တို့ကို သေချာစွာ တွက်ပြီးမှ ကြံစည်ခြင်း ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် ပုလိပ်များ ဒေါင်းတောက်အောင်ရှာဖွေလျက်ရှိသည့် အချိန်တွင် ငွေခင်သည် မြက်တိုသို့သွားသော လမ်းဘေးရှိ ခြံတစ်ခြံအတွင်းတွင် ဆောက်ထားသော တစ်ထပ်အိမ်ကလေး၏ အခန်းတွင်း၌ လုံခြုံစွာ သော့ခတ်ခံရလျက် ရှိရှာလေ၏။ အဆိုပါဒါရိုက်တာသည် ငွေခင့်ကိုထားရန်အတွက် ဤအိမ်နှင့် ဤခြံကို ရွေးချယ်လိုက်ရသည်မှာလည်း အလွန်အချက်ပိုင်လေသည်။ ခြံသို့ရောက်အောင် မော်တော်ကားလမ်းမကြီးဘေးသို့ နှစ်ဖာလုံလောက် သွားရလေသည်။ ခြံ၏အလျားသည် ကိုက်သုံးရာခန့်ရှိ၍ အနံမှာ ကိုက် နှစ်ရာခန့်ရှိလိမ့်မည်။ ခြံဝသို့ရောက်ရုံနှင့် အိမ်ကလေးကို ရုတ်တရက် မမြင်ရသေးချေ။ အဘယ့်ကြောင့်ဆိုသော် ထိုအိမ်ကလေးကို ခြံ၏ အတွင်းဘက်ဆုံးနေရာ ခပ်ကျကျတွင် ဆောက်ထားရုံမျှမက ဝါးရုံပင်များနှင့် သစ်ပင်ပန်းပင်များကလည်း အထပ်ထပ် ကာထားလျက် ရှိသောကြောင့်ပင်တည်း။ ထိုထက်ထူးသော အချက်တစ်ခု ရှိသေး၏။ ဤအချက်သည်ကား အခြားမဟုတ်။ ဤခြံနှင့် ဤအိမ်သည် အခြားခြံများနှင့် အတော်ကြီး အလှမ်းဝေးသောအချက်ပင် ဖြစ်လေသည်။ ၎င်းကို ဆောက်ထားသော ပိုင်ရှင်သည် အကြံတစ်ခုနှင့် ဆောက်ထားဟန် လက္ခဏာရှိလေသည်။

http://nyisay.com



ငွေခင့်ကို ထိုအိမ်သို့ပို့ပြီးသည်နှင့် တစ်ပြိုင်နက် မော်တော်ကားနှင့် လာပို့ကြသူများသည် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြလေသည်။ ဒါရိုက်တာ၏ အစီအစဉ်အတိုင်းဆိုလျှင် မော်တော်ကားနှင့် လာခေါ်သူများက ဤအိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် နောက်လူများသို့ ငွေခင့်ကို အပ်ထားခဲ့ပြီး သူတို့နေရာသို့ ပြန်၍ ဣန္ဒြေမပျက် နေကြရန် ဖြစ်လေသည်။ သူတို့နေရာတွင်လည်း သူတို့ရှိကြသည့်အကြောင်း သက်သေ ထင်ရှားရန် အားလုံး စီစဉ်ပြီးဖြစ်လေသည်။

ငွေခင့်ကို လက်ခံထားလိုက်သူများမှာ အသက် ၅၀ ကျော်ရွယ် လင်မယားနှစ်ယောက် ဖြစ်လေသည်။ ငွေခင့်အခန်းကို အပြင်မှနေ၍ သော့ခတ်ထားလေသည်။ ရံဖန်ရံခါ မယားဖြစ်သူသည် စားစရာ သောက်စရာ ကလေးများကို ယူ၍ ငွေခင့်အခန်းထဲသို့ ဝင်လာလေသည်။ ငွေခင့်ကို တွေ့သောအခါ 'သူငယ်မရယ်၊ ဘာမှ မကြောက်ပါနဲ့၊ အဒေါ်တို့ ရှိသားပဲ' အစရှိသည့် စကားများလောက်သာ ပြောပြီး ငွေခင့်၏စကားပြန်ကို လက်မခံဘဲ အခန်းတွင်းမှ ခပ်သုတ်သုတ် ထွက်သွားလေ့ရှိလေသည်။ ငွေလိုချင်၍လော၊ လူကိုပင် ကြံချင်၍လောဟု စဉ်းစား၍မရသဖြင့် ငွေခင်သည် အကြံရကျပ်လျက်ရှိလေသည်။ သူ့ကို ပိတ်ထားသောအခန်း၏ သော့ခလောက်ဖွင့်သံကို ကြားရတိုင်း ရင်တဖိုဖိုနှင့် ထိတ်လျက်ရှိလေ၏။

သို့နှင့်ပင် အချိန်သည် ညရှစ်နာရီလောက် ရှိသွားလေသည်။ ငွေခင်သည် စိတ်မောလူမောဖြစ်သောကြောင့် သူ့အခန်းထဲတွင် သူ့အိပ်ရန် ခင်းပေးထားသော နှ်ယောက်အိပ် ခုတင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားလေ၏။ 'အိပ်လှချည်လား၊ ခင် ထပါဦးလေ၊ ကိုလာပြီ' ဟု နားထဲတွင် အသံကြားသလိုလိုဖြစ်ပြီး သူ့တင်ပါးကို တစ်စုံတစ်ယောက်သောသူ၏ လက်ဖြင့် ပွတ်သပ်လျက်ရှိသလိုလို ထင်ရသဖြင့် မှိတ်ထားသော မျက်စိကို

http://nyisay.com



ဖွင့်ကြည့်လိုက်ရာ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့နှင့် ယောကျ်ားတစ်ယောက်သည် သူ့နံဘေးတွင်ထိုင်ရင်း သူ့တင်ပါးကို အသာ ပွတ်နေ သည်ကို တွေ့ရ၏။ ငွေခင်သည် ထိုလူကို မြင်ရသဖြင့် အတော် တုန်လှုပ် သွားလေသည်။ တကယ်မှ ဟုတ်ပါ့မလား၊ အိပ်မက်ပဲ မက်နေ ရော့သလား ဟု မြုန်းခနဲ ဝေခွဲမရသဖြင့် သူ့မျက်လုံးကိုပင် ပွတ်၍ကြည့် လေသည်။ ပါးသိုင်းမွေးဆရာလည်း ငွေခင်ကို ဖြီးစပ်စပ်နှင့်ကြည့်ပြီး 'နိုးပြီလား ခင်၊ ကိုယ်ဒီမှာထိုင်နေတာ အတော်တောင်ကြာသွားပြီ'ဟု ထပ်၍ ပြောလေ၏။

ထိုအခါမှ သူမြင်နေရသောသဏ္ဌာန်သည် သူရဲလည်း မဟုတ်၊ တစ္ဆေလည်း မဟုတ်၊ အိပ်မက်ထဲကလူလည်း မဟုတ်၊ လူသားစင်စစ် ဖြစ်ကြောင်းကို ငွေခင်သည် ကောင်းစွာသိရ၏။ သိရသည်နှင့်တစ်ပြိုင်နက် ကပျာကယာထ၍ ခုတင်အောက်သို့ ဆင်းပြေးမည်ပြုရာ ပါးသိုင်းမွေးဆရာ သည် အလွန်မြန်သော လျှင်မြန်ခြင်းဖြင့် ငွေခင်၏လက်ကို ဆွဲထားသော ကြောင့် ငွေခင်သည် မထနိုင်ဘဲ ခုတင်ပေါ်တွင် ထိုင်နေရပြန်လေ၏။ ပါးသိုင်းဆရာလည်း သူ့ညာလက်ဖြင့် ငွေခင်၏ ညာလက်ဆစ်ကို ခပ်တင်း တင်း ကိုင်ထား၍ ဘယ်ဘက်လက်ဝါးဖြင့် ငွေခင်၏ လက်ဝါးကို အသာ ပွတ်ရင်း 'ခင်ကလဲကွယ်၊ ကိုယ်ကတော့ ချစ်လိုက်ရတာ၊ ခင်က ကိုယ့်ကို နည်းနည်းကလေးမှ ပြန်မချစ်တော့ဘူးလား' ဟု စပ်ဖြီးဖြီးမေးလေသည်။

ငွေခင်သည် ပါးသိုင်းဆရာ၏အလစ်တွင် သူ့လက်ကို တအား ဆောင့်၍ဆွဲလိုက်ရာ လွတ်ထွက်သွားလေ၏။ လွတ်သည်နှင့် တစ်ပြိုင်နက် ခုတင်ခေါင်းရင်းဘက်ဆီသို့ နောက်ဆုတ် နောက်ဆုတ်နှင့် တဖြည်းဖြည်း ထိုင်လျက် ရွှေ့သွားလေသည်။ 'ခင်ကလဲကွယ်၊ သိပ်နောက်တာပဲ၊ ဒီကို လာပါ' ဟု ပြောပြောဆိုဆို ပါးသိုင်းဆရာသည် ခုတင်ပေါ်သို့တက်ပြီး

http://nyisay.com



ငွေခင်ကို ဆွဲမည်လုပ်ရာ 'သနားပါရှင်၊ ကျွန်မ အပျိုမဟုတ်ပါဘူး၊ ယောကျ်ား နဲ့ပါရှင်' ဟု ငွေခင်သည် ခုတင်တိုင်ကို တအားဖက်ထားရင်း ပြောလေ၏။

'ခင်ကလဲကွယ် ဒါတွေကို မေ့လိုက်ပါတော့လို့ ဆိုနေမှပဲ၊ ကိုယ် တော့ မပြောချင်ဘူး၊ ချစ်တာသာ ပဓာနရယ်လို့ ဆိုချင်ပါတယ်၊ ဒီသီချင်း ကို ကြားဖူးတယ် မဟုတ်လား၊ အဲဒီအတိုင်းပေါ့ ခင်ရဲ့' ဟု ပြောပြီး ငွေခင့် ဆီသို့ တင်ပါးတစ်ရွှေ့စာလောက် တိုးလာလေ၏။

ငွေခင်သည် ပါးသိုင်းဆရာ၏လက်တွင်းမှ ပြေး၍မလွတ်နိုင်တော့ ပြီ ဟု ကောင်းစွာသိလေသည်။ သို့ရာတွင် သတ္တဝါတို့မည်သည် ဘေးနှင့် တွေ့လျှင် သေခါမှ သေရမည်။ မသေမီကား ပြေးနိုင်သမျှ ပြေးကြသေး သည်မှာ ဓမ္မတာဖြစ်လေသည်။ သို့အတွက် တဒင်္ဂပင်လွတ်စေကာမူ လွတ်စေတော့ ဟူသော သဘောနှင့် ပါးသိုင်းဆရာ ရှေ့သို့တိုးအလာတွင် ခုတင်ခေါင်းရင်းမှ ခုန်ချပြေးရန် ငွေခင်သည် မတ်တတ်ထလိုက်လေ၏။ ပါးသိုင်းဆရာလည်း ငွေခင့်ကို လှမ်းဆွဲလိုက်ရာ သီသီကလေး လွဲသွား လေသည်။ ထို့ကြောင့် ပါးသိုင်းဆရာလည်း ငွေခင့်ကို အမိဖမ်းရန် ရှေ့သို့ အတင်းတိုး၍ လိုက်လေသည်။ ငွေခင်လည်း ခုတင်ပေါ်မှ ခုန်ချလိုက် သဖြင့် မမိလိုက်ချေ။ သို့ရာတွင် ငွေခင်၏ ခုန်ချခြင်းသည် သူ့အတွက် ကောင်းသော ခုန်ချခြင်း မဟုတ်ပေ။

အဘယ့်ကြောင့် မကောင်းသနည်းဟု အကဲခတ်နိုင်ရန် အတွက် အခန်းနှင့် ခုတင်၏ အနေအထားကို သိရန် လိုလေသည်။ အခန်းသည် စတုရန်း ၁၀ ပေလောက် ကျယ်ဝန်းသည်။ အခန်းတွင်းသို့ဝင်ရန် တံခါး ပေါက်သည် မြောက်ဘက်တွင်ရှိသည်။ ထိုအပေါက်မှဝင်လျှင် ခုတင်သည် အခန်း၏ အနောက်ဘက်နံရံတွင် ကပ်ထားသည်ကို တွေ့ရမည်ဖြစ်၏။

http://nyisay.com



ခုတင်၏ ခေါင်းရင်းတန်းနှင့် အခန်း၏ တောင်ဘက်နံရံတို့သည် သုံးပေလောက် ခြားလျက်ရှိသည်။

ငွေခင်သည် ခုတင်၏ အနောက်တောင်ထောင့်မှ အထက်ပါအကြား ခုန်ချလိုက်ရာ ပါးသိုင်းမွေးဆရာသည် သူ့နောက်သို့ ဆက်၍ လိုက်မသွားဘဲ ခုတင်ပေါ်က ပြန်ဆင်းပြီး ခုတင်၏ အရှေ့တောင်ထောင့်တွင် ရပ်လိုက်လေ၏။ ထိုအခါ ငွေခင်သည် ဘယ်ကိုမှမထွက်နိုင်ဘဲ ချောင်ထဲတွင် ပိတ်၍ အမိခံနေရလေ၏။ သို့ရာတွင် ငွေခင်ကား အားမလျှော့သေး။ ပါးသိုင်းဆရာသည် သူ့လက်နှစ်ဘက်ကို ဘေးသို့ဆန့် ရှေ့သို့ တစ်လှမ်း နှစ်လှမ်းတိုးအလာတွင် ငွေခင်သည် ပါးသိုင်းဆရာ၏ ဘယ်ဘက်လက်မှ ထုတ်ဆီးတန်းကစားရာတွင် အတင်းတိုး၍ ထွက်သလို ထွက်လိုက်လေ၏။ အလွန်ကျင်လည်ပြီးသားဖြစ်နေသော ပါးသိုင်းဆရာသည် သူ့ကိုယ်ကို ဘယ်ဘက်မှ တစ်ပတ် လှည့်ပေးလိုက်ပြီးလျှင် ညာဘက်လက်နှင့် လှမ်း၍ဖက်လိုက်ရာ ငွေခင်၏ နောက်မှနေ၍ ငွေခင်၏ ရင်အုံပေါ်တွင် သူ့လက်နှစ်ဖက်ဖြင့် အုပ်ပြီးသား ဖြစ်နေလေ၏။

ငွေခင်သည် ရန်ရှင်းနှင့် ခွဲနေသည်မှာ လေးလနီးပါးမျှ ရှိလေပြီ။ အောင့်ထားခဲ့ရသော စိတ်သည် သူ့တစ်ကိုယ်လုံးတွင် ယမ်းပုံပမာကဲ့သို့ ပျံ့နှံ့လျက်ရှိလေသည်။ သို့အတွက် မီးပွားနှင့်တူသော ပါးသိုင်းဆရာ၏ လက်သရမ်းတို့နှင့် ထိတွေ့ကြသောအခါ ကိုယ်တွင်း၌ ပေါက်ကွဲသည့် အရှိန်သည် ပြင်းလွန်းလှ၍ ခြေထောက်ပင် ကောင်းစွာ မထောက်နိုင်ရှာဘဲ ပါးသိုင်းဆရာ၏ လက်ထဲတွင် ပျော့ခွေကျသွားပြီးလျှင် တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်နှင့် တုန်လျက်ရှိလေ၏။

ပါးသိုင်းဆရာသည် ခုတင်ပေါ်သို့ ငွေခင့်ကို အသာဆွဲ၍ တင်လိုက်ပြီး သူ့ညာဘက်လက်နှင့် ငွေခင့်အပေါ်မှ ခွထားလိုက်လေသည်။ ငွေခင်

http://nyisay.com



သည် ဘယ်ဘက်သို့ စောင်းလိုက်မည်အလုပ်တွင် လျှင်မြန်သော ပါးသိုင်းဆရာ၏ ဘယ်ဘက်လက်သည် ငွေခင်၏ ညာဘက်ပခုံးကို ဖိထားလိုက်ပြန်သဖြင့် ငွေခင်သည် မစောင်းနိုင်တော့ပေ။ သို့ရာတွင် ငွေခင်သည် ရှက်လွန်း၍ မျက်စိကို စုံမှိတ်ထားလေသည်။

'ဘယ့်နှယ်လဲ ခင်ရယ်၊ စိမ်းကားလှချည်လား၊ ဒီက ချစ်ရတဲ့လူများကို ညာတာထောက်ထား အသနားဖက်တဲ့ စိတ်ကလေးကိုလဲ မွေးဦးမှပေါ့၊ ခုတော့ သူစိမ်းပြင်ပြင်ကြနေတော့တာပဲ၊ ခင်ဟာ ကိုယ့်အပေါ်မှာ သိပ်ဆိုးတာပဲကွယ်' ဟု ပြောပြီး တကယ့်တိုက်ပွဲသို့ ဝင်လေသည်။

ငွေခင်လည်း အစွမ်းကုန် ရုန်းရင်းကန်ရင်းနှင့် ရင်ဝကို ဓားတော့ခံရသောသူကဲ့သို့ ချက်ကောင်းကို အမိခံရသဖြင့် မလှုပ်နိုင်ရှာတော့ဘဲ ခေါင်းအုံးတစ်လုံးကို မိမိမျက်နှာပေါ်သို့ ဖုံးလျက် ငြိမ်သက်သွားရရှာလေသည်။ ပါးသိုင်းမွေးဆရာလည်း စစ်နိုင်သော စစ်ဗိုလ်၏ ရွှင်ပြုံးခြင်းဖြင့် များစွာ ပီတိဖြစ်လျက်ရှိလေသည်။ ပါးသိုင်းဆရာသည် အနှူးတွင် အံခွနေသူ ဖြစ်ရကား အချက်ပိုင်ပြီးသည်နှင့် တစ်ပြိုင်နက် ငွေခင်၏ မျက်နှာပေါ်တွင် ဖုံးထားသော ခေါင်းအုံးကြီးကို အသာဆွဲပစ်လိုက်ပြီးလျှင် ဘယ်ဘက်သို့ မျက်နှာကို လှည့်ထားသဖြင့် အလောတော် ဖြစ်နေသော ငွေခင်၏ ညာဘက်ပါးမို့ကလေးကို အသာကလေးနမ်းရင်း 'ခင့်ကို ကိုယ် သိပ်ချစ်တာပဲကွယ်' ဟု ခပ်တိုးတိုး ပြောလိုက်လေ၏။ များမကြာမီ ဘူးသီးနုနုပေါ်တွင် သပြေသီးမှည့် တင်ထားသည်နှင့်တူသော ငွေခင်၏ ရင်သားများကို အလွန်ကျေနပ်သော မျက်လုံးများဖြင့် စူးစိုက်လျက်ရှိစဉ် ပါးသိုင်းဆရာလည်း တဖြည်းဖြည်း အားပျော့လာပြီးလျှင် ငွေခင်၏ ရင်ဘတ်ပေါ်၌ပင် အိပ်ပျော်သွားလေသည်။ ဤပါးသိုင်းဆရာသည်ကား အခြားမဟုတ်၊ ရုပ်ဖျက်ထားသော ရွှေနေဘဝင်းပင် ဖြစ်တော့၏။

http://nyisay.com



ဘဝင်၏ လပေါင်းများစွာ အောင့်ထားခဲ့ရသော ဆန္ဒကြီးသည် ကျေနပ်မှုကို ရသွားလေပြီ။ ဤဆန္ဒကြီးသည် ဤကဲ့သို့ ကျေနပ်မှုကို ရရှိသွားသည့်အတွက် ဘဝင်းတွင် မည်မျှ အကျိုးခံစားလိုက်ရပါသနည်း။ စက္ခုအာရုံနှင့် ဖောဋ္ဌဗ္ဗအာရုံတို့သည် တစ်မိနစ်ခန့်သာ အရသာရှိသွားရုံမှ တစ်ပါး အခြားအကျိုးကျေးဇူးများ မရှိပေ။

ဘဝင်း၏ စက္ခုအာရုံနှင့် ဖောဋ္ဌဗ္ဗအာရုံတို့သည် တစ်မိနစ်ခန့်သာ အရသာ ခံစားလိုက်ရသည့်အတွက် ငွေခင့်မှာမူကား သူ့ကျေးဇူးရှင် ရန်ရှင်းအတွက် အသက်ပေး၍ စောင့်ရှောက်ခဲ့ရသော ဣန္ဒြေတို့သည် ရေစုန်တွင် မြော၍ ပါရှာလေ၏။ ဘဝင်းသည် ဤမျှ အကျိုးကလေးနှင့် ဤလိုလုပ်ရက်သည်မှာ အတော်ကြီးပင် ရက်စက်ရာကျပေသည်။

အုတ်တံတိုင်းကြီးလေးခုအတွင်းတွင် နေရရှာသော ငွေခင့်လင် ရန်ရှင်းမှာမူကား သူ၏ အသက်ဖူး ငွေခင်သည် သူနှင့် တစ်မြို့တည်း၏ တစ်နေရာတွင် ဤညက ဤသို့ အရှက်တကွဲ အကျိုးနည်းဖြစ်နေရရှာသည်ကို နည်းနည်းကလေးမှ မသိရှာပေ။ သိများ သိသွားပါမူကား အဘယ်မျှ ရင်ကျိုးအောင် နာကြည်းလိမ့်မည်နည်း။

□□

# အခန်း ၁၄

နောက်တစ်နေ့တွင် ဘဝင်းသည် အိမ်စောင့်အဘိုးကြီးနှင့် အမယ်ကြီးများကို မှာစရာရှိသည့်စကားများ မှာကြားပြီးလျှင် အမြန်သင်္ဘောဖြင့် ဝါးခယ်မသို့ ပြန်လိုက်သွားလေ၏။ ငွေခင်မှာမူကား မြွေပူရာကင်းမှောင့် ဟူသောစကားကဲ့သို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည့်အထဲတွင် ပါးသိုင်းမွေးဆရာသည် မည်သူမည်ဝါဖြစ်သည်ကို ဝေခွဲ၍မရသဖြင့် စိတ်အိုက်လျက်ရှိလေသည်။

ထိုအတောအတွင်း ငွေခင်သည် ရန်ရှင်း၏ ရုပ်ကို မကြာခဏမြင်ယောင်လျက် ရှိလေသည်။ သို့ရာတွင် ယခုမြင်ရသော ရန်ရှင်း၏ရုပ်သည် အရင်က မြင်ရသော ရန်ရှင်း၏ ရုပ်နှင့်မတူ အမူကွဲပြားလျက်ရှိ၏။

အရင်က ရန်ရှင်း၏ ရုပ်ကိုမြင်လျှင် ရွှင်ရွှင်ပြုံးပြုံးနှင့် သူ့ကို ယုယပိုက်ထွေးနေသလို မြင်ရသည်။ ယခုမူကား ရန်ရှင်းသည် သူ့အပေါ်တွင် သုန်သုန်မှုန်မှုန်ဖြစ်နေသလို တွေ့ရ၏။ သူသည် ရန်ရှင်းအနားသို့ကပ်သွားသောအခါများ၌လည်း ရန်ရှင်းသည် သူ့ကို စကားမပြော၊ ခေါင်းကို တခြားဘက်သို့ လှည့်နေလေသည်။ စကားပြောပြန်ပါသော်လည်း ထန်ထန်မန်မန် ဖြစ်နေလေသည်။ ရှေးအခါများကမူကား ငွေရေ. . . ခင်ရေ. . . အစရှိသော စကားလုံးများဖြင့် မိုးမွှန်လျက်ရှိလေသည်။

http://nyisay.com



ယခုမူကား ခပ်အေးအေး 'တခြားသွားနေစမ်းကွာ၊ ငါ့စိတ်တွေ မကောင်းတော့ဘူးနော်၊ မင်း သတိနဲ့သာ ကောင်းကောင်းနေ' အစရှိသော စိမ်းကားသည့်စကားလုံးများကိုသာ တွင်တွင်ကြီးသုံးလျက်ရှိလေသည်။ ရန်ရှင်းသည် မြောင်းမြထောင်သို့ ပြောင်းရခါနီး သင်္ဘောပေါ်တွင် ပြောသွားသော 'လူတွေက သိပ်မကောင်းတော့ဘူး၊ ဒီတော့ ကိုယ်က ဘယ်လိုကောင်းအောင်နေပေတဲ့ ဘေးက အဖျက်အဆီးနဲ့တွေ့တော့ မခံနိုင်ဘူး၊ နောက်ပြီးတော့လဲ လူဆိုတာ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး၊ အရှက်နဲ့ လူလုပ်တာ၊ နာမည်မှာ မဲ့တစ်ပေါက်စွန်းသွားတယ်ဆိုရင် သေပစ်လိုက်ဖို့သာ ကောင်းတော့တာပဲ' ဟူသော စကားလုံးများကို ရန်ရှင်းသည် ငွေခင်အား လက်ညှိုးတငေါက်ငေါက်နှင့် ပြောနေဟန်ကိုလည်း ငွေခင်သည် မကြာခဏ မြင်ယောင်လျက်ရှိလေသည်။

လူတို့စိတ်သည် အလွန်ထူးဆန်းသည်။ သူ့ကို နိုင်အောင် ထိန်းနိုင်မှ တော်ရုံကျသည်။ သူ့ကို မနိုင်လျှင် ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်သည် ဆိုသော စကားကဲ့သို့ ကိုယ့်စိတ်က ကိုယ့်ကို ပြန်၍ခြောက်တတ်သည်။ ထို့ကြောင့်ပင် တစ်ခါတစ်ရံ ညဘက်တွင် တိုင်ငုတ်တစ်ငုတ်ကို သူရဲဟု ထင်လိုက်လျှင် ထင်မိသည်နှင့် တစ်ပြိုင်နက် ထိုတိုင်ငုတ်သည် ကြည့်ရင်း ကြည့်ရင်း အရပ်ရှည်၍လာသည်ကို တွေ့ရသည် မဟုတ်ပါလော။ ထို့မျှမကသေး၊ ကြည့်ရင်း ကြည့်ရင်း ထိုသဏ္ဌာန်ကြီးသည် မျက်လုံးကြီးများပြူးပြီး လျှာထွက်၍ပင် လာသေးသည် မဟုတ်ပါလော။ ကိုယ့်စိတ်သည် ကိုယ့်ကို ဤမျှမကပင် ခြောက်လှန့်နိုင်ပေသေး၏။

ငွေခင်လည်း ရန်ရှင်းကို ဤသို့ မြင် ဤသို့ကြားလျက် ရှိသည်မှာ သူ့စိတ်၏ လှည့်ပတ်ခြောက်လှန့်မှုပင် ဖြစ်တော့၏။ ရန်ရှင်းသည် သူ့ကို ချစ်တော့မှာမဟုတ်ပါဘူး ဟူသော စိတ်ဓာတ်သည် ငွေခင့် ရင်တွင်းမှာ

http://nyisay.com



အလွန်ပြင်းထန်လျက်ရှိရကား ဤစိတ်ဓာတ်က သွေးဆောင်တိုင်း ရန်ရှင်းသည် သူ့ကို စိတ်ဆိုးနေသည့်ပုံ၊ စိမ်းကားနေသည့်ပုံ၊ မျက်လွှာချနေသည့်ပုံတို့နှင့် ကြင်ကြင်နာနာ မရှိသော စကားများကိုသာ မြင်ယောင်ယောင်ကြားယောင်ယောင်ဖြစ်လျက်ရှိ၏။

ငွေခင်လည်း အလွန်စိတ်ပင်ပန်းလွန်းလှသဖြင့် ဤအရိပ်များနှင့် ဤအသံများကို မြင်ရ ကြားရခြင်းမှ ကင်းလွတ်လို ကင်းလွတ်ငြား စောင်တစ်ထည်နှင့် သူ့ခေါင်းပတ်ပြီး မှောက်၍အိပ်လိုက်လေသည်။ သို့ရာတွင် ထိုအသံနှင့် အရိပ်များသည် ပတ်ထားသော စောင်ထဲမှ ဖောက်ထွင်း၍ ငွေခင့်ကို နှောင့်ယှက်မြဲ နှောင့်ယှက်လျက်ရှိကြပြန်လေ၏။

ငွေခင်လည်း အလွန် စိတ်ပင်ပန်းလွန်းသဖြင့် ကိုယ်လည်းပင်ပန်းနွမ်းနယ်လှလေပြီ။ ဤသို့ စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်နေရသောဘဝမှ လွတ်မြောက်ရန်အတွက် ဘယ်လိုမှ မကြံတတ်သဖြင့် ရှိုက်၍ ရှိုက်၍ ငိုနေရင်း မေ့ခနဲ အိပ်ပျော်၍သွားလေသည်။ အိပ်ရာက နိုးသောအခါ ငွေခင်သည် အနည်းငယ် စိတ်သက်သာရာရလျက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူ လက်ငင်းခံနေရသော ဒုက္ခမှ လွတ်မြောက်ရန် လမ်းကြီးကို ဖြောင့်တန်းစွာ တွေ့ပြီဖြစ်သောကြောင့်တည်း။

ငွေခင်သည် အိမ်စောင့်အမယ်ကြီးကို ခေါ်လိုက်ရာ အမယ်ကြီးလည်း တံခါးဖွင့်၍လာလေသည်။ ငွေခင်သည် ရေချိုးချင်သည့်အကြောင်းကို အမယ်ကြီးအားပြောပြရာ အမယ်ကြီးက အသင့်ရှိကြောင်းနှင့် ပြန်ပြောလေသည်။ ထို့ကြောင့် သူ့ခေါင်းကို သပ်ရပ်စွာ ဖြီးလိမ်းပြီးလျှင် ငွေခင်သည် အမယ်ကြီးနှင့်အတူ ရေချိုးရန် လိုက်သွားလေသည်။ ရေချိုးပြီး၍ အခန်းတွင်းသို့ ပြန်ရောက်သောအခါ အဆင်သင့်ပို့ထားသော သနပ်ခါးခွက်ထဲမှ သနပ်ခါးများကို ခြေဆုံးခေါင်းဆုံး လိမ်းလျက်ရှိလေ၏။

http://nyisay.com



ငွေခင်။ ။'အဒေါ်တို့ကြည့်ရတာ အတော်ဆင်းရဲတာပဲ'

အမယ်ကြီး။ ။'ဟုတ်တယ်အေ၊ တော်တော်ပဲ ဆင်းရဲတာပဲ'

ငွေခင်။ ။'နို့၊ အဒေါ့်ဆရာက မကြည့်ဘူးလား'

အမယ်ကြီး။ ။'ကြည့်ပါရဲ့၊ ဒီလိုပဲ တစ်ခေါက်လာတဲ့အခါ ငါးကျပ်မျိုး၊ တစ်ဆယ်မျိုး ဆိုတာလို ပေးသွားတာပဲ'

ငွေခင်။ ။'(ပြုံး၍) 'ဒီလောက်ပေးတာနဲ့ ဘယ်ကလာ ကြည့်တာဟုတ်မလဲ အဒေါ်ရဲ့၊ ကျွန်မ ပြောနေတာက ငါးရာမျိုး တစ်ထောင်မျိုး ပြောနေတာပါ'

အမယ်ကြီး။ ။'အမယ်လေး၊ ဒီလောက်တော့ တစ်ခါမှ မရဖူးပါဘူး တူမကြီးရယ်'

ငွေခင်။ ။'အဒေါ်တို့ကြည့်ရတာ ဆင်းရဲလွန်းလို့ ရင်းနှီးစားကြဖို့ အဒေါ်တို့ဆရာဆီက နောက်တစ်ခေါက်လာရင် ငွေတစ်ထောင်လောက် တောင်းပေးမယ် ကြံနေတယ်၊ (အမယ်ကြီးသည် အလွန်ရွှင်လန်းသော မျက်နှာဖြင့် ငွေခင့်အနားသို့ တိုး၍ လာလေသည်။) သို့ပေမဲ့ အဒေါ်တို့ ဆရာက ပေးမှ ပေးနိုင်ပါ့မလားလို့လဲ ကျွန်မ စဉ်းစားနေတယ်'

အမယ်ကြီး။ ။'အံမာ၊ ရှေ့နေရင့်မာကြီးပဲကွယ်၊ ပေးမယ်ဆို ဒီလောက်ငွေကလေးကို ဘာအရေးထားမလဲ'

ငွေခင်။ ။'(သနပ်ခါးခွက်ထဲမှ သနပ်ခါးများကို လက်ခုပ်ထဲသို့ ထည့်ယူပြီး ခြေထောက်များကို သနပ်ခါးလူးနေရင်း) 'အဒေါ် သိမှ မသိသေးဘဲကိုး၊ ခုကာလရှေ့နေတွေက သူတို့ ထမင်းမှန်မှန်စားဖို့တောင် အနိုင်နိုင်ရယ် အဒေါ်ရဲ့'

အမယ်ကြီး။ ။(အနားသို့ ထပ်ပြီး တိုးလာပြန်၍ ခပ်တိုးတိုး ပြောလေသည်။) 'ငါ့တူမကြီးရဲ့ လူကတော့ သိပ်မရှိပါဘူး၊ သို့ပေမဲ့ သူ့သူဌေး

http://nyisay.com



ကလေးက သူပြောလိုက်ရင် ပြီးရော၊ သူသာပြော တစ်ထောင်ဆိုလဲ မနှမြောဘူး၊ ငါးရာဆိုလဲ မနှမြောဘူး'

ငွေခင်။ ။'(သနပ်ခါးခြောက်အောင် ယပ်ခတ်ရင်း) 'ဘယ်သူလဲ သူ့သူဌေးက'

အမယ်ကြီး။ ။'ငါ့တူမကြီးကို ချစ်လွန်းလို့ ပြောတာ၊ အဒေါ် ပြောတယ်လို့လဲ မပေါက်ကြားလိုက်ပါနဲ့၊ သူဌေးကလေးက ဝါးခယ်မက ကိုစိန်ဦး ဆိုတာပေါ့ တူမကြီးရဲ့'

သူဌေးစိန်ဦး၏ နာမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ငွေခင်သည် ဇာတ်လမ်းတစ်ခုလုံးကို အစမှအဆုံးအထိ တစ်ခါတည်း ပြေး၍ မြင်လိုက်လေသည်။ 'ဩော်' ဟု ဆိုပြီး အနည်းငယ် သတိလစ်သလိုလို ရှိသွားရာမှ သတိပြန်ထားပြီးလျှင် အမယ်ကြီးနှင့် စကားဆက်ပြောပြန်လေ၏။

ငွေခင်။ ။'ဟုတ်တာပေါ့၊ သူတို့သာပေးမယ်ဆိုရင် ငွေတစ်ထောင် လောက် ဘာများသလဲ၊ ကိုဘဝင်း ကိုယ်တိုင်ကလဲ နာမည်ကြီးပဲ၊ သူ့သူဌေး ကို မပြောဘဲ သူကိုယ်တိုင်က ပေးမယ်ဆိုလဲ ပေးနိုင်ပါတယ်'

အမယ်ကြီး။ ။'ဒါကြောင့် ပြောတယ်မဟုတ်လား၊ သို့ပေမဲ့ တူမ ကြီးရယ်၊ ဒါတွေကို အဒေါ်ပြောတယ်လို့လဲ မပေါက်ကြားလိုက်ပါနဲ့၊ သိသွားရင်တော့ အဒေါ် အသေပဲ၊ တကယ်သတ်ပစ်မှာပဲ'

ငွေခင်။ ။(ပြုံး၍) 'မတော်တာပဲ အဒေါ်ကလဲ ပြောပါ့မလားလို့၊ အဒေါ်တို့ကို ချမ်းသာစေချင်လွန်းလို့တောင် ငွေတောင်းပေးဖို့ ကျွန်မ စိတ်ကူးနေသေးတယ် မဟုတ်လားလို့'

အမယ်ကြီး။ ။'ဟုတ်ပါတယ်လေ၊ အေးကွယ် ငါ့တူမကြီးပဲ အဒေါ် တို့ကို ကြည့်ပြီး မစ စမ်းပါဦး'

http://nyisay.com



ငွေခင်သည် ဘေးတွင်ချထားသော မိမိ၏ ချွေးခံအင်္ကျီအိတ်ထဲမှ ငွေစက္ကူ ငါးကျပ်တန် နှစ်ရွက်ကို ထုတ်ပြီး အမယ်ကြီးသို့ လှမ်းပေးလိုက်သည်။ အမယ်ကြီးလည်း ငွေစက္ကူများကို လှမ်း၍ယူလိုက်ပြီး အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သဖြင့် သူ့အဘိုးကြီးထံသို့ ငွေစက္ကူများကို ပြေး၍ ပြလေသည်။ ပြရုံသာမဟုတ်၊ ငွေခင်က သူတို့လင်မယားများကို မမည့်အကြောင်းများကိုပါ ဟုတ်သည်ထက်ပို၍ ချဲ့ထွင်ကာ ပြောလျက်ရှိလေသည်။ အတော်ကလေးကြာသောအခါ လင်မယားနှစ်ယောက်စလုံးသည် ငွေခင်ရှိရာအခန်းထဲသို့ ဝင်လာကြပြန်၏။ ထိုအချိန်တွင် ငွေခင်သည် အဝတ်အစားမျာပင် လဲ၍ပြီးနေလေပြီ။

အမယ်ကြီး။ ။'ငါ့တူမကြီးက သိပ်ချောတာပဲဟေ့၊ ဒါကြောင့်လဲ သူ့လူက မက်တာပဲ'

ငွေခင်။ ။(ပြုံး၍) 'မြောက်လှချည်လား အဒေါ်၊ အဒေါ့်တူမ ဒါလောက်ပဲ ချောသလား'

အမယ်ကြီး။ ။'ဘုရားစူးရပါစေရဲ့အေ၊ မြောက်တာမဟုတ်ပါဘူး၊ အဟုတ်ကို ကိုယ့်တူမကြီးက သိပ်ချောတာပဲ'

ငွေခင်။ ။'အဒေါ် ဒီမှာ ထောင်ဆိုတာ ရှိသလား'

အမယ်ကြီး။ ။'ရှိတာပေါ့ တူမကြီးရဲ့'

ငွေခင်။ ။'ခဏလောက် သွားကြည့်ရအောင် အဒေါ်'

အမယ်ကြီး။ ။'(ငွေမျက်နှာကြောင့် ငွေခင်၏လူ ဖြစ်မှန်းမသိဖြစ်လျက်) 'အေး၊ သွားမယ်၊ ဘုရားတွေကိုလဲ လျှောက်ဖူးတာပေါ့'

အဘိုးကြီး။ ။'လည်လို့ ဖြစ်မယ်မထင်ဘူး လှသင်းရဲ့'

ငွေခင်။ ။'အမယ်လေး၊ ဦးကလဲ စိုးရိမ်စရာမရှိတာကို စိုးရိမ်နေပြန်ပါပြီ၊ အစက ဘယ်သူတွေမှန်း ဘယ်ဝါတွေမှန်း မသိလို့သာ ကျွန်မ

http://nyisay.com



ငြင်းနေတာပါ။ ခုတော့ အခေါ်ပြောလို့ အကုန်သိပြီးပါပြီ၊ ကျွန်မကလဲ ငြင်းစရာမလိုပါဘူး၊ နောက်ပြီးတော့ ကျွန်မ စိတ်ပျော်အောင် လိုက်ပို့တဲ့အတွက် ကိုဘဝင်း သိရင် ဦးတို့ကိုတောင် ကျေးဇူးတင်ပြီး တစ်ထောင်လောက် မစချင်တာ ထောင့်ငါးရာ နှစ်ထောင် ဖြစ်သွားနိုင်တာပဲ'

အမယ်ကြီး။ ။'ဟုတ်သားပဲ၊ တော်က အဘိုးကြီး၊ မသိရင် အေးအေးနေ၊ ခုကာလသားသမီးတွေက သူတို့ဟာနဲ့ သူတို့ ရွှတ်ရှက်ဆိုပြီးသွားတာပဲ' ဟု ပြောပြီး အဝတ်အစားလဲရန် ထွက်သွားလေ၏။ အဘိုးကြီးလည်း ဟုတ်သလိုလိုထင်ပြီး မတားနိုင်တော့ဘဲ 'မြန်မြန်ပြန်ခဲ့ကြကွာ' ဟုသာ ပြောလိုက်လေ၏။

ငွေခင်နှင့် အမယ်ကြီးသည် ထောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြလေသည်။ သို့ရာတွင် ထိုနေ့သည် ကြာသပတေးနေ့ဖြစ်သဖြင့် ထောင်ဝင်စာတွေ့ခွင့် မရပေ။ ထောင်ဝင်စာ တွေ့သောနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ထို့ကြောင့် ထောင်ဝင်စာ တွေ့လိုသူများ၏ လျှောက်လွှာများကို ထောင်နှင့် မျက်နှာချင်းဆိုင် သစ်ပင်အောက်တွင် အခယူ၍ ရေးပေးနေသော ဆေးလိပ် ကွမ်းယာသည် ကိုကံသာ၏ ညွှန်ကြားချက်အရ ရန်ရှင်းကို ရွှေ့လာမည့် တနင်္ဂနွေနေ့တွင် တွေ့ရန် လျှောက်လွှာတစ်စောင် ရေး၍ ကိုကံသာ၏ လက်တွင်းသို့ ထည့်ခဲ့လေသည်။ ပိုက်ဆံတစ်မတ်ရသောကြောင့် 'စိတ်သာချသွားပါ၊ တနင်္ဂနွေနေ့ဆိုရင် ဆက်ဆက်တွေ့ရမယ်၊ ကျွန်တော် အားလုံးလုပ်ထားလိုက်မယ်' အစရှိသော စကားလုံးများဖြင့် ကံသာလည်း အာဝဇ္ဇန်းရွှင်လျက် ရှိလေသည်။

ငွေခင်သည် လမ်းမှာတွေ့ကြသော လူတွေထဲမှ သူ့ကို စေ့စေ့စပ်စပ် ကြည့်လျှင် သူ့အကြောင်းကိုသိ၍ ကြည့်သည်ဟု ထင်၏။ သူတို့ဘာသာ သူတို့ ရယ်ကြလျှင်လည်း သူ့ကို ရယ်သည်ဟုပင် ထင်၏။ စကားတိုးတိုး

http://nyisay.com



ပြောနေကြလျှင်လည်း သူ့အကြောင်းကိုပင် ပြောသည်ဟု စိတ်ယနမကင်း ဖြစ်ပြီးလျှင် 'ငါတော့ ဘဝဆုံးကိုရောက်ပြီ၊ ဘယ်ကိုပဲသွားသွား ငါ့ကို လူတွေက ဒီလိုပဲ မေးငေါ့ကြတော့မှာပဲ' ဟူ၍ သူ့လိပ်ပြာသည် သူ့ကို လှန့်လျက်ရှိ၏။ ဤသို့ လိပ်ပြာလန့်လျက်ရှိသဖြင့် ထောင်အနီးရှိ ရွှေမုဋ္ဌော ဘုရားခြေရင်းသို့ရောက်ပြီးမှ ဘုရားကုန်းတော်ပေါ် သို့ တက်၍ မဖူးတော့ဘဲ နေမကောင်းဘူးဟု အကြောင်းပြပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။ တထိတ်ထိတ်နှင့် မျှော်နေရသော အဘိုးကြီးလည်း ငွေခင့်ကို မြင်လိုက်ရသော အခါမှ စိတ်အေး၍ သွားလေသည်။

❑❑

# အခန်း ၁၅

ငွေခင်သည် သူ့ကို ထောင်ဝင်စာတွေ့ရန်လာသည်ဟု ထောင်ဝင်စာရုံးမှ သတင်းရသည့်အချိန်ကစ၍ ရန်ရှင်းသည် ဝမ်းသာဝမ်းနည်းဖြစ်လျက်ရှိလေသည်။ ဝမ်းသာသည့်အချက်များကား ရေငတ်နေသူသည် ရေတွင်းထဲကျသကဲ့သို့ သူ အလွန်တမ်းတလျက်ရှိသော ငွေခင်နှင့် တွေ့ရမည့် အတွက်ပင်ဖြစ်လေသည်။ ဝမ်းနည်းသည့်အချက်များကား မြင်ရုံသာ မြင်ရ မကြင်ရ မောင့်ကိုယ် ဆိုသကဲ့သို့ တွေ့ရုံသာတွေ့ရမည် ဖြစ်သောကြောင့်တည်း။

ထိုသို့ ဝမ်းသာ ဝမ်းနည်းဖြစ်လျက် နေ့များကုန်လာခဲ့ရာ စနေနေ့ညသို့ ရောက်လာလေ၏။ ထိုညတွင် ရန်ရှင်းသည် ငွေခင်ကို အရင်နေ့တွေကထက် ပို၍ သတိရလေသည်။ 'ငွေခင်ဟာ ခုနေဆိုရင် ငါ့ကို လွမ်းတာနဲ့ ပိန်များနေသလား၊ သိပ်ပြီးတော့လဲ ပိန်သွားမယ် မဟုတ်သေးပါဘူး၊ ငါထောင်ကျလာတာလဲ ကြာမှ မကြာသေးဘဲ၊ မိန်းမတွေဟာ ယောကျ်ားနဲ့ ခုနစ်ရက် ကွဲနေရင် ဖောက်ပြန်တတ်တယ်လို့ ပြောသံကြားဖူးတယ်၊ သို့ပေမဲ့ ငါ့ငွေခင်ကတော့ ဒီအစားထဲက မဟုတ်ပါဘူး၊ ဟုတ်ချင်လဲ ဟုတ်မှာပဲလေ၊ မိန်းမတွေဆိုတာ အားလုံး အတူတူကြီးပဲ ထင်ပါရဲ့၊ ဟာ ဘယ်နည်းနဲ့မှ ငွေခင်ဟာ မဖြစ်နိုင်ဘူး၊ ငါ သူ့အပေါ်မှာ ဘယ်လောက်ကောင်းသလဲ၊ ပဒုမမင်းသားဟာ ငါထက်တောင် ကောင်းသေးတာပဲ၊ သူ့လက်မောင်းသွေး

http://nyisay.com



ကိုတောင်ဖောက်ပြီး တိုက်တယ်၊ ဒါပေမဲ့ ငွေခင်တော့ ဘာမှ မဖြစ်နိုင်ဘူး၊ ငါ ယုံတယ်ကွာ' အစရှိသည်ဖြင့် ရန်ရှင်းလည်း စိတ်ရှုပေါက်တိုင်း လျှောက်၍ တွေးနေလေ၏။ ထို့နောက် ထောင်မကျမီက သူနှင့် ငွေခင်တို့ ကျီစယ်ခဲ့ကြသော အဖြစ်အပျက်များသည် သူ့ရှေ့တွင် ရုပ်ရှင်ပြသကဲ့သို့ တစ်ခုပြီးတစ်ခု ထင်ရှားစွာ ပေါ်ပေါက်လာကြ၏။

ထိုကားများကို အားရအောင် အာရုံခံပြီးနောက် သူသည် ထောင်က ထွက်သွားလျှင် ငွေခင့်ကို ဘယ်လို စ မည်၊ ဘယ်လို နောက်မည်၊ ဘယ်လို ကျီစယ်မည် အစရှိသည်တို့ကိုလည်း မြိန်ရေရှက်ရေ ဆက်၍ တွေးနေပြန်လေ၏။ ထိုနေ့ညအဖို့တွင် တောင်စဉ်ရေမရ လျှောက်၍တွေးပြီး ရန်ရှင်းလည်း အလွန်အရသာတွေ့လျက်ရှိလေ၏။

ရန်ရှင်း တွေးနေသည်ဟူ၍ အချိန်သည်ကား ရန်ရှင်းကို စောင့်နေခြင်းမရှိ။ ထောင်နာရီစင်မှာလည်း ၁၅ မိနစ် တစ်ကြိမ်ကျ ခပ်မှန်မှန် တီး၍လာလေရာ နာရီပြန် တစ်ချက်နှင့် နှစ်မောင်း ရှိသွားလေသည်။ ညဉ့်ရှစ်နာရီ အချိန်မှစ၍ ထောင်နာရီစင်မှ နာရီတီးတိုင်း ညဘက် ထောင်ပျာတာ ကုလားများသည် တစ်ထောင်လုံး ဆူညံသွားအောင် အော်ကြ ဟစ်ကြရလေသည်။ ရန်ရှင်းလည်း စိတ်ကူးမည်မျှ ကောင်းသနည်းဆိုသော် ဤမျှ ဆူညံနေသော ကုလားသံများကို တစ်ခါတလေမှသာ ကြားမိလေ၏။

ရန်ရှင်းသည် ထိုနေ့ညအဖို့ စိတ်ကူးသာကောင်းသည် မဟုတ်။ ဆေးလိပ်သောက်၍လည်း အလွန်ကောင်းလျက်ရှိလေသည်။ ထောင်ဘီတီ ဆေးလိပ်ကလေးများကို တစ်လိပ်ပြီး တစ်လိပ် ညှိ၍ သောက်လျက်ရှိလေ၏။ (ထောင်ဥပဒေအရ ထောင်ထဲတွင် ဆေးလိပ်မသောက်ရ၊ သို့ရာတွင် အကျဉ်းသားတိုင်း ဆေးလိပ်သောက်လျက်ရှိကြ၏။ ဤသို့ သောက်နေကြသည်ကို ထောင်မင်းကြီးမှအစ အောက်ဆုံး အိပ်ထောင်ပျာတာ အထိ

http://nyisay.com



ကောင်းကောင်းသိကြ၏။ ဥပဒေတစ်ခုထားပြီး ထိုဥပဒေအား ချိုးဖျက်နေကြသည်ကို ခပ်အေးအေး လက်ပိုက်၍ ကြည့်နေသည်ထက် ထိုဥပဒေကို ပြင်ဆင်၍ပေးသည်က ပိုမို၍ ကောင်းပေ၏။)

ယခုမူကား ထောင်ထဲတွင် ဆေးလိပ်မသောက်ရ ဟူသော ထိုဥပဒေရှိနေသည့်အတွက် ထောင်ထဲတွင် ဆေးလိပ်အသောက်မပျက်ဘဲ ဆေးလိပ်ကုန်ကို တိတ်တိတ်ကူးနေသော ထောင်ပျာတာ ကုလားများသာ အကျိုးရှိနေကြသည်ကို တွေ့ရ၏။ ဝင်ထွက်သွားလာနိုင်သည်ဖြစ်ရကား ဆေးလိပ်ထုပ်များကို သူတို့၏ အင်္ကျီများထဲတွင်ထည့်၍ ထောင်ထဲသို့ ယူလာတတ်လေသည်။

ထောင်ထဲတွင် ဗိုလ်လသာ ဆေးလိပ်ကို လူကြိုက်အတော်များသည်ဟု စုံစမ်းသိရှိရလေသည်။ ပျာတာကုလားများက တစ်ထုပ်လျှင် ဗိုလ်လသာဆေးလိပ် လေးလိပ်ပါသော ဆေးလိပ်ထုပ် ၁၀ ထုပ်ကို တစ်ကျပ်ဈေးနှင့် သွင်းကြသည်။ လက်လီဝယ်လိုသူများက တစ်လိပ်ကို နှစ်ပြားဈေးနှင့် ဝယ်၍ သုံးကြရလေသည်။

ထောင်ထဲတွင် ဆေးပြင်းလိပ်ကို အလိပ်လိုက် သောက်နိုင်သူမှာ အတော် 'ဗိုလ်ကျ'သူများ ဖြစ်လေသည်။ များသောအားဖြင့် ဆေးပြင်းလိပ်တစ်လိပ်ကို ခပ်ထက်ထက်သွေးထားသည့် အကျဉ်းသမားများဆွဲရသော နံပါတ်သံပြားကလေးများဖြင့် ပါးပါးလှီး၍ အလောတော်ဖြတ်ထားသော ကွီနိုင်ထုတ်သည့် စက္ကူနှင့် လိပ်၍ သောက်ကြရသည်။ ဤနည်းဖြင့် လိပ်၍သောက်ပါမူ ဗိုလ်လသာဆေးပြင်းလိပ် တစ်လိပ်လျှင် ထိုဆေးလိပ်ကလေးများ ၁၂ လိပ် ထွက်သည်။ ၎င်းတို့ကို ထောင်'ဘီဒီ'ဟု ခေါ်သည်။ ချွေချွေတာတာ သောက်လျှင် အကျဉ်းသမား တစ်ယောက်သည် တစ်နေ့ကို ဘီဒီ ၁၂ လိပ်နှင့် လောက်နိုင်သည်။

http://nyisay.com



ဆင်းဆင်းရဲရဲ အကျဉ်းသားများမှာမူကား ဆေးပြင်းလိပ်အနီးသို့ မကပ်နိုင်ချေ။ ထို့ကြောင့် 'နင်းပြား'များကို အပြင်မှသွင်းရသည်။ နင်းပြားဆိုသည်မှာ သောက်ပြီးပစ်ထားခဲ့သော ဆေးပြင်းလိပ်အတိုများကို ခေါ်သည်။ ထို ဆေးပြင်းလိပ်များကို မြို့ထဲတွင် လျှောက်ကောက်ပြီးလျှင် 'တောင်ယာကြီး' အလုပ်သမားခေါ် ထောင်အပြင်ဘက်ရှိ ထောင်ဥယျာဉ်တွင် အလုပ်ထွက်လုပ်ရသော အကျဉ်းသမားများကို ရောင်းရသည်။ ထိုအကျဉ်းသမားသည် ထောင်တံခါးပေါက်ဝတွင် စောင့်နေသော ထောင်ပျာတာကုလားများနှင့် အချိတ်အဆက်လုပ်ထားပြီး နင်းပြားများကို ထောင်ထဲသို့သွင်းလေသည်။ နင်းပြားတို့၏ ဈေးနှုန်းမှာ ၂၈ အောင်စဝင် နို့ဆီဗူးကြီးနှင့် တစ်ဗူးလျှင် နှစ်ပြားပေးရသည်။ ၎င်းတို့ကို ပါးပါးလှီး၊ နေပူအနည်းငယ်လှန်းပြီး ဘီဒီလိပ်၍ သောက်ကြရလေသည်။ နင်းပြားတို့မှာ လူပေါင်းစုံသောက်သော ဆေးလိပ်တိုများဖြစ်ကြပြီး လမ်းကြိုလမ်းကြားတို့မှ ကောက်လာကြရသောကြောင့် ၎င်းတို့နှင့်အတူ ရောဂါပေါင်းစုံလည်း ထောင်ထဲသို့ လိုက်လာကြလေသည်။

တဒင်္ဂအာသာကိုလည်း မနှိမ်နင်းနိုင်။ ဗိုလ်ကျသူများ သောက်သည်ကို အနံ့ရသဖြင့်လည်း သွားရည်ယိုလျက်ရှိကြသူ အကျဉ်းသား နင်းပြားတို့သည် နောင်ဖြစ်မည့်ရောဂါကို မကြောက်နိုင်ရှာဘဲ ထိုဆေးလိပ်နင်းပြားများကိုသာ မြိန်ရေရှက်ရေ သောက်ကြရလေသည်။

ထောင်ထဲတွင် ဆေးပြင်းလိပ်ကို ပိုက်ဆံအဖြစ်နှင့်လည်း အသုံးပြုနိုင်သည်။ ထောင်မှပေးသော ရေလုံပြုတ်ကို မစားနိုင်လျှင် ထောင်ညနေဈေးတွင် ဟင်းရွက်ဟင်းသီးကြော်၊ ကြက်သား၊ အမဲသား၊ ငါး အစရှိသော ဟင်းများကို ဆေးတစ်လိပ်ဖိုး၊ နှစ်လိပ်ဖိုး ဝယ်၍ စားနိုင်သည်။ ညောင်း၍ အနှိပ်ခံချင်သော် ဆေးတစ်လိပ်လောက်ပေးလျှင် ခပ်ကောင်းကောင်း အနှိပ်သည်ကို ရနိုင်သည်။ နှစ်လိပ်လောက်ပေးလျှင် အပြင်ဘက်တွင်

http://nyisay.com



တစ်ခါနှိပ် တစ်ကျပ်တန်လောက်ကောင်းသော ပထမတန်းစား အနှိပ်သည်ကို ရရှိနိုင်လေသည်။ ဤသို့ပင် အလိုရှိသည့် ထောင်ထွက်ပစ္စည်းများကို ဝယ်လိုလျှင်သော်လည်းကောင်း၊ အကျဉ်းသားများကို တစ်စုံတစ်ခုစေခိုင်းချင်သော်လည်းကောင်း ဆေးလိပ်ကို ငွေအဖြစ် အသုံးပြုနိုင်သည်။

ထို့ကြောင့် ဆေးလိပ်ကို ကုလားနှင့် သွင်းနိုင်သူတို့ကလည်း ကုလားနှင့် သွင်းသည်။ အချို့ အကျဉ်းသားလူစွမ်းကောင်းများကလည်း ကိုယ်တိုင်သွင်းကြသည်။ သူတို့သွင်းနည်းမှာ သူတို့၏ စအိုထဲတွင်ထည့်၍ သွင်းလာသောနည်းများ ဖြစ်လေသည်။ အချို့ တကယ်စွမ်းသူများသည် တစ်ကြိမ်လျှင် ဆေးပြင်းလိပ် ၇၅-၈၀ လောက်အထိ သွင်းလာနိုင်လေသည်။ သွင်းနည်းမှာ ဤသို့ပင် ဖြစ်သည်။ ဆေးပြင်းလိပ် ၁၆ လိပ်ကို ကျစ်နေအောင်ကြိုးနှင့် စည်းထားသည့် အစည်း လေးစည်း ငါးစည်းကို အရှည်လိုက်တစ်စည်းပေါ် တစ်စည်း ဆင့်၍ စီရသည်။ ထိုနောက် ၎င်းအစည်းများကိုတစ်ခုနှင့်တစ်ခု ကြိုးနှင့်ဆက်၍ ချည်ပြီးနောက် မီးအုံးထား၍ ပျော့နေသော ငှက်ပျောရွက်နှင့် ပတ်ရသည်။ ၎င်းအတောင့်ကို စအိုထဲသွင်းပြီး အလိုရှိသောအခါ ဆွဲထုတ်ရန်အတွက် ကြိုးစတစ်ခုကို စအိုဝတွင် အသာထုတ်ထားရလေသည်။

ဤနည်းသည် လွယ်သည်ဟူ၍ မထင်လေနှင့်။ တစ်ခါက အကျဉ်းသား တစ်ယောက်သည် အထဲတွင် ဆေးလိပ်စည်းသည့်ကြိုး ပြတ်ထွက်သွားသဖြင့် အသက်ထွက်သွားရရှာဖူးလေပြီ။

ဤကား စကားချပ်တည်း။

အခြားသောညများတွင် ရန်ရှင်းသည် ဘီဒီနှစ်လိပ်လောက်ဆိုလျှင် ကောင်းစွာ လုံလောက်သည်။ ထိုနေ့ညမှာမူကား ဗိုလ်လသာ တစ်လိပ်မှ လိပ်ထားသော ဘီဒီ ၁၂ လိပ်စလုံး ကုန်အောင် သောက်ပစ်မိ၏။

http://nyisay.com



ထောင်သားများကို အိပ်ထောင်အတွင်း၌ အခိုင်အလုံ တံခါးနှစ်ထပ်ဖြင့် သော့ခတ်ထားရုံနှင့် မကျေနပ်သေးဘဲ ဦးထုပ်သမားများကလည်း တစ်ယောက်လျှင် လေးနာရီကျစီ အလှည့်နှင့် စောင့်ရသေးသည်။ ဥပဒေအရဆိုလျှင် ဦးထုပ်သမားတိုင်း ညဘက်တွင် အလှည့်ကျ စောင့်သွားရမည်ဖြစ်၏။ သို့ရာတွင် ဗိုလ်ကျသော ဦးထုပ်သမားများသည် ညဘာယာများကို စီစဉ်ပေးရသော ထောင်မှူး၏ ဘာယာကို ပိုက်ဆံသုံးမူးပေးထားလျှင် တစ်လအတွက် ညမစောင့်ရဘဲ အသက်သာခိုနိုင်သည်။

ထိုဘာယာများ စောင့်ရုံနှင့် မကျေနပ်သေး။ အိပ်ခန်းအပြင်ဘက်မှလည်း ထောင်ပျာတာကုလားများက အိပ်ထောင်တစ်ခုလျှင် တစ်ယောက်ကျစီ စောင့်ရသေး၏။ ထိုပျာတာကုလားသည် အချိန်မရွေး အိပ်ထောင်ထဲသို့ ဝင်လာပြီး 'ဟေ့ ဘာယာ' ဟု ခေါ်လိုက်လျှင် 'အားလုံးကောင်းပါတယ် ခင်ဗျား' ဟု အကျဉ်းသားဘာယာက ပြန်ပြောရလေသည်။ အလှည့်ကျဘာယာအား အိပ်ပျော်နေသည်ကို ထောင်ပျာတာကုလားက မိသွားလျှင် ထိုဘာယာကို ရုံးတင်နိုင်လေသည်။ ရုံးတင်ခံရလျှင် အလှည့်ကျဘာယာသည် အနည်းဆုံး ဦးထုပ်ပြုတ်နိုင်သည်။ သို့ရာတွင် တစ်မတ်ငါးမူးလောက် ကုလားလက်ထဲ ကြိတ်ပြီးထည့်လိုက်လျှင် အမှုကို လျှော်ပစ်လိုက်လေသည်။ ဤသို့ ရမှန်းသိသဖြင့် တချို့ ခပ်ညစ်ညစ်ပျာတာကုလားများသည် ဘာယာကိုယ်တိုင်က တကယ်မအိပ်ဘဲနှင့် အိပ်သည်ဟု အတင်းစွပ်စွဲပြီး ရုံးတင်ရန် ခြောက်လှန့်တတ်လေသည်။

ရန်ရှင်းလည်း ဟိုဟိုဒီဒီ တွေးတောရင်း တဖြည်းဖြည်း အိပ်မောကျသွားလေ၏။

□□

# အခန်း ၁၆

'လှမင်း၊ စိန်သွင်၊ အေးမောင်၊ ရန်ရှင်း' အစရှိသည်ဖြင့် ထောင်ဝင်စာ တွေ့ရမည့်လူများ၏ စာရင်းကို ဘာယာတစ်ယောက်သည် အိပ်ထောင် နံပါတ် ၂၊ အနီးတွင် အော်၍ ဖတ်လျက်ရှိလေသည်။ ရန်ရှင်းလည်း ထို ခေါ်သံများကို မျှော်လင့်စောင့်စားလျက်ရှိရာ အဆင်သင့် ထလိုက်သွား လေ၏။

တနင်္ဂနွေ တစ်ပတ်လျှင် ထောင်ဝင်စာတွေ့ကြသူများမှာ အနည်းဆုံး ၃၁ ယောက်ရှိသည်။ ထိုလူများကို လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲ တွေ့ခွင့်ပြုသည်။ ထောင်ထဲသို့ ဝင်လိုသောသူများသည် တံခါးသုံးဆင့် ကျော်လွန်ပြီးမှ ထောင်ထဲသို့ ရောက်သည်။ တံခါးများ၏ အကျယ်မှာ ဆယ်ပေခန့်ရှိလိမ့်မည်။ ထောင်ဝင်စာတွေ့ခြင်း၊ ထမင်းပို့ခြင်း အစရှိသော သာမန်ကိစ္စများနှင့် လာကြသူများသည် ပထမတံခါးကိုသာ ဝင်ခွင့်ရသည်။ ထောင်ဝင်စာတွေ့ရမည့် အကျဉ်းသားများလည်း တတိယ တံခါးကိုသာ ထွက်ခွင့်ရလေသည်။ ထောင်ဝင်စာတွေ့သောအခါ ဒုတိယတံခါးတွင် ဟိုဘက်နှင့် သည်ဘက် တွေ့ကြရသည်။ တံခါးသည် သံတိုင်တံခါးဖြစ်၍ သံတိုင်များပေါ်မှ သံဆန်ခါထပ်၍အုပ်ထားရာ ထောင်ဝင်စာတွေ့သူနှင့်

http://nyisay.com



အကျဉ်းသားတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် အတော်ဂရုပြု၍ ကြည့်မှသာ မြင်ကြရသည်။

သံဆန်ခါ ထပ်၍ အုပ်ထားရခြင်းသည် အခြားကြောင့် မဟုတ်။ ထောင်ဖောက်ရန် စူး ဆောက် တံစဉ်း အစရှိသော တန်ဆာပလာများနှင့် ထောင်ဥပဒေနှင့် ဆန့်ကျင်သော ဆေးလိပ်များ၊ အစားအသောက်များ၊ ငွေစများကို ထောင်ဝင်စာတွေ့သူများက အကျဉ်းသားတို့အား ပေးလိုက်မည်ကို စိုးသောကြောင့်တည်း။

ထိုသို့ မလုပ်နိုင်ရန်အတွက် သံဆန်ခါ ကာရုံနှင့် မပြီးသေး။ ထောင်ဝင်စာ တွေ့သူတို့ကို စောင့်ရန်အတွက် ထောင်မှူး တစ်ယောက်၊ တံခါးမှူးကုလားပျာတာတစ်ယောက် တို့ကိုလည်း ထောင်ဝင်စာ တွေ့သူတို့ဘက်၌ အစောင့်ချထားသေးသည်။ သူတို့နှစ်ယောက်အပြင် ထောင်မှူးကြီး၏ ဘာယာလည်း အကျဉ်းသားများဘက်မှ အပိုစောင့်လျက်ရှိသေးသည်။ သို့ရာတွင် ထောင်မှူးကြီး ဘာယာသည်ကား ထောင်ဝင်စာတွေ့သူများကို စောင့်ကြည့်ရန် မဟုတ်။ ထောင်ဝင်စာတွေ့သူများထံမှ အကျဉ်းသားများထံသို့ ပေးလိုသော ငွေများနှင့် အစားအသောက်များကို ဆွဲပေးရန်ဖြစ်လေသည်။

ထို့ကြောင့် ငွေနှင့် အစားအသောက် သွင်းလိုသူများသည် ထိုဘာယာနှင့် ကြိုတင်၍ ကျိတ်ထားရလေသည်။ သူကိုဆိုလျှင် စောင့်နေသော ထောင်မှူးနှင့် တံခါးမှူးကုလားများက မဖမ်းကြပေ။ ဆွဲပေးသော ငွေနှင့် အစားအသောက်တို့ကို ထိုဘာယာသည် တစ်ဝက်ဖြတ်၍ ယူလေသည်။ ဥပမာ- တစ်ကျပ်သွင်းလျှင် အကျဉ်းသား ငါးမူး၊ ထိုဘာယာ ငါးမူးရသည်။ ထောင်ဝင်စာတွေ့သည့် နေ့တစ်နေ့လျှင် သွင်းသောငွေများသည် အစိတ်သုံးဆယ်ထက် မနည်းရာ။ ထိုဘာယာသည် ထိုဌာနတစ်ခုတည်းမှ တနင်္ဂနွေ

http://nyisay.com



တစ်ပတ်လျှင် တစ်ဆယ် ဆယ့်ငါးကျပ်ထက်မနည်း စီလေသည့် ထိုငွေထဲမှ တံခါးမှူး ပျာတာကုလား အစရှိသောသူ၏ 'ပါတနာ'များအတွက် နှုတ်ပြီးသည့်တိုင်အောင် သူ့အတွက် ငါးကျပ်ထက် မနည်း အသားတင် ကျန်သေးသည်။ တနင်္ဂနွေ အပတ်တိုင်း အစားအသောက်များကိုလည်း လှိုင်အောင် စားရပေသေး၏။

ရန်ရှင်းတို့လူစု ဒုတိယတံခါးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထောင်အပြင်ဘက်တွင် ထောင်ဝင်စာတွေ့ရန် စောင့်နေကြသောသူများကို ထောင်ထဲမှ ဟစ်၍ ခေါ်လေသည်။ များမကြာမီ လူတစ်စုသည် ပထမ တံခါးကြီး၏ ညာဘက် တံခါးရွက်တွင် ခေါက်ထားသော တံခါးငယ်မှ ငုံ့၍ ဝင်လာကြသည်ကို ရန်ရှင်းတို့သည် သံဆန်ခါ အပေါက်ကလေးများမှ မြင်ကြရလေ၏။ ရန်ရှင်းသည် ငွေခင်ကို ထိုလူစုထဲတွင် လိုက်ရှာလျက် ရှိရာ များမကြာမီ တွေ့လေသည်။

ဝိုးတိုးဝါးတား မြင်ရသောအမြင်အားဖြင့် ငွေခင်သည် ရန်ရှင်း ထင်သလောက် 'ကျ'၍ မသွား။ သူ ထောင်ကျစဉ်က တွေ့ရသကဲ့သို့ပင် ထင်ရ၏။ မျက်နှာမှာသာ ကြည်ကြည်လင်လင်မရှိဘဲ အနည်းငယ် ညှိုးနေပုံ ပေါ်လေသည်။ ငွေခင်သည် ဘယ်နေရာသို့ သွားရမှန်းမသိ။ ဟိုကြည့် သည်ကြည့်နှင့် ရှိစဉ် ရန်ရှင်းသည် 'ငွေခင်ရေ၊ ငွေခင်၊ ဒီဘက်ကိုလာ၊ ဒီဘက်ကိုလာ' ဟု လှမ်း၍ ခေါ်လေသည်။ ငွေခင်လည်း လူကို မမြင်ရသေးဘဲ အသံကြားရာ ဘက်သို့ မှန်း၍ သွားလေသည်။ ငွေခင်သည် ရန်ရှင်းနှင့် တည့်တည့် နေရာတွင် ထိုင်မိသည်နှင့်တစ်ပြိုင်နက် 'ငွေခင်၊ မင်း တစ်ယောက်ထဲလား၊ ဘယ်သူတွေ ပါသေးသလဲ' ဟု ရန်ရှင်းသည် လှမ်း၍ မေးလေ၏။

ငွေခင်သည် သံဆန်ခါကြားမှနေ၍ ရန်ရှင်းကို မတွေ့ တွေ့အောင် ရှာရာ ရန်ရှင်း၏ မျက်လုံးနှင့် ငွေခင်၏ မျက်လုံးများသည် ဆုံမိကြလေ၏။

http://nyisay.com



ဤသို့ ဆုံမိသည်နှင့် တစ်ပြိုင်နက် ပေါက်လွတ်ဗလဘွာ ကန်ကျိုး၍ကျလာ သလို မျက်ရည်ပေါက်ကြီးများသည် ငွေခင်၏ပါးပေါ်သို့ အသွင်သွင် စီးကျ၍ လာလေ၏။ ငွေခင်သည် သူ့အပူကို သူသာသိ၏။ သို့ရာတွင် ငွေခင် ငိုသည်မှာ သူထောင်ကျနေသည့်အတွက် ငိုသည်ဟု ထင်သော ကြောင့် 'ငွေခင် ကိုယ်လွတ်တော့မယ်၊ ကိုးလခွဲ ဆိုပေမဲ့ ခုနစ်လခွဲထဲသာ နေရမယ်၊ လျှော့ရက် တစ်လခွဲ ရမယ်၊ ခု လေးလခွဲ ရသွားပြီ၊ နောက်ကို သုံးလနေရင် လွတ်ရော' ဟု ရန်ရှင်းသည် ငွေခင်ကို အားပေးလေ၏။

ငွေခင်သည် ရင်ထဲတွင် ဆို့၍နေသောကြောင့် ဘာမျှ ပြန်မပြော နိုင်။ 'ကိုရန်ရှင်း၊ ရှင် မသိဘူးနော်' ဟု ပြောနေသော မျက်ရည်ရွှဲနေသည့် မျက်လုံးများဖြင့် ခေါင်းကို ဖြည်းညင်းစွာခါလျက် ရန်ရှင်းကို ကြည့်နေလေ ၏။ ကြည့်ရင်း ကြည့်ရင်း မချိတင်ကဲဖြစ်လာပြန်သဖြင့် မျက်ရည်ပေါက် ကြီးများသည် ကျလာကြပြန်လေ၏။ ငွေခင်သည် အော်ဟစ်၍သာ ငိုလိုက် ချင်၏။ သို့ရာတွင် ဤသို့ ငိုရန် နေရာမဟုတ်သည့်အတွက် စိတ်ကို အတော် ချုပ်တည်းထားရသဖြင့် ငွေခင်သည် သူ့အသည်းနှလုံးများ ကြေမွ ကုန်ကြပြီဟု မှတ်ထင်မိလေ၏။ ဤသို့ ထင်သည့်အတိုင်း သူ့အသည်း နှလုံးများသည် အကယ်ပင် ကြေမွ၍ ရန်ရှင်း၏ မျက်စိအောက်တွင် ဗုန်းခနဲ လဲသေသွားလျှင် ကောင်းလေစွဟု ငွေခင်သည် စိတ်ကူးမိလေ၏။

ငွေခင်၏ဘေးမှ ထောင်ဝင်စာတွေ့နေကြသူများသည် ခဏကလေး တွေ့ရသည့် အတောအတွင်း သုံးလေးလ အောင့်၍ထားရသော ဝမ်းတွင်း ရှိသမျှတို့ကို အကုန်ဖွင့်၍ ကတိုက်ကရိုက် အလုအယက်ပြောနေကြလေ သည်။ သူတို့ ပြောဆိုပုံများမှာ မီးရထားထွက်နေစဉ် ဘူတာရုံထဲမှ လိုက်ပို့ ကြသူများနှင့် မီးရထားထဲမှ ခရီးသွားများ ကတိုက်ကရိုက် အော်ဟစ် နှုတ်ဆက်ပြောဆိုနေကြသည်များနှင့် များစွာတူလေသည်။ သို့ရာတွင်

http://nyisay.com



ငွေခင်သည် ထိုအသံများကို ဂရုမပြုနိုင်ချေ။ မိမိ၏ လင်တော်မောင်ရန်ရှင်းအား အလွန်အရေးကြီးသော မေးခွန်းတစ်ခုမေးရန်ကိုသာ စိတ်စောလျက်ရှိလေ၏။ ထိုစိတ်သည် အလွန်ပြင်းလွန်းသဖြင့် 'ကိုရန်ရှင်း ရှင် ကျွန်မကို သတိ သေးရဲ့လား' ဟူသော စကားလုံးတို့သည် ငွေခင်၏ နှုတ်ခမ်းဖျားမှ ထွက်သွားလုမတတ် ဖြစ်သွားသေး၏။ ထွက်ခါနီးမှ 'ဟာ သတိမှာ မဟုတ်ပါဘူးလေ' ဟု ငွေခင်သည် စိတ်လျှော့ပစ်လိုက်၏။

ငွေခင်လည်း ငိုရသည်မှာ အလွန်ပင်ပန်းလှလေပြီ။ ရန်ရှင်းသည် သူ့အသက်ဗူး ငွေခင်အား ယုယပိုက်ထွေး ပြုစု၍ပေးချင်၏။ သို့ရာတွင် ဘဝခြားလျက်ရှိသောကြောင့် အနားကိုပင် မကပ်နိုင်ရှာသည့်အဖြစ်ကို တွေးမိသဖြင့် ဂရုဏာဒေါသော ဖြစ်နေလေ၏။ သို့ကြောင့် မျက်ရည်ချောင်းစီးနေသော ဇနီးသည် ငွေခင်ကို ကြည့်၍ သနားရင်း သူ့ရင်တွင်းတွင် ဆို့တက်လာသော အလုံးများကို အံကြိတ်ကာ မျိုချလျက်ရှိလေ၏။

ထိုအတောအတွင်း အချိန်စေ့သွားသဖြင့် စောင့်နေသည့် ထောင်မှူးလည်း ထောင်ဝင်စာတွေ့သူတို့ကို နှင်လေပြီ။ ငွေခင်သည် ရောက်ကတည်းက တငိုထဲ ငို၍နေသဖြင့် ဘာတစ်လုံးမျှ စကားမပြောလိုက်ရချေ။ သူ့စိတ်ထဲတွင် သူ့လင်နှင့်သူ တွေ့ချင်သလောက် တွေ့နေနိုင်သည် ဟူ၍များ ထင်၍ နေလေသလား မသိပေ။ 'တော်ပြီ၊ သွားကြတော့' ဟူ၍ လေးငါးဆယ်ခွန်း ထပ်ပြီး အော်လိုက်သော ထောင်မှူး၏အမိန့်သံကို ကြားသည်နှင့် တစ်ပြိုင်နက် ငွေခင်၏ရင်ထဲတွင် 'ဒိတ်'ခနဲ ဖြစ်၍သွားလေသည်။ ရန်ရှင်းနှင့် ခွဲရတော့မည်ကို တွေးမိသဖြင့် သူ့ အူအသည်းများကို အလွန်သန်မာလှသော လက်ကြီးဖြင့် ဆုပ်၍ နယ်လိုက်သလိုဖြစ်ပြီး မျက်စိထဲတွင် ပြာ၍ သွားလေ၏။ ငွေခင်သည် 'သနားပါဦးရှင်၊ နည်းနည်းထပ်ပြီး တွေ့ပါရစေဦး' ဟူသော မျက်နှာမျိုးဖြင့် တံခါးမှူး ပျာတာကုလားကို အသနားခံ

http://nyisay.com



လေသည်။ ငွေခင်သည် လူကဲခတ်မှားလေပြီ။ အဘယ့်ကြောင့်ဆိုသော် ထောင်ထဲတွင် သနား၍ ကူရိုးထုံးစံ မရှိသောကြောင့်တည်း။

ထို့ကြောင့် တံခါးမှူး ပျာတာကုလားလည်း ထိုင်လျက်ပင်ရှိသေးသော ငွေခင်ကို ကြည့်ပြီးလျှင် 'သွား သွား သွား၊ နောက်ကို လူတွေအများကြီး ရှိသေးတယ် မြန်မြန်သွား' ဟု အော်၍ ပြောလျက်ရှိလေ၏။

ငွေခင်လည်း မတတ်သာတော့သဖြင့် ထလိုက်ရာ မိုက်ခနဲဖြစ်သွားသောကြောင့် အနီးရှိ အုတ်ထရံကို လက်နှင့် အသာဖေး၍ ထားရလေသည်။ ထို့နောက် စိတ်တွေ အလွန်နောက်လျက်ရှိသဖြင့် ရန်ရှင်းကိုမှ နှုတ်ဆက်ခဲ့ရန် သတိမရဘဲ တံခါးဝဆီသို့ မလှမ်းနိုင် လှမ်းနိုင် လှမ်း၍ လာခဲ့မိလေ၏။ ရန်ရှင်းလည်း ငွေခင်လှည့်ထွက်သွားသည်ကိုမြင်မှ 'အေး အေး၊ ငွေခင်၊ သွားတော့ကွယ်' ဟု နှုတ်ဆက်လိုက်လေသည်။ ထိုနှုတ်ဆက်သံကို ကြားရမှ ငွေခင်သည် သတိရ၍ ရန်ရှင်းရှိရာသို့ တစ်ဖန်ပြန်လှည့်ပြီး 'ကိုရန်ရှင်းရေ. . . ကျွန်မသွားပြီ'ဟု ပြန်၍ နှုတ်ဆက်လေ၏။ ရန်ရှင်းလည်း သူ့သက်ဝေ ငွေခင်ကို ရပ်၍ ကြည့်နေရာ ငွေခင်သည် မလွယ်ပေါက်တံခါးမှ ထွက်သွား၍ ထိုတံခါးကို 'ဂျိမ်း' ခနဲ ပိတ်လိုက်မှ သူ့အိပ်ထောင်သို့ ခြေလေးလေးလှမ်းပြီး ပြန်လာခဲ့လေ၏။

ငွေခင်သည် မည်သို့မည်ပုံနည်းဖြင့် ထောင်အပြင်ဘက်သို့ ရောက်လာသည်ကို သူ့ဟာသူ တွေး၍မရချေ။ ထောင်အပြင်ဘက်၌ စောင့်နေသော အဒေါ်ကြီးက မေးမြန်းသည့် စကားများကိုလည်း ကောင်းစွာပြန်၍ မဖြေနိုင်။ စိတ်လွင့်နေသော မျက်လုံးများဖြင့်သာ အဒေါ်ကြီးကို ပြန်ပြီး ကြည့်နေတတ်လေသည်။ အဒေါ်ကြီးလည်း သူ့ငွေတွင်းကြီးကို အထူး စောင့်ကာ အိမ်သို့ အရောက်ခေါ်ခဲ့ရလေ၏။

http://nyisay.com



အိမ်သို့ ရောက်သောအခါ ငွေခင်သည် အလွန်ပန်းလျက်ရှိသည် ဖြစ်သဖြင့် သူ့အိပ်ရာပေါ်တွင် တုံးလုံးလှဲနေရင်း အိပ်ပျော်သွားလေသည်။ အိပ်ပျော်ရာမှ နိုးသောအခါ အမယ်ကြီးသည် ငွေခင်စားရန်အတွက် စားစရာ သောက်စရာများကို ယူ၍လာလေသည်။

အမယ်ကြီး။ ။'ငါ့တူမကြီးရဲ့အစ်ကိုက ဘာများပြောလိုက်လို့လဲ၊ ထောင်က ထွက်လာတုန်းက တူမကြီးကို ကြည့်ရတာ အဒေါ်တောင် အတော်စိတ်မကောင်းဖြစ်သွားတယ်'

ငွေခင်။ ။'ဩော် အဒေါ် ရယ်၊ မောင်နှမရယ်လို့ အားလုံးပေါင်းမှ ဒီနှစ်ယောက်ထဲရှိတာ၊ အဲဒါကို ဒီလို ထောင်ကျနေတာတွေ့ရတော့ ဘယ်စိတ်ကောင်းမလဲ အဒေါ်'

အမယ်ကြီး။ ။'ဟုတ်တယ်လေ ဒါတော့၊ ဘယ်စိတ်ကောင်းမလဲ၊ သို့ပေမဲ့ တရားနဲ့ဖြေပေါ့ကွယ်'

ငွေခင်သည် အဒေါ်ကြီးဖျော်လာသော ကော်ဖီကို သောက်နေရင်း တစ်စုံတစ်ခုကို သတိရလေသည်။ ၎င်းသည် အခြားမဟုတ်။ ဒေါ်တုတ်ထံသို့ ထည့်ရန်စာဖြစ်လေသည်။ ရန်ရှင်းနှင့် ထောင်ဝင်စာမတွေ့မီ အရင်တစ်ညက ရန်ရှင်းနှင့် ထောင်ဝင်စာတွေ့ပြီး အပြန်တွင် ဒေါ်တုတ်ထံသို့ စာတစ်စောင် ထည့်လိုသောကြောင့် ထောင်မှူး ဦးဘမြစ်ဆိုသူ၏ စာကို ထမင်းလုံးနှင့်ကပ်၍ စာအိတ်လုပ်လေသည်။ ၎င်းနောက် စာအိတ်ကို ဖျက်၍ ပုသိမ်သို့လိုက်ခါနီးတွင် ကုန်စာရင်းကို ကတိုက်ကရိုက်မှတ်ပြီး ကံအားလျော်စွာ သူ့အိတ်ထဲတွင် ပါလာသော ခဲတံတိုကလေးဖြင့် ဖျက်ထားသော ထိုစာအိတ်ပေါ်တွင် စာရေးလေသည်။ သို့ရာတွင် စိတ်တွေ အလွန် ညစ်လျက်ရှိသောကြောင့် ထောင်မှအပြန်တွင် စာထည့်ရန် သတိ

http://nyisay.com



မေ့လာလေသည်။ ထို့ကြောင့် အဘိုးကြီးကို ပရိယာယ်ဖြင့် သစ်သီးဝယ်ရန် လွှတ်ပြီးလျှင် စာထည့်ရန် ငွေခင်သည် စိတ်ကူးမိလေ၏။

'အဒေါ် ကျွန်မ ခံတွင်းတွေပျက်နေတယ်၊ သစ်သီးစားရရင် ကောင်းမယ်၊ ဦးကို တစ်ဆိတ်လောက်လွှတ်ပြီး အဝယ်ခိုင်းပေးပါ' ဟု ငွေခင်က ပြောလိုက်ရာ အဒေါ်ကြီးကလည်း သူ့ငွေတွင်းကြီး စားရန်အတွက် သစ်သီးဝယ်ရန် အဘိုးကြီးကို ခေါ်လာ၏။ အဘိုးကြီးသည် ငွေခင့်လက်ထဲမှ ငွေငါးကျပ်တန် စက္ကူကို ယူပြီး ထွက်သွားမည်အလုပ်တွင် 'ဩော်၊ ဒီကနေ့များ သတိတွေလစ်လိုက်တာ၊ ဒီတစ်ခေါက် ကိုဘဝင်းလာရင် ငွေတစ်ထောင်လောက် ယူခဲ့အောင် သွားပြောဖို့ ကျွန်မ အဒေါ်ဆီကို စာရေးထားတယ်၊ ဒီကနေ့ ထောင်ကအပြန် စာထည့်ခဲ့မယ်လို့ဟာ မေ့သွားတယ်၊ ဦး သစ်သီးဝယ်ပြီး အပြန် စာတိုက်မှာဝင်ထည့်ခဲ့ပါ၊ ဒါမှ အဒေါ်တို့ ငွေ မြန်မြန်ရမယ်' ဟု ပြောရင်း သူ့ချွေးခံအကျီအိတ်ကပ်ထဲတွင် ထည့်ထားသော စာကိုယူ၍ အဘိုးကြီးအား လှမ်းပေးလိုက်လေ၏။ အမယ်ကြီးလည်း အလွန်ရွှင်ပျသောမျက်နှာနှင့် စာကို ဂရုစိုက်ပြီး ယူသွားရန် အဘိုးကြီးအား ထပ်မှာပြီး လွှတ်လိုက်လေသည်။

❑❑

## အခန်း ၁၇

ညဘက်တွင် အဘိုးကြီး နေ့လယ်က ဝယ်လာသောသစ်သီးများကို အဘိုးကြီး၊ အမယ်ကြီးနှင့် ငွေခင်တို့ သုံးဦးသား ထိုင်၍ စားလျက်ရှိလေသည်။

ငွေခင်။ ။'အဒေါ်နဲ့ ဦးနဲ့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာသွားပြီလဲ'

အမယ်ကြီး။ ။'မပြောပါနဲ့တော့အေ၊ အဒေါ် ၁၈ နှစ် သမီး၊ ညည်းရဲ့ ဦးက ၂၂ နှစ်သားမှာ အိမ်ထောင်ကျတာ၊ ခု အဒေါ့်အသက် ၅၁ နှစ် ဆိုတော့ အနှစ်သုံးဆယ့်နှစ်တောင် ရှိသွားပြီ အေရဲ့'

ငွေခင်။ ။'သြော်. . . အတော်ပဲ ကြာသွားပြီကိုး၊ ဘာလဲ လူကြီးတွေ ပေးစားတာလား၊ ကိုယ့်ဟာကိုယ် သဘောကျလို့ ယူကြတာလား'

အမယ်ကြီး။ ။'ငါ့တူမကြီးက မေးလို့ရှိမှ ပြန်ပြောရဦးမယ်၊ ညည်းဦးက ဘုန်းကြီးလူထွက်အေ့၊ ပဥ္စင်းဝတ်နဲ့တုန်းက ကျုပ်တို့အိမ်မှာ အမြဲဝင်ဝင်ပြီး ဆွမ်းခံတယ်၊ အဲဒီမှာ အဒေါ်နဲ့တွေ့ကြပြီးတော့ သူက လူဝတ်လဲပြီး အဒေါ့်ကို လာခိုးတာပါပဲ၊ အေ၊ တိုတိုပြောရရင်တော့ ဒါပါပဲ။ ကျုပ်တို့အဖေများ ဘယ်လောက်စိတ်ကြီးသလဲဆိုရင် ညည်းဦးနဲ့ လိုက်ပြေးရမလား ဆိုပြီး သေခန်းရှင်ခန်းဖြတ်ထားလိုက်တာ အဖေဆုံးမှ ကျုပ်တို့အိမ်ပေါ်ကို ပြန်တက်ရတယ်'

ငွေခင်။ ။'အဒေါ်တို့ တစ်ခါမှ ရန်မဖြစ်ကြဘူးလား'

http://nyisay.com



အမယ်ကြီး။ ။'ညည်းဦးရဲ့ ပါးစပ်ထဲကို လက်ညှိုးနဲ့ထိုးတာတောင်မှ ကိုက်တတ်တာ မဟုတ်ဘူး၊ အဒေါ်ထားရာမှာ နေတာပဲ၊ အဲဒီတော့ ဘယ်ကလာ ရန်ဖြစ်မလဲအေ့'

ငွေခင်။ ။'ဒါထက် အဒေါ်ရယ်၊ စကားမစပ် အိမ်ထောင်ကျရင် ကိုယ်ငယ်ငယ်တုန်းက ဘာပဲဖြစ်ဖြစ် ကိုယ့်ယောကျ်ားကို ပြန်မပြောရဘူးဆိုတာ ဘာကြောင့်လဲ အဒေါ်'

အမယ်ကြီး။ ။'ဒါကတော့ ဒီလိုအေရဲ့၊ ယောကျ်ားတွေဆိုတာ သူတို့ရဲ့ မယားတွေဟာ ထွတ်ထွတ် ထွတ်ထွတ်နဲ့ ဖြစ်နေမှ ကြိုက်တာ၊ အထီးဆို ယင်ဖိုသန်းတာတောင် မကြိုက်ချင်ဘူး၊ အဲဒီတော့ ငယ်ငယ်တုန်းက မမှားသောရှေ့နေ၊ မသေသောဆေးသမား ဆိုတာလို တစ်ခုခု မှားခဲ့ကြဖူးလို့ အရိုးခံသဘောနဲ့ သူတို့ကို ပြန်ပြောလိုက်ကြရင် လင်မယားကွဲတတ်တာပေါ့'

'ယောကျ်ားဆိုတာ သဝန်ကြောင်ချင်ရင် အင်မတန်ကြောင်တယ်၊ ညည်းဦးနဲ့ အဒေါ်နဲ့ ရန်မဖြစ်ချင်ဖူးဘူး ဆိုပေမဲ့ ပြောလိုက်ရဦးမယ်၊ အဒေါ်တို့အိမ်ထောင်ကျပြီး ငါးနှစ်လောက်အကြာမှာ အဒေါ်ရဲ့ သူငယ်ချင်းတစ်ယောက် အဒေါ်တို့အိမ်မှာ လာတည်းတယ်၊ (အဘိုးကြီးသည် အမယ်ကြီးကို မော်ကြည့်လိုက်ရာ အမယ်ကြီးလည်း အဘိုးကြီးဘက်သို့ လှည့်၍) ဘာကြည့်သလဲ၊ ကျုပ်က မှန်တာတွေကို ပြောမှာ'

အဘိုးကြီး။ ။'ငါ ဘာမှ မပြောရပါလားကွာ' ဟု ပြောပြီး ခေါင်းပြန်ငုံ့၍ သစ်သီးများကို စားမြဲ စားလျက်ရှိလေ၏။

အမယ်ကြီး။ ။'အဲဒီသူငယ်ချင်းဟာ သူတို့အိမ်နဲ့ အဒေါ်တို့အဖေရဲ့ အိမ်နဲ့ ခြေရင်းခေါင်းရင်းပဲ၊ အဲဒီတော့ သူတို့နဲ့ အဒေါ်တို့နဲ့ဆိုတာ တစ်ယောက်ရဲ့အိမ်ကို တစ်ယောက် ဝင်ထွက်ပြီး စားစရာရှိစား၊ သွားစရာရှိ

သွား၊ နေကြတာ၊ မောင်နှမတွေလိုပဲ သိပ်ခင်ကြတယ်၊ အဲဒီသူငယ်ချင်းဟာ ကွဲနေတာ အတော်ကြာပြီ၊ အဒေါ်နဲ့ ညည်းဦးနဲ့ နေတဲ့ ရွာကို တစ်နေ့တော့ ရောက်လာတယ်၊ အဒေါ်တို့အိမ်မှာပဲ တည်းတာပဲ၊ တည်းပြီးလို့ ငါးရက်လောက်ကြာတော့ ငန်းဖျား ဖျားပါရော၊ ပြုစုမယ့်သူမရှိတော့ အဒေါ်ပဲ ဒိုင်ခံပြီးတော့ ဆေးကျို၊ ဆေးတိုက်၊ နှိပ်နင်းပေး၊ အကုန်လုံးလုပ်ရတာပေါ့'

'အဲဒါကို ညည်းဦးက ဘာကောက်တယ် မဆိုနိုင်ဘူး၊ အဒေါ်ကို သုန်သုန်မှုန်မှုန်ကြီး လုပ်နေတယ်၊ အဒေါ်က စကားပြောလဲ ကောင်းကောင်း ပြန်မပြောဘူး၊ မေးလဲ မရဘူး'

'ဧည့်သည်ရှိတုန်းတော့ အဒေါ်က ဘာမှ ပြန်မပြောဘူး၊ ဧည့်သည်လဲ ပြန်သွားရော အဒေါ်လဲ အိမ်ပေါ်ကဆင်းပြီး အသိတစ်ယောက်ရဲ့ အိမ်မှာ သွားနေလိုက်တာပေါ့၊ သူလာခေါ်လဲ မလိုက်ဘူး၊ သုံးလလောက်ကြာတော့မှ လူကြီးများ စုံရာနဲ့ လာပြီးခေါ်တော့မှ အဒေါ်လဲ ပြန်လိုက်လာတယ်၊ အဲဒီလို တူမရဲ့၊ ယောကျ်ားဆိုတာ သဝန်မကြောင်သင့်တဲ့နေရာမှာလဲ အရမ်း သဝန်ကြောင်ချင်ကြောင်နေတာမျိုး၊ ဒါကြောင့် ငယ်ငယ်က ဘာပဲဖြစ်ဖြစ် ဖွင့်မပြောလိုက်နဲ့လို့ ဆိုတာပေါ့'

ငွေခင်။ ။'ကိုယ်က စိတ်ပါလို့မဟုတ်ဘဲ တခြားလူက အတင်းအဓမ္မ ဖျက်ဆီးတာကို ကိုယ့်ယောကျ်ား သိသွားရင်ကော'

အမယ်ကြီး။ ။'ဘာမှ မရပါဘူးအေ၊ ဘယ်လိုပဲဖြစ်ဖြစ် တခြားယောကျ်ားတစ်ယောက်နဲ့ ဖြစ်တယ်ဆိုတာ သူတို့သိရင် ဒီမယားကို လုံးလုံးအသုံးမကျတဲ့ဘဝကို ရောက်အောင် ထင်ပစ်လိုက်တာပါပဲ'

ဤစကားကို ကြားရသောအခါ 'လူတွေ သိပ်မကောင်းတော့ဘူး၊ ဒီတော့ ကိုယ်က ဘယ်လိုပဲ ကောင်းအောင်နေပေတဲ့ ဘေးက အဖျက်အဆီးနဲ့တွေ့တော့ မခံနိုင်ဘူး၊ နောက်ပြီးတော့လဲ လူဆိုတာ အသက်နဲ့လူလုပ်တာ

http://nyisay.com



မဟုတ်ဘူး၊ အရှက်နဲ့ လူလုပ်တာ၊ နာမည်မှာ မဲ့တစ်ပေါက်စွန်းသွား တယ်ဆိုရင် သေပစ်လိုက်ဖို့သာ ကောင်းတော့တာပဲ' ဟူသော ရန်ရှင်း၏ စကားများသည် ငွေခင်၏နားထဲတွင် ထပ်၍ ပေါ်လာပြန်၏။ ပိုးဖလံ ကောင်များသည် မီးကြောင့် ဒုက္ခရောက်ကြရ၏။ သို့ရာတွင် သူတို့သည် သူတို့ကို ဒုက္ခပေးသော မီးအနားမှ မခွာနိုင်ကြပေ။ ဤသို့ မခွာနိုင်သည့် အတွက်ပင် သူတို့သည် သေကြေပျက်စီးကြရ၏။ ငွေခင်မှာလည်း သူ့ စိတ်က ဆွဲတိုင်း လျှောက်၍ တွေးနေသော အတွေးတို့သည် သူ့အတွက် မီးနှင့်သာ တူနေပေတော့၏။

ခေတ္တ သက်သာရာရနေရာမှ ငွေခင်၏ရင်ထဲတွင် အလွမ်းပင်လယ် သည် စ၍ ဝေလာပြန်လေပြီ။ ယနေ့ ထောင်မှ ပြန်လာတုန်းကကဲ့သို့ ငွေခင်၏ အမူအရာတို့သည် ကြောင်တက်တက် အေးစက်စက်နှင့် တစ်ကြိမ် ဖြစ်လာပြန်လေသည်။ အမယ်ကြီးလည်း ငွေခင်သည် သူ့အစ်ကိုအတွက် စိတ်မကောင်းဖြစ်လာသည်ဟု အယူရှိပြီး အဘိုးကြီးကိုခေါ်၍ သူတို့ အခန်းသို့ ပြန်သွားကြလေ၏။

နံနက်လင်းသောအခါ အမယ်ကြီးသည် သူ့'ငွေတွင်းကြီး' သောက်ရန် စားရန်အတွက် ကာဖီနှင့် မုန့်တို့ကို အသင့်ပြင်လေ၏။ ၎င်းတို့ကို ပြင်ပြီး နောက် ငွေခင် မျက်နှာသစ်ရန်အတွက် အမယ်ကြီးသည် ရေချိုင့်နှင့် ဆားပန်းကန်တို့ကို ယူပြီး ငွေခင့်အခန်းထဲသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင် နက် 'အမယ်လေး လာကြပါဦး' ဟု အမယ်ကြီး၏ ငယ်သံပါအောင် အော်လိုက်သော အသံသည် တစ်အိမ်လုံး ပဲ့တင်ရိုက်သွားလေ၏။ အဘယ့် ကြောင့်ဆိုသော် သူမြင်ရသောအရာသည် ကြိုးဆွဲချပြီး သေနေသော ငွေခင်၏အလောင်းပင် ဖြစ်သောကြောင့်တည်း။

❑❑

# အခန်း ၁၈

နတ်တော်လဆန်း ၁၃ ရက် နေ့တွင် ရန်ရှင်းသည် ထောင်မှ လွတ်လေသည်။ လွတ်ခါနီး လေး ငါးရက် အတွင်း ရန်ရှင်း၏ တစ်ခုတည်းသော စိတ်သည် ပုသိမ်မှ သူ့အသက်ဖူး ငွေခင်ရှိရာ ရှမ်းစုရွာသို့ ဘယ်နည်းနှင့် အမြန်ဆုံးရောက်အောင် သွားရမည်ဟူ၍ စဉ်းစားနေသော စိတ်ဖြစ်လေသည်။ ရိုးရိုးအတိုင်းသွားလျှင် ပုသိမ်အမြန်နှင့် ဝါးခယ်မသို့ လိုက်ရမည်။ အမြန်သင်္ဘောသည် ဝါးခယ်မဆိပ်သို့ ည ကိုးနာရီလောက်တွင် ကပ်သည်။ ဝါးခယ်မ၊ ကျုံမငေး ရောဝတီ သင်္ဘောသည် ဝါးခယ်မမှ နေ့စဉ် နေ့လယ် နှစ်ချက်တီးတွင် ထွက်သဖြင့် ရန်ရှင်းသည် ထိုညအဖို့တွင် ဝါးခယ်မ၌ တစ်ည အိပ်ရမည်။ ထို နှစ်ချက်တီး သင်္ဘောနှင့် လိုက်သွားလျှင် ရှမ်းစုသို့ ထိုနေ့ ညနေ သုံးချက်တီးတွင် ရောက်မည်။ ဝါးခယ်မမှ ထို့ထက်စောစော ထွက်သော မော်လမြိုင်ကျွန်း နေ့ချင်းပြန် ကုလားသင်္ဘောကလေးတစ်စင်း ရှိသေးသည်။

ထိုသင်္ဘောကလေးသည် ဝါးခယ်မမှ နံနက် ခြောက်နာရီ ထွက်ပြီးလျှင် ရှမ်းစုသို့ နံနက် ခုနစ်နာရီခွဲလောက် ရောက်သည်။ သို့ရာတွင် ဤသင်္ဘောလည်း နှေးသေးသည်။ ဝါးခယ်မတွင် တစ်ည အိပ်ရမည့် ခရီးစဉ်မှန်သမျှ မည်သည့်ခရီးစဉ်မှ ရန်ရှင်း၏ သဘောနှင့် မတွေ့ပေ။ ပုသိမ်မှ

http://nyisay.com



စီးလာသည့် ပုသိမ်အမြန်သည် ရှမ်းစုရွာနှင့် နှစ်မိုင်ခန့်ကွာသော လမ်းသမိုင်ရွာအေားမှ ဖြတ်၍ ဝါးခယ်မသို့ လာရသည်။ ထို့ကြောင့် အမြန်သင်္ဘောသည် လမ်းသမိုင်ရွာတွင် သူ့ကို ခေတ္တရပ်ပေးက ကောင်းလေစွဟု စဉ်းစားမိလေ၏။ အကယ်၍များ သူစိတ်ကူးသည့်အတိုင်း ရပ်ပေးလိုက်လျှင် နှစ်မိုင်လောက် ကွာဝေးသော ရှမ်းစုရွာကလေးသို့ လယ်ကန်သင်းများကို ဖြတ်ကျော်ပြီး ရန်ရှင်းသည် ဒုန်းစိုင်း၍ ပြေးမည့်မှာ အမှန်ပင်ဖြစ်တော့၏။

ဤသို့ တွေးတောရင်း ပုသိမ်အမြန်သည် ဝါးခယ်မဆိပ်သို့ ကပ်လေသည်။ ကပ်လျှင် ကပ်ချင်း ရန်ရှင်းသည် ကုလားသမ္ဗန်ဆိပ်သို့ သုတ်ခြေတင်လေ၏။ သမ္ဗန်ဆိပ်သို့ရောက်လျှင် ကုလားတောင်းသမျှဈေးကို မဆစ်ဘဲ ခပ်မြန်မြန် ပို့ရန်သာ ပြောလေသည်။ သို့ရာတွင် သမ္ဗန်ခကို ကြို၍ပေးထားရန် ကုလားက တောင်းသောအခါ ရန်ရှင်းသည် အကျပ်တွေ့နေလေ၏။ အဘယ်ကြောင့်ဆိုသော် ထောင်မှထွက်သည့်အခါ ရှမ်းစုသို့အရောက်ပြန်နိုင်ရန် သင်္ဘောလက်မှတ် တစ်စောင်နှင့် နှစ်ရက်အတွင်း စားစရိတ်ငါးမူးကိုသာ ပေးလိုက်သောကြောင့်တည်း။ သင်္ဘောလက်မှတ်ကလည်း ဧရာဝတီ သင်္ဘောကိုသာ စီးနိုင်သော လက်မှတ်ဖြစ်လေသည်။ စားစရိတ်ငါးမူးအနက် ဟိုဟာဝယ် သည်ဟာဝယ်နှင့် သမ္ဗန်ဆိပ်သို့ ရောက်သည့်အချိန်တွင် ရန်ရှင်းအိတ်ထဲတွင် ပိုက်ဆံ တစ်မူးသာ ကျန်တော့သည်။

ညဘက်တွင် သမ္ဗန်ငှားစီးကြသောသူများသည် သူတို့ရွာသို့ ရောက်လျှင် သမ္ဗန်ကုလားများကို သမ္ဗန်ခမပေးဘဲ ရိုက်၍ လွတ်တတ်သောကြောင့် ကုလားကလည်း သမ္ဗန်ခ ပေးမထားလျှင် လိုက်မပို့နိုင်ဟု အကျပ်ကိုင်နေလေ၏။ ရန်ရှင်းသည် ဘယ်လိုပင်ပြောပြော ကုလားလည်း ခေါင်းခါလျက်ပင် ရှိလေသည်။ စိတ်တိုလာသဖြင့် ရန်ရှင်းသည် ကုလားကို ရိုက်တော့

http://nyisay.com



မည်ဟုပင် တစ်ခါ နှစ်ခါ ကြံမိသေး၏။ ထိုကုလားနှင့် အပြောမတည့်၍ အခြားကုလားများကို သွားပြီး ငှားပြန်ပါသော်လည်း ပထမကုလား ကဲ့သို့ပင် သမ္ဗန်ခကိုသာ အရင်ကြို၍ တောင်းနေသောကြောင့် ရန်ရှင်းသည် ဝါးခယ်မမှ ရှမ်းစုသို့ လယ်ကွင်းတွေကိုဖြတ်၍ တစ်ညလုံး လမ်းလျှောက်ရမလိုလို ဖြစ်နေလေ၏။ အမြန်လည်း ရောက်ချင်၊ သမ္ဗန်ငှားရသည်ကလည်း အပေါက်အလမ်းမတည့်သဖြင့် မီးခဲကိုတက်ထိုင်မိသော မျောက်ကဲ့သို့ နေမထိ ထိုင်မထိ ဖြစ်နေစဉ် အကြံတစ်ခုပေါ်လာလေသည်။ ထိုအကြံမှာကား အခြားမဟုတ်။ ရှမ်းစုသို့ မကြာခဏလာဖူး၍ သူနှင့် အကျွမ်းတဝင်ဖြစ်နေသော သမ္ဗန်ကုလား မောင်ကလေးကို လိုက်ရှာရန်ပင် ဖြစ်လေသည်။

သမ္ဗန်ဆိပ်တွင် ရှာမတွေ့သဖြင့် ညဈေးတန်းတွင် တွေ့လိုတွေ့ငြား လျှောက်လာရာ သူနှင့်မျက်နှာချင်းဆိုင်မှ လျှောက်လာသော လူတစ်ယောက်က သူ့ပခုံးကိုပုတ်ပြီး 'အလို ကိုရန်ရှင်းပါလား၊ ဘယ်တုန်းက လွတ်လာသလဲ' ဟု မေးသည်ကို ကြားရလေ၏။ ရန်ရှင်းလည်း ကုလား မောင်ကလေးကိုသာ စိတ်စောလျက်ရှိသဖြင့် ထိုသူ လျှောက်လာသည်ကို မမြင်၊ သူ့ပခုံးကို ပုတ်၍ နှုတ်ဆက်လိုက်မှ ထိုသူမှာ သူတတ်နိုင်စဉ်က မြို့သို့တက်၍ သုံးဖော် ဖြုန်းဖက်တစ်ဦးဖြစ်သော ကိုတင်ဆိုသူ ဖြစ်သည်ကို သိရလေ၏။

ရန်ရှင်း။ ။'အလို ကိုတင်ပါလား၊ ကျွန်တော် ဒီနေ့ပဲ ထောင်က လွတ်တယ်၊ ပုသိမ်အမြန်နဲ့ ခုပဲ ရောက်တယ်'

ကိုတင်။ ။'ခု ဒါ ဘယ်သွားမလို့လဲ၊ ကျွန်တော်တို့အိမ်မှာပဲ အိပ်တာပေါ့'

ရန်ရှင်း။ ။'နေပါစေ ကိုတင်၊ ကျွန်တော် ကနေ့ညပဲ ပြန်ချင်တယ်၊ သမ္ဗန်ကုလား မောင်ကလေးကို လိုက်ရှာနေတာ'

http://nyisay.com



ကိုတင်။ ။'အံမာ၊ ဒီကုလားက အင်မတန် ခြေရှည်တာ၊ ဒီအချိန်ဆိုရင် တစ်ချောင်ချောင်မှာ မူးနေရောပေါ့'

ရန်ရှင်းလည်း ကုလားမောင်ကလေးကို ဘာ့ကြောင့် လိုက်ရှာရသည်ကို ဖွင့်၍ပြောရန် လိပ်ပြာရှက်နေလေ၏။ အစက အတူတူ သွားဖက်လာဖက် ဖြစ်သော်လည်း သူ့တွင် ပစ္စည်းပါသွားကတည်းက ပစ္စည်းရှိသော သူ့အပေါင်းအဖော်များကို ရန်ရှင်းလည်း အထူးရှောင်ခဲ့၏။ သို့အတွက် ဘာမဟုတ်သော ငွေ တစ်ကျပ်ခွဲ နှစ်ကျပ်ကို ဖွင့်၍ ပြောရမှာ ရန်ရှင်း၌ အထူး နှုတ်လေးလျက်ရှိလေသည်။ ဤသို့ ရှေ့ဆက်ပြောရန် စကားရုတ်တရက် ရှာမရသဖြင့် စကားမရှိ စကားရှာ ဆိုသလို မောင်တင်ကပင် စ၍ 'အေးဗျာ၊ ခင်ဗျားတို့ရဲ့အကြောင်းကြားရတာ သိပ်စိတ်မကောင်းဘူးဗျာ၊ ဒီမအေတွေလဲ သိပ်ပြီး မတရားလုပ်တာပဲ၊ သူတို့ ဒီလိုလုပ်နေတာနဲ့ပဲ ကောင်ကလေးလဲ သူ့မိဘတွေ ထားပစ်ခဲ့တဲ့ ပစ္စည်းတွေ ကုန်မှာပဲ၊ ခင်ဗျားရဲ့ မိန်းမ မသေခင်ရေးခဲ့တဲ့ စာအတွက်ဟာ သူတို့ ငွေ တစ်သောင်းကျော်လောက် ကုန်သွားတယ်' ဟု ပြောနေစဉ် ရန်ရှင်းသည် အလွန် အံ့အားသင့်သောမျက်နှာထားဖြင့် 'ဘယ်စာလဲ ကိုတင်' ဟု မောင်တင်ကို မေးလေ၏။

ကိုတင်။ ။'ခင်ဗျားမိန်းမ ပုသိမ်က ရေးလိုက်တဲ့စာလေ'

ရန်ရှင်း။ ။'ဘယ်မိန်းမကို ပြောနေတာလဲကိုတင်'

ကိုတင်။ ။'မငွေခင်လေ၊ သူ မသေခင် တစ်ရက်က ပုသိမ်က ရေးလိုက်တဲ့စာလေ၊ ဒီအကြောင်းတွေကို ကိုရန်ရှင်း မသိသေးဘူးလား'

ရန်ရှင်း။ ။'ဟင့်အင်း'

ကိုတင်။ ။'နို့ သေတာကိုကော သိပြီလား၊ ဒါတော့ သိပြီးရောပေါ့'

ရန်ရှင်းသည် ထိုစကားကို ကြားလိုက်ရသောအခါ ခေါင်းကြီး၍ သွားလေသည်။ ကိုတင်သည် လူများမှားပြီးပြောနေလေလားဟု ရုတ်တရက်

http://nyisay.com



တွေးမိ၏။ ၎င်းနောက်မှ ကိုတင်နှင့် သူသည် လူရင်းများဖြစ်ကြ၍ မှားနိုင်စရာ မရှိ။ ငွေခင်သည် ပုသိမ်သို့လာသည့်အချက်ကလည်း ကိုတင် ပြောသည့်စကားကို ထောက်ခံလျက်ရှိသဖြင့် ဟုတ်သလိုလို ထင်မိပြန်လေ၏။ ဟုတ်ပြန်လျှင်လည်း ဒေါ်တုတ်တို့ သခင်ဦးတေဇဝန္တတို့ ဘာဖြစ်၍ သူ့ကို အကြောင်းမကြားသနည်းဟု ရုတ်တရက် တွေး၍ မရနိုင်အောင် ဖြစ်လေ၏။

ရန်ရှင်း။ ။'ကျွန်တော် ဘာဆိုဘာမှ မသိရသေးဘူး'

ကိုတင်။ ။'အို ဖြစ်မှ ဖြစ်ရလေ၊ ကျွန်တော်က သိပြီးပြီမှတ်လို့'

ရန်ရှင်း။ ။'ပြောစမ်းပါဦး၊ ထောင်ထဲမှာ ကျွန်တော့်ကို ဘယ်သူမှ အကြောင်းမကြားဘူး'

ကိုတင်သည် ရန်ရှင်းကို အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေ၏။ ည ၁၀ နာရီလောက်ရှိပြီဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်မှာလည်း လူရှင်းလျက်ရှိလေသည်။ ကိုတင်နှင့် ကိုရန်ရှင်းတို့သည် ဆိုင်ရှေ့ မြေကွက်လပ်ပေါ်တွင်ရှိသော စားပွဲခုံတွင် မျက်နှာချင်းဆိုင် ထိုင်မိကြသောအခါ ကိုတင်သည် အဖြစ်အပျက်အားလုံးကို အမြစ်မှလှန်ပြီး ပြောလေ၏။ နတ်တော်လသည် ချမ်းသောလဖြစ်သော်လည်း ရန်ရှင်းသည် ကိုတင်၏ စကားများကို နားထောင်ရင်း ချွေးပြန်၍လာလေသည်။ စကားဆုံးသောအခါ 'ကဲ ကိုတင် ကနေ့ည ရှမ်းစုအရောက်ပြန်ချင်တယ်ဗျာ၊ ကျွန်တော့်ကို သမ္ဗန်တစ်စင်း ငှားပေးလိုက်စမ်းပါ' ဟု ရန်ရှင်းသည် ဇွတ်မှိတ်၍ပြောချလိုက်လေ၏။ ကိုတင်လည်း ဒုက္ခရောက်နေသော ရန်ရှင်းအား တစ်ခုခု ကူညီခွင့်ရသဖြင့် သမ္ဗန်တစ်စင်းကို ပျာပျာသလဲ ငှား၍ပေးလိုက်လေ၏။

လမ်းတွင် ရန်ရှင်းသည် တောက်တခေါက်ခေါက်နှင့် ဖြစ်နေလေသည်။ ယခင်က ရှမ်းစုသို့ ပြန်ချင်သည့်ဇောသည် ငွေခင့်ကို တွေ့ရန်ပင်

http://nyisay.com



ဖြစ်၏။ ယခု ပြန်ချင်သည်မှာ လူကွယ်ရာတွင် တစ်ယောက်တည်းနေလို သောကြောင့်ပင် ဖြစ်လေသည်။ 'ငွေခင်. . ငွေခင်၊ မင့်ကုသိုလ်တယ်ဆိုး တယ်နော်၊ ထောင်ဝင်စာတွေ့တုန်းက ငါ့ကို ပြောပါတော့လားကွယ်၊ ဘာဒီလိုဖြစ်ရမလဲ၊ ကိုယ်က ကမြင်းလို့မှ မဟုတ်ဘဲ' အစရှိသဖြင့် မျက်ရည် တွေတွေ စီးကျလျက် တစ်ယောက်တည်း စဉ်းစားရင်း ပါးစပ်မှလည်း တတွတ်တွတ်နှင့် ပြောနေလေ၏။

ထိုနောက် ငွေခင်သည် ယခုအချိန်တွင် ဘယ်ဘဝကိုများရောက်နေ လေသနည်း ဟု သိလိုသောစိတ်များ ပေါ်လာပြန်၏။ လူသေလျှင် သူတို့၏ ဝိညာဉ်များသည် သူတို့ချစ်ခင်သောသူများ၏ အနီးတွင် ရစ်ဝဲနေသည်ဟု ရန်ရှင်း ငယ်စဉ်က ကြားဖူး၏။ ထို့ကြောင့် သူ့မယား ငွေခင်၏ဝိညာဉ်သည် သူ့အနားမှာပင် ရှိလိမ့်မည်ဟု ထင်လာလေသည်။ သို့ရာတွင် ချီးပိုးထိုး ဖြစ်ပြီး နောက်လင်နှင့်ပျော်ပါးနေသော နတ်ရွာစံ မိဖုရားကြီးကို လွမ်းဆွတ် တမ်းတလျက်ရှိသည့် ရှင်ဘုရင်ကြီး၏အကြောင်းကိုလည်း ကြားဖူးသဖြင့် ငွေခင်လဲ ဒီလိုပဲနေမှာပဲ ထင်ပါရဲ့ဟု ရန်ရှင်းသည် အားပျော့သွားပြန်၏။

'ငွေခင်ရေ မင်းအခု ဘယ်မှာလဲ၊ ကိုယ်ယောင်ပြနိုင်ရင် ပြစမ်းပါ ကွယ်'ဟု ငွေခင်၏ဝိညာဉ်သည် သူ့အနီးတွင်ရှိပါက သူပြောသည့်စကားကို ကြားပြီး ကိုယ်ယောင်ပြလိုပြငြား ရန်ရှင်းလည်း ယောင်ယမ်းလျက်ရှိလေ သည်။ ငွေခင်၏ အရိပ်နိမိတ်ကလေးများလည်း ပေါ်မလာချေ။ သို့ရာတွင် ရန်ရှင်းသည် စိတ်မလျှော့သေးပေ။ ရှင်သူငိုလျှင် သေသူသည် အနီးသို့ မကပ်နိုင်ဟုလည်း ကြားဖူးသေးရာ သူငိုနေ၍သာ ငွေခင် ပေါ်မလာခြင်း ဖြစ်သည်ဟု ထင်၍ 'ငွေခင်ရေ ငါ မငိုတော့ဘူးဟေ့' ဟူ၍ ပြောပြီး သုတ်ရင်း. . . ကျရင်း. . . ကျနေသော မျက်ရည်များကို သူ့လက်မောင်း ဖြင့် ဘယ်ပြန်ညာပြန် သုတ်လျက်ရှိ၏။

http://nyisay.com



ရန်ရှင်းတွင် ငွေခင့်ကို တွေ့လိုသောဆန္ဒသည် အလွန်ကြီးမား၍ နေလေသည်။ ငွေခင်၏ ဝိညာဉ်ကို ခေါ်လိုခေါ်၊ မျက်ရည်တွေကို သုတ်လို သုတ်၊ စိတ်အငြိမ်မနေနိုင်။ ဟိုဟိုဒီဒီ လှုပ်ရှားလျက်ရှိခြင်းသည် ထိုဆန္ဒကြီး၏ စေ့ဆော်မှုပင် ဖြစ်လေသည်။ ထိုဆန္ဒအလွန်ကြီးမားလျက်ရှိရကား ထိုဆန္ဒ၏ လှည့်စားမှုကြောင့် မျက်ရည်တွေကို သုတ်ပြီး၍ မျှားမကြာမီ ငွေခင်၏ ဝိညာဉ်သည် အနီးသို့ ရောက်လာသည်ဟု ရန်ရှင်းစိတ်တွင် ထင်၍ လာလေသည်။ သို့အတွက် စိမ်းရွှေရွှေအနံ့ရသလိုလို၊ ငွေခင်၏ အရိပ်အယောင်ကို မြင်လိုက်ရသလိုလိုထင်လျက် ရန်ရှင်းလည်း စိတ်ဖောက်ပြန်ရင်း တဖိန်းဖိန်း တရှိန်းရှိန်းနှင့် ကြက်သီးထလျက်ရှိလေသည်။

ငွေခင်ကို စွဲလမ်းနေရာမှ တစ်ဖန် ရန်ရှင်း၏စိတ်များသည် လွင့်၍ သွားကြပြန်၏။ 'ဒီကောင်တွေကို အကုန်လုံး သတ်ပစ်မှ အေးမှာပါပဲ' ဟု ပါးစပ်မှ လွှတ်ခနဲ ထွက်ပြီး လျှောက်၍ စဉ်းစားရင်း ထောင်ထဲမှာတုန်းက သူမြင်ခဲ့ရသော စက်တိုင်နှင့် ကြိုးပေးခံရတော့မည့် အကျဉ်းသားများသည် သူ့မျက်စိရှေ့တွင် ပေါ်လာရာ ထွက်နေသာ ဒေါသများလည်း လွင့်စဉ်၍ ပြေးကြပြန်လေ၏။ 'ဟာ. . .၊ ဘာထူးသေးသလဲကွာ၊ ဒီလောက်တောင် အစော်ကားခံပြီးမှဖြင့် အသက်ချင်း လဲလိုက်တာပဲ အေးပါတယ်. . ' ဟု ရန်ရှင်း၏ ဒေါသများသည် ပြန်၍ ပေါ်လာပြန်လေ၏။

ဘဝင်းတို့အကြောင်းကို စဉ်းစားရာမှ သူ့စိတ်များသည် ဒေါ်တုတ်နှင့် ဦးတေဇဝန္တတို့ဆီ သွားပြန်လေ၏။ 'သူတို့ကလဲကွာ ဒီလောက်တောင် ဖြစ်နေတာ ငါ့ကို ဘာဖြစ်လို့ အကြောင်းမကြားရတာလဲ၊ ငါ စိတ်ညစ်မှာ စိုးလို့လား၊ ဟာ. . . လူတစ်ယောက်လုံးသေနေမှပဲ ပြောရမယ်၊ စိတ်ညစ်ရင်လဲ ညစ်ရောပေါ့' ဟု စိတ်ဆောင်တိုင်း စဉ်းစားပြီး သူ့ပါးစပ်ကလည်း တဖျစ်တောက်တောက်နှင့် ပြောလျက်ရှိ၏။

http://nyisay.com



အချိန်သည် အတော်ညဥ့်နက်သွားလေပြီ။ ကြယ်ရောင်များမှ တစ်ပါး တစ်လမ်းလုံး အခြား မည်သည့်အရောင်မျှ မရှိပေ။ သမွန်ကုလား လည်း ခပ်မှန်မှန် ခပ်လျက်ရှိ၏။ ညဥ့်သည် အလွန်တိတ်လျက်ရှိသဖြင့် တဂစ် ဂစ်နှင့် မည်သော သမွန်ခတ်သံသည် ပို၍ကျယ်သည်ဟု ထင်ရ၏။ ရန်ရှင်း၏ ဦးနှောက်များလည်း မရပ်မနားဘဲ ပြင်းပြင်းထန်ထန် အလုပ် လုပ်နေရသဖြင့် ပင်ပန်းနွမ်းနယ်သည့် လက္ခဏာများကို ပြစပြုလာလေပြီ။ ရန်ရှင်းလည်း တဝါးဝါးနှင့် သမ်းရင်း တဖြည်းဖြည်း အိပ်ပျော်သွားလေ၏။ သမွန်ကုလား နှိုး၍ ထကြည့်လိုက်ရာ ရှမ်းစုသမွန်ဆိပ်သို့ ကပ်နေသည်ကို တွေ့ရလေ၏။

ရန်ရှင်းလည်း ကုန်းပေါ် သို့တက်ပြီး ဘယ်ဘက်သို့ ခြေဦးလှည့်ရမှန်း မသိချေ။ ဘယ်လိုမျှ စိတ်က ဝေခွဲမရမီ အိမ်လမ်းကို ကောင်းစွာသိနေသော ခြေထောက်များက တစ်စတစ်စ ဆွဲဆောင်လာသဖြင့် ရန်ရှင်းသည် သူ့အိမ် အနီးသို့ ရောက်သွားလေသည်။ အိမ်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ငွေခင်ကို ပို၍ သတိရလာလေသည်။ အရင်တုန်းကဆိုလျှင် ရန်ရှင်းသည် ခရီးမှ ပြန်လာသောအခါ ငွေခင်သည် အိမ်ဝမှထွက်ပြီး ခရီးဦးကြိုပြု၏။ လောကွတ်ပျူငှာ သာယာအေးမြသော ငွေခင့်အသံကို ကြားလိုက်ရလျှင် သော်လည်းကောင်း၊ ရွှင်ရွှင်ပြုံးပြုံး ဘယ်တော့မှ မမုန်းနိုင်သော ငွေခင်၏ မျက်နှာကို မြင်လိုက်ရလျှင်သော်လည်းကောင်း၊ နေရောင်ခြည်ပေါက်လာ လျှင် ဆီးနှင်းများပျောက်ရဘိသကဲ့သို့ ရန်ရှင်း၏ ကိုယ်တွင် ကပ်၍ပါလာ ကြကုန်သော ပင်ပန်းခြင်း စိတ်ညစ်ခြင်း အစရှိသည့် အနိဋ္ဌာရုံတို့သည် တစ်ခါတည်း လွင့်စဉ်ပပျောက်ကြရကုန်၏။ ယခုမူကား စိတ်အညစ်ကြီး ညစ်လျက်ရှိသော ရန်ရှင်းကို ဘယ်သူသည် ထွက်၍ နှုတ်ဆက်ပါမည်နည်း။ သူ့အိမ်၏ ဖိနပ်ချွတ်တွင် အခန့်သား တက်၍အိပ်နေပြီးလျှင် သူ့ကို ဆူညံစွာ

http://nyisay.com



ဟောင်လျက်ရှိသော ခွေးဝင်စားများမှတစ်ပါး အခြား ကြိုဆိုမည့်သူ မရှိတော့ပေ။

သူ့အိမ်တံခါးကို သော့ခတ်ထားသဖြင့် ဘယ့်နှယ်မှ မကြံတတ်သေးဘဲ တွေလျက်ရှိစဉ် ခွေးဟောင်သံများကြောင့် ခြေရင်းအိမ်မှ ဦးဘိုးရွှေသည် နိုးလေသည်။ ရန်ရှင်းကို သူခိုးထင်မှတ်၍ ဘယ်သူလဲဟု မေးရာမှ ရန်ရှင်းမှန်း သိသောအခါ ရန်ရှင်းကို သူ့အိမ်ထဲသို့ ခေါ်သွင်းသွားလေ၏။

❑❑

# အခန်း ၁၉

ရန်ရှင်းသည် ရှမ်းစုသို့ ပြန်ရောက်သည်မှာ လေး ငါး ခြောက် ရက်လောက် ရှိသွားလေပြီ။ ရွာသူရွာသားအားလုံးကလိုပင် သူ့ကို ဝိုင်း၍ သနားကြလျက် ရှိလေသည်။ ရွာတွင် အလုပ်ချိန်လည်း လွန်လျက်ရှိသည်ကတစ်ကြောင်း၊ လွမ်းဖျားလွမ်းနာကျနေသည်ကလည်း တစ်ကြောင်းတို့ကြောင့် ရန်ရှင်းသည် ထိုနှစ်အတွက် ဘာအလုပ်ကိုမျှ စိတ်မကူးနိုင်တော့ပေ။ သခင်ဦးတေဇဝန္တ နှင့် ဒေါ်တုတ်က သူ့ နေရေး စားရေးအတွက် ဝိုင်း၍ စောင့်ရှောက်ရလေသည်။

ငွေခင့် အကြောင်းနှင့် ပတ်သက်၍ ဒေါ်တုတ်က ရန်ရှင်းအား အကြောင်းကြားမည် ကြံသေးသည်။ သို့ရာတွင် ထောင်ထဲမှာ ဘာမှ မလုပ်နိုင်သည့်အတူတူ စိတ်ပန်းရုံသာရှိမည်။ အကြောင်းမကြားနှင့် ဟူ၍ သခင်ဦးတေဇဝန္တက တားမြစ်ထားသောကြောင့် အကြောင်းမကြားရသည်ကို ရန်ရှင်း သိရှိရလေသည်။

၎င်းပြင်လည်း ငွေခင် ပုသိမ်မှပို့လိုက်သော စာကို ရသဖြင့် သခင်ဦးတေဇဝန္တနှင့် ဝါးခယ်မ သခင်များက ထ၍ ဆူသောကြောင့် အမှုပေါ်လာရာ ဘဝင်းနှင့် စိန်ဦးတို့က ငွေတစ်သောင်းကျော် အကုန်ခံ၍ အုပ်လိုက်

http://nyisay.com



နိုင်သောကြောင့် အမှုမှာ မြုပ်သွားရသည့်အကြောင်းကိုလည်း ရန်ရှင်းကြားရလေသည်။ ထိုမျှမကသေး။ ငွေခင်သေပြီး ဘာမျှမကြာမီ ရန်ရှင်း၏ သူငယ်ချင်းတစ်ဦးဖြစ်သူ အေးမောင်က မှောင်ရိပ်မှ လှံနှင့် ချောင်း၍ ထိုးသောကြောင့် ရွာသူကြီး သေဆုံးသွားရကြောင်းကိုလည်း ရန်ရှင်း၏ သူငယ်ချင်းများသည် ရန်ရှင်းကို ပြန်၍ပြောကြသေး၏။

တစ်နေ့ နေ့လယ်အချိန်တွင် ရန်ရှင်းသည် ငွေခင့်ကို လွမ်းလျက်ရှိသည်နှင့် ငွေခင် မသေမီ ဒေါ်တုတ်ထံသို့ ပုသိမ်မှ ပို့လိုက်သော စာကလေးကို အလွမ်းပြေ ဖတ်၍နေလေသည်။ (ယခု ရန်ရှင်းဖတ်နေသောစာသည် ငွေခင်ရေးလိုက်သောစာ၏ မိတ္တူမျှသာ ဖြစ်လေသည်။ ငွေခင့်စာကို အမှုဖော်စဉ်က ပုလိပ်လက်သို့ အပ်လိုက်ရလေသည်။)

**ဒေါ်တုတ်ရှင့်...**

ကျွန်မကို မော်တော်ကား တင်ပြေးတာ ဘယ်သူ့လက်ချက်လဲဆိုတာ သိရပါပြီ၊ ရှမ်းစုကို ခဏခဏလာနေတဲ့ ဝါးခယ်မက ရှေ့နေ ဘဝင်းရဲ့ လက်ချက်ပါပဲ။

ကျွန်မတော့ ဒီဘဝကို ရောက်မှဖြင့် မထူးတော့ဘူး။ သူများရဲ့ တံတွေးခွက်မှာ ပက်လက်မျောပြီ။ ကိုရန်ရှင်းလဲ ကျွန်မကို သတီတော့မှာ မဟုတ်ဘူး။ ကိုရန်ရှင်း ကျွန်မကို ချစ်တော့မှာလဲ မဟုတ်ဘူး။ ဒီတော့ ကျွန်မ လူ့ပြည်ကြီးမှာ နေလို့လဲ မထူးတော့ပါဘူး။

ဒီစာကို ဒေါ်တုတ်တို့ ဖတ်ပြီးတဲ့အခါမှာ ကျွန်မဟာဖြင့် ဘဝပြောင်းသွားပြီလို့ အောက်မေ့ပြီး အမျှအတန်းကိုသာ ဝေလိုက်ပါတော့။

http://nyisay.com



ဦးပဥ္စင်းနဲ့ ဒေါ်တုတ်တို့ကို ဒီကပဲ ကန်တော့လိုက်ပါတယ်။ ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်ကြီးကိုရန်ရှင်းကိုလဲ ကျွန်မ ကန်တော့သွားတယ်ဆိုတဲ့အကြောင်းကို ထောင်က ထွက်ရင် ဆက်ဆက်ပြောလိုက်ပါရှင့်။

ကျွန်မ အပြစ်များကျူးလွန်မိရင်လဲ ခွင့်ပြုလိုက်ဖို့ ကိုရန်ရှင်းကို ပြောလိုက်ပါရှင့်။ ဆက်ဆက် ပြောလိုက်ပါရှင့်။

နောက်ပြီးတော့ ဒေါ်တုတ်အိမ်က ကျွန်မရဲ့ သေတ္တာထဲမှာ ကိုရန်ရှင်း ထောင်ကထွက်လာရင် ပေးဖို့ လက်ကိုင်ပဝါ ခြောက်ထည် ပန်းထိုးထားတာ ရှိပါတယ်၊ အဲဒီ လက်ကိုင်ပဝါတွေကို ကိုရန်ရှင်း လက်ထဲရောက်အောင် ဆက်ဆက် ထည့်ပေးပါရှင့်။

ငွေခင်

ရန်ရှင်းသည် အိမ်ဦးခန်းတွင်ရှိသော ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ပြီး ထိုစာကလေးကို အခေါက်ခေါက် ဖတ်ရင်း ငွေခင် ထားပစ်ခဲ့သော လက်ကိုင်ပဝါကလေးနှင့် စာကို ရင်ဘတ်ပေါ်တွင် လက်နှင့်ဖိ၍ အိပ်ပျော်သွားသည်။ တစ်နာရီခန့်ရှိသောအခါ နိုးလာသည်။ သို့ရာတွင် စိတ်ခပ်လေးလေးရှိသေးသည်နှင့် ပက်လက်ကုလားထိုင်ပေါ်မှ မထသေးဘဲ အသာမှိန်းလျက်ရှိ၏။

ထိုအတောအတွင်း သူ့အိမ်ဘက်ဆီသို့ လူ လေး ငါးယောက်ပါသော လူတစ်စု လမ်းလျှောက်လာသည်ကို တွေ့ရလေသည်။ ရှေ့ဆုံးကလူသည် ဘောင်းဘီတိုနှင့် ရှပ်အင်္ကျီကိုဝတ်လျက်ရှိသည်။ သူ့ခါးတွင် ခြောက်လုံးပြူး သေနတ်ကို ထိုးထားသည်။ သူ့နောက်က လူတစ်ယောက်ကလည်း နှစ်လုံးပြူး သေနတ်ကို ထမ်း၍ လိုက်လာသည်။ ထိုလူနောက်က လူပို သုံးယောက်ခန့် ပါလာသည်။

http://nyisay.com



ရန်ရှင်းသည် ဘောင်းဘီနှင့် လူကို မြင်လိုက်သောအခါ သူ့မျက်စိများသည် ပြာ၍သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုလူသည် သူဌေးကလေးစိန်ဦး ဖြစ်သောကြောင့်တည်း။ ရှမ်းစုမှ သူ့လယ်များ ပိုးကျသည်ဟု လယ်လုပ်သားတို့က လာ၍ ပြောသောကြောင့် လယ်ကြည့်ရန်အတွက် စိန်ဦးသည် ရှမ်းစုသို့ လာခြင်းဖြစ်လေသည်။

ရန်ရှင်းလည်း အိမ်ခေါင်းရင်းတွင် ထောင်ထားသော ဓားရှည်ကို ထ၍ ဆွဲလေ၏။ လူတစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တဆတ်ဆတ်နှင့်တုန်၍ နေလေသည်။ ဒေါသကြီးလွန်းသဖြင့် စက်တိုင်နှင့်တကွ ကြိုးကျခံနေသော လူများ၏ ရုပ်ပုံသည် အလျဉ်းပင်ပေါ်၍မလာတော့ချေ။

စိန်ဦးတို့လူစု သူ့အိမ်ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရန်ရှင်းလည်း အတင်းထိုး၍ လိုက်လေ၏။ ရုတ်တရက်ဖြစ်နေသောကြောင့် စိန်ဦးတို့လည်း ဘာမှမကြံတတ်ဘဲ ကစဉ့်ကလျား ထွက်ပြေးကြလေသည်။ စိန်ဦးသည် ခါးထဲက ခြောက်လုံးပြူးကိုပင် သတိမရတော့ပေ။ ရန်ရှင်းလည်း စိန်ဦး၏နောက်သို့သာ အတင်း မဲ၍လိုက်လေ၏။ စိန်ဦးသည် နဂိုကပင် သတ္တိကြောင်သူဖြစ်ရာ ဓားနှင့်လူသည် မိမိ၏နောက်၌ ကပ်နေသောအခါ အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း။ ခလုတ်တစ်ခုနှင့် တိုက်မိသည်နှင့် တစ်ပြိုင်နက် စိန်ဦးသည် မှောက်ရက်လဲလေ၏။ ရန်ရှင်းလည်း သူ့လက်ထဲက ငှက်ကြီးတောင်ဓားနှင့် စိန်ဦး၏ ဇက်ကို တအားပိုင်းလိုက်၏။ သို့ရာတွင် ဒေါသထွက်လွန်း၍ ဇက်ကို မပိုင်းမိဘဲ စိန်ဦး၏ နဖူးကို ကန့်လန့်ဖြတ်ခုတ်မိလေ၏။ နဖူးမှကျလာသော သွေးတို့ဖြင့် စိန်ဦး၏ တစ်မျက်နှာလုံးမှာ သွေးခြင်းခြင်းနီလျက်ရှိလေသည်။ အကယ်၍ ဓားကလည်း ထက်မည်၊ ယခုလိုလည်း အပြေးအလွှားမဟုတ်ဘဲ ရပ်၍ ခုတ်ရမည်ဟုဆိုလျှင် ထိုအခါက စိန်ဦး၏ ခေါင်းသည် တစ်ခြမ်းစီ ဖြစ်၍သွားမည်မှာ မလွဲတော့ပေ။

http://nyisay.com



ရန်ရှင်းသည် အားမရသေး၍ နောက်တစ်ချက် ဆင့်ပြီး ခုတ်မည် အပြုတွင် နှစ်လုံးပြူးသေနတ်ထမ်းလာသော လူသည် သေနတ်နှင့် ရန်ရှင်း၏ ခေါင်းကို သိမ်း၍ ရိုက်လိုက်ရာ ရန်ရှင်းသည် ထိုနေရာတွင် ခွေလျက်ကျသွားလေ၏။ တစ်ရွာလုံးလည်း ပြေးသံ၊ လွှားသံ အော်ဟစ်သံ တို့ဖြင့် ဆူညံ၍သွားလေသည်။ မျှားမကြာမီ ရွာသူကြီးအသစ်သည် ရောက်လာ၍ ဝိုင်းပြီး ဖမ်းထားသော ရန်ရှင်းကို စိန်ဦးတို့လူစု၏လက်ထဲမှ ခေါ်သွားပြီး သူ့အိမ်တွင် ချုပ်ထားလိုက်လေ၏။ စိန်ဦးကိုလည်း ချက်ချင်း ပင် ဝါးခယ်မဆေးရုံသို့ ပို့လိုက်ကြရသည်။

□□

# အခန်း ၂၀

ရန်ရှင်း၏အမှုကို သာမန်ကာလျှံကာ အပေါ်ယံကသာ ကြည့်မည်ဆိုလျှင် ရန်ရှင်းသည် စိန်ဦး၏နဖူးကို ဓားနှင့်ခုတ်သောအမှုပင် ဖြစ်လေသည်။ အမှန်စင်စစ်ကာ ဤသို့ မဟုတ်ပေ။ ခနမဲ့ ရန်ရှင်းနှင့် ခနရှင် စိန်ဦးတို့ ဖြစ်ကြသော စစ်ပွဲတည်း။ ရန်ရှင်းနှင့် တစ်လှေတည်းစီးဖြစ်ကြရသော ဆင်းရဲသားများသည် ရန်ရှင်းက ဤကဲ့သို့ ဓားနှင့် ခုတ်ရသည့် အခြေအနေအထိ မည်ကဲ့သို့ ရောက်သွားရသည်ကို ရန်ရှင်း၏ ဝမ်းထဲကို ဝင်၍ ကြည့်ဘိသကဲ့သို့ အထင်းသား မြင်လျက်ရှိကြ၏။ သူတို့လည်း ခနရှင်၏ ရမ်းကားမှုကို အနည်းနှင့်အများ ဆိုသလို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခံစားရဖူးသူများဖြစ်ရာ ရန်ရှင်းကို ကိုယ်ချင်းစာကြ၏။ သူတို့သာ ရန်ရှင်း၏ နေရာတွင် နေရလျှင် ဤသို့ပင် လုပ်ကြရမည်မှာ မလွဲတော့ပေ။ သက်မဲ့ခလုတ်ပင် ဖြစ်လင့်ကစား တိုက်ပါများလျှင် လန်၍ ထွက်လာပေသေးသည်။

သို့ရာတွင် ဤအမှုနှင့်ပတ်သက်၍ ခနရှင်တို့၏ ယူဆပုံမှာကား ခနမဲ့တို့၏ ယူဆပုံနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လျက်ရှိကြလေသည်။ သူတို့၏ မျက်စိထဲတွင် ကလေကချေ ပေါက်လွှတ်ပဲစားများက လူကုံထံများအား ဤသို့ စော်ကားခြင်းသည် ကမ္ဘာ့ဓမ္မတာကြီးကို ဖျက်ဆီးရာကျသည်၊

http://nyisay.com



ထိုကြောင့် ဤမွတာကြီးကို မဖျက်ဆီးဝံ့အောင် (ဝါ) ဖျက်ဆီးတို့ကို စဉ်းစားပင် မစဉ်းစားဝံ့အောင် အစကတည်းက တစ်ခါတည်း ပြင်းပြင်း ထန်ထန် ရက်ရက်စက်စက် နှိပ်ပစ်လိုက်ရမည်ဟူ၍သာ မြင်လျက်ရှိကြ သည်။ ဤသူများကား ကိုယ့်မျက်ချေး ကိုယ်မမြင်နိုင်ကြသည်မှာ သနား စရာပင် ကောင်းလှတော့သည်။

သူတို့သာမကသေး။ သူတို့၏ ခနရှင်လောကကြီးကို တည်တံ့အောင် ဝိုင်းဝန်း၍ ထောက်ခံလျက်ရှိကြသော မြို့အုပ်၊ မြို့ချုပ်၊ ပုလိပ်၊ ဆရာဝန် အစရှိသည်တို့ကလည်း သူတို့၏ ဆရာများ မြင်သကဲ့သို့ မြင်ပြီး သူတို့ ဆရာများ ထင်သကဲ့သို့ ထင်လျက်ပင် ရှိကြသည်။

ဥပမာ၊ ခနမဲ့တစ်ဦးက ခနရှင်တစ်ဦးအား အပ်နှင့်ထိုးလိုက်သည့် အမှုတစ်ခုကို ပေါက်ဆိန်နှင့်ပေါက်သည့် အမှုဖြစ်အောင် ပုလိပ်က သက်သေ များကို ဆင်ပေးသည်။ ဆရာဝန်က ထောက်ခံ၍ တရားသူကြီး ဆိုသူက ထောင်ချပေးလေသည်။ ထိုသူများ၏စိတ်ထဲတွင် သူတို့ ခနရှင်များ၏ဘက် မှနေ၍ ခနမဲ့များကို ဤသို့နှိမ်ရခြင်းသည် ကုသိုလ်ရသော အလုပ်ကြီး တစ်ခု ဟူ၍များ ထင်နေပေသလား မသိ။ ဤသို့ ခနရှင်နှင့် ခနမဲ့ ဖြစ်ရသော စစ်ပွဲတိုင်းတွင် သူတို့သည် ဘယ်အခါမှ မခွဲရဘဲ ခနရှင်များဘက်မှသာ တညီတညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်တတ်ကြရာ ဤခနရှင်လောက ကြီးတွင် ဤခနရှင်များနှင့် ဤခနရှင်ရုံး၊ ဤခနရှင်ဥပဒေ၊ ဤခနရှင်ဂါတ်၊ ဤခနရှင်ထောင်၊ ဤခနရှင်ဆေးရုံတို့သည် သူတို့ဟာနှင့် သူတို့ အလောတော် ကျ၍ နေကြလေ၏။

သို့ဖြစ်လေရာ ဤအမှုတွင် ရန်ရှင်းသည် ထောင်ငါးနှစ်နှင့် ကြိမ် ဒဏ် အချက် ၃၀ အပြစ်ပေးခံရသည်မှာ အံ့ဩစရာ မဟုတ်ပေ။ ထို့ထက် ပင်ကြီးလေးသော အပြစ်ရအောင် လုယက်မှုကိုပါ ဤအမှုနှင့်တွဲဖို့ စိန်ဦး

http://nyisay.com



၏ ဘက်တော်သားများသည် ကြံစည်ကြသေး၏။ သို့ရာတွင် သေနတ်နှစ်လက်နှင့်လာသော လူငါးယောက်ကို ဓားတစ်ချောင်းတည်းသာပါသော လူတစ်ယောက်တည်းက နေ့လယ်ကြောင်တောင်တွင် လူလယ်ခေါင်၌ လုယက်သည်ဟု အတင်းစွပ်စွဲရမည်မှာ လူသူလေးပါးကြား၍မတော်လွန်းမက မတော်သောကြောင့် မလျှော့ချင်လျှော့ချင်နှင့် စိန်ဦးတို့သည် လျှော့၍ပေးလိုက်ရလေသည်။

သို့အတွက် သေကြောင်းကြံစည်မှုဖြင့် ရန်ရှင်းအား ထောင်ငါးနှစ်နှင့် ကြိမ်ဒဏ် ၃၀ ပေးလိုက်ခြင်းဖြစ်လေသည်။

ဤသို့ အပြစ်ပေးလိုက်သည့်အတွက် ရန်ရှင်းသည် ဝမ်းမနည်းပေ။ သို့ရာတွင် ရန်ရှင်းတွင် ဝမ်းနည်းစရာ အချက်တစ်ချက်ရှိလေသည်။ ထိုအချက်မှာကား အခြားမဟုတ်၊ ထောင်ကျရမှာချင်းအတူတူ ရှေ့နေဘဝင်းကိုပါ မခုတ်လိုက်ရသည့်အချက်ပင် ဖြစ်လေသည်။

❑❑

# အခန်း ၂၁

ရန်ရှင်းသည် ထောင်တစ်ကြိမ်ကျဖူးသဖြင့် လက်ကောက်ဖြစ်နေသောကြောင့် ယခုတစ်ကြိမ်တွင် မြောင်းမြထောင်၌ နေရလေသည်။ ရှေ့နေဘဝင်းသည် ရန်ရှင်းကို မြောင်းမြသို့ မပို့မီ တစ်ရက်ကြို၍ မြောင်းမြထောင်၌ ဆိုင်ရာပိုင်ရာတို့နှင့် တွေ့ရှိပြီးလေပြီ။ သို့အတွက် ရန်ရှင်းသည် မြောင်းမြထောင်သို့ရောက်လျှင် သူ့ကို မြောင်းမြထောင်က မည်သို့ပြုစုရမည်ကို ဆိုင်ရာပိုင်ရာတို့သည် ကောင်းစွာသိပြီး ဖြစ်လေသည်။

ရန်ရှင်းလည်း ထောင်ထဲရောက်လျှင် ပေးရန် ကမ်းရန်အတွက် ငွေ ၁၀ ကို သူ၏ လည်ချောင်းအတွင်းသွင်း၍ ယူလာသည်။ ဘဝင်းသည် ဆိုင်ရာပိုင်ရာများကို သူ့ငွေထက်ဆယ်ဆမက ပေးပြီးသဖြင့် သူယူသွားသောငွေမှာ အချည်းနှီးပင် ဖြစ်ရတော့မည်ကို ရန်ရှင်းသည် မသိရှာသေးပေ။

ထောင်ထဲသို့ရောက်သည့်နေ့ပင် ရန်ရှင်းသည် သူနှင့် တစ်နေ့ထဲရောက်လာကြသည့် ထောင်ကျများနှင့်အတူ လူသစ်ထောင်ဘက်တွင် ထိုင်၍နေစဉ် 'ရန်ရှင်း ရန်ရှင်း' နှင့် သူ့နာမည်ကို ခေါ်သံကြားလိုက်သဖြင့် လှည့်ကြည့်ရာ ဘာယာတစ်ယောက် ခေါ်နေသည်ကို တွေ့ရ၏။ ရန်ရှင်းသည် ထိုဘာယာထံသို့ ထသွားရာ 'ဟေ့၊ မင်းကို ထောင်မှူးကြီးခေါ်နေတယ်၊ လိုက်ခဲ့' ဟု ထောင်မှူးကြီးဆီကို ခေါ်သွားလေ၏။ ထောင်မှူးကြီး

http://nyisay.com



ရုံးခန်းသို့ ရောက်သောအခါ ထောင်မှူးကြီးသည် သူ့စားပွဲတွင် ထိုင်၍ စာရေးလျက်ရှိသည်ကို တွေ့ရသည်။ ထောင်မှူးကြီး၏နောက်က အကျဉ်းသားတစ်ယောက်သည် ယပ်ခတ်ပေးနေရသည်။ ထောင်မှူးကြီး၏ လက်ဝဲဘက်ဘေးက နံပါတ်တုတ်များ ကိုင်ထားသော ဘာယာ လေးယောက်၊ မတ်တတ်ရပ်နေသည်ကိုလည်း တွေ့ရသည်။ ဘာရယ်ဟု အတတ်မပြောနိုင်သော်လည်း ထိုဘာယာများ၏ မျက်နှာကိုကြည့်ရသည်မှာ နိမိတ်မရှိသော အရာတစ်ခုခုကို ကြည့်ရသကဲ့သို့ ထင်မှတ်ပြီး ရန်ရှင်းသည် စိတ်မကောင်းပေ။ ထောင်မှူးကြီးလည်း စာရေးရာမှ ရန်ရှင်းနှင့် ဘာယာတို့၏ ဝင်လာသော အသံကို ကြားရသဖြင့် ရန်ရှင်းကို ခေတ္တ မော်ကြည့်ပြီးလျှင် သူ့စာကို ဆက်၍ ရေးနေပြန်လေသည်။ ရန်ရှင်းသည် ပုသိမ်ထောင်မှာကတည်းက အပိုးသေပြီးသားဖြစ်သဖြင့် ထောင်ပုံစံအတိုင်း သူ့အိမ်ကို လက်ဝါးနှစ်ချပ်ထပ်အုပ်ပြီး ဒူးချင်းထိ၍ ထောင်မှူးကြီး စားပွဲ၌ လက်ယာဘက်ဘေးတွင် ရပ်လျက်ရှိလေ၏။ သူ့ကိုလာ၍ခေါ်သော ဘာယာသည် သူ့နောက်က ကပ်၍ ရပ်နေ၏။

အတော်ကလေး ကြာသောအခါ ထောင်မှူးကြီးသည် စာရေးပြီးသဖြင့် ရန်ရှင်းကို ခြေဆုံးခေါင်းဆုံး ကြည့်၍နေလေသည်။

ထောင်မှူးကြီး။ ။'ရန်ရှင်းဆိုတာ မင်းလား'

ရန်ရှင်း။ ။'ဟုတ်ပါတယ် သခင်ကြီး'

ထောင်မှူးကြီး။ ။'မင်း အပြင်ဘက်မှာ တယ်ဆိုးတယ်လို့ကြားပါလား'

ရန်ရှင်း။ ။'မဆိုးပါဘူး သခင်ကြီး'

ထောင်မှူးကြီး။ ။'ငါ့ကို မလိမ်ပါနဲ့ကွ'

ရန်ရှင်း။ ။'ကျွန်တော် မလိမ်တတ်ပါဘူး'

ထောင်မှူးကြီး။ ။'အံမာ၊ မင်း တယ်ဗိုလ်ကျတဲ့ကောင်ပါလား'

http://nyisay.com



ထောင်မှူးကြီး၏ ထိုစကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ရန်ရှင်းနောက်ကရပ်နေသော ဘာယာသည် 'ဟော့ကောင် ကောင်းကောင်း ပြောကွ' ဟု ပြောပြောဆိုဆို ရန်ရှင်း၏ နားအုံကို လက်ဝါးနှင့် တအားရိုက် လိုက်လေသည်။ အမှတ်တမဲ့ကလည်း ဖြစ်ပြန်၊ ဒဏ်ရာကလည်း ချက်ကောင်း ကို ထိပြန်သဖြင့် ရန်ရှင်း၏မျက်စိထဲတွင် မှောင်ကြီးမည်းမည်းထဲ၌ မျက်နှာ တည့်တည့်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်သည်ကို မြင်ရသလို ဖြစ်သွား လေ၏။

ရန်ရှင်းသည် ဉာဏ်ဝေးသောသူ မဟုတ်ချေ။ ဤတစ်ချက်ရိုက် လိုက်ရုံနှင့် ဤလက်ချက်သည် စိန်ဦး၏ လက်ချက်ပင် ဖြစ်သည်ဟု ပြေး၍ တွေးမိလေ၏။

ထောင်မှူးကြီး။ ။'ဘယ့်နှယ်၊ လူတစ်ယောက်လုံးကိုတောင် ဓားနဲ့ ခုတ်ဝံ့သေးတဲ့အကောင်၊ မဆိုးဘူးဆိုလို့ ဖြစ်နိုင်ပါ့မလားကွ၊ ဘယ့်နှယ်လဲ ဟော့ကောင်၊ ဆိုးသလား မဆိုးဘူးလား၊ သေသေချာချာ ပြောစမ်းပါဦးကွ'

မဆိုးပါဘူးဟု ပြောမိသဖြင့် နားအုံကို အတွယ်ခံရသည်ဖြစ်ရာ ခဲမှန်ဖူးသော စာသူငယ်ကဲ့သို့ မဆိုးပါဘူး ဟူ၍ပင် ထပ်၍ ဖြေဆိုရမည်ကို ရန်ရှင်းသည် လန့်လျက်ရှိလေ၏။ ထို့ကြောင့် 'ဆိုးပါတယ်' ဟု ဖြေရရှာ လေ၏။

ထောင်မှူးကြီးသည် ထိုစကားကို ကြားရသောအခါ အလွန်ကျေနပ် သော မျက်နှာဖြင့် သူ့တပည့်ဘက်သို့ လှည့်ကြည့်ပြီးလျှင် 'ဘိုးစရေ လူဆိုး လို့ ပြောနေပါရောလား၊ လူဆိုး ဆိုရင် ဘယ်လိုလုပ်ရသလဲကွ' ဟု ပြောလိုက် ရာ အရိပ်သုံးပါး နားလည်ပြီးသားဖြစ်သော ဘိုးစလည်း ရန်ရှင်း၏ ခါးဆီ သို့ ဒူးနှင့် တအားပစ်တိုက်လိုက်လေသည်။ ရန်ရှင်းလည်း ရှေ့ထိုး၍ လဲသွားလေ၏။

http://nyisay.com



လူတို့သည် အမျိုးမျိုးရှိလေသည်။ တချို့လူများသည် မျက်နှာပေါက်ဆိုးသဖြင့် သူတို့ကို မြင်ရရုံနှင့် တစ်ဖက်သားတို့သည် သူတို့အပေါ်တွင် ဒေါသထွက်တတ်ကြလေသည်။ အချို့က အပြောဆိုးသဖြင့် တစ်ဖက်သား အမုန်းခံရသည်။ အချို့ကမူကား အနေအထိုင်မတတ်သဖြင့် ခြေကားယား လက်ကားယားနှင့် နေသောကြောင့် တစ်ဖက်သားက မေတ္တာမဲ့လေသည်။ ရန်ရှင်းသည် စင်စစ်အားဖြင့် မျက်နှာပေါက်လည်း မဆိုး၊ အပြောလည်း မရိုင်း၊ အနေအထိုင်လည်း မရမ်းကား။ သို့ပင်ဖြစ်သော်လည်း ထောင်မှူးကြီးသည် ရန်ရှင်းအပေါ်တွင် အဘယ့်ကြောင့် ဤမျှ ဒေါသဖြစ်နေရသနည်း။ သွေးရိုးသားရိုးဆိုလျှင် ဤသို့ မဖြစ်တန်ရာ။ ဘွဲ့ဖြူဘီလူးကြီး ကပ်နေသဖြင့်သာ ဤသို့ ဖြစ်တန်ရာ၏ဟု ရန်ရှင်းသည် ဝေဒနာပြင်းစွာခံစားနေရသည့် ကြားထဲမှာ ဟုတ်တိုင်းမှန်ရာ တွေးလျက် ရှိလေ၏။ ထောင်မှူးကြီး၏ တပည့် ဘိုးစကလည်း သူနှင့် ညိုးသူရန်ဖက် မဟုတ်ပါဘဲလျက် အဘယ်ကြောင့် ဤမျှ ရက်စက်ရပေသနည်း။ ဤမေးခွန်းကိုဖြေရန် မခက်ခဲ့ပေ။

သတ္တဝါတို့မည်သည် ကိုယ့်ကိုထက် ပို၍ချစ်သောသူ မရှိဟု မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။ ထောင်မှူးကြီး၏အနီးတွင် ရှိကြသောသူတပည့်များလည်း ပုထုဇဉ်များပင်ဖြစ်ကြ၍ ကိုယ့်ကိုယ်ကို ပို၍ချစ်ကြသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ တစ်ဖက်သားကိုသနား၍ သူတို့ကမနှိပ်စက်လျှင် သူတို့၏ ဆရာ ထောင်မှူးကြီး သည် သူတို့ကို နှိပ်စက်ပေတော့မည်။ သို့ဖြစ်ရကား ကိုယ်အနှိပ်စက်မခံချင်၍ ကိုယ်က ဦးအောင် သူများကို နှိပ်စက်ရခြင်း ဖြစ်လေသည်။ သူ့ဆရာက နှိပ်စက်ချင်သော သူတစ်ယောက် ပေါ်လာသည်နှင့် တစ်ပြိုင်နက် 'ဒေါသဖြစ်မှ နှိပ်စက်မည်၊ ဒေါသမထွက်သေးသဖြင့် ခဏနေပါဦး၊

http://nyisay.com



သူ့ကို ကျွန်တော် သနားလို့ မနှိပ်စက်ပါရစေနှင့် ခွင့်ပြုပါ' အစရှိသည့် စကားလုံးများဖြင့် တန်ဆာဆင်နေရန် အခွင့်မရ။ စက်ရုပ်များသည် ပိုင်ရှင်များက သော့ပေးလိုက်သည့်အခါ နေပူသေးသည်၊ ချမ်းသေးသည်၊ ညဥ့်နက်လှပြီ အစရှိသည်ဖြင့် ဆင်ခြေတက်ခွင့်မရဘဲ လှုပ်ရှားကြရသကဲ့သို့ သူတို့၏ သခင်ကြီး အလိုရှိသောအခါ ထိုဘာယာများလည်း ဆင်ခြေ မတက်နိုင်ရှာဘဲ သူ့ဆရာ အကြိုက်အတိုင်း လှုပ်ရှားပြသကြရလေသည်။

'ကဲ. . . ကောင်းပြီ ဟော့ကောင်တွေ ခေါ်သွားကြတော့' ဟု သူ့တပည့်များကို အမိန့်ပေးလေသည်။ လက်ဝဲဘက်တွင် ရပ်နေသော ဘာယာလေးယောက်အနက် နှစ်ယောက်သည် ရန်ရှင်းကို တစ်ယောက် လက်တစ်ဖက်စီ ကိုင်ပြီး ထူမကြလေ၏။ ၎င်းတို့အခန်းထဲမှ မထွက်သေးမီ 'ဟော့ကောင်၊ ကောင်းကောင်းနေနော်' ဟု ထောင်မှူးကြီးသည် သတိထပ်၍ ပေးလေသည်။ ရန်ရှင်းလည်း ဘာမျှ ပြန်မပြောဘဲ အံကြိတ်လျက် လမ်းကောင်းကောင်း မလျှောက်နိုင်သဖြင့် သူ့ဘေးက ဘာယာ နှစ်ယောက်ကို အားပြုပြီး ထော့နင်းထော့နင်းနှင့် လိုက်ပါသွားရလေသည်။

□□

# အခန်း ၂၂

ရန်ရှင်းသည် လှောင်အိမ်အတွင်းတွင် အလှောင်ခံနေသော ကျားနှင့်တူလျက်ရှိလေ၏။ သူ့ဒေါသသည် အတိုင်းမသိ ထွက်၍ နေလေ၏။ သို့ရာတွင် သူသည် ဘာကိုမျှ ပြန်၍ မလုပ်နိုင်ပေ။

နောက်တစ်နေ့တွင် ဆေးရုံသို့ တက်ရသည်။ ဤအခေါက် ထောင်ကျရသည်မှာ အရင်တစ်ခေါက် ထောင်ကျရသည်နှင့် မတူပေ။ အရင်တစ်ခေါက် ထောင်ကျစဉ်က သူ့ကို အထူးတလည် ဂရုစိုက်မည့်သူ မရှိပေ။ ယခုမူကား ရောက်သည့် ပထမနေ့က ထောင်မှူးကြီး၏ ကြည့်ရှုစောင့်ရှောက်ခြင်းကို ခံရလေပြီ၊ ဆေးရုံသို့ တက်ရသောအခါတွင်လည်း ဆရာဝန်ကိုယ်တိုင် မကြုံစဖူး အထူးအရေးယူလျက်ရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် ရန်ရှင်းဒူးတိုက်ခံရသည့်ညက ထောင်မှူးကြီးသည် လူသစ်ကြည့်ရသော ဆရာဝန်ကို သူ့အိမ်သို့ခေါ်၍ ညစာထမင်းကျွေးပြီး ရန်ရှင်း၏အကြောင်းကို နှစ်ကိုယ်ကြား ပြောပြီးလေပြီဖြစ်သောကြောင့်တည်း။

ရန်ရှင်း၏ မစင်ထဲတွင် ပိုးတွေ့လေပြီ။ တွေ့သည့်ပိုးမှာလည်း ဘွဲ့ဖြူ မှန်ဘီလူးဖြင့်ကြည့်သောကြောင့် အလွန်ကြောက်စရာကောင်းသော ပိုးများဖြစ်ကြောင်းကို သိရှိရလေသည်။ ဤသို့ ကြောက်စရာကောင်းလျှင်

http://nyisay.com



ပိုးနှင့်လိုက်အောင် အရေးယူရပေလိမ့်မည်ဟု ဆရာဝန်သည် ယူဆလေ၏။ ထို့ကြောင့် သုံးခွက်စာ စခါးကို ရန်ရှင်းအား တစ်ခွက်တည်း တိုက်ချလိုက်ရာ ရန်ရှင်းမှာ မြော့၍ နေလေ၏။

အချိန်သည်ကား ညဥ့် ၁၂ နာရီလောက် ရှိလေပြီ။ ရန်ရှင်း၏ ဝမ်းသည် မရပ်နိုင်သေးပေ။ တဆစ်ဆစ်နှင့် သွားလျက်ပင်ရှိသေး၏။ အေးကလည်း အေး၊ ခါးကလည်း ကိုက်၊ ဝမ်းတွေကလည်း ဒလဟော သွားသဖြင့် လူကလည်း နုံးနေသောကြောင့် ဂုန်အိတ်စုတ်ပေါ်တွင် ရန်ရှင်းသည် အသာကလေး ကွေးလျက်ရှိလေသည်။ သူ့အဖြစ်ဆိုးပုံကို ပြန်တွေးပြီး ဝမ်းနည်းသဖြင့် မျက်ရည်များသည် တွေတွေစီးလျက် ရှိလေသည်။

'သူတို့လက်ချက် ဦးနေပြီ၊ ဒီလိုပဲ၊ တဖြည်းဖြည်းနဲ့ ငါသေရမှာပဲ'ဟု ရန်ရှင်းသည် တွေးတောရင်း တစ်ယောက်တည်း ပြောနေလေ၏။ တစ်စုံတစ်ခုကို ဆက်၍ တွေးမိပြီး 'မထူးပါဘူးကွာ' ဟု ညည်းလျက် သက်မချလေ၏။ ထို့နောက် စီးကျနေသော မျက်ရည်များကို ညာလက်ခုံဖြင့် သုတ်လျက် အံကြိတ်၍နေလေ၏။

နောက်တစ်နေ့ ပိုးပါသောသူများကို ဆေးတိုက်ချိန်သို့ ရောက်လေပြီ။ ဆရာဝန်လည်း ထောင့်ရာဇဝင်တွင် မကြုံစဖူး သူကိုယ်တိုင်ကြီးကြပ်လျက် ရှိလေသည်။ ရန်ရှင်းသည် တိုက်မောင်း ခေါ် ပိုးကျဆေးကို သောက်ရပေတော့မည်။ ပိုးအများကြီးရှိသောသူ ဖြစ်သဖြင့် ဆေးလည်း အများကြီး သောက်ရမည်ဟု ဆရာဝန်ကိုယ်တိုင်က ဖွင့်၍မပြောသော်လည်း ဤသို့ပင် ဖြစ်ရမည်မှာ ဓမ္မတာဟု ရန်ရှင်း သိပြီးဖြစ်လေသည်။ သူ့မှာ ပါသမျှ ငွေတစ်ဆယ်ကို အကုန်ထုတ်၍ ပေးသည့်တိုင်အောင်ပင် ဤဘေးမှ မလွတ်နိုင်သည်ကို ရန်ရှင်း မြင်လေပြီ။ ဘယ့်နှယ် လုပ်ရပါမည်နည်း။

http://nyisay.com



မနေ့ကပင် ဤအရေးအတွက် ရန်ရှင်း ဆုံးဖြတ်ပြီး ဖြစ်လေသည်။ ထိုကြောင့် ပိုးဆေးထည့်ထားသော ဖန်ခွက်ကိုယူပြီး သမံတလင်းပေါ်တွင် ပေါက်ခွဲပစ်လိုက်လေ၏။ ဆရာဝန်သည် အလွန် အံ့အားသင့်၍သွားလေသည်။ သူသည် ရန်ရှင်းကို ဘယ့်နှယ်မှ မလှုပ်နိုင်သော ကျားသေကဲ့သို့ သဘောထားခဲ့လေသည်။ သို့ရာတွင် ယခုမူကား ကျားသေသည် သူ့ကို ထ၍ ကိုက်လေပြီ။

ထိုကြောင့် သူ့အမိန့်အရ ရန်ရှင်းကို တိုက်ပိတ်ထားရန် သူ့တပည့်များသည် ရန်ရှင်းကို တရကြမ်းဆွဲ၍ ခေါ်သွားကြလေ၏။ လမ်းတွင် ဘာဖြစ်သည်ကို အထူးပြောစရာမလို။ တိုက်ထဲသို့ ရောက်သောအခါ မြော့မြော့ကလေးရှိသော ရန်ရှင်းကို ကြည့်ခြင်းဖြင့် လယ်ပြင် ဆင်သွားသကဲ့သို့ ထင်ရှားစွာ သိနိုင်လေသည်။

တနင်္လာနေ့တွင် ရန်ရှင်း၏အမှုကို ရုံးတင်လေသည်။ ထိုအချိန်တွင် ရန်ရှင်းသည် အတော်ကလေး အားပျော့လျက်ရှိသည်။ သို့သော်လည်း ထောင်ပိုင်၏အရှေ့သို့ ရန်ရှင်းကို ခေါ်လာသောအခါ လက်ထိပ် နောက်ပြန်ခတ်၍ ခေါ်လာလေသည်။ ဆရာဝန်ရင့်မကြီးတစ်ယောက်လုံးကို အာဏာဖီဆန်ရဲသူမှာ ကြောက်စရာလူ မဟုတ်ပေလော။ ထိုကဲ့သို့ လူဆိုးကြီးတစ်ယောက်လုံးကို ထောင်ပိုင်ရှေ့သို့ ခေါ်လာလျှင် လက်ထိပ်မခတ်ဘဲ ခေါ်လာ၍ ဖြစ်နိုင်ပါမည်လော။ ဘာပဲဖြစ်ဖြစ် ဤသို့ လက်ထိပ်ခတ်၍ ခေါ်လာသောကြောင့် အမှုမစစ်ရမီကပင် ရန်ရှင်းသည် လူဆိုးကြီးတစ်ယောက်ဖြစ်သည်ဟု ထောင်ပိုင်သည် တစ်ဖက်သတ် အယူသီးလျက် အပြစ်ပေးလျှင် ထိုက်သင့်သည်ထက် ပို၍ ပေးမည်ကား မလွဲတော့ပေ။

ထောင်ပိုင်။ ။'မင်း ဘာဖြစ်လို့ ဆေးကို မသောက်သလဲ'

http://nyisay.com



ရန်ရှင်းသည် ထောင်တစ်ကြိမ်ကျဖူး၍ ထောင်ရည်ဝလျက်ရှိလေပြီ။ ထောင်ပိုင့်ကို ဘာပြောပြော မထူး။ ထောင်မှူးကြီး၊ ထောင်မှူးကလေးတို့ ပြောသမျှစကားသာ အောင်သည်။ ထောင်သားတွေ ပြောသမျှ အလကား ဖြစ်ရသည်ကို ကောင်းစွာ 'နော'ပြီးသား ဖြစ်လေသည်။ အထူးသဖြင့် ယခု အမှုတွင် ထောင်မှူးကြီးတစ်ယောက်လုံးက သူနှင့် ဓမ္မန္တရာယ်ဖြစ်နေသဖြင့် သူဘာပြောပြော အချည်းနှီးပင်ဖြစ်တော့မည်ကို ကောင်းစွာတွက်ပြီးဖြစ်လေ သည်။ ထို့ကြောင့် 'ကျွန်တော် ဆေးမသောက်ချင်ဘူး'ဟု တိုတိုပဲ ပြန်၍ ဖြေလေ၏။ ထိုအခိုက်တွင် 'ဒီအကောင် အပြင်ဘက်မှာ တယ်ဆိုးတယ်လို့ ကျွန်တော် သတင်းတစ်ခုရထားတယ်' ဟု ထောင်မှူးကြီးသည် အင်္ဂလိပ်လို ဝင်၍ထောက်လိုက်၏။

ထောင်ပိုင်ကြီးလည်း 'ကောင်းပြီ၊ သူ့ကို နှာခေါင်းထဲကနေပြီး ဆေး အတင်းတိုက်ရမယ်၊ ပြီးတော့ တိုက်တစ်လ ပိတ်ထားလိုက်' ဟု တစ်ချက် လွှတ် အမိန့်ချသွားလေသည်။ နှစ်နှင့် နှစ် ပေါင်းလျှင် လေး ရမည်ကို သိနေသော ကျောင်းသားကဲ့သို့ ဤအမှုဖြစ်၍ ဤရုံးတင်လျှင် ဤသို့ဖြစ် ရမည်ကို ရန်ရှင်းသည် ကောင်းစွာ တွက်ပြီးဖြစ်လေသည်။ သို့အတွက် သူ့အဖို့မှာမူကား ဤစီရင်ချက်ကြောင့် ရင်လည်းမခုန်၊ ဒူးလည်း မတုန်၊ ဘာမျှ ထူးခြားခြင်း မဖြစ်ဘဲ သူ့အခန်းထဲသို့ ပြန်ဆွဲခေါ်သွားသော ဘာယာ၏နောက်သို့ ခပ်အေးအေးပင် လိုက်၍သွားလေသည်။

တိုက်ပိတ်ရက် ၂၈ ရက် ရသောနေ့တွင် သူ့အမှုအတွက် အယူခံ ရုံးသည့်အကြောင်းကို ရန်ရှင်းသည် ကြားရလေသည်။ ထိုသို့ အယူခံရုံး သည့်အတွက် ဒုက္ခတစ်ခု ပို၍လာပြန်သည်။ အဘယ့်ကြောင့်ဆိုသော် သူရသော အပြစ်သည် ထောင်ဒဏ်အပြစ်သာ မဟုတ်၊ ကြိမ်ဒဏ်အပြစ်ပါ

http://nyisay.com



ပါသောကြောင့်တည်း။ ထို့ကြောင့် တိုက်ကလွတ်သည်နှင့် တစ်ပြိုင်နက် ကြိမ်ဒဏ် အချက် ၃၀ အရိုက်ခံရန်အတွက် ပြင်ရပြန်လေသည်။

ထောင်မှူး၊ ထောင်ပိုင် ဂရုစိုက်သော အမှုများဆိုလျှင် ကြိမ်ရိုက်ခံရမည့် သူသည် ဆိုင်ရာပိုင်ရာတို့နှင့် ကြည့်၍ စီစဉ်နိုင်လေသည်။ အရိုက်ခံရမည့်သူသည် တတိယတန်းစားထဲကဆိုလျှင် ကြိမ်ရိုက်မည့်သူနှင့် ကြိတ်၍ စီစဉ်သည်သာ များလေသည်။ ဥပမာ- ကြိမ်ရိုက်မည့်သူကို ငါးမူးလောက် ပေးလိုက်လျှင် ကြိမ်ကို ဆုပ်ထားသော လက်ချောင်းတစ်ချောင်းကို လျှော့၍ ရိုက်လေသည်။ ဤသို့ လျှော့လိုက်သဖြင့် တအားလွှဲ၍ ရိုက်သော်လည်း ကြိမ်ကျသက်သာသည်။ အရိုက်ခံရသောသူက အနည်းငယ်နာသော်လည်း ထောင်မှူး ထောင်ပိုင် ကျေနပ်အောင် တအားကုန်းဟစ်၍ အော်ရသည်။ တချို့ကလည်း တစ်ပွဲပြန်ထုံးမန်း အစရှိသည်တို့ကို အားကိုးပြီး ဘယ်သူ့မှ ပိုက်ဆံမပေးဘဲ အရိုက်ခံကြသည်။ ဤသို့အဆောင်ရှိသည့် သတင်းသည် ကြိမ်ရိုက်သူများထံ ပေါက်ကြားသွားခဲ့လျှင် သူတို့၏ ကြိမ်ကို ချိုးရေ သေးရေနှင့် စိမ်ပြီး မရှုမလှ ပေါက်ပြကုန်အောင် တအားနင်းရိုက်တတ်ကြလေသည်။

ဒုတိယတန်းစားလောက်ဆိုလျှင် ထောင်မှူးကြီးကို ကပ်တတ်လေသည်။ ထိုအခါ ထောင်မှူးကြီးသည် ကြိမ်ရိုက်သူတွေကို ခေါ်ပြီး 'ဒါငါ့လူဟေ့၊ ကြည့်ရိုက်' ဟု ပြောလိုက်လျှင် ချက်ဆို နားခွက်ကမီးတောက်သော တပည့်ကျော်များက ကြည့်ရိုက်ကြရလေသည်။ တချို့လူများသည် ဆရာကိုသာပေးပြီး တပည့်ကို အရိုးအယွင်းကလေးမျှ မပေးသောကြောင့် ကြိမ်ဒဏ် အစိတ်လောက်ရိုက်ရလျှင် မတော်တဆ လက်လွန်သွားသလိုလို နှင့် တစ်ချက် နှစ်ချက်လောက် ခါးကိုပါတ်ပြီး ရိုက်တတ်ကြလေသည်။ ဤသို့ အရိုက်ခံရလျှင် ကြိမ်ဖျားထိသည့်နေရာတွင် ပေါက်ပြသွားတတ်

http://nyisay.com



သည်။ ထို့ကြောင့် အချို့လူများသည် ဆရာ့ကို ပေးလျှင် တပည့်များကို လည်း မမေ့ကြပေ။

ပထမတန်းစားလူများမှာမူကား ဆေးထောင်ပိုင်အထိပင် တက်၍ ကြိတ်နိုင်လေသည်။ ထောင်ထဲတွင် ဆေးထောင်ပိုင်လည်း အတော်တန်ခိုး ကြီးသူတစ်ယောက် ဖြစ်၏။ သူနှင့် ကြိတ်ထားလျှင် ကြိမ်ဒဏ်အချက် အစိတ်လောက် အရိုက်ခံရမည့်သူကို အချက် နှစ်ဆယ်လောက် ရိုက်ပြီး လျှင် ကြိမ်ဒဏ်ကို ရပ်ပစ်လိုက်နိုင်သည်။ ခပ်ဖြည်းဖြည်းရိုက်ရန်အတွက် လည်း ဆေးထောင်ပိုင်သည် ဝင်၍ အမိန့်ပေးနိုင်သည်။

ရန်ရှင်းအမှုတွင်လည်း ဆေးထောင်ပိုင်အထိတက်၍ ကြိတ်ထားပြီး လေပြီ။ သို့ရာတွင် ကြိတ်ထားသူမှာကား ရန်ရှင်း မဟုတ်။ သူ၏ရန်သူများ သာ ဖြစ်သဖြင့် ရန်ရှင်းသည် သက်သာဖို့လမ်းကို မမျှော်လင့်နိုင်တော့ချေ။

ထိုနေ့တွင် ကြိမ်ရိုက်ခံမည့်လူပေါင်းမှာ ဆယ့်တစ်ယောက်ဖြစ်၍ ရန်ရှင်း၏အလှည့်သည် ပဉ္စမ ဖြစ်လေသည်။ များမကြာမီ 'အမယ်လေး ခင်ဗျ၊ ကယ်တော်မူကြပါဦး ခင်ဗျ၊ သေပါပြီခင်ဗျ' အစရှိသောအသံတို့ဖြင့် ရုံးခန်းတစ်ခုလုံး ဆူညံသွားလေသည်။ အချို့လူများသည် နာလွန်း၍ ငယ်သံများပင်ပါအောင် အော်ဟစ်ကြလေသည်။ အချို့မှာ ကြောက်လည်း ကြောက်၊ နာလည်း နာသဖြင့် သူတို့၏ အော်သံဟစ်သံတို့သည် မပီသ တော့ဘဲ လုံးထွေး၍ နေသည်။ ရန်ရှင်းလည်း ပုထုဇဉ်မျှသာဖြစ်သဖြင့် ထိုဒုက္ခသည်များကို မြင်ရသောအခါတွင် တုန်လှုပ်လျက်ရှိလေ၏။ သို့ရာ တွင် ဟန်မပျက်ဘဲ အံကြိတ်ကာ စိတ်ကိုတင်း၍ ထားလေသည်။ မကြာမီ သူ့အလှည့်သို့ ရောက်လေပြီ။

ရန်ရှင်းလည်း သုံးမြှောင့်သဏ္ဍာန်ရှိသော ကားစင်သို့ ခြေလေးလေး နှင့် လျှောက်သွားလေသည်။ ကားစင်နားသို့ ရောက်လျှင်ရောက်ချင်း

http://nyisay.com



ညာကြိမ်သမားသည် ရန်ရှင်း၏ လက်နှစ်ဖက်ကို အပေါ်သို့ မ ခိုင်းပြီး ကားစင်၏ ထိပ်တွင် ကြိုးနှင့် တင်းကျပ်စွာ ချည်လိုက်လေသည်။ ရန်ရှင်းသည် ကားစင်နှင့် ကပ်လျက်ရှိလေပြီး ညာကြိမ်သမားလည်း ရန်ရှင်း၏ လုံချည်ကို ချွတ်ချလိုက်ပြီးလျှင် ကားစင်၏ အလယ်တိုင်တစ်ခုတွင် ရန်ရှင်း၏ ခါးကိုပတ်၍ ကြိုးနှင့် ချည်ပြန်သည်။ လက်နှင့် ခါးကို တုတ်ရုံနှင့် ရန်ရှင်းသည် ခါးကိုပင် မလွန့်သာတော့ပေ။ သို့ရာတွင် ဤမျှနှင့် မပြီးသေး။ ကားစင်၏ အောက်ဘက်ရှိ ခြေထိပ်ထဲတွင်လည်း ရန်ရှင်း၏ ခြေနှစ်ဖက်ကို ထည့်၍ ခတ်ထားလိုက်သေးသည်။

ထို့နောက် အလျား နှစ်မိုက်၊ အနံတစ်မိုက်ရှိသော ပိတ်စိမ်းပါးရေစိုတစ်စကို ရန်ရှင်း၏ တင်ပေါ်သို့ အုပ်လိုက်လေသည်။ လက်မရွံ့အာဏာသားတို့သည် အလွန်ကျင်လည်ပြီးသား ဖြစ်ကြသဖြင့် လက်ကို ကြိုးချည်သည်မှာ ပိတ်စိမ်းပါးကပ်သည်အထိ တစ်မိနစ်မျှပင် မကြာချေ။

ထောင်ထဲတွင် ဘယ်ကြိမ် ညာကြိမ် ရိုက်သည်ဖြစ်ရာ ဘယ်ကြိမ်ရိုက်မည့်သူသည် ရန်ရှင်း၏ ညာဘက်မှနေ၍ ညာကြိမ်ရိုက်မည့်သူသည် ဘယ်ဘက်က နေလေသည်။ မရိုက်မီ တဝှီးဝှီးနှင့် သူတို့၏ ကြိမ်များကို ဝှေ့နေသည့်အသံများမှာ အသည်းယားစရာပင် ကောင်းတော့၏။

သုံးလေးချက်မျှ ဝှေ့အပြီးတွင် ညာကြိမ်သမားက စ၍ ရိုက်လေသည်။ ပထမတစ်ချက်နှင် ပေါက်၍ သွားလေပြီ။ ရန်ရှင်း၏ တင်ပေါ်၌ အုပ်ထားသော ပိတ်စိမ်းပါးတွင် သွေးစွန်း၍လာခြင်းက ဤအချက်ကို သက်သေခံလေသည်။

တစ်ချက် နှစ်ချက် သုံးချက် အစရှိသဖြင့် ကြိမ်ရေသူကလည်း တင်ပေါ် ကြိမ်ကျတိုင်း မှန်မှန်ရေလျက်ရှိ၏။ အပေါ်ယံကြည့်လျှင်သာ သက်သာသည်ဟု ထင်ရသော်လည်း ကြိမ်ရိုက်ရခြင်းသည် စင်စစ်မှာမူကား

http://nyisay.com



အလွန်ပင်ပန်းသောအလုပ် ဖြစ်လေသည်။ ကားစင်နှင့် သုံးလှမ်းလောက် ကွာသည့်နေရာမှ ကြိမ်ကို ဝှေ့ပြီး ကားစင်ဘက်သို့ သိုင်းကွက်နင်းသလို ခြေနှစ်လှမ်းမှန်မှန်နင်းလာရသည်။ ဘယ်ကြိမ်သမားသည် ညာခြေဖြင့် စ၍ လှမ်းသည်။ ဘယ်ခြေသည် ဒုတိယခြေလှမ်းကို စ၍ လှမ်းပြီးသည်နှင့် တစ်ပြိုင်နက် ညာပေါင်တန်း၍ မြေကြီးကို ခြေဖျားဖြင့် ထောက်လျက် ဘယ်ဒူးကို အသာကွေးလိုက်ပြီးလျှင် ထိုဒူးကို အားပြုပြီး တအားသိမ်း၍ ရိုက်ရသည်။ ရိုက်ပြီးသောအခါ မူလနေရာသို့ ခြေလှမ်းမှန်မှန် နှစ်လှမ်း နောက်ပြန်ဆုတ်ပြီး ညာကြိမ်သမား၏ကြိမ် တင်ပေါ်သို့ကျပြီးသည်အထိ ရပ်နေရလေသည်။ ညာကြိမ်သမားလည်း ဤသို့ပင် ရိုက်ရသည်။ ခြေလှမ်းသောအခါသာ ဘယ်ခြေကစ၍ လှမ်းရသည်။

ရိုက်သည့်အချက်တိုင်းလိုလိုပင် ပေါက်သဖြင့် သွေးများသည် ဖိတ်စိမ်းပါးတွင် စို့ရုံသာမဟုတ်ဘဲ ရန်ရှင်း၏ ပေါင်များမှပင် စီး၍ကျလေပြီ။ ရန်ရှင်းသည် တစ်ခွန်းမျှမအော်။ ကားစင်ကိုသာ နဖူးနှင့်ကပ်၍ မှိန်းနေလေသည်။ ကြိမ်သမားတို့လည်း ဆိုင်ရာတို့က ညွှန်ကြားထားသည်က တစ်ကြောင်း၊ ရန်ရှင်း မအော်သဖြင့် သူတို့ အလိုလို ဒေါသထွက်လာကြသည်က တစ်ကြောင်းတို့ကြောင့် အနှစ်နှစ်အလလက ညှိုးသူရန်ဖက်ပမာ နင်း၍ ရိုက်နေကြလေ၏။ လူ့စိတ်များသည် အတော်ထူးဆန်းသည်။ ဥပမာ ဖခင်ဖြစ်သူသည် သူ၏သားကို ရိုက်သည့်အခါ သားဖြစ်သူသည် 'အမယ်လေး. . . အမယ်လေး၊ ကယ်ပါ. . . ယူပါ. . ကြောက်ပါပြီ' အစရှိသဖြင့် နာသည်ထက် ပို၍အော်လျှင် ငါးချက်လောက် ရိုက်ရမှာ သုံးချက်လောက်နှင့် ပြီးသွားလေသည်။ အရိုက်ခံရပြန်လည်း ခပ်ဖြည်းဖြည်းသာ အရိုက်ခံရလေသည်။ ဇွဲကောင်းသည်နှင့် မအော် မငိုသော သားသမီးများကိုကား မိဘတို့သည် ဒေါသထွက်ပြီး ပို၍ ရိုက်တတ်ကြလေသည်။ ရင်သွေးများကိုပင်

http://nyisay.com



မအော် မငိုသဖြင့် ဖိ၍ ရိုက်တတ်ကြသေးလျှင် သူစိမ်းပြင်ပြင် ရန်ရှင်းမှာလည်း လက်မရွံ့အာဏာသားများထံမှ ညှာတာထောက်ထားခြင်းကို အဘယ်မှာလျှင် မျှော်လင့်ဖွယ်ရာရှိလာတော့အံ့နည်း။ ရန်ရှင်းအတွက်မှာ မူကား မထူးဘူး၊ သေလျှင်လည်း ပွဲထဲတွင် မြန်မြန်သေသောသူသည် မြန်မြန် အိပ်ရသကဲ့သို့ သူလည်း သူ့ဒုက္ခတွေက မြန်မြန် လွတ်ရချည်ရဲ့ ဟူသော သဘောဖြင့် မအော်ဘဲနေခြင်း ဖြစ်လေသည်။

ထောင်မှူးကြီး၏အမိန့်ကို ရရှိပြီးဖြစ်သဖြင့် ရန်ရှင်းအား 'မမကြီး ကျိုတ်' ကို အထိုးခိုင်းလေ၏။ ဗမာပြည်ရှိ ဂျုံကြိတ်ရသော ထောင်များတွင် မမကြီးအမည်နှင့် ဂျုံကြိတ်ကြီးများ ရှိလေသည်။ အကျဉ်းသားတိုင်း မမကြီး ကျိုတ်ဆိုလျှင် ဆလံသရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကြိတ်ကြီးသည် လေးရုံမက အဆွဲမတတ်လျှင် သတ်ရိုက်ထားသလို ကျပ်နေတတ်သဖြင့် ၎င်းကို တစ်နာရီခွဲခန့်ဆွဲမိလျှင် ဗလကောင်းသောသူများပင် ပစ်၍ လဲတတ်ကြလေသည်။

ထိုကြိတ်ကြီးများကို ထားရသည့် မူလရည်ရွယ်ချက်မှာ ထောင်ထဲတွင် ထောင်ဥပဒေရိုးရိုးဖြင့် ဖိနှိပ်၍ မနိုင်သူများကို အဆွဲခိုင်းရန်ပင် ဖြစ်လေသည်။ သို့ရာတွင် ကာလရွေ့လျောသောအခါ ထိုကြိတ်ကြီးများမှာ ပိုက်ဆံမပေးနိုင်သော လူသစ်များကိုလည်းကောင်း၊ ပိုက်ဆံပါသော်လည်း ဆိုင်ရာ မဲဇလီကို မပေးဘဲ နေသူများကိုလည်းကောင်း ညှဉ်းရန်အတွက် အသုံးချရမည့်ပစ္စည်းများ ဖြစ်နေကြလေသည်။ အိုးစားဆွယ်ရန်အတွက်လည်း ထိုကြိတ်ကြီးများကို အသုံးပြုတတ်ကြသေးသည်။ ဥပမာ- လူငယ်တစ်ယောက် ထောင်ကျလာသောအခါ ငွေမလိုက်နိုင်သဖြင့် ဂျုံရုံသို့ ရောက်လာပြီဆိုပါစို့။ ဂျုံရုံ မဲဇလီသည် အိုးစားစ၍ မဆွယ်သေးဘဲ ထိုသူငယ်ကို မမကြီးကြိတ်နှင့် သုံးရက်လောက် ညှဉ်းလိုက်သည်။ အတော်

http://nyisay.com



ကလေး ပင်ပန်းလာသောအခါ စိတ်ကလည်း အလွန်ညစ်၊ အလွန်ပင်ပန်း လာပြီဖြစ်ရကား နောင်ခါလာ နောင်ခါစေ့ေးဟု သဘောထားကြပြီး ထိုသူငယ်များသည် အိုးစားဆွယ်သူတို့၏ အလိုသို့ လိုက်ကြရလေသည်။

တစ်ခါတစ်ရံ အနည်းငယ် ခေါင်းမာနေသော သူငယ်များကိုမူကား မမကြီးကြိတ်နှင့်သာ ခြောက်၍မရပါလျှင် အရိုက်အနှက် အချောက် အလှန့် ကလေးများကိုလည်း အနည်းငယ် ကူပေးရလေသည်။

ရန်ရှင်းသည် တစ်ခါဖူးမျှ ဂျုံမထိုးဘူးခဲ့သော်လည်း ပုသိမ်ထောင် တွင် နေခဲ့စဉ်က သူ့မိတ်ဆွေများထံမှ မမကြီးကြိတ်၏ အကြောင်းကို ကောင်းစွာ ကြားခဲ့ဖူးလေသည်။ ထိုကြောင့် မမကြီးကြိတ်ကို မည်သို့ကိုင်ရ မည်ကို သိရှိပြီး ဖြစ်လေသည်။ သို့ရာတွင် လမ်းကိုပင် အနိုင်နိုင်လျှောက်နေ ရသည် ဖြစ်ရကား မမကြီးလို လေးသော ကြိတ်များကို မဆိုထားဘိ၊ ကြိတ် နိုးရိုးကိုပင် ထိုးနိုင်မည် မဟုတ်ပေ။ သို့ဖြစ်သောကြောင့် ကြိတ်၏ လက်တန်း ကို ကိုင်ပြီး တစ်စုံတစ်ခုကို စဉ်းစားသကဲ့သို့ ငိုင်၍ ရပ်နေမိလေ၏။

'ဟေ့ကောင် မင်း ဘာဗိုလ်ကျနေသလဲ၊ ဆွဲလေ' ဟု ပြောပြော ဆိုဆို မဲဇလီသည် သူ့လက်ထဲက နံပါတ်တုတ်ကြီးနှင့် ရန်ရှင်း၏ နောက် ကျောကို ဆောင့်၍ ထိုးလိုက်လေ၏။ ရန်ရှင်း၏ တစ်ကိုယ်လုံးသည် ရိုက် ထားသလို နာလျက်ရှိသည့်အထဲတွင် ယခုကဲ့သို့ တုတ်ကြီးနှင့် ဆောင့်ထိုး လိုက်ပြန်ရာ အနာပေါ် တုတ်ကျသည် ဆိုသည့်စကားမှာ အရင်ကစာတွေ့ ပင် ဖြစ်သော်လည်း ယခုအခါမှာမူကား ရန်ရှင်းသည် ငါတွေ့ ဖြစ်လျက် ရှိလေ၏။

ရန်ရှင်းလည်း ကြိတ်ကို လက်နှစ်ဖက်နှင့် ကိုင်မြဲကိုင်လျက် မဲဇလီ ကို ခေါင်းဖြင့်သာ အသာလှည့်ကြည့်ပြီး 'ကျွန်တော်ခိုနေတာ မဟုတ်ပါဘူး ဗျာ၊ ဆွဲကို မဆွဲနိုင်လို့ ရပ်နေတာပါ' ဟု ပြန်ပြောလေသည်။

http://nyisay.com



မဲဇလီ။ ။'ဒါ ထောင်ကွ၊ မင်းအဖေအိမ် မဟုတ်ဘူး၊ ဗိုလ်ကျမယ် တော့ မကြံနဲ့ဟေ့'

ရန်ရှင်း။ ။'ကျွန်တော် ကြိမ်ရိုက်ခံပြီးတာ သုံးရက်ရှိသေးတယ်၊ လှုပ်ကို မလှုပ်နိုင်လို့ပါ ခင်ဗျာ'

မဲဇလီ။ ။'ဒါတွေကို နားမလည်ဘူးကွာ၊ မင်း ငါ့ရုံကို ရောက်လာ ရင်တော့ အလုပ်လုပ်ရမှာပဲ၊ ဗိုလ်ကျချင်လို့ မရဘူး'

ရန်ရှင်း။ ။'တစ်ရက် နှစ်ရက်လောက်တော့ နားပါရစေ၊ ခါးနာ ပျောက်တော့ ထိုးပါ့မယ်'

မဲဇလီ။ ။'မရဘူး၊ ခုထိုးရမယ်၊ ဒါ ငါ့သဘောကွ'

ရန်ရှင်းသည် ကြိတ်တန်းကို ကိုင်ထားသော လက်နှစ်ဖက်ကို အောက်သို့ချလိုက်ပြီး 'ခုတော့ ဘယ်နည်းနဲ့မှ မထိုးနိုင်ဘူး၊ ခင်ဗျား လုပ်ချင် ရာကို လုပ်တော့ဗျာ၊ ကျွန်တော်လဲ ခံနိုင်သလောက် ခံသွားမှာပဲ'ဟု စိတ် တွေလည်း တိုလာပြီဖြစ်သဖြင့် ခပ်တိုတိုပင် ပြန်၍ ပြောလိုက်၏။

မဲဇလီလည်း အကြိုက်တွေ့သွားလေသည်။ ဤချုံကို ထွင်လိုက်ရာ ဤယုန်ထွက်လာသဖြင့် ဝမ်းသာသွားသူကဲ့သို့ ဤအသိုင်းအဝိုင်းကို လုပ် လိုက်သဖြင့် ရန်ရှင်းထံမှ ဤစကားများ ထွက်လာသောကြောင့် မဲဇလီ လည်း ဝမ်းသာလျက်ရှိလေသည်။ ထို့ကြောင့် ဘာမျှ နောက်ထပ် ပြော မနေဘဲ ရန်ရှင်းကို သူ့ဆရာဖြစ်သူ ဂျုံရုံထောင်မှူးထံသို့ ခေါ်သွားလေ၏။ ထောင်မှူးသည် စာရွက်တစ်ရွက်ပေါ်တွင် ယခုအကျဉ်းသားသည် အလုပ် လုပ်ရန် ငြင်းဆန်နေသဖြင့် ခင်ဗျားထံသို့ ပို့လိုက်ရပါသည်ဟူသော အဓိပ္ပာယ် ပါသည့် စာ သုံးလေးကြောင်းကို အင်္ဂလိပ်လို ရေးပြီး ရန်ရှင်းကို ဘာသာ တစ်ယောက်နှင့် ထောင်မှူးထံသို့ ပို့လိုက်လေသည်။ အမှုမဖြစ်မီကတင်

http://nyisay.com



စီရင်ချက်ကို ကြို့တင်၍ စိတ်ကူးပြီးသားဖြစ်နေသော ထောင်မှူးကြီးသည် ရန်ရှင်းအား မည်သည့်အပြစ်ကို ပေးရမည်နည်းဟု အချိန်များစွာယူကာ စဉ်းစားနေရန်မလို၊ ရန်ရှင်းကို တိုက်ပိတ်ထားရန် ချက်ချင်း အမိန့်ပေးလိုက်၏။

တနင်္လာနေ့၊ ထောင်ပိုင်ကြီးသည် ထောင်ထဲသို့ ဝင်သောအခါ ရန်ရှင်းအမှုကို ရုံးတင်လိုက်လေသည်။ ထောင်ပိုင်ကြီးသည် ရန်ရှင်းကို မြင်သောအခါ မြင်ဖူးသလိုလိုရှိ၍ ခေတ္တမျှ စိုက်ကြည့်နေစဉ် ထောင်မှူးကြီးက 'ဒီကောင်ဟာ အရင်တစ်ခါ ဆေးမသောက်ဘူးလို့ ငြင်းနေတဲ့ အကောင်ပဲ' ဟု အင်္ဂလိပ်လိုပြောလိုက်၏။ ထိုအခါမှ ထောင်ပိုင်ကြီးသည် သတိရပြီး ခေါင်းညိတ်လျက်ရှိသည်။ ထို့နောက် ရန်ရှင်းအတွက်နှင့် ပတ်သက်ပြီး ထောင်မှူးကြီးရေးထားသော အစီရင်ခံစာကိုကြည့်ပြီး 'မင်း. . . မဲဇလီကို ဘာဖြစ်လို့ ပြန်ပြီးပြောသလဲ၊ နောက်ပြီး မင်းဘာဖြစ်လို့ အလုပ်မလုပ်သလဲ' ဟု ထောင်ပိုင်ကြီးသည် ရန်ရှင်းကို မေးလေသည်။ ရန်ရှင်းက ဘာမျှ ပြန်မပြောနိုင်သေးမီ ထောင်မှူးကြီးက 'ဒီကောင် တယ်ဆိုးချင်တဲ့ အကောင်' ဟု အင်္ဂလိပ်လို ဝင်၍ ထောက်လိုက်လေ၏။

ထိုမျှနှင့်ပင် လုံလောက်လေပြီ။ ထောင်ပိုင်ကြီးသည် ရန်ရှင်းကို ဆက်ပြီး မမေးတော့ပေ။ 'တိုက်နှစ်လပိတ်၊ တိုက်က လွတ်တော့ တစ်လ ရေဆွဲ' ဟု စီရင်ချက်ချလေ၏။ ရန်ရှင်းလည်း ဘာပြောပြော မထူးပါတော့ဘူးဟူသော သဘောနှင့် ငြိမ်လျက်ရှိလေ၏။

တိုက်အထဲတွင် နှစ်လ အပိတ်ခံရသည်ကို ရန်ရှင်းသည် နှစ်နှစ်လောက် ထင်မှတ်မိလေ၏။ တစ်နေ့တစ်နေ့တွင် လှဲအိပ်လိုက် ထိုင်လိုက်နှင့် မိမိအကြောင်းကြောင်းတွေကို အဖန်တလဲလဲ စဉ်းစားရင်းသာ အချိန်

http://nyisay.com



ကုန်ခဲ့ရလေသည်။ တစ်ခါတစ်ရံတွင်လည်း သူသည် လူမှန်းသိသည့် အရွယ် မှစ၍ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ မျက်ရည်ပေါက်ကြီးငယ်ကျလောက် အောင် မလုပ်ဘူးပါလျက်နှင့် အဘယ့်ကြောင့် သူ့ကိုယ်တိုင်မှာမူကား မျက်ရည်ပေါက်ကြီးငယ်ကျရလေသနည်းဟု တွေးမိပြန်သည့်အခါ လှိုက် လှိုက်လှဲလှဲ ဝမ်းနည်းလာသဖြင့် မျက်ရည်တို့သည် မဆည်နိုင်အောင် စီးဆင်းလျက်ရှိတတ်၏။ သူနှင့် မျက်နှာချင်းဆိုင် တိုက်ပိတ်ခံရလျက်ရှိ သော ဘိုးသိုက်လည်း ပျင်းလွန်းသဖြင့် မကြာခဏ ရန်ရှင်းကို လှမ်း၍ စကားပြောသော်လည်း ရန်ရှင်းသည် ဘယ်သူနှင့်မျှ စကားမပြောလိုသော ကြောင့် စကားကို တစ်နည်းနည်းနှင့် ကြဲဖန်ပြီး ဖြတ်လေ့ရှိသည်။

ရန်ရှင်း၏စိတ်ထဲတွင် ဘဝင်းအပေါ်၌ အလွန့်အလွန် အခဲမကျေ ဖြစ်နေသဖြင့် သွားလေသူ ငွေခင်ကိုပင် သတိရသင့်သလောက် မရနိုင်ရှာ ပေ။ မည်မျှ အခဲကြီးနေသနည်းဆိုလျှင် ဘဝင်းကို ဓားနှင့်အတင်းလိုက်ခုတ် နေသည်ဟု တွေးတောရင်း တကယ်ပင် ထင်မှတ်၍ လက်ကလည်း ဓားနှင့် တအားလွှဲခုတ်လိုက်သလို ယောင်သွားပြီး ပါးစပ်မှာလည်း 'ရှုပ်ဦးကွာ' 'မှတ်ကရော့ကွာ' အစရှိသည့် စကားတို့ကို ယောင်ပြီးထွက်သွားတတ်လေ သည်။ ထိုမျှမကသေး၊ စိန်ဦး၊ ဘဝင်းတို့နှင့် ခိုက်ရန်ဖြစ်ပွားရသည်ဟုလည်း မကြာခဏ အိပ်မက် မက်တတ်ပေသေး၏။ အိပ်မက်များထဲတွင် စိန်ဦးနှင့် ဘဝင်းတို့ကို သူကလည်း သတ်သည်။ သတ်သည့်အခါတွင်လည်း သတ်ရရုံ သတ်ခြင်းမျိုး မဟုတ်ဘဲ အူတွေ အသည်းတွေထုတ်၊ အသားတွေကို မွှန်းပြီး သတ်ခြင်းဖြစ်လေသည်။ တကယ်တွေ့၍ တကယ် သတ်ရလျှင်လည်း ဤနည်း အတိုင်းပင် သတ်တော့မည်ဖြစ်ရာ စိတ်ကူးပြင်းသကဲ့သို့ အိပ်မက်ကလည်း လိုက်၍ မက်ပေးရလေသည်။ တစ်ခါ တစ်ရံ သူတို့ကလည်း ခြောက်လုံးပြူး နှင့် ပစ်သဖြင့် ရန်ရှင်းခံရသည်ဟူ၍လည်း မက်တတ်ပေသေး၏။

http://nyisay.com



ရန်ရှင်းသည် ထောင်မှ အလွန်လွတ်ချင်၏။ ပုသိမ်ထောင်တုန်းက လွတ်ချင်သောစိတ်သည် သူ့ဇနီးငွေခင်နှင့် တွေ့ရန်ဖြစ်လေသည်။ သို့ရာတွင် ယခု လွတ်ချင်သည်ကား အခြားမဟုတ်။ သူ့မယားကိုလည်း ဖျက်ဆီး၊ သူ့ကိုလည်း လူညွန့်တုံးအောင် လုပ်ရက်သောသူများအား ကလဲ့စားချေချင်သောကြောင့်ပင်တည်း။

လေးနှင့်ပစ်သူသည် သောနုတ္တိုရ် မုဆိုးဖြစ်သော်လည်း ဆဒ္ဒန်ဆင်မင်းကို သတ်သူအစစ်မှာ မုဆိုးကို မြှောက်ပေးလိုက်သော စူဠသုဘဒ္ဒါပင်ဖြစ်သကဲ့သို့ ရန်ရှင်းကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုံ့လထုတ်သူများကား စိန်ဦး၊ ဘဝင်းတို့လူစု ဖြစ်သော်လည်း တကယ့်လက်သည်မှာကား ထိုသူများ မဟုတ်။ လူချင်းအတူတူ လူတန်းစားအမျိုးမျိုး ကွဲပြား၍ တစ်တန်းစားက အခြားတစ်တန်းစားကို မျက်ရည်ပေါက်ကြီးငယ်ကျသည်ကအစ လူညွန့်တုံးသည့် အဆုံးအထိ ညှဉ်းပန်းနှိပ်စက်နိုင်အောင် ဖန်တီးပေးလျက်ရှိသော စီးပွားရေးစနစ်ဆိုးကြီးပင် ဖြစ်လေသည်။ ထိုမျှမကသေး၊ ဤစနစ်ဆိုးကြီးကြောင့်ပင် လူ့အနန္တ စားရမည့် ထမင်းလုတ်သည် လူတစ်ယောက်နှစ်ယောက်၏ လက်ထဲတွင် သွား၍ စုနေသဖြင့် ထိုလူ့အနန္တမှာ ဖောင်စီးရင်းရေငတ် ဆိုသလို ထမင်းထုပ်ပုံကြီးများ၏အနီးတွင် ထိုင်ပြီး ထမင်းငတ်လျက်ရှိကြရသည်။ ထိုစနစ်ဆိုးကြီးကြောင့်ပင် ရလေလိုလေ အိုတစ္ဆေကြီးများကလည်း သူတို့၏ လောဘဇောတိုက်တွန်းချက်အရ တရားသည် မတရားသည် ဤနှစ်လီကို အတည်တကျ တွေးမဆနိုင်ဘဲ သူတို့ရနိုင်သည့်နည်းများဖြင့် ခြစ်ခြုတ်၍ ယူလျက်ရှိကြလေသည်။ ရန်ရှင်းသည် စ၍ ထောင်ကျရသည်မှာလည်း ထိုလောဘဇော၏ လက်ချက်ကြောင့်ပင် မဟုတ်ပါလော။ ပစ္စည်းလုကြရာတွင် ဓနရှင်တို့၏လက်ချက်ကြောင့် ရန်ရှင်းထက်ပို၍ မရှုမလှခံကြရသူများလည်း ဤလောကကြီးတွင် မရေတွက်နိုင်အောင် ရှိကြပေသေး၏။

http://nyisay.com



ထိုမျှမကသေး။ အရက်သောက်မိသောသူသည် အရက်၏ မြောက်ပင့်ချက်ကြောင့် သွေးတကြွကြွဖြစ်ပြီး ဆဲလို ဆဲ၊ ရမ်းလို ရမ်း၊ ရိုက်လို ရိုက်၊ ဒုစရိုက်မှုန်သမျှကို အကုန်လျှောက်၍ လုပ်တတ်ကြသကဲ့သို့ လူတစ်ယောက်ယောက်၏ လက်တွင် ဓနတွေ စုမိခဲ့လျှင် ဓန၏ မြောက်ပင့်ချက်ကြောင့် ထိုလူသည် သွေးတကြွကြွဖြစ်ရတော့မည်မှာ ဓမ္မတာတည်း။ လူမပြောနှင့် ဘာမှန်းမှုမသိသော ဝိဒေဟရာဇ်ပုတ်သင်ပင်လျှင် ရွှေတစ်ပဲသား၏ မြောက်ပင့်ချက်ကြောင့် သွေးတကြွကြွဖြစ်ခဲ့ရဖူးသည် မဟုတ်ပါလော။ ဤသို့ အမြောက်ကို မခံနိုင်သဖြင့် ဓနရှင်ဆိုသူသည် သူ့ထက်ပစ္စည်းချို့တဲ့သူများကို မြင်တိုင်း စော်ကားရန်ကိုလည်းကောင်း၊ မိန်းမများကိုမြင်တိုင်းလည်း မယားလုပ်ရန်ကိုလည်းကောင်း ကြိုးစားအားထုတ်တတ်ကြပေသေး၏။ ငွေခင် သေရသည်မှာ ဤအချက်၏ အကောင်းဆုံးသက်သေသာဓကပင် မဟုတ်ပါလော။ ဤလောကကြီးတွင် စာရင်းယူလိုက်ပါက ပျက်စီးရသော မိန်းမ တစ်ရာလျှင် ဓနရှင်များ ဖျက်ဆီး၍ ပျက်စီးရသောမိန်းမများသည် ကိုးဆယ့်ကိုးယောက်ထက် နည်းနိုင်ပါဦးတော့မည်လော။

ထို့ကြောင့် ဓနရှင်စနစ်ကြီးကို ဖယ်ပစ်လိုက်လျှင် သူဌေးစိန်ဦး ဆင်းရဲသားရန်ရှင်းတို့လည်း ပျောက်ပျက်ကုန်ပြီး ထိုနေရာများတွင် ရိုးရိုး စိန်ဦးနှင့် ရိုးရိုးရန်ရှင်းတို့သာ ရှိကြပေတော့မည်။ ထိုအခါတွင် စိန်ဦးသည် သူများ၏ ထမင်းလုတ်ကို လုစားစရာမလို၊ ထမင်းလုတ်လုသူမရှိ၍ ရန်ရှင်း တို့ကလည်း သပိတ်တားစရာ အကြောင်းမရှိ။ သပိတ်မတားလျှင် ရန်ရှင်း သည် ထောင်ကျရတော့မည် မဟုတ်။ ရန်ရှင်း ထောင်မကျရလျှင် ငွေခင် လည်း ယခုကဲ့သို့ သေခြင်းဆိုးနှင့် မသေရတော့ပေ။ ငွေခင် မသေရလျှင် စိန်ဦးကို ရန်ရှင်းက ဓားနှင့်ခုတ်စရာလိုပါသေး၏လော။ ဓားနှင့် ခုတ်စရာ မလိုလျှင် ရန်ရှင်းသည် ထောင်တွင်း၌ ယခုကဲ့သို့ မျက်ရည်ပေါက်ကြီးငယ်

ကျကာ ပရိဒေဝမီးတောက်လောင်စရာအကြောင်းလည်း အဘယ်မှာလျှင် ရှိနိုင်ပါတော့အံ့နည်း။

ဤကဲ့သို့ အရင်းခံအကြောင်းကြီးများကို ရန်ရှင်းသည် မတွေးတော မိသဖြင့်သာ ဘဝင်းပဲ စိန်ဦးပဲ ဟူ၍ ပုဂ္ဂိုလ်စွဲပြီး အကြီးအကျယ် ဒေါသ ဖြစ်လျက်ရှိလေသည်။ အကယ်၍ ထိုအကြောင်းရင်းတရားကြီးများကို တွေးမိပါမူကား ရန်ရှင်းသည် စိန်ဦးနှင့် ဘဝင်းတို့ကို ဤမျှ ဒေါသဖြစ်စရာ မလိုပေ။ ဤမမြဲသော လောကကြီးတွင် မမြဲသောခနအတွက်နှင့် မမြဲသော လူအပေါင်းတို့အား ခဏကလေး အသက်ရှင်နေရသည့်အတွင်း တစ်ဦးနှင့် တစ်ဦး ပြဟ္မစိုရ်အရ တရားတွေပျက်ပြီး ရိုက်ကြ နှက်ကြ ထိုးကြ ခုတ်ကြ သတ်ကြ ဖြတ်ကြစေခြင်းဖြင့် လူ့လောကကြီးတစ်ခုလုံးကို ကမောက်ကမ ဖြစ်ကုန်အောင် ဖန်တီးပေးနေသော ခနရှင်စနစ်ကြီးကိုသာ ဒေါသဖြစ်ရန် ရှိပေတော့လေ၏။

ရန်ရှင်းသည် နှစ်လစေ့၍ တိုက်တွင်းမှ ထွက်ရလေပြီ။ သို့ရာတွင် သူ့ဒုက္ခမှာ အေးပြီဟု မယူဆနိုင်သေး။ အတောင် ၂၀ လောက်နက်သော ရေတွင်းထဲမှ ရေနံဆီပုံး ခြောက်ပုံးစာလောက်ရှိသော ရေပုံးကြီးနှင့် ရေ အပြည့်ကို တစ်နေ့လုံး နေပူကျဲကျဲထဲတွင် စက်သီးဖြင့် တစ်လတိုင်တိုင် ဆွဲတင်ပေးရမည့် ဝတ္တရားကလည်း ရှိပေသေး၏။ ရန်ရှင်းဒဏ်ရာတို့သည် ပျောက်ကုန်ကြပြီဟု ဆိုသော်လည်း နှစ်လ တိုက်ပိတ်ခံရသဖြင့် အညောင်း မိပြီး ခပ်ကိုင်းကိုင်းဖြစ်လျက်ရှိလေသည်။

ရေဆွဲရပုံမှာ အတော်ကလေး မှတ်သားဖွယ်ကောင်းလေသည်။ ရေတွင်းနှုတ်ခမ်းအနီးတွင် ဘာယာတစ်ယောက်သည် ထိုင်နေသည်။ ၎င်း အနီးတွင် သံပြားတစ်ပြားကို ဆွဲထားသည်။ ထိုသံပြားကို ထိုဘာယာသည် ‘ဂျမ်’ခနဲ မြည်အောင်တီးလိုက်လျှင် ရေဆွဲကျနေသော အကျဉ်းသားများ

http://nyisay.com



သည် စက်သီးကြိုးကိုကိုင်ပြီး ဆွဲသွားရလေသည်။ ရေပုံးသည် ရေတွင်းပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘာယာသည် 'ဂျမ်'ခနဲ မြည်အောင် ဒုတိယအကြိမ် ရိုက်လိုက်ပြန်လေသည်။ ထိုအခါ ရေဆွဲသူတို့သည် အဆွဲရပ်ပြီး ရေတွင်းအနီးသို့ ပြန်လာရပြန်သည်။ ဤနည်းဖြင့် တဂျမ်ဂျမ်နှင့် တစ်နေ့လုံး နေပူကျဲကျဲထဲတွင် အကျဉ်းသားများသည် ခေါက်တုံ့ခေါက်ပြန် ဆွဲ၍နေရရှာလေ၏။

တစ်ခါတလေ ရေဆွဲကျသူများမှာ ကိုးယောက်လောက်ရှိ၍ တစ်ခါတလေလည်း ကိုးယောက် ၁၀ ယောက်လောက်အထိ အပြစ်ရှိသူများလျှင် များသလို တိုး၍ လာတတ်ကြပေသည်။ ရန်ရှင်းသည် ရေစ၍ ဆွဲရသည့်နေ့က ရေဆွဲကြသူပေါင်း ခုနစ်ယောက်ရှိသည်။ ၎င်း ခုနစ်ယောက်တို့သည် စက်သီးကြိုးအလိမ်ကြားထဲတွင် သွင်းထားသော လက်ကိုင်တန်းများကို တစ်တန်းလျှင် နှစ်ယောက်ကျ ကြိုးကို အလယ်ကထား၍ ကိုယ်ဖြင့်တွန်းပြီး ဆွဲကြရလေသည်။ ရန်ရှင်းသည် ရှေ့ဆုံးတန်းမှ တစ်ယောက်တည်း ဆွဲရလေသည်။

ခါတိုင်းတွင် ရေဆွဲသူများကို စောင့်ရန် ဘာယာမရှိ။ သို့ရာတွင် ရန်ရှင်း ရေဆွဲကျသောအခါမှစ၍ ရေဆွဲသမားများကိုစောင့်ရန် ဘာယာတစ်ယောက်ကို ထောင်မှူးကြီးအမိန့်နှင့် အထူးထားလေသည်။ ထားမည်ဆိုလျှင်လည်း ထားလောက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရေဆွဲသမားများသည် လူညာများသာဖြစ်လေသည်။ (ထောင်ထဲတွင် ဘယ်သူမညာဘဲနေသနည်း။) သူတို့သည် တစ်ယောက်ကိုတစ်ယောက် တွက်ကပ်ပြီး လက်ကိုင်များကို အသာထိရုံသာ ထိထားကြလေသည်။ မည်သူမျှ အားစိုက်၍ မဆွဲ။ ဒီလိုနှင့် ရေပုံးသည် တဖြည်းဖြည်း အပေါ်သို့ ရောက်ခဲ့ရလေသည်။ သို့ရာတွင် အထူးဘာယာတစ်ယောက်ကို ချထားသည်မှာ

http://nyisay.com



ကား အခြားလူပျင်းတွေကို စောင့်ရန်မဟုတ်။ ရန်ရှင်းကိုစောင့်ရန်သာ ဖြစ်လေသည်။

ထိုဘာယာသည် အနည်းငယ် တုတ်လေသည်။ ဓားပြတိုက်စဉ်က အိမ်ရှင်က ခုတ်ချလိုက်သည့် ဓားဒဏ်ရာကြီးသည် သူ့နဖူးပေါ်တွင် ကောင်းစွာ ထင်လျက်ရှိလေသည်။ သူ့မျက်နှာတွင် ထိုဒဏ်ရာနှင့် တွဲနေသော နှုတ်ခမ်းကြီးသည် အထင်ရှားဆုံးဖြစ်လေသည်။

ရန်ရှင်းလည်း မခိုမကပ်ဘဲ သူ့အားရှိသရွေ့ ကြိုးစားပြီး ဆွဲလျက်ရှိလေသည်။ သို့ရာတွင် အခြားရေဆွဲသူများမှာ တကယ်ဆွဲသူများ မဟုတ်သောကြောင့် စက်သီးကြိုးသည် ရှေ့သို့ မတက်ဘဲ တန်း၍ နေလေသည်။ ဘာယာလည်း 'ဟေ့ကောင် ဘာညာနေသလဲ၊ ဆွဲလေ' ပြောပြောဆိုဆို သူ့လက်ထဲက နံပါတ်တုတ်နှင့် ရန်ရှင်း၏ကျောကို ဖြတ်ရိုက်လိုက်၏။ ရန်ရှင်းကလည်း သူ့အသည်းကို အပ်တွေနှင့် ဝိုင်း၍ဆွလိုက်သလိုဖြစ်သွားလေသည်။ သူ့ခြေထောက်သည် မြေကြီးကိုထိနေမှန်းပင် မသိတော့ပေ။ ကျားနာသည် မုဆိုးကို ပြန်၍ ဆွဲသလို ဘာယာကို ဖြစ်သမျှနှင့် ပြန်၍ လုပ်တော့မလိုဖြစ်လိုက် အားမတန်၍ မာန်လျှော့လိုက်နှင့် ရန်ရှင်းသည် စက္ကန့် ၃၀ လောက်အတွင်း အကြိမ် ၁၀ ကြိမ်လောက် ချီတုံချတုံဖြစ်လျက်ရှိလေ၏။ ထို့နောက် သက်မကြီးချပြီးနောက် မနိုင်၍ သည်းခံရသော ခံခြင်းမျိုးဖြင့် ရန်ရှင်းလည်း အံကြိတ်ကာ သည်းခံလိုက်ရရှာလေသည်။ သို့နှင့်ပင် နံနက်စာစားရန် ရေဆွဲဖြုတ်သည့်အချိန်သို့ ရောက်သွားခဲ့လေသည်။

ရန်ရှင်းသည် ထမင်းပန်းကန်ပြားကို ရှေ့တွင်ချထားပြီး ထမင်းစားရန် သတိမရဘဲ တစ်စုံတစ်ခုကို စဉ်းစားရင်း သူ့ရှေ့တည့်တည့် သမံတလင်းကို စိုက်ကြည့်နေလေ၏။ တစ်ချက်တစ်ချက် ဒဏ်ရာက ပို၍နာလာသဖြင့်

http://nyisay.com



အနာသက်သာအောင် ကျောကို မကြာခဏ ဆန့်၍ပေးလေသည်။ ထို့နောက် တစ်စုံတစ်ခုကို စဉ်းစားပြီးသည့် လက္ခဏာဖြင့် အံကြိတ်ပြီးထလေသည်။ ထွက်သွားမည့်အလုပ်တွင် ထမင်းပန်းကန်ပြားကို သတိရပြီး အသာ ကုန်းကောက်၍ ထမင်းပိုများသွန်သော အမှိုက်ပုံးထဲသို့ သွန်ချလိုက်လေ၏။ အမှိုက်ပုံးအနီးတွင် မိနစ်ဝက်လောက် ငိုင်နေပြီးလျှင် သတိရပြန် သဖြင့် ထမင်းပန်းကန်ပြားကိုဆွဲပြီး အိပ်ထောင်၏ အရှေ့တောင်ထောင့်ရှိ လူရှင်းရာ ချောင်ထဲတွင် တစ်ယောက်တည်း ထိုင်၍ ရှေ့ရေးနောက်ရေး များကို စဉ်းစားလျက်ရှိလေ၏။

မကြာမီ ရေဆွဲရန်အချိန်စေ့သဖြင့် ရန်ရှင်းသည် ရေတွင်းရှိရာသို့ ထ၍ သွားလေသည်။ စိတ်ဆောင်နေသည်ဖြစ်သောကြောင့် ဤတစ်ကြိမ် လမ်းလျှောက်သည်မှာ ခါတိုင်းထက် ပို၍ လိုက်လေသည်။ တဂျမ်းဂျမ်းနှင့် သံပြားသံ နာခံရင်း ရေဆွဲသမားတို့သည် ရေဆွဲနေကြရာ လေးပုံးခန့်ဆွဲ၍ ပြီးသွားလေပြီ။ ပဌမအကြိမ် ဆွဲနေစဉ် ရန်ရှင်းကို နှိပ်စက်ရန်အတွက် သက်သက်ချထားသော ဘာယာသည် မနှိပ်စက်ဘဲ မနေနိုင်သဖြင့် ရန်ရှင်း ၏ ခါးကို နံပါတ်တုတ်နှင့်တစ်ကြိမ် ဆောင့်၍ ထိုးပြန်၏။ ရန်ရှင်းသည် ဤအကြိမ်တွင် ဘာလုပ်ရမည်ကို ကြိုတင်စဉ်းစားပြီးဖြစ်သဖြင့် ရေဆွဲရန် ပြန်ရောက်စကတည်းက အရေးရှိလျှင် အလွယ်တကူနှင့် ထုတ်နိုင်အောင် စက်သီးကြိုးကြားတွင် လိမ်ထားသော လက်ကိုင်တန်းကို အသာလှည့်ပြီး သူ့ဘက်သို့ ခပ်များများထုတ်၍ထားလေသည်။ ထို့ကြောင့် သူ့ခါးကို ထိုး လိုက်သည်နှင့် တစ်ပြိုင်နက် ရန်ရှင်းသည် ထိုလက်ကိုင်တန်းကို ချွတ်ပြီး ဘာယာ၏ ခေါင်းကို သိမ်းပြီးရိုက်လိုက်ရာ နံပါတ်တုတ်နှင့် ဘာယာလည်း တစ်ပတ်လည်ပြီး ပုံလျက်သားကျသွားလေ၏။ သူနှင့်အတူတူ ရေဆွဲနေ သော အကျဉ်းသားများလည်း လက်ကိုင်တန်းများကိုလွှတ်ပြီး အလန့်

http://nyisay.com



တကြား ထွက်ပြေးကြလေသည်။ ရန်ရှင်းလည်း ပတ်ဝန်းကျင်ကို ဘာမျှ ဂရုမစိုက်အား၊ ဘယ်သူတွေ ပြေးကြ၍ ဘယ်သူတွေ အော်သည်ကို မြင်လည်း မမြင်၊ ကြားလည်း မကြား၊ လဲနေသော ဘာယာကိုသာ တအားကုန် ဆင့်၍ ဆင့်၍ ရိုက်လျက်ရှိလေ၏။ သုံး လေး ချက်လောက် ရိုက်မိသော အခါ သူ့နားထဲတွင် ဒေါင်ခနဲ ကြားလိုက်ပြီး သူလည်း ထိုးလဲသွားလေ၏။ သတိရ၍ ကြည့်လိုက်သောအခါတွင် သူသည် တိုက်ထဲရောက်နေ၍ သူ့ တစ်ကိုယ်လုံး၌လည်း အကျဥ်းသားပုလိပ်များ ဝိုင်း၍ရိုက်ထားသည့် ဒဏ်ရာများမှ သွေးများဖြင့် ပေကျံလျက်ရှိသည်ကို တွေ့ရလေ၏။

□□

# အခန်း ၂၄

ထောင်ပိုင်၏ရုံးသို့ ရန်ရှင်း ရောက်ရသည်မှာ ဤအကြိမ်သည် တတိယ အကြိမ် ဖြစ်လေသည်။ ထောင်ပိုင်သည် ရန်ရှင်းကို မျက်မှောင်ကုပ်၍ အတန်ကြာအောင် စိုက်ကြည့်နေလေသည်။ သူ့စိတ်ထဲတွင် ရန်ရှင်းသည် လူဆိုးကြီးတစ်ယောက် ဖြစ်သည်ဟု ထင်မှတ်လိုက်လေပြီ။ သို့အတွက် ထောင်မှူးကြီးက မကူရဘဲနှင့် ရန်ရှင်းကို အကြီးဆုံး အပြစ်ဒဏ်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

သူ့အမှုကို စီရင်ချက်ချပြီး ၁၀ ရက်လောက် အကြာတွင် ရန်ရှင်းသည် သူ့တိုက်ခန်းကလေး၌ တုံးလုံးလှဲ၍ သူရိုက်လိုက်သော ဘာယာ သေမသွား သည်ကို မကျေမနပ်ဖြစ်လျက်ရှိလေသည်။ ဘာယာကို သေစေချင်သည် မှာ ရန်ရှင်းသည် ရက်စက်လွန်းလှ၍မဟုတ်။ ထိုဘာယာ သေသွား၍ သူ့ကို ကြိုးပေးလိုက်လျှင် သူသည် သူ့ဒုက္ခတွေမှ မြန်မြန်လွတ်လိမ့်မည်ဟု ယုံကြည်သောကြောင့်တည်း။

ဤသို့ ထွေရာလေးပါးကို စဉ်းစားလျက်ရှိစဉ် ဘာယာတစ်ယောက် သည် သူ့ကို ဗူးဝဆီသို့ ခေါ်ထုတ်သွားလေ၏။ ထောင်မှူးကြီး၏ ရုံးရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း သံခြေချင်းခတ်ပြီးလျှင် အစောင့်

http://nyisay.com



ပုလိပ်များဖြင့် ရန်ကုန် သင်္ဘောဆိပ်သို့ ပို့လိုက်သောအခါ သူ့ကို မော်လမြိုင်ထောင်သို့ ပို့တော့မည်ဟု ရန်ရှင်းသည် ကောင်းစွာ ရိပ်မိလာလေ၏။

ထိုနေ့ည တစ်ညလုံးလိုလိုပင် သင်္ဘောပေါ်၌ ရန်ရှင်းသည် ကောင်းစွာ မအိပ်နိုင်။ ထိုညက တစ်လမ်းလုံးတွင် နှင်းကျနေသောကြောင့် ရန်ရှင်းတို့ စီးလာသော အမြန်သင်္ဘောသည် နောက်တစ်နေ့ နေ့လယ် နှစ်ချက်တီးလောက်မှ ရန်ကုန်သို့ ကပ်လေသည်။ ညနေရထားနှင့် မော်လမြိုင်သို့ လိုက်ကြရာ နောက်တစ်နေ့ နံနက် ငါးနာရီခွဲလောက်တွင် မီးရထားသည် ဇင်းကျိုက်တောင်ဘေးကို ဖြတ်၍ ခုတ်လျက်ရှိလေသည်။ သူနှင့် တစ်တွဲတည်း စီးလျက်ရှိသော ခရီးသည်အချို့သည် ဇင်းကျိုက်တောင်ထိပ်ပေါ်၌ တည်ထားသော ဇင်းကျိုက်စေတီတော်ကို လက်အုပ်ချီကာ ရှိခိုးနေကြသည်ကို မြင်သဖြင့် ရန်ရှင်းလည်း လက်ထိပ်ခတ်ထားသော လက်များကို နဖူးသို့ မြှောက်ကာ ဇင်းကျိုက်စေတီဘက်သို့ လှည့်၍ လက်အုပ်ချီပြီး 'တပည့်တော် ဒီဝဋ်က မြန်မြန်ကျွတ်ပါရစေဘုရား'ဟု ငိုသံပါနှင့် ခပ်တိုးတိုး ဆုတောင်းမိလေ၏။

သို့နှင့်ပင် ရန်ရှင်းသည် နံနက် ကိုးနာရီလောက်တွင် မော်လမြိုင်ထောင်သို့ ရောက်လေ၏။ ဗူးဝတွင် ထုံးစံအတိုင်း အဖေနာမည်၊ အမေနာမည်၊ အမှု အစရှိသည်တို့ကို စစ်ဆေးပြီးနောက် ရန်ရှင်းကို လူဆိုးတိုက်သို့ ပို့လိုက်လေ၏။

တရားခံရိုးရိုးဆိုလျှင် ဗူးဝ၌ပင် လက်ထိပ်ချွတ်၍ လာပို့သော ပုလိပ်သည် ဗူးဝကပင် ပြန်ရလေသည်။ သို့ရာတွင် လူဆိုးတရားခံကိုမူကား ဗူးဝတွင် လက်ထိပ်မချွတ်သေးဘဲ လူဆိုးတိုက်အထိ ပုလိပ်က လိုက်ပို့ရလေသည်။ ပုလိပ်နှင့်အတူ ဘာယာတစ်ယောက်ကို ဗူးဝက ထည့်လိုက်သည်။ လူဆိုးတိုက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရန်ရှင်း၏ မူလ

http://nyisay.com



လက်ထိပ်ကို ချွတ်လိုက်ရာ အသင့်စောင့်နေသော လူဆိုးတိုက်၏ တန်းစီခေါ် အကျဉ်းသားဘာယာနှင့် သူ့တပည့် တစ်ယောက်သည် ထောင်က လက်ထိပ်နှင့် ရန်ရှင်းကို နောက်ပြန် လက်ထိပ်ခတ်လိုက်လေ၏။ ဤသို့ ခတ်ပြီးသောအခါ လူဆိုးတိုက်ထောင်မှူးအလာကို စောင့်ရင်း ရန်ရှင်းသည် ထောင်ပုံစံအတိုင်း ထိုင်၍ စောင့်နေလေသည်။

လူဆိုးတိုက်ဆိုသည်မှာ မော်လမြိုင် ထောင်ကြီးအတွင်းတွင် ထပ်၍ ဆောက်ထားသော ထောင်ကလေးတစ်ခု ဖြစ်လေသည်။ ထိုထောင်ကလေးသည် 'လူဆိုး' အကျဉ်းသားများ ဖွဲ့ချုပ်ရန်အတွက် ဆောက်ထားသည်ဟု သိရလေသည်။ ထို့ကြောင့် ဗမာပြည်ရှိ အခြားထောင်များတွင် ထောင်မှူးများက ဆိုးသည်ဟု အယူရှိသော အကျဉ်းသားများကို ထိုထောင်ကလေးသို့ ပို့လိုက်ကြလေသည်။ ဤသို့ ပို့လိုက်ခြင်းဖြင့် လူဆိုးသည် လူကောင်းဖြစ် မဖြစ်ကို မစဉ်းစားမိ အပို့ခံရသော အကျဉ်းသားများသည် မည်ကဲ့သို့ အကျဉ်းသားဖြစ်ကြသည်ကို သိဖို့ရန်လိုလေသည်။

လူတစ်ယောက်သည် ထောင်ကျရကတည်းက ဆွေတကွဲ မျိုးတကွဲ ဖြစ်ပြီး သူ၏စိတ်များသည် ကယောက်ချောက်ချားဖြစ်၍နေလေသည်။ ထိုသို့ ဖြစ်နေရသည့်အထဲတွင် ထောင်ဘာယာများ၊ ထောင်ပှာတာကုလားများ၊ ထောင်မှူး၊ ထောင်ပိုင်များက ထပ်မံ၍ နှိပ်စက်ကြပြန်ရာ 'မထူးပါတော့ဘူးကွာ' ဟူသော သဘောမျိုးဖြင့် ကနဂုတ်လို အကျဉ်းသားများပင် ထ၍ ရမ်းလိုက်မိခြင်း ဖြစ်လေသည်။ ဥပမာ- ရန်ရှင်းကို ကြည့်ကြစို့။ ရန်ရှင်းကို လူဆိုး ဟူ၍ ခေါ်နိုင်ပါမည်လော။ လူဆိုးဘဝသို့ ရောက်အောင် ပို့ပေးသူမှာ ထောင်အရာရှိများပင် မဟုတ်ပါလော။ ရန်ရှင်းလို လူဆိုးဘဝသို့ အပို့ခံရသူများသည် အနန္တပင်။ နောက်ပိတ်ဖိနပ်ကြီးများဖြင့် နှာနုကျိုးအောင် အကန်ခံရလျှင် မည်သို့သော ပုထုဇဉ်သည် စိတ်ကို ချုပ်တီး

http://nyisay.com



နိုင်ပါတော့မည်နည်း။ 'ဝရမ်းပြေးနဲ့ ဖာသည်မနဲ့ ဇရပ်ပေါ်မှာ. . . ပြီး မွေးလာတဲ့အကောင်' ဟု လူလယ်ခေါင်တွင် စော်ကားပြီး ပါးကိုရိုက်လျှင် ဘယ်အကျဉ်းသားသည် အသည်းကို လှံနှင့် ဆွလိုက်သကဲ့သို့ မဖြစ်ဘဲ နေနိုင်ပါအံ့နည်း။ ထောင်အရာရှိများက ဤသို့ စော်ကားနှိပ်စက်သဖြင့် စိတ်မချုပ်တည်းနိုင်သောကြောင့် ပြန်၍လုပ်မိလျှင် လုပ်မိသော ထိုအကျဉ်း သားသည် လူဆိုးဖြစ်၍ သွားလေပြီ။ ထိုသို့သော လူဆိုးများကို သူတို့ထောင် တွင် အားရအောင် ဝိုင်း၍ လုပ်လိုက်ကြပြီးနောက် ထိန်းလို့မရဘူးဟု အကြောင်းပြပြီး မော်လမြိုင်ထောင်သို့ ပို့လိုက်ကြလေသည်။

၁၉၃၀ ခုနှစ်က ရန်ကုန်ထောင်ကြီးတွင်လည်းကောင်း၊ ၁၉၃၄ ခုနှစ် က အင်းစိန်ထောင်ကြီးတွင် လည်းကောင်း၊ အကျဉ်းသားများ ထခဲ့ကြဖူး လေသည်။ ထိုအခါက အကျဉ်းသားတွေ အတော်လည်း သေလိုက်ကြရ သေးသည်။ သူတို့ ထရသည်ကို အရင်းစစ်လိုက်သောအခါ ရန်ကုန်ထောင် တွင် ထောင်ပိုင်ကြီး၏ အနှိပ်စက်ကို မခံနိုင်သောကြောင့်ဟုလည်းကောင်း၊ အင်းစိန်ထောင်တွင် ထောင်ပိုင်ကလေး၏အနှိပ်စက်ကိုမခံနိုင်သောကြောင့် ဟု လည်းကောင်း သိရှိရသဖြင့် ရန်ကုန်ထောင်မှ ထောင်ပိုင်ကြီးကို ကုလား ပြည်သို့ ပြန်ပို့ခဲ့ရဖူးလေသည်။ ထိုအခါမှ သေကြရသော အကျဉ်း သားများသည် သေလောက်အောင်ပင် ဆိုးသလော၊ ဆိုးသည်ဟုဆိုလျှင် သူတို့ကို ဆိုးအောင်လုပ်ပေးသည်မှာ ထောင်အရာရှိများပင် မဟုတ်ပါ လော။ သို့ရာတွင် ထောင်ပိုင်မှာကား ဘာမျှမဖြစ်၊ သူ့အနှိပ်စက်ကိုခံကြ ရသော အကျဉ်းသားများသာ မရှုမလှ သေကြရသည်။

ထောင်ပျာတာကုလားတို့ကလည်း တစ်ထောင့်က နှိပ်စက်တတ် သေး၏။ သူတို့ နှိပ်စက်ပုံကို ကြည့်ကြဦးစို့။ ထောင်ထဲတွင်ရှိသော ပျာတာ ကုလားများသည် အားလုံးကုန် တစ်ယောက်မကျန် ဘိန်း၊ ကုတ်ကင်း၊ အရက်၊

http://nyisay.com



ဆေးလိပ် အစရှိသော တားမြစ်ထားသည့်အရာများကို ထောင်ထဲသို့သွင်းပေးသူများ ဖြစ်ကြသည်။ ဥပမာ- ပျာတာကုလားတစ်ယောက်သည် 'ကျွန်တော် မသွင်းဘူး' ဟု ထ၍ ပြောငြားအံ့။ ထိုကုလားသည် ရှူး၍သော် လည်းကောင်း၊ လိမ်ပြောချင်၍သော်လည်းကောင်း ဖြစ်ရမည်။ ဆေးလိပ်၊ ဘိန်း၊ ဘင်း၊ ကစော်၊ လှော်ဇာ၊ အရက်ကိုသာမက ပိုက်ဆံရှိလျှင် ထိုပျာတာကုလားများနှင့် ပေါင်းပြီး သူတို့ကိုယ်ထဲတွင် ဖွက်ယူနိုင်သည့် အရာထဲက ဘာမဆို ထောင်ထဲသို့ သွင်းနိုင်လေသည်။ ထိုမျှမကသေး၊ ထောင်ရှိသော အရပ်တွင် ဆွေမျိုးဉာတိ အသိမိတ်ဆွေရှိလျှင် ထိုပျာတာ ကုလားများကို လွှတ်ပြီး ငွေတောင်းခိုင်းနိုင်သည်။ ငွေရလာလျှင် သူတို့က တစ်ဝက်ဖြတ်လေသည်။

ပျာတာကုလားတစ်ယောက်က အကျဉ်းသား ငဖြူအတွက် ဤသို့ သွင်းပေးလျှင် အခြားပျာတာကုလားတစ်ယောက်က ငဖြူကို ဆီး၍ ဖမ်းလေသည်။ ထိုသို့ ဖမ်းသည့်အခါ တောင်းပန်၍လည်း မရ၊ ဆလံပေး၍လည်း မဖြုံ၊ ရှိခိုး၍လည်း ချမ်းသာမပေး၊ ထိုပျာတာကုလား၏ လက်ထဲသို့ တစ်ကျပ် ငါးမူး စသော ဘွဲ့ဖြူကို ထည့်လိုက်မှ ချမ်းသာရာရပေတော့သည်။ ပိုက်ဆံမပေးနိုင်သော နင်းပြားအကျဉ်းသမားများမှာ ကန့်လန့်ကန့်လန့်နှင့် ရုံးတင်ခံရရှာလေသည်။

ထိုအခါတွင် အကျဉ်းသားက 'သူတို့ပဲ သွင်းပေးတယ်၊ တခြားအကောင်တွေတော့ သောက်စားနေကြတယ်၊ ငါက ပိုက်ဆံမပေးနိုင်တော့ ငါ့ကို ဖမ်းတယ်၊ ဟယ်. . . မထူးပါတော့ဘူးကွာ' ဟု စဉ်းစားပြီး ပျာတာကုလားကို ရိုက်မိတတ်လေ၏။ ဤသို့ ရိုက်မိပြန်လျှင်လည်း ထိုအကျဉ်းသားသည် လူဆိုးဖြစ်သွားပြန်လေသည်။

ဘာယာခေါ် အကျဉ်းသား ဦးထုပ်သမားတို့၏ ပယောဂကြောင့် အကျဉ်းသားရိုးရိုးဘဝမှ လူဆိုးဖြစ်လာရပုံလည်း ရှိသေး၏။ ထို ဦးထုပ်

http://nyisay.com



သမားများသည် ထောင်ထဲတွင် ဗိုလ်ကျသူများဖြစ်သည်။ ထောင်ထဲတွင် လူမော်ကို ဗိုလ်ကျသူဟု ခေါ်လေသည်။ ထိုဗိုလ်ကျသူများက ခေါင်းတုံးများကို အိုးစားဆွယ်၍ မရသည့်အခါ နိုင်သည့်ဘက်မှနေပြီး ညှဉ်းတတ်ကြလေသည်။ ဤသို့ အညှဉ်းမခံနိုင်သဖြင့် နင်းပြားက ဗိုလ်ကျသူများကို ပြန်၍ရိုက်လျှင် ထိုရိုက်သူမှာ လူဆိုးဖြစ်သွားပြန်လေ၏။ တစ်ခါတစ်ရံလည်း ထိုဗိုလ်ကျသူများက သူတို့ကို အပ်ထားသောငွေများကို ပြန်မပေးဘဲ အနိုင်ကျင့်တတ်ကြသေး၏။ ဤသို့ အနိုင်ကျင့်သည်ကို သည်းမခံနိုင်သဖြင့် ပြန်လုပ်မိလျှင် လူဆိုးဖြစ်ပြန်၏။

မော်လမြိုင်ထောင်သို့ အပို့ခံရသော 'လူဆိုး' တစ်ရာလျှင် ငါးဆယ်နှစ်လီသည် အခြားမည်သည့်နည်းများဖြင့် မဟုတ်ဘဲ အထက်တွင် ဖော်ပြခဲ့သည့် နည်းများဖြင့်သာ လူဆိုးများဖြစ်လာကြပေရာ ထောင်ထဲတွင် တစ်ကိုယ်တည်းနှင့် လူကောင်း လူဆိုးဟု နှစ်ဘဝ ပြောင်းရပုံမှာ အတော်ပင် အံ့ဩဖို့သာ ကောင်းပေတော့လေ၏။

ရန်ရှင်းသည် အတော်ကလေး ထိုင်မိသောအခါ လူဆိုးတိုက်ထောင်မှူး ဝင်၍လာလေ၏။ ရန်ရှင်း နောက်နားတွင် ရပ်နေသော တန်းစီးနှင့် တပည့်သည် အမဲသားကျွေးကာ မာန်ဖီလျက်ရှိသော ခွေးဆိုးကြီးနှစ်ကောင်ကဲ့သို့ တလှုပ်လှုပ်တရွရွနှင့်ဖြစ်၍နေလေ၏။ ထောင်မှူးသည် ရန်ရှင်းကို သေသေချာချာကြည့်ပြီး 'ဟေ့ကောင်၊ မင်း တယ်ဆိုးတဲ့ကောင်ပေါ့လေ' ဟု ခပ်ငေါ့ငေါ့ မေးလိုက်ရာ ရန်ရှင်းကလည်း 'ကျွန်တော် မဆိုးပါဘူး ခင်ဗျာ' ဟု လေခပ်ပျော့ပျော့နှင့် ပြန်၍ ဖြေလေသည်။ ထောင်မှူးသည် လိမ်ပြောသည်ကို မကြိုက်။ မော်လမြိုင်ထောင်သို့ ရောက်သည့် အကျဉ်းသားတိုင်း လူဆိုးဖြစ်ရမည်၊ မဆိုးလျှင် အစိုးရသည် စရိတ်ကုန်ခံ၍ သူတို့ကို အဘယ်ကြောင့် မော်လမြိုင်သို့ ပို့ရမည်နည်း။

http://nyisay.com



သို့ဖြစ်ပါလျက်နှင့် သူကဲ့သို့သော ဧရာမပုဂ္ဂိုလ်ကြီးတစ်ယောက်လုံးကို 'ကျွန်တော် မဆိုးပါဘူးခင်ဗျာ' ဟု ရန်ရှင်းသည် လိမ်ပြောသည်မှာ သူ့ကို အကြီးအကျယ် စော်ကားလိုက်ခြင်းဖြစ်လေပြီ။ ထို့ကြောင့် ထောင်မှူးသည် ရန်ရှင်းအပေါ်တွင် အတော် စိတ်ထွက်၍လာလေသည်။

ထောင်မှူး။ ။'မအေ. . . က ငါ့ကိုတောင် လိမ်ဦးမလို့လား၊ နင် မဆိုးရင် နင့်ကို . . . မို့လို့ ဒီကိုပို့ရမလား'ဟု ပြောပြီးလျှင် သူ့တပည့်များဘက်သို့လှည့်၍ 'ဟေ့ကောင်တွေ ဒီမအေ. . . ကို တိုက်ပုံစံ ကောင်းကောင်း ပြလိုက်စမ်း' ဟု အမိန့်ပေး၍ လှည့်ထွက်သွားလေ၏။

ရန်ရှင်း။ ။တန်းစီးနှင့် သူ့တပည့်တို့သာ ရှိသည်နှင့် တစ်ပြိုင်နက် တန်းစီးလုပ်သူသည် 'ဟေ့ကောင်၊ ထလိုက်စမ်း' ဟု ရန်ရှင်းကို ငေါက်၍ အမိန့်ပေးလေသည်။ သူ့တစ်ကိုယ်လုံး ပွဲထဲက နှိပ်စက်ရမည့် မင်းသားကြီးလေ ဖမ်းလျက်ရှိလေရာ ရန်ရှင်းသည် လက်ထိပ်နောက်ပြန်ခတ်လျက် မတ်တတ်ထသောအခါ တန်းစီး၏ တပည့်သည် ရန်ရှင်း၏ လုံချည်ကို ချွတ်၍ ထောင်ပုံစံအတိုင်း ရန်ရှင်းကိုယ်တွင် တလာစီလေသည်။ တလာစီပြီးသည်နှင့် တစ်ပြိုင်နက် 'ညာဘက်လက်မြှောက်ပေး' ဟု တန်းစီး၏ တပည့်သည် မာန်ပါပါနှင့် အမိန့်ပေးလိုက်၏။ နောက်ပြန်လက်ထိပ်ခတ်ထားသဖြင့် လက်မမြှောက်နိုင်ချေ။ ညာဘက်တံတောင်ဆစ်ကိုကွေးပြီး ကိုယ်ကို ဘယ်ဘက်သို့အသာစောင်းလိုက်ရသည်။ တန်းစီးတပည့်လည်း သူ့လက်သီးကြီးဖြင့် အထင်းသားပေါ်နေသော ရန်ရှင်းဘေးကို ဆောင့်ထိုးလိုက်လေ၏။ ရန်ရှင်းလည်း အလွန်နာလွန်းသဖြင့် သူ့ အူ အသည်းတွေကို ကပ်နှင့်ဖိထားသလို ဖြစ်၍နေလေသည်။ အာဏာသားလည်း 'ဘယ်ဘက်လက်မြှောက်ပေး' ဟု ထပ်၍ အော်ပြန်ရာ ရန်ရှင်းလည်း ရှေးနည်းအတိုင်း စောင်းပေးရပြန်၏။ အားကလည်း ပျော့လျက်ရှိပြီဖြစ်သဖြင့်

http://nyisay.com



ဒုတိယအကြိမ် ဘေးကို အထိုးလိုက်တွင် ရန်ရှင်းသည် သူ့ဘေးသို့ နှစ်လှမ်းလောက် လွင့်ပြီးသွားလေသည်။ ရန်ရှင်းသည် သူ့မျက်စိကို မှိတ်ထားပြီး အသက်ရှူရကျပ်လွန်းသဖြင့် သက်ခိုးရှူ၍ နေရရှာလေ၏။

'ထိုင်' ဟု အမိန့်သံကြားရပြန်သဖြင့် ရန်ရှင်းသည် ဆောင့်ကြောင့်ထိုင်ရပြန်လေ၏။ ခေါင်းကို ဘယ်ဘက်စောင်းပေး' ဟူသော အမိန့်ကြောင့် ဘယ်ဘက်သို့ စောင်းအပေးလိုက်တွင် ရန်ရှင်း၏ နားနှင့် ပခုံးကြားကို တန်းစီး၏ တပည့်သည် လက်ဝါးနှင့် တအား လေးငါးချက်လောက် ရိုက်လေ၏။ ထိုကဲ့သို့ပင် ညာဘက်သို့ အစောင်းခိုင်းပြီး လေးငါးချက်လောက် တွယ်လိုက်ပြန်သေးသည်။ ဤလိုဖြစ်နေမည်ကို ဤထောင်သို့ မရောက်မီကတည်းက ရန်ရှင်းသည် ကြို၍ သိပြီးပြီ။ ပုသိမ်ထောင်မှာနေစဉ်ကပင် မော်လမြိုင်ထောင်ပြန် အကျဉ်းသားများက ပြောပြသည်ကို ကြားရဖူးသဖြင့် ဤပုံစံများသည် ရန်ရှင်းအတွက် အထူးအဆန်းများ မဟုတ်ကြချေ။ ဒေါသကလည်းထွက်၊ ပြန်၍လည်း မလုပ်နိုင်၊ နာလည်း နာလွန်းသဖြင့် ရန်ရှင်းတစ်ကိုယ်လုံးတွင် ဇောချွေးများပြန်လာပြီးလျှင် သူ့တစ်ကိုယ်လုံးလည်း ဆတ်ဆတ်နှင့် တုန်၍နေလေ၏။

ဇက်ကိုရိုက်၍ပြီးသောအခါ ရန်ရှင်း၏ရှေ့တွင်ရပ်နေသော တန်းစီး၏ တပည့်သည် ရန်ရှင်း၏ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ရန်ရှင်း၏ရင်ဝကို ဒူးနှင့် တိုက်လိုက်ရာ ရန်ရှင်းသည် နောက်သို့လန်ပြီး ပုံလျက်သားလဲနေ၏။ 'ဟေ့ကောင်၊ မင်းမိန်းမလား၊ ဆိုးတော့ ဆိုးတတ်တယ်၊ ခံတော့ မခံတတ်ဘူးလား၊ ထ' ဟု တန်းစီးတပည့်သည် ရန်ရှင်းအပေါ်က စီးကြည့်ပြီး ရန်ရှင်းကို အမိန့်ပေးသော်လည်း ရန်ရှင်းသည် မလှုပ်ဘဲနေလေ၏။ သို့ရာတွင် ဤသို့နေခြင်းသည် တန်းစီးတပည့်၏ အမိန့်ကို ဖီဆန်ချင်သောကြောင့် မဟုတ်၊ ရန်ရှင်းသည် သတိလစ်နေသဖြင့် သူ့အမိန့်သံကို မကြားသောကြောင့်ပင်

http://nyisay.com



ဖြစ်ပေ၏။ တန်းစီးတပည့်သည် ရေတစ်ခွက်ခပ်လာပြီး ရန်ရှင်း၏ မျက်နှာပေါ်သို့ ပက်ချလိုက်လေသည်။ အတော်ကလေးကြာသောအခါ ရန်ရှင်းသည် အနည်းငယ် သတိရလာသဖြင့် တန်းစီးတပည့်သည် ရန်ရှင်းကို အတင်းဆွဲထူလေ၏။ ရန်ရှင်းသည် မထိုင်နိုင် ထိုင်နိုင်နှင့် ထိုင်၍နေစဉ် ဆရာဖြစ်သူ တန်းစီးသည် ခပ်လှမ်းလှမ်းမှ ပြေးလာပြီး 'ထသွား' ဟု ပြောပြောဆိုဆို ရန်ရှင်း၏ နောက်ကြောကို ဒူးနှင့်ပစ်၍တိုက်လိုက်ရာ ဒူးဖျားတွင် ရန်ရှင်းသည် လွင့်၍ပါသွားလျက် အရှိန်ကုန်သည့် နေရာတွင် ပုံလျက်သား လဲနေလေ၏။ ထိုအခါတွင် ဆရာတပည့်နှစ် ယောက်သည် ရန်ရှင်းကို ချိုင်းအောက်ကဆွဲပြီး တိုက်ထဲတွင်သွင်း၍ သော့ခတ်ထားလိုက်ကြလေ၏။

ရန်ရှင်းသည် သူတို့ချထားခဲ့သော နေရာ၌ပင် လဲလျက်ရှိလေသည်။ ရန်ရှင်း၏ ပါးစပ်ထဲမှလည်း သွေးများသည် စီး၍ကျလာပြီးလျှင် ပါးစပ်နား၌ပင် အိုင်၍နေလေ၏။ သို့ရာတွင် ထိုနေ့အဖို့ ရန်ရှင်းအတွက် သင်ခန်းစာများ မကုန်သေးပေ။

နာရီပြန် နှစ်ချက်ခွဲလောက်တွင် ရှေ့လက်ထိပ်ခတ်ပြီး ရန်ရှင်းကို တိုက်ထဲမှ ခေါ်ထုတ်သွားကြပြန်လေသည်။ တိုက်တန်းလျားမှ ကိုက် ၂၀ လောက် သွားမိသောအခါ အလျား ၁၁ တောင်၊ အနံ ၄ တောင်၊ အနက် ၂ တောင်လောက်ရှိသော သံမံတလင်းကိုင်ထားသည့် ရေကန်တစ်ခုသို့ ရောက်လေသည်။ ထိုရေကန်၏ကန်ပေါင်ရိုးပေါ်တွင် ရန်ရှင်းကို အထိုင်ခိုင်းပြီးလျှင် တန်းစီးသည် 'ဟေ့ကောင်၊ ဟိုကိုကြည့်စမ်း'ဟု ရေကန်၏ တောင်ဘက်ထောင့်ကို လက်ညှိုးနှင့်ထိုး၍ ပြောလေသည်။ ရန်ရှင်းသည် လှည့်ကြည့်လိုက်ရာ ကြိုးစင်ကို တွေ့ရ၏။ ထိုအခါ တန်းစီးသည် 'ဟေ့ကောင်. . . ဘာမြင်သလဲ' ဟု မေးရာ ကြိုးစင်ကိုမြင်ပါသည်ဟု ရန်ရှင်းက ဖြေရပြန်လေသည်။

http://nyisay.com



ငင်းနောက် ရန်ရှင်းကို တန်းစီးသည် ရေထဲသို့ ကန်ချလိုက်လေ၏။ ရန်ရှင်း ရေထဲသို့ကျသွားသည်နှင့် တစ်ပြိုင်နက် တန်းစီး၏ တပည့်လည်း ရေထဲသို့ ခုန်ချလိုက်ပြီး ကန်အောက်တွင် ရန်ရှင်း၏ လည်ပင်းကို နင်းထား လိုက်လေ၏။ ရန်ရှင်းလည်း မွန်းလွန်းသဖြင့် နင်းထားသောသူ၏ ခြေ အောက်တွင် ဆန့်ငင် ဆန့်ငင်နှင့် ဖြစ်၍နေလေ၏။ သေခါနီးလောက် ရောက်သောအခါမှ ရန်ရှင်းကို ဆွဲ၍ ဖော်လိုက်၏။ အပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာဖြစ်သူက 'ဟေ့. . . မင်းနာမည် ဘယ်သူလဲ' ဟု ရန်ရှင်းကို မေးလေသည်။ ရန်ရှင်းသည် ထိုဘဝသို့ ရောက် သည့်အခါတွင် သေရမည်ကို နည်းနည်းကလေးမှ မကြောက်တော့သော် လည်း မသေမီ ခံရမည့်ဒုက္ခကိုကား မခံလိုသောကြောင့် 'မယ်ရန်' ဟု မိန်းမနာမည် ပြောင်း၍ အညှံ့ခံလိုက်ရလေ၏။ ဤသို့ အညှံ့မခံဘဲ ရန်ရှင်း ဟု ပြောလိုက်လျှင် မိန်းမနာမည် မပြောမချင်း ရေထဲသို့ ထပ်၍ ထပ်၍ နှစ်ဦးမည်ကို ရန်ရှင်းသည် ကောင်းစွာသိလေသည်။

'မယ်ရန်' ဟု ပြောလိုက်သဖြင့် ရန်ရှင်းသည် တစ်ကြိမ်သာရေနှစ် ခံရ၏။ ဤအခမ်းအနား ပြီးသည်နောက် ဆရာ တပည့် နှစ်ယောက်သည် ရန်ရှင်းကို သူ့တိုက်ခန်းထဲသို့ လေကြီး မိုးကြီးတိုက်၍ သွင်းလိုက်ပြန်၏။ လေကြီးမိုးကြီးတိုက်လိုက်သည် ဆိုသည်မှာ တစ်လမ်းလုံးတွင် အမျိုးမျိုးသော ထိုးကြိတ်ရိုက်နှက်သွားခြင်းကို လူဆိုးထောင်အခေါ် နှင့် ခေါ်ခြင်း ဖြစ်လေ သည်။

ပထမနေ့ သင်ခန်းစာများ ကုန်လေပြီ။ ထို့ကြောင့် ရန်ရှင်းသည် နောက်ထပ် အနှောင့်အယှက်မရှိဘဲ သူ၏တိုက်ခန်းထဲတွင် အသာကလေး လှဲ၍နေလေသည်။ တစ်ကိုယ်လုံး ဒဏ်ရာများ ပွနေသဖြင့် ဘယ်နေရာက နာရမှန်းမသိလောက်အောင်ပင် ဖြစ်နေ၏။

http://nyisay.com



အချိန်သည်ကား ညဉ့် ၁၂ နာရီနှင့် နှစ်မောင်းရှိလေပြီ။ အကျဉ်းသားများလည်း တစ်နေ့လုံး ပင်ပန်းလျက်ရှိသဖြင့် သိုးနေအောင် အိပ်ကုန်ကြပြီဖြစ်ရကား ထောင်နာရီစင်မှ ၁၅ မိနစ်တစ်ကြိမ်ကျ နာရီခေါက်တိုင်း အော်ဟစ်ရသော ထောင်ပျာတာကုလားများ၏ အော်ဟစ်သံများမှတစ်ပါး တစ်ထောင်လုံးသည် တိတ်ဆိတ်လျက်ရှိလေသည်။ ရန်ရှင်းမှာမူကား မအိပ်နိုင်သဖြင့် ခပ်ခွေခွေကလေး လှဲနေပြီး 'ရက်စက်ပါပေ့ကွယ်' ဟူ၍သာ မကြာခဏ ညည်းလျက်ရှိလေ၏။

အမှန်စင်စစ်မှာမူကား နေ့လယ်က သူ့ကိုပြလိုက်သော ပုံစံများသည် ရက်စက်သောပုံစံများ မဟုတ်သေး။ စားပွဲပေါ်တွင် လက်ထောက်ခိုင်းထားပြီး လက်မောင်းရိုးပေါ်တွင် မြင်းလုံးနှင့်လှိမ့်သောပုံစံ၊ နှစ်ဖက်ချွန်ကြေးချောင်းကလေးများကို လက်ချောင်းများကြားထဲတွင် ထည့်ပြီး အရိုးကိုသွား၍စိုက်အောင် လက်ချောင်းများကို အဖျားမှာညှစ်သောပုံစံ၊ နေ့တိုင်းရေကန်သို့ အသွား အပြန်တွင် လေကြီးမိုးကြီးတိုက်သွင်းသောပုံစံ၊ အုန်းခွံတွေကို အဆမတန်ပေးပြီးလျှင် မထုနိုင်သောအခါ ကြိမ်ဒဏ်ပေးသောပုံစံ၊ ချီးနှင့် သေးကို ဖျော်ပြီး အတင်းအသောက်ခိုင်းသောပုံစံ၊ ဤသို့သောပုံစံများလည်း အများကြီး ကျန်ပေသေးသည်။ ဤပုံစံများနှင့် ဘယ် လူဆိုးမျှ မလွတ်ချေ။ တစ်လခွဲလောက် နေ့စဉ်နေ့တိုင်း ဤပုံစံများဖြင့် စခန်းသွားကြရပေ၏။ အပြင်ဘက်က ဆွေမျိုးများလည်း ဆိုင်ရာ ထောင်မှူးနှင့် ကြံနိုင်ဖန်နိုင်လွန်းမက ကြံနိုင်သောကြောင့် မျက်နှာအရှိဆုံး လူဆိုးသည် အသက်သာဆုံး တစ်လလောက်ခံရသည်။ သို့ရာတွင် အဆိုပါပုံစံများ၏ဘေးမှ လွတ်မည် မဟုတ်ပေ။

ထို့ကြောင့် ထိုပုံစံများကို ကြောက်ပြီး ကိုယ့်ဖွေးစေ့ ကိုယ်ထုသတ်ကြသူများ၊ ကိုယ့်လည်ပင်း ကိုယ်ထက်စွာသွေးထားသော နံပါတ်ပြားကလေး

http://nyisay.com



များဖြင့် လှီးသတ်ကြသူများ၊ လည်ပင်းကြိုးတပ်ပြီး ဇွဲကြိုးချ၍ သေကြသူများ သည် လူဆိုးထောင်ထဲတွင် မကြာခဏပေါ် ပေါက်ကြလေသည်။ ရန်ရှင်း သည် ဤပုံစံများနှင့် ဤသတင်းတို့ကို ပုသိမ်ထောင်မှာရှိစဉ်ကပင် နားရည် ဝ ခဲ့လေပြီ။ ယခုမူကား ကိုယ်တိုင် တွေ့နေရသဖြင့် 'အင်း. . . ဒီလူတွေ၊ ဒီလိုသေကြမယ်ဆိုလဲ သေနိုင်ကြတာပဲ၊ ဒီဘဝရောက်မှဖြင့် မထူးတော့ ပါဘူး' ဟု တစ်ယောက်တည်း ထောက်ခံလျက်ရှိလေ၏။

လူတို့သည် အသက်ရှင်နေကြချင်သည်မှာ အခြားကြောင့်မဟုတ်။ သူတို့ဘဝတွင် တွယ်တာစရာတစ်ခုခုကြောင့်ပင် ဖြစ်လေသည်။ ရန်ရှင်း သည် ဤအတိုင်းပင် တွေးမိသည်မှာ ကြာလေပြီ။ ထို့ကြောင့် တုံးလုံးလှဲ ရာမှ ထ၍ထိုင်လေ၏။ ထိုင်ပြီးလျှင် သူ့တိုက်ခန်း၏ သံတိုင်ကြားမှ အပြင် ဘက်သို့ တစ်မိနစ်ခန့် စိုက်၍ကြည့်နေလေသည်။ ထို့နောက် သက်မကြီး ချပြီးလျှင် သူဝတ်ထားသော နံငယ်ကို လက်လေးလေးဖြင့် ဆွဲ၍ဆုတ်လျက် ရှိလေ၏။ သူ့အလိုကျ စုတ်၍ပြီးသောအခါ သူ့အခန်းထိပ်တွင် လေဝင်ရန် အတွက် တပ်ထားသော စပယ်ထပ် ပြတင်းပေါက်ကို မော့၍ကြည့်လေ သည်။ ကြည့်ပြီးသည်နှင့်တစ်ပြိုင်နက် သူ့စိတ်ကို တင်းလိုက်ရာ စိတ်ဆောင် နေသဖြင့် အားပြည့်လာသည်ဟု သူသည် ထင်မှတ်မိလေ၏။ သက်မကြီး တစ်ကြိမ်ချပြီးလျှင် ရန်ရှင်းသည် သူ့တိုက်ခန်းတံခါး၏ သံတိုင်ကို တွယ်ပြီး စပယ်ထပ် ပြတင်းပေါက်ဆီသို့ တက်၍သွားလေ၏။

အားလုံးကိစ္စပြီး၍ ပြတင်းပေါက်၏ သံတိုင်ကို ကိုင်ထားသော သူ့ လက်များကို လွှတ်လိုက်တော့မည်ဆဲဆဲတွင် သူ့အသက်ဘူး ငွေခင်၏ မျက်နှာကလေးသည် ရန်ရှင်း၏မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်၍ လာလေ၏။ ရန်ရှင်းသည် လွှတ်လိုက်တော့မည့်ဆဲဆဲရှိသော လက်များကို မလွှတ်သေးဘဲ သူမြင်ရသော အာရုံကိုသာ စိုက်၍ကြည့်နေမိလေသည်၊

http://nyisay.com



ဤမမြဲသော လောကကြီးထဲတွင် ငွေခင်၏ အာရုံသည်လည်း မြဲနိုင်ပါဦးမည်လော။ မကြာမီ ကွယ်ပျောက်သွားသည်နှင့်တစ်ပြိုင်နက် ရန်ရှင်းသည် မျက်စိမှိတ်၍ သက်မကြီးတစ်ချက်ချပြီး သံတိုင်ကို ကိုင်ထားသော လက်များကို ဖြည်ချလိုက်လေ၏။

နောက်တစ်နေ့နံနက်တွင် ဆိုင်ရာပိုင်ရာတို့သည် ရန်ရှင်းအလောင်းကို မြှုပ်ပြီး လူသေစာရင်းစာအုပ်ကြီးထဲ၌ မားခုတ်မှုနှင့် ကျလာသော ၃၆ နှစ်ရှိ ရှမ်းစုရွာသား ရန်ရှင်းသည် ငှက်ဖျားရောဂါနှင့် သေသည်ဟု စာရင်းသွင်းလိုက်ပုံမှတစ်ပါး မော်လမြိုင်ထောင်ထဲတွင် ဘာမျှ ထူးထူးခြားခြား မဖြစ်ပေ။

သခင်နု



သခင်နု

# ရက်စက်ပါပေ့ကွယ်

စာပေလောက စာအုပ်

myanmar teashop
www.mmteashop.com